မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။

အတွဲ (၅၄) အမှတ် (၁၂၃)

Established in 1914

Myanma Alinn Daily

■ ၁၃၇၆ ခုနှစ်၊ တပို့တွဲလဆန်း ၁၂ ရက် ၂၀၁၅ ခုနှစ်၊ ဇန်နဝါရီ ၂၁ ရက်၊ စနေနေ့။

ပညာရှိစကား

- ရန်စကို မရှည်စေလင့်
- မိတ်စကို မတိုစေလင့်
- ရန်မလိုမှ ရန်ပြီးသည်
- ရန်လိုလျှင် ရန်ပိုတတ်သည်

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်အား ဘူဆန်အမျိုးသား တက္ကသိုလ်မှ ဂုဏ်ထူးဆောင်ပါရဂူဘွဲ့ အပ်နှင်း

နေပြည်တော် ဇန်နဝါရီ ၂၀

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်အား ကိုရီးယားသမ္မတနိုင်ငံ ဘူဆန်အမျိုးသားတက္ကသိုလ်မှ ဂုဏ်ထူးဆောင်ပါရဂူဘွဲ့အပ်နှင်းသည့် အခမ်းအနားကို ယနေ့ ညနေ ၆ နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် သဘင်ဆောင်ခန်းမ၌ ကျင်းပသည်။

အဆိုပါအခမ်းအနားသို့ ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း၊ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ ဘူဆန်အမျိုးသားတက္ကသိုလ်ဥက္ကဋ္ဌ မစ္စတာ ကီဆီအိုကင်မ်နှင့် အဖွဲ့ဝင်များ၊ ဖိတ်ကြားထားသူများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ဂုဏ်ထူးဆောင်ဘွဲ့ချီးမြှင့်ခြင်းနှင့်စပ်လျဉ်း၍ ဘူဆန်အမျိုးသားတက္ကသိုလ် ဥက္ကဋ္ဌ မစ္စတာကီဆီအိုကင်မ်က ဂုဏ်ပြုအမှာစကားပြောကြားသည်။

ထို့နောက် နိုင်ငံတော်သမ္မတအား ဘူဆန်အမျိုးသားတက္ကသိုလ်ဥက္ကဋ္ဌ မစ္စတာ ကီဆီအိုကင်မ်က ဂုဏ်ထူးဆောင်ပါရဂူဘွဲ့နှင့် ဂုဏ်ထူးဆောင်ပါရဂူဘွဲ့ လက်မှတ်တို့ကို ပေးအပ်ချီးမြှင့်သည်။

ယင်းနောက် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်က ကျေးဇူးတင်စကား ပြောကြားရာတွင် မြန်မာနိုင်ငံအတွက် ကြိုးပမ်းဆောင်ရွက်ခဲ့သည့် ပြုပြင်ပြောင်းလဲရေးလုပ်ငန်းများအားလုံးကို အားသွန်ခွန်စိုက် ကြိုးပမ်းပံ့ပိုးထမ်းဆောင်ခဲ့မှုများအပေါ် အသိအမှတ်ပြုခံရသည့်အတွက် ကျေးဇူးတင်ဝမ်းမြောက်မိပါကြောင်း။ *စာမျက်နှာ ၈ ကော်လံ ၁* ❁

နိုင်ငံတော်သမ္မတဦးသိန်းစိန် ကိုရီးယားသမ္မတနိုင်ငံ ဘူဆန်အမျိုးသားတက္ကသိုလ်မှ ဂုဏ်ထူးဆောင်ပါရဂူဘွဲ့အပ်နှင်းသည့်အခမ်းအနားတွင် ကျေးဇူးတင်စကားပြောကြားစဉ်။ (သတင်းစဉ်)

ယနေ့ မာတိကာ

နယူးဇီလန်နှင့် ပြိုင်ဘက်ပူးပေါင်းမှု ကုလသမဂ္ဂတွင် ဆွေးနွေးသွားမည် — စာ-၄

အောင်မြင်စပြုလာသော အွန်လိုင်းဈေးရောင်းဈေးဝယ်စနစ် — စာ-၁၅

တရားမဝင်သစ်ခိုးထုတ်မှု ယခင်နှစ်များထက် နှစ်ဆခန့်များလာ — စာ-၁၆

မန္တလေးမြို့ ပန်းဈေးကွက် အရောင်းအဝယ်မခက်စေချင် — စာ-၁၇

ကမ်းပြို ရွှေ့ပြောင်းအိမ်ထောင်စုများအတွက် အလှူရှင် စက်ရေတွင်း တူးဖော်အောင်မြင် — စာ-၁၈

မြို့ပြအဆင့်မြှင့်တင်ရာတွင် အမွေအနှစ်ထိန်းသိမ်းရန် ဒေါ်လာသုံးသိန်းခွဲတန်ဖိုးရှိ လေ့လာမှုစတင်မည်

သတင်း- ခင်ရတနာ

ရန်ကုန် ဇန်နဝါရီ ၂၀

ရန်ကုန်မြို့လယ်ရှိ အမွေအနှစ်ဦးစားပေးဖွံ့ဖြိုးတိုးတက်ခြင်းဆိုင်ရာ လေ့လာမှုများ လုပ်ဆောင်နိုင်ရေးအတွက် နိုင်ငံတကာပညာရှင်များနှင့် မြန်မာပညာရှင်များ ပူးပေါင်းကာ ခြောက်လခန့် လေ့လာမှုတစ်ခုကို လဆန်းတွင် စတင်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

ရန်ကုန်မြို့လယ် အမွေအနှစ်များကို လေ့လာရာတွင် ဖိလစ်ပိုင်နိုင်ငံ အခြေစိုက် Cities Development Initiative for As (CDIA) အဖွဲ့မှ အမေရိကန်ဒေါ်လာ သုံးသိန်းခွဲခန့် ထောက်ပံ့ပေးသွားမည်ဖြစ်ပြီး ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီနှင့် ရန်ကုန်မြို့ပြအမွေအနှစ်ထိန်းသိမ်းစောင့်ရှောက်ရေး အဖွဲ့တို့နှင့် ပူးပေါင်းဆောင်ရွက်ရန် ရည်ရွယ်ထားကြောင်း အဆိုပါအဖွဲ့၏ ဥက္ကဋ္ဌ မစ္စတာ ဆမ်းပက်သ် (Sampath) က ပြောကြားသည်။

အဆိုပါလေ့လာခြင်း လုပ်ငန်းများမှာ သမိုင်းဝင်အဆောက်အအုံများကို အဆင့်မြှင့်တင်ခြင်း လုပ်ဆောင်ရာတွင် များစွာအထောက်အကူပြုစေမည်ဖြစ်ပြီး လုပ်ငန်းရှင်များနှင့် ဗိသုကာပညာရှင်များ၊ တည်ဆောက်ရေးလုပ်ငန်းများအကြား ပိုမိုရှင်းလင်းသည့် ရှေးဟောင်းအမွေအနှစ် ထိန်းသိမ်းရေးဆိုင်ရာ ပညာပေးခြင်းကိုပါ လုပ်ဆောင်နိုင်မည်ဖြစ်ကြောင်း သိရသည်။

"ဗဟုသုတ အားနည်းခဲ့တဲ့အတွက် ပုဂံဒေသမှာ ရှေးဟောင်းစေတီတွေ အများကြီးဆုံးရှုံးခဲ့ရတယ်။ စေတနာနဲ့ ဆောင်ရွက်ရင်တောင် ရှေးဟောင်းယဉ်ကျေးမှုတွေက ထိရှလွယ်တဲ့အနေအထားမို့ *စာမျက်နှာ ၇ ကော်လံ ၁* ❂

ဒေါ်နှင်းခိမ်းအုန်း (တောင်ဥက္ကလာပ)

ကျွန်မ ... cosmetic ... sensitive ...

မယ့်နှင်းခိမ်းအုန်း (Master of Psychology) ...

မြန်မာ့အလင်း အယ်ဒီတာ့အာဘော်

ရေရှည်ဖွံ့ဖြိုးအောင် ကြိုးပမ်းစွမ်းဆောင်

မြန်မာနိုင်ငံအနေဖြင့် ၂၀၂၀ ပြည့်နှစ်တွင် ထာဝရငြိမ်းချမ်းရေးရရှိရန်၊ ဖွံ့ဖြိုးတိုးတက်မှုအနည်းဆုံးနိုင်ငံ (LDC) အဖြစ်မှ လွတ်မြောက်ရန်နှင့် အလယ်အလတ်ဝင်ငွေရှိသောနိုင်ငံဖြစ်ရန်ဟူသည့် မျှော်မှန်းချက်သုံးရပ် ထားရှိဆောင်ရွက်နေကြောင်း နိုင်ငံတော်သမ္မတဦးသိန်းစိန်က မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်မြို့နယ်၌ ဇန်နဝါရီ ၂၇ ရက်က ကျင်းပသော ကျေးလက်ဖွံ့ဖြိုးရေးနှင့် လူမှုစီးပွားဘဝမြှင့်တင်ရေး အခမ်းအနား၌ ပြောကြားလိုက်ပါသည်။

ဤသို့ ရည်မှန်းချက်များ အောင်မြင်နိုင်ရန်အတွက် ကျေးလက်နေပြည်သူများ၏ လူမှုဘဝမြှင့်တင်ပြီး လူတစ်ဦးချင်း ဝင်ငွေတိုးတက်ရရှိအောင် အလုပ်အကိုင်အခွင့်အလမ်းများ ပေါ်ပေါက်စေရန် ထိရောက်စွာဖော်ဆောင်ကြရမည်ဖြစ်ပါသည်။ ထို့ကြောင့်ပင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အသေးစား၊ အလတ်စားစီးပွားရေးလုပ်ငန်းများ ထိရောက်စွာဖော်ဆောင်သွားနိုင်ရန် လိုအပ်သည့် ငွေကြေးအရင်းအနှီးကို သမဝါယမဝန်ကြီးဌာနက ပြည်ပချေးငွေရယူကာ သက်သာသောအတိုးနှုန်းဖြင့် ငွေချေးပေးခြင်း၊ လယ်ယာသုံးနှင့် လုပ်ငန်းသုံး စက်ကိရိယာများကို အရစ်ကျစနစ်ဖြင့် ရောင်းချပေးခြင်းတို့ကို အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်လျက်ရှိပါသည်။ ယခုအချိန်တွင် သမဝါယမဝန်ကြီးဌာနက အခြေခံပြည်သူများ၏ စိုက်ပျိုးရေးလုပ်ငန်းများ၊ မွေးမြူရေးလုပ်ငန်းများနှင့် လက်လုပ်လက်စားများအတွက် အမှန်တကယ်လိုအပ်နေသည့် အရင်းအနှီးများကို အတိုးနှုန်းသက်သာသော Microfinance လုပ်ငန်းဖြင့် တစ်နိုင်ငံလုံးသို့ ချေးငွေကျပ် ဘီလီယံ ၂၀၀ ကျော်ကို အတိုး ၁ ကျပ် ပြား ၅၀ နှုန်းဖြင့် ထုတ်ချေးလျက်ရှိကြောင်း သိရပါသည်။

ဤသို့ အရင်းအနှီးအတွက် ငွေချေးပေးခြင်းဖြင့် ပြည်သူများ အတိုးကြီးပေးပြီး ငွေချေးယူနေရသည့်အခြေအနေမှ လတ်တလော သက်သာစေရန်နှင့် နောင်လေးငါးနှစ်အတွင်း ငွေချေးစရာမလိုတော့ဘဲ မိမိပိုင်ငွေဖြင့် မိမိလုပ်ငန်းလုပ်ကိုင်နိုင် အောင်၊ ထိုမှတစ်ဆင့် ဆက်လက်ဖွံ့ဖြိုးတိုးတက်သည့် Sustainable Development ဖြစ်အောင် ရည်မှန်းချက်ထားဆောင်ရွက်ပေးနေခြင်း ဖြစ်ပါသည်။ ချေးငွေများပြန်ဆပ်ရာတွင် စုဆောင်းငွေများပါ ပေါင်းထည့်သွားရမည်ဖြစ်၍ ငွေချေးထားသူများအနေဖြင့် နှစ်ကြာလာသည့်အခါ စုဆောင်းငွေများတိုးပွားလာပြီး မိမိတို့၏ ကိုယ်ပိုင်အရင်းအနှီးဖြင့် ရပ်တည်ကာ လုပ်ငန်းများချဲ့ထွင် လုပ်ကိုင်လာနိုင်မည်ဖြစ်ပါသည်။

ထိုသို့ ချေးငွေရယူဆောင်ရွက်ကြသည့် ကျေးရွာတိုင်းသည် နောင်လေးနှစ်ပြည့်သောအခါ ချေးငွေများပြန်ဆပ်ပြီးနောက် အသင်းနှင့် အသင်းသားပိုင်ရန်ပုံငွေကျပ် သိန်း ၁၀၀ ကျော်စီရရှိလာမည် ဖြစ်ပါသည်။ ထိုအခါ ကျေးရွာတိုင်းသည် ပြင်ပမှငွေချေးစရာမလိုတော့ဘဲ မိမိပိုင်ငွေဖြင့် မိမိဘာသာလုပ်ငန်းများ ဆောင်ရွက်သွားနိုင်မည့် ရေရှည်ဖွံ့ဖြိုးတိုးတက်မှု (Sustainable Development) ကို ရရှိလာမည်ဖြစ်ပါသည်။ ဤရည်မှန်းချက်အတိုင်း အမှန်တကယ်ဖြစ်ပေါ်လာအောင် ကြိုးစားအားထုတ်ကြရမည် ဖြစ်ပါသည်။ ချေးငွေရယူထားသူ အသင်းသားအားလုံးက ချေးငွေများကို မှန်မှန်ပြန်လည်ပေးဆပ်သည့်အပြင် စုဆောင်းငွေများကိုလည်း မှန်မှန်စုဆောင်းသွားနိုင်ရမည်ဖြစ်ပါသည်။ ဆောင်ရွက်လုပ်ကိုင်နေသည့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်အသေးစား၊ အလတ်စား စီးပွားရေးလုပ်ငန်းများ အမှန်တကယ် တိုးတက်အောင်မြင်အောင် စနစ်တကျစီမံကွပ်ကဲပြီး အလုပ်ကိုမနားမနေ ကြိုးစားအားထုတ်ကြပါမှ အကျိုးရလဒ်ကောင်းများပေါ်ထွက်လာမည်ဖြစ်ပါသည်။ သို့ပါ၍ ချေးငွေ၊ လုပ်အားအရင်းအနှီးတို့ကို အကျိုးရှိစွာ မှန်ကန်စွာအသုံးချနိုင်ပါမှ ရေရှည်ဖွံ့ဖြိုးတိုးတက်မှုရရှိပြီး မိမိတို့မျှော်မှန်းထားသည့်အတိုင်း LDC နိုင်ငံအဖြစ်မှလွတ်မြောက်ကာ အလယ်အလတ်ဝင်ငွေရှိသည့် နိုင်ငံအဖြစ် ရပ်တည်လာနိုင်မည်ဖြစ်ပါကြောင်း။ ။

ပြည်တွင်းသတင်း

အဘိုးအဘွားများအား ဂုဏ်ပြုချီးမြှင့်ထောက်ပံ့ငွေပေးအပ်

ပူတာအို ဇန်နဝါရီ ၃၀

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၏ ဂုဏ်ပြုခံ အသက် ၁၀၀ နှင့်အထက် သက်ကြီးဘိုးဘွားများအား နိုင်ငံတော်သမ္မတ၏ ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ဂုဏ်ပြုချီးမြှင့် ထောက်ပံ့ငွေပေးအပ်ခြင်းနှင့် ကချင်ပြည်နယ်အစိုးအဖွဲ့၏ ထပ်ဆင့်ဂုဏ်ပြုချီးမြှင့် ထောက်ပံ့ငွေပေးအပ်ခြင်း အခမ်းအနားကို ဇန်နဝါရီ ၂၅ ရက်က ပူတာအိုမြို့ လေယာဉ်ကွင်း ရပ်ကွက် အုပ်ချုပ်ရေးမှူးရုံး၌ ကျင်းပခဲ့ကြောင်း သိရသည်။

ဖုန်ကန် (iprd)

ဟံသာဝတီလေဆိပ်တည်ဆောက်ရေးလုပ်ငန်း အကောင်အထည်ဖော်ရေး ညှိနှိုင်းစည်းဝေး

ရန်ကုန် ဇန်နဝါရီ ၃၀

ပို့ဆောင်ရေးဝန်ကြီးဌာန လေကြောင်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန ဟံသာဝတီအပြည်ပြည်ဆိုင်ရာ လေဆိပ်တည်ဆောက်ရေးလုပ်ငန်းအတွက် လုပ်ငန်းအကောင်အထည်ဖော်ရေး ကြီးကြပ်မှုကော်မတီနှင့် တင်ဒါအောင်မြင်သော JGCYON-GNAM-CAPE Consor- tium အဖွဲ့တို့အကြား ပထမအကြိမ် ညှိနှိုင်းအစည်းအဝေးကို ဇန်နဝါရီ ၂၆ ရက် နံနက် ၁၀ နာရီတွင် ရန်ကုန်မြို့ လေကြောင်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန ရုံးချုပ်အစည်းအဝေးခန်းမ၌ ကျင်းပရာ ပို့ဆောင်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဉာဏ်ထွန်းအောင်က အမှာစကားပြောကြားသည်။

၎င်းနောက် ဒုတိယဝန်ကြီး ဦးဇင်ယော်က ဦးဆောင်၍ စီမံကိန်း အကောင် အထည်ဖော်မည့် လုပ်ငန်းစဉ်များကို အသေးစိတ်ဆွေးနွေးခဲ့ကြသည်။

ယင်းနောက် တင်ဒါအောင်မြင်သည့်ကုမ္ပဏီမှ၎င်းတို့၏ Consort- ium Share ဖွဲ့စည်းမှု၊ လေကြောင်းဖြင့် သွားလာမည့် ခရီးသည်အရေအတွက် Demand Focus တွက်ချက်မှု၊ ခန့်မှန်းကုန်ကျစရိတ် တွက်ချက်မှု၊ စီမံကိန်းဆောင်ရွက်မည့် အစီအစဉ်နှင့် အချိန်ပြဇယားများအား ရှင်းလင်းတင်ပြပြီး ဆွေးနွေးပွဲသို့တက်ရောက်လာကြသော လုပ်ငန်းကြီးကြပ်မှုကော်မတီများမှ လုပ်ငန်းကဏ္ဍအလိုက် အသီးသီးဆွေးနွေးခဲ့ကြသည်။

ဟံသာဝတီ အပြည်ပြည်ဆိုင်ရာ လေဆိပ်စီမံကိန်းသည် ရန်ကုန်မြို့မှ ၈၀ ကီလိုမီတာအကွာအဝေးတွင် တည်ရှိပြီး ပဲခူးတိုင်းဒေသကြီး ကျောက်တိုင်ကန် ကျေးရွာအနီးရှိ မြေဧက ၉၆၉၀ ပေါ်တွင် ပထမအဆင့်အနေဖြင့် တစ်နှစ်လျှင် ခရီးသည် ၁၂ သန်း ဝင်ထွက်သွားလာနိုင်သော အဆောက်အအုံ Air Bus (A380) လေယာဉ်ကြီးများဆင်းသက်နိုင်သည့် လေယာဉ်ပြေးလမ်းပျံသန်းမှုဆိုင်ရာ အထောက်အကူပြု ခေတ်မီစက်ကိရိယာနှင့် ခေတ်မီဆက်သွယ်ရေးပစ္စည်းများ ထည့်သွင်းတည်ဆောက်သွားမည်ဖြစ်ပြီး စီမံကိန်း ပထမအဆင့် ခန့်မှန်း တန်ဖိုး အမေရိကန်ဒေါ်လာ ၁ ဒသမ ၅ ဘီလီယံခန့် ကုန်ကျမည်ဖြစ် ကြောင်းသိရှိရသည်။

(သတင်းစဉ်)

ကျောက်မဲမြို့နယ် ရဲတပ်ဖွဲ့ သတင်းစာရှင်းလင်း

ကျောက်မဲ ဇန်နဝါရီ ၃၀

ကျောက်မဲခရိုင် ကျောက်မဲမြို့နယ် ရဲတပ်ဖွဲ့၏ သတင်းစာရှင်းလင်းပွဲကို ကျောက်မဲမြို့မရဲစခန်း၌ ဇန်နဝါရီ ၃၀ ရက် ညနေ ၃ နာရီက ကျင်းပရာ မြို့နယ်ရဲတပ်ဖွဲ့မှူး၊ မြို့မရဲစခန်းမှူးနှင့် ရဲတပ်ဖွဲ့ဝင်များ ဒေသခံသတင်းထောက်များ၊ မြို့ပေါ်ရှိ ရပ်ကွက်(၉)ရပ်ကွက်တို့မှ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ ရပ်ကွက်နယ်မြေမှူးများ၊ လူမှုရေးအဖွဲ့အစည်းများနှင့် မြို့မိမြို့ဖများ တက်ရောက်ကြသည်။

မြို့နယ်ရဲတပ်ဖွဲ့၏ နယ်မြေလုံခြုံရေး၊ မှုခင်းကျဆင်းရေး ဆောင်ရွက်နေမှုများနှင့် ပတ်သက်ပြီး မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးဝင်းခိုင်က ရှင်းလင်းပြောကြားသွားပြီး မြို့မရဲစခန်းမှူး ဒုရဲမှူး ဇော်နိုင်က တစ်လအတွင်း ဖြစ်ပွားခဲ့သော မှုခင်းများနှင့် ပတ်သက်ပြီး ရှင်းလင်းပြောကြားသွားသည်။

မောင်မောင်(ကျောက်မဲ)

ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် အခြေခံစားကုန်ဈေးနှုန်း ၂၀-၁-၂၀၁၅

ရွှေဈေးနှုန်း(အောင်သမာဓိ)

ရန်ကုန်	၁၆ ပဲရည်	တစ်ကျပ်သား	ကျပ် ၆၉၃၀၀၀
ရန်ကုန်	၁၅ ပဲရည်	တစ်ကျပ်သား	ကျပ် ၆၅၂၂၀၀
မန္တလေး	၁၆ ပဲရည်	တစ်ကျပ်သား	ကျပ် ၆၉၈၂၀၀

စက်သုံးဆီဈေးနှုန်း(Max/Newday စက်သုံးဆီအရောင်းဆိုင်)

ဓာတ်ဆီ	တစ်လီတာ	ကျပ် ၈၀၀
ဒီဇယ်	တစ်လီတာ	ကျပ် ၆၇၀
အောက်တိန်း ၉၂	တစ်လီတာ	ကျပ် ၅၅၀
အောက်တိန်း ၉၅	တစ်လီတာ	ကျပ် ၆၈၀
ပရီမီယံဒီဇယ်	တစ်လီတာ	ကျပ် ၇၃၀

သားငါးနှင့်ဟင်းချက်စရာဈေးနှုန်း(သား/ငါးဒိုင်များ)

၁။	ငါးကြင်း	တစ်ပိဿာ	၄၀၀၀-၄၇၀၀
၂။	ငါးမြစ်ချင်း	တစ်ပိဿာ	၃၀၀၀-၃၅၀၀
၃။	ငါးရံ့	တစ်ပိဿာ	၅၅၀၀-၇၀၀၀
၄။	ငါးဖယ်	တစ်ပိဿာ	၁၂၀၀၀-၁၃၅၀၀
၅။	ပုစွန် (ကျော့)	တစ်ပိဿာ	၅၀၀၀-၈၅၀၀
၆။	ပုစွန်တုပ်	တစ်ပိဿာ	၈၀၀၀-၂၂၀၀၀
၇။	ငါးသလောက်	တစ်ပိဿာ	၇၀၀၀-၁၄၅၀၀
၈။	ကြက်	တစ်ပိဿာ	၄၅၀၀-၁၄၀၀၀
၉။	ဝက်	တစ်ပိဿာ	၇၀၀၀-၈၅၀၀
၁၀။	အမဲ	တစ်ပိဿာ	၇၀၀၀-၁၀၀၀၀
၁၁။	ဆိတ်	တစ်ပိဿာ	၁၃၅၀၀-၁၈၀၀၀
၁၂။	ဘဲ	တစ်ပိဿာ	၄၅၀၀-၁၀၀၀၀

နိုင်ငံတကာသုံးငွေကြေးပေါက်ဈေး(သိမ်ဖြူငွေလဲကောင်တာ)

အမေရိကန်	တစ်ဒေါ်လာ	၁၀၂၅-၁၀၂၈
ဥရောပ	တစ်ယူရို	၁၁၈၀-၁၁၉၆
စင်ကာပူ	တစ်ဒေါ်လာ	၇၆၅-၇၈၀
ထိုင်း	တစ်ဘတ်	၂၉.၆-၃၀
အိန္ဒိယ	တစ်ရူပီး	၁၆-၁၆.၅
တရုတ်	တစ်ယွမ်	၁၆၃-၁၆၅
မလေးရှား	တစ်ရင်းဂစ်	၃၂၅-၃၃၀

ဘုရင့်နောင်ကုန်စည်ဒိုင်ဈေးနှုန်း

နှမ်းဆန်	တစ်အိတ်	၁၇၅၀၀-၁၈၀၀၀
မိုးဆန်သစ် (မနောသုခ)	တစ်အိတ်	၁၅၆၀၀-၁၆၀၀၀
ပေါ်ဆန်း (အသစ်)	တစ်အိတ်	၂၅၀၀၀-၂၉၀၀၀
မြေပဲဆီ	တစ်ပိဿာ	၄၀၀၀
စားအုန်းဆီ	တစ်ပိဿာ	၁၃၁၃
ဆိပ်ဖြူကြက်သွန်နီ (အသစ်)	တစ်ပိဿာ	၁၆၀-၁၅၀
ရှမ်းကြက်သွန်ဖြူ	တစ်ပိဿာ	၁၇၅၀-၂၆၀၀
ကြက်သွန်ဖြူ(ကြူကုတ်)	တစ်ပိဿာ	၁၄၀၀-၁၄၃၀
အာလူး(ဆင်ဖြူကျွန်း)	တစ်ပိဿာ	၂၉၀-၆၈၀
ငရုတ်ရှည် (မိုးထောင်)	တစ်ပိဿာ	၂၅၀၀-၂၇၀၀
ငရုတ်ပွ (စိမ်းစား)	တစ်ပိဿာ	၅၂၀၀-၅၆၀၀
သကြား	တစ်ပိဿာ	၈၁၅-၈၅၀

ကုန်စည်ဒိုင်ဈေးနှုန်းဖြစ်ပြီး အချိန်နှင့်အမျှ အပြောင်းအလဲရှိနိုင်ပါသည်။

ခင်ရတနာ-စုစည်းသည်။ ခင်ဆိုင်-ဓာတ်ပုံ-စေ့ငုတင်ပြသည်။

နိုင်ငံတော်သမ္မတ၏ ထူးခြားပြောင်မြောက်စွာ ဦးဆောင်ဦးရွက်ပြုနိုင်ခဲ့မှုကြောင့် ဂုဏ်ထူးဆောင်ပါရဂူဘွဲ့ ချီးမြှင့်ခြင်းဖြစ်

နေပြည်တော် ဇန်နဝါရီ ၂၀

ကိုရီးယားသမ္မတနိုင်ငံ ဘူဆန်အမျိုးသား တက္ကသိုလ်က တွေးခေါ်မြော်မြင်မှုဆိုင်ရာ ဂုဏ်ထူးဆောင်ပါရဂူဘွဲ့ကို ယနေ့ညနေပိုင်းက နိုင်ငံတော်သမ္မတ ဦးသိန်းစိန်အား ပေးအပ်ချီးမြှင့်ခဲ့သည်။

နိုင်ငံတော်သမ္မတသည် ဒီမိုကရေစီစနစ်သို့ ကူးပြောင်းရေးအတွက် ပြုပြင်ပြောင်းလဲလိုစိတ်၊ ပွင့်လင်းမှုဖြင့် ဆောင်ရွက်ခဲ့မှုတို့နှင့် အတူ ထူးခြားပြောင်မြောက်စွာ ဦးဆောင်ဦးရွက်ပြုခဲ့မှုကို ပြသနိုင်ခဲ့သည့် သမ္မတတစ်ဦးဖြစ်သည်။ နိုင်ငံတော်သမ္မတ၏ ဆန်းသစ်ပြောင်းလဲမှုများသည် ပြည်တွင်း၌သာမက ကမ္ဘာ့အသိုင်းအဝိုင်း၌ပါ ထင်ရှားခဲ့ခြင်းကြောင့် ၂၀၁၂ ခုနှစ်တွင် ထုတ်ဝေခဲ့သည့် တိုင်းမ်မဂ္ဂဇင်း၏ ဩဇာတိက္ကမအရှိဆုံးပုဂ္ဂိုလ် (၁၀၀)စာရင်း၌ ရွေးချယ်ဖော်ပြခြင်းခံခဲ့ရသည်။

ထို့ပြင် ပြည်ပရင်းနှီးမြှုပ်နှံမှုများ ပြုလုပ်နိုင်အောင် ဆောင်ရွက်ခြင်း၊ လျှပ်စစ်မီးမလုံလောက်မှု၊ လမ်းပန်းဆက်သွယ်မှု၊ အလုပ်အကိုင်အခွင့်အလမ်းရရှိရေး၊ ကြားဖြတ်ရွေးကောက်ပွဲကျင်းပပေးနိုင်ခြင်း၊ လွတ်ငြိမ်းချမ်းသာခွင့်ပြုခြင်း၊ အပစ်အခတ်ရပ်စဲရေးအတွက် ဆောင်ရွက်ခြင်းတို့ကို ဖြေရှင်းဆောင်ရွက်နိုင်ခဲ့သည်။

အလားတူ နိုင်ငံတော်သမ္မတအနေဖြင့် အမေရိကန်ပြည်ထောင်စု၊ ဥရောပသမဂ္ဂတို့နှင့် ဆက်ဆံရေးကိုကောင်းမွန်အောင် ပြန်လည်ထူထောင်ကာ မြန်မာနိုင်ငံအပေါ် ချမှတ်ထားသည့် နိုင်ငံတကာပိတ်ဆို့မှုများကို ပယ်ဖျက်စေနိုင်ခဲ့သည်ကို တွေ့ရှိရသည့်အတွက် ယခု ဂုဏ်ထူးဆောင်ပါရဂူဘွဲ့ကို ချီးမြှင့်ရခြင်းဖြစ်ကြောင်း ဘူဆန်အမျိုးသားတက္ကသိုလ်ဥက္ကဋ္ဌ မစ္စတာ ကီဆီအို ကင်မ်၏ ပြောကြားချက်အရ သိရသည်။ **(၀၀၉)**

ပြည်တွင်းသတင်း

✻ ကျောဖုံးမှ

ဂျပန်နိုင်ငံ ဒုတိယသံအမတ်ကြီး Mr. Khiro MARUYAMA နှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြပြီး နှစ်နိုင်ငံတက္ကသိုလ်နှစ်ခု ပူးပေါင်းဆောင်ရွက်မှု အကျိုးကျေးဇူးများကို ဆွေးနွေးပြောကြားခဲ့ကြသည်။

ရန်ကုန်တက္ကသိုလ်နှင့် တိုကျိုနိုင်ငံခြားပညာရပ်များ လေ့လာရေးတက္ကသိုလ် (Tokyo University of Foreign Studies) တို့သည် ၂၀၁၄ ခုနှစ် ဩဂုတ် ၅ ရက်တွင် တက္ကသိုလ်နှစ်ခုအကြား ပူးပေါင်းဆောင်ရွက်ရေး နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးခဲ့ကြရာမှ ယခုကဲ့သို့ အကောင်အထည်ဖော်လာခဲ့ခြင်းဖြစ်သည်။

ရန်ကုန်တက္ကသိုလ် တောင်ငူဆောင်တွင် ဂျပန်နိုင်ငံမှ ရုံးခန်းလာဖွင့်သည့်အတွက် ရန်ကုန်တက္ကသိုလ် ထူးချွန်ကျောင်းသား ကျောင်းသူများ အနက် ဂျပန်ဘာသာစကားသင်ယူလိုသူများအား ဂျပန်ဘာသာစကားကို ကျောင်းချိန်ပြင်ပတွင် အပိုဆောင်းဘာသာစကားအဖြစ် အခမဲ့ သင်ကြားပေးသွားမည်ဖြစ်သည်။

ယခုပညာသင်ကာလမှ စတင်ကာ ဂျပန်နိုင်ငံမှ ဂုဏ်ထူးဆောင်ပါမောက္ခတစ်ဦး လာရောက်ပြီး ရန်ကုန်တက္ကသိုလ်မြန်မာစာ၊ မြန်မာမှု၊ မနုဿဗေဒ ပထမနှစ် ထူးချွန်ကျောင်းသား၊ ကျောင်းသူများနှင့် ဒုတိယနှစ် ထူးချွန်ကျောင်းသားကျောင်းသူများအား ဂျပန်ဘာသာစကားကို သင်ကြားပို့ချပေးနေပြီဖြစ်သည်။ ဖေဖော်ဝါရီလအတွင်း ဂျပန်ဘာသာ ကျွမ်းကျင်ဆရာမတစ်ဦး ထပ်မံရောက်ရှိလာကာ ပို့ချပေးမည်ဖြစ်သည်။

အပြန်အလှန်အဖြစ် တိုကျိုနိုင်ငံခြားပညာရပ်များ လေ့လာရေးတက္ကသိုလ်မှ ကျောင်းသား၊ ကျောင်းသူများလည်း ရန်ကုန်တက္ကသိုလ်မြန်မာစာဌာနတွင် မြန်မာဘာသာကာလတို အနီးကပ်ကြီးကြပ်သင်တန်းနှင့် မြန်မာစာ တစ်နှစ်သင်တန်းတို့ကို နှစ်စဉ်လာရောက်သင်ယူကြမည်ဖြစ်သည်။ ပြီးခဲ့သည့် ၂၀၁၄ ခုနှစ် ဩဂုတ်လက ဂျပန်ကျောင်းသား၊ ကျောင်းသူ ၁၄ ဦးတို့ မြန်မာဘာသာကာလတို အနီးကပ်ကြီးကြပ်သင်တန်း တက်ရောက်ခဲ့ကြပြီး ယခုပညာသင်နှစ်တွင်လည်း မြန်မာစာ၊ မြန်မာမှုတစ်နှစ်အထူးသင်တန်းသို့ ဂျပန်ကျောင်းသား၊ ကျောင်းသူ လေးဦးသင်ယူလျက်ရှိသည်။

ရန်ကုန်တက္ကသိုလ်မှ ကျောင်းသားကျောင်းသူများ တိုကျိုနိုင်ငံခြားပညာရပ်များ လေ့လာရေးတက္ကသိုလ်သို့ ပညာသင်သွားရောက်နိုင်ရန် ပံ့ပိုးကူညီပေးသွားမည်ဖြစ်ရာ ယခုပညာသင်ကာလမှစတင်ကာ ဆောင်ရွက်သွားမည်ဖြစ်ပြီး နှစ်စဉ် ဂျပန်နိုင်ငံသို့ စေလွှတ် ပညာသင်စေမည်ဖြစ်သည်။ နှစ်နိုင်ငံဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများအား နှစ်နိုင်ငံတက္ကသိုလ်များမှ ကိစ္စအဝဝကို ကူညီဆောင်ရွက်ပေးသွားမည်ဖြစ်သည်။

ရန်ကုန်တက္ကသိုလ်နှင့် တိုကျိုနိုင်ငံခြားပညာရပ်များ လေ့လာရေးတက္ကသိုလ်တို့အနေဖြင့် သုတေသနလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်သွားကြမည်ဖြစ်ပြီး ရန်ကုန်တက္ကသိုလ်မြန်မာစာဌာနမှ ဆရာ ဆရာမများ တိုကျိုနိုင်ငံခြားပညာရပ်များ လေ့လာရေးတက္ကသိုလ်တွင် မြန်မာစာဆရာအဖြစ် သွားရောက်လုပ်ကိုင်နိုင်ရေး ကူညီမှုပေးသွားမည်ဖြစ်သည်။

ထို့အတူ မြန်မာ- ဂျပန် ဘာသာစကားနှင့် ယဉ်ကျေးမှုဖလှယ်ရေး၊ နှစ်နိုင်ငံချစ်ကြည်ရေး ပိုမိုခိုင်မြဲတိုးတက်ရန် ဆောင်ရွက်သွားမည်ဖြစ်သည်။ **(မြန်မာ့အလင်း)**

မိုးလေဝသ အခြေအနေ

နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့အနီးတစ်ဝိုက်တွင် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ သာယာမည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ မြန်မာနိုင်ငံ မြောက်ပိုင်းစွန်းဒေသများတွင် နေရာကွက်ကျား မိုးဆက်လက်ရွာနိုင်သည်။

အာဆီယံအသိုက်အဝန်း ၂၀၁၅ အလွန် မျှော်မှန်းချက်ကို ရေးဆွဲနိုင်ရေးအတည်ပြုချမှတ်

နေပြည်တော် ဇန်နဝါရီ ၂၀

မလေးရှားနိုင်ငံ ကိုတာကင်နာဘာလူးမြို့တွင် ဇန်နဝါရီ ၂၇ ရက်နှင့် ၂၈ ရက်တွင် ကျင်းပခဲ့သည့် အာဆီယံနိုင်ငံခြားရေးဝန်ကြီးများ သီးသန့်အစည်းအဝေးသို့ တက်ရောက်ခဲ့သည့် ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင် ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် မြန်မာနိုင်ငံသို့ ဇန်နဝါရီ ၃၀ ရက်တွင် ပြန်လည်ရောက်ရှိသည်။

အာဆီယံနိုင်ငံခြားရေးဝန်ကြီးများ၏ သီးသန့်အစည်းအဝေးကို အာဆီယံဥက္ကဋ္ဌ တာဝန်လွှဲပြောင်းထမ်းဆောင်ခဲ့သည့် မလေးရှားနိုင်ငံက ၂၀၁၅ ခုနှစ်အတွက် ပွဲဦးထွက်အစည်းအဝေးကို အိမ်ရှင်နိုင်ငံအဖြစ် လက်ခံကျင်းပရာ မလေးရှားနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဒါတို ဆရီ အာနီဖာ ဟာဂျီ အာမန် (Dato’ Sri Anifah Haji Aman) က သဘာပတိအဖြစ် ဆောင်ရွက်ခဲ့ပြီး အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ နိုင်ငံခြားရေးဝန်ကြီးများနှင့် အာဆီယံအတွင်းရေးမှူးချုပ် မစ္စတာ လီလျောင်မင်းတို့ တက်ရောက်ခဲ့ကြသည်။

သီးသန့် အစည်းအဝေးတွင် ၂၀၁၅ ခုနှစ်တွင် အာဆီယံဥက္ကဋ္ဌ မလေးရှားနိုင်ငံက ဦးစားပေးဆောင်ရွက်သွားမည့် လုပ်ငန်းစဉ် (၈)ရပ်ကို တင်ပြခဲ့ပြီး ၂၀၁၅ ခုနှစ်အကုန်တွင် အာဆီယံအသိုက်အဝန်း အောင်မြင်စွာ တည်ထောင်နိုင်ရေးအတွက် အကောင်အထည်ဖော်ရန် ကျန်ရှိနေသည့်လုပ်ငန်းစဉ်များကို ဆက်လက်ဆောင်ရွက်သွားရေး၊ အာဆီယံအစည်းအဝေးများကို ပိုမိုထိရောက်သွက်လက်စွာ ကျင်းပနိုင်ရေးနှင့် အာဆီယံအတွင်းရေးမှူးချုပ်ရုံးကို အရည်အသွေးနှင့် စွမ်းအားတိုးမြှင့်ရေး၊ မြန်မာနိုင်ငံမှ အာဆီယံဥက္ကဋ္ဌ တာဝန်ယူစဉ်ကာလအတွင်း ထုတ်ပြန်ကြေညာခဲ့သည့် အာဆီယံအသိုက်အဝန်း ၂၀၁၅ အလွန် မျှော်မှန်းချက်ဆိုင်ရာ နေပြည်တော်ကြေညာစာတမ်းနှင့်အညီ အာဆီယံအသိုက်အဝန်း ၂၀၁၅ ခုနှစ်အလွန် မျှော်မှန်းချက်ကို ရေးဆွဲနိုင်ရေးအတွက် ဖွဲ့စည်းမည့် အဆင့်မြင့်လုပ်ငန်းအဖွဲ့၏ လုပ်ငန်းတာဝန်သတ်မှတ်ချက်များကို အတည်ပြုချမှတ်ခြင်း၊ ဆွေးနွေးဖက်နိုင်ငံများနှင့် ဆက်ဆံရေးတွင် အာဆီယံကို ဗဟိုပြုအချက်အချာကျမှုကို ထိန်းသိမ်းဆောင်ရွက်သွားမည့် လုပ်ငန်းစဉ်များကို ဆွေးနွေးခြင်း၊ အာဆီယံအသိုက်အဝန်း ဖြစ်ပေါ်လာပြီးနောက်တွင် အာဆီယံနိုင်ငံမြို့တော်များတွင် တူညီသည့်စံတော်ချိန် (ASEAN Common Time) သတ်မှတ်ရေး မလေးရှားနိုင်ငံ၏အဆိုပြုချက်အပေါ် ဆွေးနွေးခြင်းနှင့် ဒေသတွင်းနှင့် နိုင်ငံတကာရေးရာများနှင့်ပတ်သက်၍ အမြင်ချင်းဖလှယ်မှုများကို ဆောင်ရွက်ခဲ့သည်။

အာဆီယံနိုင်ငံခြားရေးဝန်ကြီးများ သီးသန့်အစည်းအဝေးတွင် အီရတ်နိုင်ငံနှင့် ဆီးရီးယားနိုင်ငံများတွင် အကြမ်းဖက်မှုများနှင့် လူမဆန်သည့်အပြုအမူများကို ပြုလုပ်နေသော အစွန်းရောက် အကြမ်းဖက်အဖွဲ့အစည်းများ၏ လုပ်ရပ်များကို ပြစ်တင်ရှုတ်ချသည့် အာဆီယံနိုင်ငံခြားရေးဝန်ကြီးများ ထုတ်ပြန်ချက်တစ်ရပ်ကိုလည်း အတည်ပြုထုတ်ပြန်ခဲ့သည်။

အစည်းအဝေးကာလအတွင်း ပြည်ထောင်စုဝန်ကြီးသည် ထိုင်းနိုင်ငံ၊ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီး ဗိုလ်ချုပ်ကြီးတာနာဆပ်ပတီမာပရာဂွန်နှင့် လည်းကောင်း၊ မလေးရှားနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး ဒါတို ဆရီ အာနီ ဖာ ဟာဂျီ အာမန်နှင့်လည်းကောင်း သီးခြားတွေ့ဆုံခဲ့ပြီး နှစ်နိုင်ငံဆက်ဆံရေးကိစ္စများကို ဆွေးနွေးခဲ့သည်။

ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်သည် ဇန်နဝါရီ ၂၉ ရက်တွင် ကွာလာလမ်ပူမြို့သို့ ထွက်ခွာခဲ့ပြီး ကွာလာလမ်ပူမြို့ရှိ မြန်မာသံရုံးတွင် မြန်မာသံအမတ်ကြီးနှင့် သံရုံးဝန်ထမ်းများနှင့်တွေ့ဆုံခဲ့ပြီး သံရုံး၏ လုပ်ငန်းနှင့် မလေးရှားနိုင်ငံရှိ မြန်မာနိုင်ငံသားများ၏ အကျိုးစီးပွားကို ကာကွယ်စောင့်ရှောက်ပေးရေးနှင့် ပတ်သက်၍ ဆွေးနွေးမှာကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

အမည်ပြောင်း

မကွေးတိုင်းဒေသကြီး၊ မြို့သစ်မြို့နေ ဦးနေဝင်းလှိုင် ၉/မမန(နိုင်)၀၀၃၆၇၉ ၏သား အထက(၁)စတုတ္ထတန်းမှ မောင်ဇော်လင်းထူးအား မောင်မင်းသုတဟု ပြောင်းလဲခေါ်ပါရန်။ **မောင်မင်းသုတ**

SIM CARD ဝယ်ယူမည့်ဈေးနှုန်းများ

73**-90000
49**-150000
86**-100000
Ph:09-252181818, 09-73000119

နိုင်ငံတကာသတင်း

နယူးဇီလန်နှင့် ဗြိတိန်ပူးပေါင်းမှု ကုလသမဂ္ဂတွင် ဆွေးနွေးသွားမည်

ဝယ်လင်တန် ဇန်နဝါရီ ၃၀

နယူးဇီလန်နိုင်ငံခြားရေးဝန်ကြီး မာရေးမက်ကာလီသည် ဗြိတိန်နိုင်ငံခြားရေး ဝန်ကြီး ဖိလစ်ဟာမွန်လာရောက်လည်ပတ်စဉ်အတွင်း နယူးဇီလန်အနေဖြင့် နိုင်ငံတကာအရေးအခင်းများတွင် ဗြိတိန်နှင့်ပူးပေါင်းဆောင်ရွက်မှုကို အားဖြည့်ရန် နည်းလမ်းရှာဖွေသွားမည်ဟု ပြောကြားခဲ့သည်။

"ခိုင်မာတဲ့စစ်ရေးအကာအကွယ်နဲ့ ကုန်သွယ်ဆက်ဆံမှုတွေဟာ နယူးဇီလန်နဲ့ ယူကေကြားမှာ ထူးကဲတဲ့ဆက်ဆံရေးတစ်ရပ်ရှိနေတယ်ဆိုတာကို မီးမောင်းထိုးပြလိုက်တာပါပဲ"ဟု မက်ကာလီက ပြောသည်။

နယူးဇီလန်သည် ကုလသမဂ္ဂလုံခြုံရေးကောင်စီ၏ ယာယီအဖွဲ့ဝင်အနေဖြင့် နှစ်နှစ်တာကာလဆောင်ရွက်ရန် မကြာသေးမီကပင် သဘောတူညီခဲ့သည်။ ၎င်းတို့ နှစ်ဦးသည် ကုလသမဂ္ဂတွင် ယူကေနှင့်အကျိုးရှိရှိ ပူးပေါင်းဆောင်ရွက်သွားနိုင်မည့် နယ်ပယ်များကို အာရုံစိုက်ဆွေးနွေးသွားကြမည်ဟု ဆိုသည်။

ဗြိတိန်နိုင်ငံခြားရေးဝန်ကြီး ဟာမွန်သည် နယူးဇီလန်သို့ ဖေဖော်ဝါရီ ၂ ရက်မှ ၄ ရက်အထိ လာရောက်လည်ပတ်မည်ဖြစ်ပြီး ပထမကမ္ဘာစစ်နှစ်တစ်ရာပြည့်ဖြစ်ရပ်များကိုလည်း ဆွေးနွေးကြမည်ဖြစ်သည်။

ဗြိတိန်နိုင်ငံသည် နယူးဇီလန်၏ ငါးခုမြောက် အကြီးဆုံး ကုန်သွယ်ဖက်နိုင်ငံဖြစ်ပြီး နယူးဇီလန် မှသိုးမွေး၊ သစ်သီးဝလံနှင့်ဝိုင်ကို ဈေးကွက်သို့ တင်ပို့သည့်အချက်အချာနိုင်ငံဖြစ်သည်ဟု ၎င်းကပြောသည်။ **(ဆင်ဟွာ)**

ဆော်ဒီဘုရင်သစ်ဆဲလ်မန်း ဝန်ကြီးအဖွဲ့ အပြောင်းအလဲလုပ် ဘုရင်ဟောင်း အဗ္ဗဒူလာ၏ သားနှစ်ဦးအား ရာထူးမှဖယ်ရှား

ရီးယားဒ် ဇန်နဝါရီ ၃၀

ဆော်ဒီအာရေဗျဘုရင်ဆဲလ်မန်းက ထီးနန်းရပြီး တစ်ပတ်အကြာအမိက ဝန်ကြီးအဖွဲ့ အပြောင်းအလဲကို ကြေညာလိုက်သည်။

ထောက်လှမ်းရေး အကြီးအကဲနှင့် အမျိုးသားလုံခြုံရေးကောင်စီအကြီးအကဲနေရာနှစ်ခုစလုံးကို အစားထိုးခဲ့သည်။ အခြားထိပ်တန်းကာကွယ်ရေး၊ ရေနံနှင့် နိုင်ငံခြားရေးဝန်ကြီးရာထူးနေရာများတွင် မူလအတိုင်းထားသည်။

မက္ကာမြို့တော် အုပ်ချုပ်ရေးမှူးနှင့် ရီးယားဒ်မြို့တော်ဝန်တို့ကို ဘာသာရေးထိပ်တန်း တာဝန်ရှိသူများနှင့် အစားထိုးခဲ့သည်။

ဘုရင်ဆဲလ်မန်းသည် ကွယ်လွန်သူ ဘုရင်အဗ္ဗဒူလာ၏ ညီအစ်ကိုဝမ်းကွဲဖြစ်သည်။ ဘုရင်ဆဲလ်မန်းက နိုင်ငံ့ဝန်ထမ်းများ၊ စစ်ဘက်နှင့် ပင်စင်စားများ၊ ကျောင်းသားများအား လစာနှစ်လစာဆုကြေးငွေများ ပေးအပ်ခဲ့သည်။

ဘုရင်ဆဲလ်မန်းသည် အိမ်ရှေ့မင်းသား အဗ္ဗဒူလ်အဇစ်အယ်လ်ကော့ကို ထောက်လှမ်းရေးအကြီးအကဲတာဝန်ရပ်စဲခဲ့ကြောင်းဆော်ဒီသတင်းအေဂျင်စီက ဖော်ပြသည်။

ဗိုလ်ချုပ်ကြီး အယ်လ်ဟူမိတ်ဒန်းသည် ထောက်လှမ်းရေး အကြီးအကဲဖြစ်လာခဲ့သည်။ ကွယ်လွန်သူဘုရင်၏တူဖြစ်သူ အိမ်ရှေ့မင်းသား ဘန်ဒါ

ဘင်ဆူလ်တန်ကို အမျိုးသားလုံခြုံရေးကောင်စီ အတွင်းရေးမှူးချုပ်ရာထူးမှ ဖယ်ရှားလိုက်ပြီး ဘုရင်အကြံပေးအဖြစ် ခန့်အပ်လိုက်သည်။

အဗ္ဗဒူလာ၏ သားနှစ်ဦးဖြစ်သည့် မက္ကာအုပ်ချုပ်ရေးမှူး မင်းသား မစ်ရှယ်နှင့် ရီးယားဒ်မြို့တော်ဝန် မင်းသားတာတီတို့ကို ရာထူးမှ ဖယ်ရှားလိုက်သည်။ **(ဘီဘီစီ)**

စစ်သွေးကြွများက ပြင်းထန်စွာတိုက်ခိုက်ဆိုင်းနိုင်းတွင်

ဆိုင်းနိုင်း ဇန်နဝါရီ ၃၀

အီဂျစ်နိုင်ငံမြောက်ပိုင်း ဆိုင်းနိုင်းကျွန်းဆွယ်၌ အစ္စလာမ့်စစ်သွေးကြွများက အဆက်မပြတ်တိုက်ခိုက်မှုများပြုလုပ်ခဲ့၍ အနည်းဆုံးလူပေါင်း ၂၆ ဦး သေဆုံးသွားခဲ့သည်။

ဆိုင်းနိုင်းပြည်နယ် အယ်လ်အာရစ်၌ စစ်ဘက်ယာဉ်တန်းကို ပစ်မှတ်ထားလျက် ကားဗုံးနှင့် ဒုံးကျည်များဖြင့် တိုက်ခိုက်ခဲ့သည်။

ဂါဇာမြို့အနီး ဇူဝါရစ်နှင့်ရာဖာမြို့တို့၌လည်း တိုက်ပွဲများဖြစ်ပွားခဲ့သည်။ ယင်းတိုက်ခိုက်မှုများအပေါ် အမေရိကန်အနေဖြင့် စိုးရိမ်မိကြောင်း၊ အီဂျစ်အစိုးရ၏ အကြမ်းဖက်တိုက်ဖျက်ရေးစစ်ပွဲကို ထောက်ပံ့ပေးသွားမည်ဖြစ်ကြောင်း ပြောကြားလိုက်သည်။

အန်ဆာဘိအယ်လ်မက်ဒစ်စစ်သွေးကြွအုပ်စုက ၎င်းတို့အနေဖြင့် အိုင်အက်စ်တို့နှင့် ပူးပေါင်းကာ တိုက်ခိုက်မှုများ ပြုလုပ်သွားမည်ဖြစ်ကြောင်း ပြောကြားလိုက်သည်။

အဆိုပါ အကြမ်းဖက်အုပ်စုသည် ၂၀၁၃ခုနှစ်က အစ္စလာမ့် ဝါဒီသမ္မတ မိုဟာမက်မော်စီဖြုတ်ချခံရပြီးကတည်းက အပြင်းထန်ဆုံးတိုက်ခိုက်မှုဖြစ်သည်။ ကြာသပတေးနေ့က တိုက်ခိုက်မှုများသည် အီဂျစ်နိုင်ငံ၌ လအနည်းငယ်အတွင်း အဆိုးရွားဆုံး အစိုးရဆန့်ကျင်မှု တိုက်ခိုက်မှုဖြစ်သည်။

ယခုသီတင်းပတ်အတွင်း အီဂျစ်နိုင်ငံအတွင်း ၂၀၁၁ ခုနှစ်က သမ္မတဟို့စ်နီမူ ဘာရက်အားဖြုတ်ချသည့် နှစ်ပတ်လည်ဆန္ဒပြမှုမှ စတင်ကာ တင်းမာမှုများ မြင့်တက်လျက်ရှိသည်။ စစ်ဘက်လုံခြုံရေးဂိတ်ကို ကားဗုံးဖြင့် မတိုက်မီ ရဲစခန်းများ၊ စစ်အခြေစိုက်စခန်းများကို ဒုံးကျည်များဖြင့် ပစ်ခတ်ခဲ့ကြောင်း လုံခြုံရေးတာဝန်ရှိသူများက ပြောသည်။ **(ဘီဘီစီ)**

ဟင်နရီကစ်ဆင်ဂျာကို ဖမ်းဆီးရန် ဆန္ဒပြသူများတောင်းဆို

ဝါရှင်တန်ဒီစီ ဇန်နဝါရီ ၃၀

စစ်ရာဇဝတ်မှု ကျူးလွန်ခဲ့သည်ဟုစွဲချက်တင်ခံထားရသည့် အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဟောင်း ဟင်နရီကစ်ဆင်ဂျာကို အမေရိကန်ဥပဒေပြုအထက်လွှတ်တော်၌ စစ်ကြားနာစစ်ဆေးခြင်းပြုလုပ်စဉ် ကန့်ကွက်ဆန္ဒပြသူများက ၎င်းအားဖမ်းဆီးရန် တောင်းဆိုခဲ့ကြသည်။

အသက် ၉၁ နှစ်အရွယ်ရှိ မစ္စတာကစ်ဆင်ဂျာနှင့် အခြားသော နိုင်ငံခြားရေးဝန်ကြီးဟောင်းနှစ်ဦးသည် ဝါရှင်တန်ဒီစီရှိ Armed Services Committe တွင် ကြားနာသည့်အချိန်တွင် ဤကဲ့သို့နှောင့်ယှက်မှုများ ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။

စစ်ဆန့်ကျင်ရေးအုပ်စုဖြစ်သည့် CO DEPINK မှ ဆန္ဒပြသူများက ဟင်နရီကစ်ဆင်ဂျာသည် ချီလီနိုင်ငံ၏အာဏာသိမ်းမှုနှင့် ဗီယက်နမ်စစ်ပွဲအတွင်း စစ်ရာဇဝတ်မှုများတွင် ပါဝင်ပတ်သက်ခဲ့ကြောင်း ကြေညာထားသည်။

အချို့သော ဆန္ဒပြသူများသည် "ဟင်နရီကစ်ဆင်ဂျာကို စစ်ရာဇဝတ်မှုကျူးလွန်ခြင်းအတွက် ဖမ်းဆီးပါ" "ကစ်ဆင်ဂျာသည် စစ်ရာဇဝတ်ကောင်" ကြွေးကြော် ကြသည်။ နိုင်ငံခြားရေးဝန်ကြီးဟောင်းနှစ်ဦးဖြစ်သည့် အသက် ၉၄ နှစ်အရွယ်ရှိ ဂျော့ရှူလ်ဇ်နှင့် အသက် ၇၇ နှစ်အရွယ်ရှိ မက်ဒလင်အောဘရိုက်သည် သက်သေခံပုဂ္ဂိုလ်များအဖြစ် ဆောင်ရွက်မည်ဖြစ်သည်။

၎င်းသည် ၁၉၆၉ ခုနှစ်မှ ၁၉၇၃ ခုနှစ်ကာလအတွင်း ဗီယက်နမ်၊ ကမ္ဘောဒီးယား၊ လာအိုတို့တွင် လူသတ်မှုများကိုကြိုးကိုင်ခဲ့သူဖြစ်ကြောင်း၊ နိုင်ငံအနှံ့အပြားရှိ မရှင်းလင်းရသေးသော မြေမြှုပ်မိုင်းများကြောင့် လူထောင်ပေါင်းများစွာ အသက်ဆုံးရှုံးခဲ့ရကြောင်းနှင့် ၁၉၇၃ ခုနှစ် စက်တင်ဘာလ ၁၁ ရက်တွင် ဖြစ်ပွားခဲ့သော ချီလီနိုင်ငံ၏အာဏာသိမ်းပွဲတွင်လည်း ဟင်နရီကစ်ဆင်ဂျာသည် အဓိကစီမံဖန်တီးသူဖြစ်ကြောင်း ဆန္ဒပြသူတစ်ဦးက အော်ဟစ်ခဲ့သည်။ **(ပရက်စ်တီဗွီ)**

MH370 ရှာဖွေမှု ရပ်ဆိုင်းမည်မဟုတ်ဟု တရုတ်ပြောကြား

ပေကျင်း ဇန်နဝါရီ ၃၀

မလေးရှားလေကြောင်းလိုင်းပိုင် MH 370 ပျောက်ဆုံးပြီး ၃၂၇ ရက်ကြာပြီးနောက် အဆိုပါလေယာဉ်သည် မတော်တဆမှုဖြစ်ပွားခဲ့ခြင်းဖြစ်ပြီး လေယာဉ်ပေါ်ပါခရီးသည် ၃၂၉ ဦးလုံးသေဆုံးသွားပြီဟု ယူဆခဲ့ကြောင်း ယင်းလေကြောင်းလိုင်းက ကြေညာခဲ့သည်။ ထိုသို့ကြေညာလိုက်ခြင်းအားဖြင့် သေဆုံးသူများ၏ မိသားစုဝင်များက နစ်နာကြေးတောင်းဆိုခြင်းနှင့် တရားစွဲဆိုခြင်းတို့ကို မကြာမီလုပ်ဆောင်နိုင်မည်ဖြစ်သည်။ လေယာဉ်ပေါ်ပါခရီးသည်နှင့် အမှုထမ်းများ၏ ကျန်ရစ်သူ မိသားစုသည်အဖြေတစ်ခုကို မျှော်လင့်နေဆဲဖြစ်သည်။

အဆိုပါကြေညာချက်ကို နိုင်ငံတကာက ကြိုးစားအားထုတ်မှုများ အစွမ်းကုန်ပြုလုပ်ခဲ့ပြီးနောက် ထုတ်ပြန်ခဲ့ခြင်းဖြစ်သည်။ တရုတ်ဝန်ကြီးချုပ်လီခကျန်းကလည်း ယင်းကြေညာချက်ပေါ်ထွက်ပြီးနောက် ပျောက်ဆုံးနေသော MH 370 နှင့် ခရီးသည်များကို ရှာဖွေမှုများ ဆက်လက်လုပ်ဆောင်ရန် မလေးရှားကို တိုက်တွန်းခဲ့သည်။ **(ဆင်ဟွာ)**

လောင်စာတင်ယာဉ်ပေါက်ကွဲမှု မက္ကဆီကိုသားဖွားမီးယပ်ဆေးရုံထိခိုက် အပျက်အစီးများကြား ကလေးငယ်များကိုအသက်ရှင်လျက်တွေ့ရှိ

မက္ကဆီကို ဇန်နဝါရီ ၃၀

မက္ကဆီကိုမြို့ အနောက်ဘက်ယွန်းယွန်းတွင် ဇန်နဝါရီ ၂၉ ရက်က လောင်စာတင်ယာဉ်တစ်စီး ပေါက်ကွဲမှုဖြစ်ပွားပြီး သားဖွားမီးယပ်ဆေးရုံကိုထိခိုက်ခဲ့ရာ အမျိုးသမီးတစ်ဦးနှင့် ကလေးနှစ်ဦးသေဆုံးပြီး ဒါဇင်ပေါင်းများစွာ ဒဏ်ရာရရှိခဲ့ကြကြောင်း၊ အပျက်အစီးများကြားတွင် အသက်ရှင်လျက်ရှိသည့် ကလေးငယ်များစွာ တွေ့ရကြောင်း အာဏာပိုင်များက ပြောခဲ့သည်။

ပေါက်ကွဲမှု ဖြစ်ပွားပြီးနောက် သူနာပြုတစ်ဦးနှင့် ကလေးတစ်ဦး သေဆုံးခဲ့သည်။ အဆိုပါ ပေါက်ကွဲမှုကြောင့် ဆေးရုံသည် ၇၀ ရာခိုင်နှုန်း ထိခိုက်ပျက်စီးခဲ့ကြောင်း မက္ကဆီကိုမြို့တော်ဝန်က ပြောခဲ့သည်။

အခြားကလေးတစ်ဦးလည်း သေဆုံးခဲ့ကာလူပေါင်း ၇၀ ကျော် ဒဏ်ရာရရှိခဲ့ကြောင်း မက္ကဆီကိုကျန်းမာရေးဝန်ကြီးက အမျိုးသားရုပ်သံသို့ ပြောကြားခဲ့သည်။

အပျက်အစီးများကြားတွင် ကလေးငယ်အတော်များများကို တွေ့ခဲ့သည်။ ကယ်ဆယ်ရေးဝန်ထမ်းများသည် ကလေးငယ်များအသက်ရှင်ရန် ကွန်ကရစ်များကို တူးဆွကာ ကယ်ဆယ်ခဲ့ရသည်။

အခင်းဖြစ်ပွားရာနေ့ အစောပိုင်းက မိသားစုအခြေအနေနှင့်ပတ်သက်၍ သတင်းရယူလိုသူများသည် ရဲတပ်ဖွဲ့ဝင်များ၏ တားမြစ်ဇရိယာအနီးတွင် စုရုံးရောက်ရှိနေကြသည်။ ဒဏ်ရာရသူအချို့ကို ရဟတ်ယာဉ်များနှင့် ပြောင်းရွှေ့ခဲ့ကြသည်။ ဝေဟင်မှရိုက်ထားသော ဗီဒီယိုကမီးသတ်သမားများသည် ပျက်စီးအဆောက်အအုံပေါ်တွင် ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်နေပုံကိုပြသခဲ့သည်။

မိမိညီမနှင့်ပတ်သက်ပြီး အလွန်စိတ်ပူကြောင်း၊ ၎င်းသည်မွေးဖွားတော့မည်ဖြစ်ကြောင်း၊ ၎င်းကိုမနေ့က ဆေးရုံတင်ခဲ့ကြောင်း၊ ၎င်းဘယ်လိုအခြေအနေရှိသလဲဆိုသည်ကို သိချင်ကြောင်း စသည်ဖြင့် အသက် ၃၂ နှစ်အရွယ်ရှိ သူနာပြုတစ်ဦးက ပြောကြားသည်။

အရေးပေါ် လူနာတင်ယာဉ်များသည် အသက်ရှင်ကျန်ရစ်သူများကို ပြုစုရန် အခင်းဖြစ်ပွားရာနေရာသို့ ရောက်ရှိခဲ့ကြသည်။ ပေါက်ကွဲမှုဖြစ်ပွားချိန်တွင် ဆေးရုံထဲ၌ လူပေါင်း ၁၀၀ နီးပါးရှိကြောင်း မြို့တော်အရာရှိတစ်ဦးက ပြောခဲ့သည်။

လောင်စာတင်ယာဉ်မှ ဓာတ်ငွေ့ယိုစိမ့်မှုဖြစ်ပြီး ၎င်းဓာတ်ငွေ့ယိုစိမ့်မှုသည် ဆေးရုံ၏လောင်စာသိုလှောင်ကန်သို့ကူးစက်ကာ ပေါက်ကွဲမှုဖြစ်ပွားခဲ့သည်ဟု ယုံကြည်ကြောင်း အရာရှိများက ပြောခဲ့သည်။ **(ရိုက်တာ)**

ပြည်တွင်းသတင်း

ပြည်ထောင်စုလွှတ်တော်နာယက ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း သတင်းမီဒီယာများအားတွေ့ဆုံ

နေပြည်တော် ဇန်နဝါရီ ၃၀

ပြည်ထောင်စုလွှတ်တော်နာယက ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရ ဦးရွှေမန်းသည် ပြည်သူ့လွှတ်တော်အားကစား၊ ယဉ်ကျေးမှုနှင့် ပြည်သူ့ဆက်ဆံရေးဖွံ့ဖြိုးတိုးတက်မှုကော်မတီဥက္ကဋ္ဌ သူရဦးအေးမြင့်၊ စီးပွားရေးနှင့် ကုန်သွယ်လုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးကော်မတီဥက္ကဋ္ဌ ဦးမောင်မောင်သိမ်းတို့နှင့်အတူ ပြည်တွင်းသတင်းဌာနများ၊ ပြည်တွင်းအခြေစိုက် ပြည်ပသတင်းဌာနများနှင့် ပြည်တွင်းသတင်းစာ၊ ဂျာနယ်များမှ အယ်ဒီတာနှင့် သတင်းထောက်များအား ယနေ့မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ဇမ္ဗူသီရိဆောင် မီဒီယာခန်းမ၌ တွေ့ဆုံသည်။ **(ယာပုံ)**

ထိုသို့တွေ့ဆုံစဉ် ပြည်ထောင်စုလွှတ်တော်နာယက သူရဦးရွှေမန်းနှင့် ကော်မတီဥက္ကဋ္ဌ သူရဦးအေးမြင့်တို့က သတင်းမီဒီယာသမားများ၏မေးမြန်းချက်များအပေါ် ပြန်လည်ဖြေကြားခဲ့သည်။

အဆိုပါတွေ့ဆုံပွဲသို့ ပြည်ထောင်စုလွှတ်တော် ဒုတိယနာယက ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးနန္ဒကျော်စွာ၊ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီဥက္ကဋ္ဌ ဦးတီခွန်မြတ်နှင့် အတွင်းရေးမှူး ဦးစောလှထွန်း၊ ပြည်သူ့လွှတ်တော်ရုံးမှ တာဝန်ရှိသူများ၊ ပြည်တွင်းသတင်းဌာနများ၊ ပြည်တွင်းအခြေစိုက် ပြည်ပသတင်းဌာနများနှင့် ပြည်တွင်းသတင်းစာ၊ ဂျာနယ် (၂၃) ခုတို့မှ အယ်ဒီတာနှင့် သတင်းထောက် စုစုပေါင်း ၄၆ ဦး တက်ရောက်ခဲ့ကြသည်။

(သတင်းစဉ်)

ဒုရဲအုပ်လောင်းသင်တန်းအမှတ်စဉ် (၇၈ / ၂၀၁၄) ရဲဗလတပ်ခွဲ သင်တန်းဆင်း

နေပြည်တော် ဇန်နဝါရီ ၃၀

မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲအရာရှိလေ့ကျင့်ရေးကျောင်း ဒုရဲအုပ်လောင်း သင်တန်းအမှတ်စဉ် (၇၈/၂၀၁၄) ရဲဗလတပ်ခွဲ သင်တန်းဆင်းပွဲအခမ်းအနားကို ယနေ့နံနက် ၇ နာရီခွဲတွင် မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့နယ် ဇီးပင်ကြီးရှိ ရဲအရာရှိ လေ့ကျင့်ရေးကျောင်း စစ်ရေးပြကွင်း၌ ကျင်းပသည်။

ရှေးဦးစွာ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ် ရဲချုပ်ဇော်ဝင်းက ဒုရဲအုပ်လောင်းများ၏ အလေးပြုခြင်းကို ခံယူပြီး သင်တန်းဆင်းတပ်ခွဲများကို စစ်ဆေးခဲ့သည်။ ထို့နောက် သင်တန်းဆင်းတပ်ခွဲများမှ ဒုရဲအုပ်လောင်းများက ရဲချုပ်အား အနေးလျှောက်၊ အမြန်လျှောက်ဖြင့် ချီတက်အလေးပြုပြီးနောက် ရဲချုပ်က ရဲဗလတပ်ခွဲမှ အကောင်းဆုံးကျောင်းသားဆု၊ လေ့ကျင့်ရေးထူးချွန်ဆု၊ ဥပဒေဘာသာရပ်ထူးချွန်ဆု၊ ကွန်ပျူတာ ဘာသာရပ်ထူးချွန်ဆု၊ အင်္ဂလိပ်စာဘာသာရပ် ထူးချွန်ဆု ရရှိသူများအား ဆုချီးမြှင့်သည်။

ယင်းနောက် ရဲချုပ်က အမှာစကားပြောကြားရာတွင် ပြည်သူတို့ဘဝ တည်ငြိမ်အေးချမ်းစေရန် မြန်မာနိုင်ငံရဲတပ်ဖွဲ့သည် တရားဥပဒေစိုးမိုးရေးအတွက် ပင်မတာဝန်ရှိသည်နှင့်အညီ တရားဥပဒေစိုးမိုးရေးကို ရည်မှန်းချက်တာဝန်အဖြစ် ဆောင်ရွက်လျက်ရှိကြောင်း။

ပြည်သူလူထုအတွက် အေးချမ်းသာယာပြီး ဘေးကင်းလုံခြုံမှုရှိမည့် အနာဂတ်ဆီသို့ ဦးတည်ဆောင်ရွက်ရာတွင် ပြောင်းလဲတိုးတက်လာသော ခေတ်ကာလ အခြေအနေအလိုက် ဖြစ်ပေါ်လာသည့်မှုခင်းများ အထူးသဖြင့် ပြည်သူများ အထိတ်တလန့်ဖြစ်စေမည့် မှုခင်းများနှင့် အကြမ်းဖက်မှုများကို ကြိုတင်ကာကွယ်တားဆီးသွားကြရန် မှာကြားလိုကြောင်း။

ပြည်တွင်း ပဋိပက္ခများနှင့် အကြမ်းဖက်မှုများကို တားဆီးဟန့်တားရာတွင် လိုအပ်ချက်အရ အင်အားသုံးရပါက လိုက်နာဆောင်ရွက်ရမည့် အချက်များကို သတိကြီးစွာဖြင့် လိုက်နာဆောင်ရွက်ကြရမည်ဖြစ်ကြောင်း။

နိုင်ငံတော်အနေဖြင့် ၂၀၁၅ ခုနှစ်တွင် အထွေထွေရွေးကောက်ပွဲကို နိုင်ငံတကာ စံချိန်စံညွှန်းများနှင့်ကျင်းပပေးရန်ရှိရာ နိုင်ငံတကာစံနှုန်းနှင့် ကိုက်ညီပြီး ဘေးကင်းလုံခြုံစွာဖြင့် အောင်အောင်မြင်မြင် ကျင်းပနိုင်သည့် ရွေးကောက်ပွဲဖြစ်စေရန် သက်ဆိုင်ရာ အဖွဲ့အစည်းများနှင့် ပေါင်းစပ်၍ ဆောင်ရွက်နိုင်ရန် အဘက်ဘက်မှ ကြိုတင်ပြင်ဆင်လေ့ကျင့်မှုများ ပြုလုပ်ရန်လိုအပ်ကြောင်း။

ပြည်သူကိုဗဟိုပြုသော ရဲလုပ်ငန်းစနစ်သို့ ကူးပြောင်းရောက်ရှိနိုင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်ရာတွင် ပြည်သူလူထုက ယုံကြည်စွာအပ်နှံထားသည့် လုပ်ပိုင်ခွင့်များကို ဥပဒေနှင့်အညီ ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ရဲတပ်ဖွဲ့၏ ဆောင်ရွက်မှုများ ပွင့်လင်းမြင်သာမှုရှိအောင် မီဒီယာမှတစ်ဆင့် ပြည်သူလူထုထံ စဉ်ဆက်မပြတ် အသိပေးရမည်ဖြစ်ကြောင်း။

ဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်ကြီး ဖြစ်ပေါ်လာစေရန် ရဲတပ်ဖွဲ့က ဆောင်ရွက်နေသည့် ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ စည်းမျဉ်းစည်းကမ်း သတ်မှတ်ချက်များကို ကျွမ်းကျင်အောင်လေ့လာပြီး ကိုယ်အား၊ စိတ်အား ထက်သန်စွာဖြင့် ကြိုးပမ်းဆောင်ရွက်ကြရန်၊ နိုင်ငံတကာနှင့် ရင်ပေါင်တန်းနိုင်သည့် အလေ့အကျင့်ကောင်းများရရှိအောင် စဉ်ဆက်မပြတ် လေ့လာဆည်းပူး ကြိုးပမ်းဆောင်ရွက်သွားကြရန် မှာကြားသည်။

အဆိုပါ ဒုရဲအုပ်လောင်းသင်တန်း အမှတ်စဉ်(၇၈/၂၀၁၄) ရဲဗလတပ်ခွဲသို့ တပ်တွင်းဘွဲ့ရ အမျိုးသား ၂၉၃ ဦး တက်ရောက်ခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

သတင်းထုတ်ပြန်ချက်

ပြန်ကြားရေးဝန်ကြီးဌာန၏ ၂၀၁၅-၂၀၁၆ ခု၊ ဘဏ္ဍာရေးနှစ် ဘဏ္ဍာငွေ အရအသုံးအခြေအနေ

ပြန်ကြားရေးဝန်ကြီးဌာန၏ ၂၀၁၅-၂၀၁၆ ခု၊ ဘဏ္ဍာရေးနှစ် ဘဏ္ဍာငွေ အရအသုံးဆိုင်ရာကိစ္စရပ်များကို ၂၈-၁-၂၀၁၅ ရက်နေ့၌ ပြည်ထောင်စုလွှတ်တော်သို့ ရှင်းလင်းတင်ပြခဲ့ပါသည်။

ပြန်ကြားရေးဝန်ကြီးဌာန၏ ၂၀၁၅-၂၀၁၆ ခု၊ ဘဏ္ဍာရေးနှစ် မူလအဆိုပြုအသုံးစရိတ်မှာ သာမန် ကျပ် ၅၂ ဒသမ ၅၇၁ ဘီလီယံကျော်နှင့် ငွေလုံးငွေရင်း ကျပ် ၂၉ ဒသမ ၃၁၃ ဘီလီယံကျော် နှစ်ရပ်ပေါင်း ကျပ် ၈၁ ဒသမ ၈၈၄ ဘီလီယံကျော် ဖြစ်ပါသည်။ အဆိုပါ အဆိုပြုချက်ကို ဒုတိယသမ္မတဦးစီးသောအဖွဲ့က အဆင့်ဆင့်စိစစ်ဖြတ်တောက်ခဲ့ပြီး သာမန်အသုံးစရိတ် ကျပ် ၅၉ ဒသမ ၉၉၂ ဘီလီယံကျော်နှင့် ငွေလုံးငွေရင်းအသုံးစရိတ် ကျပ် ၁၁ ဒသမ ၂၂၅ ဘီလီယံကျော် နှစ်ရပ်ပေါင်း အဆိုပြုအသုံးစရိတ် ကျပ် ၇၁ ဒသမ ၂၁၇ ဘီလီယံကျော်ကို အတည်ပြုပေးခဲ့ပါသည်။

ပြန်ကြားရေးဝန်ကြီးဌာန၏ ၂၀၁၄-၂၀၁၅ ခု၊ ဘဏ္ဍာရေးနှစ် အသုံးစရိတ် ခွင့်ပြုငွေမှာ ကျပ် ၈၈ ဒသမ ၄၁၄ ဘီလီယံကျော်ဖြစ်ပြီး ၂၀၁၅-၂၀၁၆ ခု၊ ဘဏ္ဍာရေးနှစ် အဆိုပြုအသုံးစရိတ်ငွေမှာ ကျပ် ၇၁ ဒသမ ၂၁၇ ဘီလီယံကျော် ဖြစ်ပါသည်။ သို့ပါ၍ ၂၀၁၅-၂၀၁၆ ခု၊ ဘဏ္ဍာရေးနှစ်တွင် ၂၀၁၄-၂၀၁၅ ခု၊ ဘဏ္ဍာရေးနှစ်ထက် ကျပ် ၁၇ ဒသမ ၁၉၇ ဘီလီယံ လျော့နည်းအဆိုပြုထားပါသည်။

၂၀၁၅-၂၀၁၆ ခု၊ ဘဏ္ဍာရေးနှစ် ဝင်ငွေလျာထားချက်မှာ ကျပ် ၄၁ ဒသမ ၀၂၃ ဘီလီယံကျော်ဖြစ်ပါသည်။ သာမန်နှင့် ငွေလုံးငွေရင်းအသုံးစရိတ်အဆိုပြုမှာ ကျပ် ၇၁ ဒသမ ၂၁၇ ဘီလီယံကျော်ဖြစ်သဖြင့် လိုငွေမှာ ကျပ် ၃၀ ဒသမ ၁၉၄ ဘီလီယံကျော် ဖြစ်ပါသည်။

အဆိုပါလိုငွေများမှာ ဦးစီးဌာနနှစ်ခုဖြစ်သော မြန်မာ့အသံနှင့် ရုပ်မြင်သံကြားနှင့် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတို့၏ ရုံးအသုံးစရိတ်များဖြစ်ပါသည်။

ပြန်ကြားရေးဝန်ကြီးဌာနရှိ စီးပွားရေးလုပ်ငန်းနှစ်ခုဖြစ်သည့် သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၌ အမြတ်ငွေအနေဖြင့် ၂၀၁၃-၂၀၁၄ ခု၊ ဘဏ္ဍာရေးနှစ်တွင် ၃ ဒသမ ၅ ဘီလီယံကျော် ရရှိခဲ့ပြီး ၂၀၁၄-၂၀၁၅ ခု၊ ဘဏ္ဍာရေးနှစ်တွင် ၄ ဘီလီယံကျော်ရရှိမည်ဟု ခန့်မှန်းထားပါသည်။ ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်း၌ အမြတ်ငွေအနေဖြင့် ၂၀၁၃-၂၀၁၄ ခု၊ ဘဏ္ဍာရေးနှစ်တွင် ကျပ်သန်း ၇၀၀ ကျော်ရရှိခဲ့ပြီး ၂၀၁၄-၂၀၁၅ ခု၊ ဘဏ္ဍာရေးနှစ်တွင် ကျပ်သန်း ၁၄၀ ကျော် ရရှိမည်ဟု ခန့်မှန်းထားပါကြောင်း သတင်းထုတ်ပြန်အပ်ပါသည်။

ပြန်ကြားရေးဝန်ကြီးဌာန

ပြည်တွင်းသတင်း

ပထမအကြိမ် လွှတ်တော်များ၏ စတုတ္ထမြောက် နှစ်ပတ်လည်နေ့အထိမ်းအမှတ် နေ့လယ်စာစားပွဲကျင်းပ

နေပြည်တော် ဇန်နဝါရီ ၃၀

ပထမအကြိမ် လွှတ်တော်များ၏ စတုတ္ထမြောက်နှစ်ပတ်လည်နေ့အထိမ်းအမှတ် နေ့လယ်စာစားပွဲအခမ်းအနားကို ယနေ့မွန်းလွဲ ၁၂ နာရီ ၁၅ မိနစ်တွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ထမင်းစားခန်းမဆောင်၌ကျင်းပရာ ပြည်ထောင်စုလွှတ်တော်နာယကက ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့်၊ ပြည်ထောင်စုလွှတ်တော် ဒုတိယနာယကက ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးနန္ဒကျော်စွာ၊ အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးမြညိမ်း၊ ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်တို့မှ ကော်မတီဥက္ကဋ္ဌနှင့် အတွင်းရေးမှူးများ၊ ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ်များ၊ လွှတ်တော်ရုံးများမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ပြည်ထောင်စုလွှတ်တော်နာယကက ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း မိန့်ခွန်းပြောကြားစဉ်။

ရှေးဦးစွာ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့်က နှစ်ပတ်လည်အထိမ်းအမှတ် မိန့်ခွန်းပြောကြားရာတွင် ဒီမိုကရေစီ တစ်ခေတ်ဆန်းလာသည့် ၂၀၁၁ ခုနှစ်ကစပြီး မိမိတို့လွှတ်တော်၏ကဏ္ဍကို ဖွင့်လှစ်ခဲ့သည်မှာ ယနေ့ဆိုလျှင် လေးနှစ်ပြည့်ခဲ့ပြီဖြစ်ပါကြောင်း၊ ပြည်ထောင်စုလွှတ်တော်စတင်ခေါ်ယူသည့် ၂၀၁၁ ခုနှစ် ဇန်နဝါရီလ ၃၁ ရက်နေ့ ညနေ ၃ နာရီအချိန်တွင် ပြည်ထောင်စုလွှတ်တော်နာယက၏ နှုတ်ခွန်းဆက်စကားအနေဖြင့် ဤလွှတ်တော်ကြီးသည် ဥပဒေပြုရေးအာဏာကို ပြည်သူ့ထံမှရရှိထားသည့် အမြင့်ဆုံး အဖွဲ့အစည်းဖြစ်ကြောင်း၊ လွှတ်တော်ကြီး၏ဂုဏ်ဒြပ်သည် မြင့်မားကြောင်း၊ ထို့အတူ လွှတ်တော်ကိုယ်စားလှယ်များ၏ ဂုဏ်ရည်သည်လည်း မြင့်မားကြောင်း မိမိပြောကြားခဲ့ပါကြောင်း။

မိမိတို့အားလုံးသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏လွှတ်တော်သမိုင်းကိုရေးကြရမည်ဖြစ်၍ နောင်လာနောက်သားများအတုယူဖွယ်၊ ကိုးကားဖွယ်ဖြစ်အောင် ဆောင်ရွက်ကြရန်လည်း မိမိအနေဖြင့် မကြာခဏ တိုက်တွန်းခဲ့ပါကြောင်း၊ မိမိတို့၏လုပ်ဆောင်ချက်များသည် လွှတ်တော်မှတ်တမ်း၌ အတိအကျ ကမ္ပည်းတင်ထားခြင်းဖြစ်သည့်အတွက် မိမိတို့အားလုံးသည် ကိုယ့်သမိုင်းကိုယ်ရေးနေကြခြင်းလည်းဖြစ်ပါကြောင်း၊ ထို့ကြောင့် ကျန်ရှိနေသေးသည့် ပထမအကြိမ် လွှတ်တော်အသီးသီး၏ သက်တမ်းအတွင်း၌လည်း လွှတ်တော်၏ဂုဏ်ကို မြှင့်တင်နိုင်အောင် မျှော်တွေးပြီး ဆောင်ရွက်ကြရန် ပြောကြားလိုပါကြောင်း။

လွှတ်တော်သက်တမ်း၏ နောက်ဆုံးနှစ်သည် လုပ်ငန်းဆောင်တာများ၏ အရှိန်အဟုန်အမြင့်ဆုံးဖြစ်သင့်သကဲ့သို့ လုပ်ငန်းများကို လက်စသိမ်းနိုင်အောင် လုပ်ကိုင်ဆောင်ရွက်ရန်လိုပါကြောင်း၊ ထို့ကြောင့် ဥပဒေကြမ်းကော်မတီများ၊ အစိုးရ၏အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များစိစစ်ရေးကော်မတီများသည် အချိန်ကိုက်လုပ်နိုင်ရန်လိုပါကြောင်း၊ ၂၀၁၅ ခုနှစ် ရွေးကောက်ပွဲအတွက် ပြင်ဆင်နိုင်ရန် လွှတ်တော်များ ရပ်နားလိုက်သည့်ကာလတွင် လွှတ်တော်ဘက်က ကြွေးကျန်မရှိသကဲ့သို့ အစိုးရဘက်က ကြွေးကျန်လည်းမရှိအောင် နှစ်ဖက်ညှိနှိုင်းဆောင်ရွက်ခြင်းကို ယခုကစ၍ ဆောင်ရွက်ကြရန် သင့်ပြီဖြစ်ကြောင်း။

နိဂုံးချုပ်အနေဖြင့် ပြောကြားလိုသည်မှာ ပြည်သူတစ်ရပ်လုံးကိုကိုယ်စားပြုသည့်လွှတ်တော်များ၊ လွှတ်တော်ကိုယ်စားလှယ်များသည် လွှတ်တော်အလိုက်သော်လည်းကောင်း၊ ကော်မတီအလိုက်သော်လည်းကောင်း၊ တစ်ဦးချင်းသော်လည်းကောင်း မိမိတို့ပြုလုပ်ဆောင်ရွက်ချက်ဟူသမျှကိုပြန်လည်သုံးသပ်ပြီး မှားယွင်းမှု၊ အားနည်းမှုများကိုပြုပြင်ကာ အကောင်းဆုံးအဆုံးသတ်နိုင်အောင် ဆောင်ရွက်ကြရန် တိုက်တွန်းပါကြောင်းဖြင့် ပြောကြားသည်။

ပထမအကြိမ် လွှတ်တော်များ၏ စတုတ္ထမြောက်နှစ်ပတ်လည်နေ့အထိမ်းအမှတ် နေ့လယ်စာစားပွဲအခမ်းအနားကျင်းပစဉ်။ (သတင်းစဉ်)

ထို့နောက် ပြည်ထောင်စုလွှတ်တော်နာယကက ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းက နှစ်ပတ်လည်နေ့အထိမ်းအမှတ် မိန့်ခွန်းပြောကြားရာတွင် ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေအရ လွှတ်တော်များ ပေါ်ပေါက်ခဲ့သည်မှာ ၂၀၁၅ ခုနှစ်၊ ဇန်နဝါရီလ ၃၁ ရက်နေ့ဆိုလျှင် လေးနှစ် ပြည့်မြောက်ပြီဖြစ်ပါကြောင်း၊ တစ်နည်းအားဖြင့် မိမိတို့နိုင်ငံ၌ ဒီမိုကရေစီစနစ် အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ကြသည်မှာ လေးနှစ်တာကာလ ရောက်ခဲ့ပြီဖြစ်ပါကြောင်း၊ ထို့အတူ မိမိတို့တစ်တွေလည်း အသက်လေးနှစ်ပိုကြီးခဲ့ကြပြီး အတွေ့အကြုံနှင့် သင်ခန်းစာများလည်း လေးနှစ်စာပိုရခဲ့ကြပြီ ဖြစ်ပါကြောင်း။

ပြည်ထောင်စုလွှတ်တော်၏ ပုံမှန်အစည်းအဝေးကျင်းပမှုအနေဖြင့်လည်း ယခု (၁၂) ကြိမ်မြောက်အထိ ရောက်ရှိလာခဲ့ပြီဖြစ်ပါကြောင်း၊ လွှတ်တော်သက်တမ်းကြာမြင့်လာသည်နှင့်အမျှ ဒီမိုကရေစီစနစ် အကောင်အထည်ဖော်နိုင်မှုပြယုဂ်များ တိုးတက်ပေါ်ပေါက်လာသည်ကို တွေ့ရမည်ဖြစ်ပါကြောင်း။

၂၀၁၁ ခုနှစ် လွှတ်တော်ပေါ်ပေါက်လာခြင်းနှင့်အတူ နိုင်ငံတော်အချုပ်အခြာ၏ ခက်မသုံးဖြာဖြစ်သည့် ဥပဒေပြုရေးကဏ္ဍ၊ အုပ်ချုပ်ရေးကဏ္ဍ၊ တရားစီရင်ရေးကဏ္ဍတို့သည် စနစ်တကျ ပေါ်ပေါက်လာခဲ့ပြီး နိုင်ငံတော်အချုပ်အခြာအာဏာသုံးရပ်ကို အတတ်နိုင်ဆုံး ပိုင်းခြားသုံးစွဲပြီး အချင်းချင်း အပြန်အလှန်ထိန်းကျောင်းခြင်းနှင့် ပူးပေါင်းဆောင်ရွက်ခြင်းများ တိုးတက်ဖြစ်ပေါ်လာသည်ကို တွေ့ရမည်ဖြစ်ပါကြောင်း။

နိုင်ငံတော်၏ ဥပဒေပြုရေးအာဏာကို အကောင်အထည်ဖော်ဆောင်ရွက်ကြသည့်နေရာ၌ နိုင်ငံတော်နှင့် နိုင်ငံသားများ၏အကျိုးစီးပွားများကို ဖြစ်ထွန်းစေမည့် ဥပဒေအသစ်များကို ပြဋ္ဌာန်းခြင်း၊ ခေတ်နှင့်မလျော်ညီသော ဥပဒေများကိုပြင်ဆင်ခြင်း ပြန်လည်ရုပ်သိမ်းခြင်းများကို ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်နိုင်ခဲ့သည့်အတွက် ယခုလေးနှစ်တာကာလတွင် ပြည်ထောင်စုလွှတ်တော်အနေဖြင့် ဥပဒေအသစ် (၆၄) ခု၊ ပြင်ဆင်သည့် ဥပဒေ (၅၅) ခုနှင့် ပြန်လည်ရုပ်သိမ်းသည့် ဥပဒေ (၁၄) ခုတို့ကို အတည်ပြုပြဋ္ဌာန်းပေးနိုင်ခဲ့သည်ကို တွေ့ရမည်ဖြစ်ပါကြောင်း။

ဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော် ဆောင်ရွက်ကြရာတွင် လွှတ်တော်ကိုယ်စားလှယ်ကြီးများ၏ ဝါယမစိုက်ထုတ် ကြိုးစားမှုများကြောင့် ပထမအကြိမ် လွှတ်တော်သက်တမ်း လေးနှစ်တာကာလအတွင်း နိုင်ငံတော်၏ကဏ္ဍအလိုက် လိုအပ်လျက်ရှိနေသည့်ဥပဒေများကို ဦးစားပေးအလိုက် အတည်ပြုပြဋ္ဌာန်းပေးနိုင်ခဲ့သည့်အတွက် ဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်ဆောင်ရွက်ရေး၌ များစွာအထောက်အပံ့ပေးနိုင်ခဲ့သည်ကိုတွေ့ရမည်ဖြစ်ပါကြောင်း၊ သို့သော် လုပ်ဆောင်ချက်များစွာ ကျန်ရှိနေသေးသည်ကိုလည်း လက်ခံရမည်ဖြစ်ပါကြောင်း။

ထို့ပြင် လွှတ်တော်ကိုယ်စားလှယ်များက ပြည်သူ့အကျိုးကို လက်ငင်းအကောင်အထည်ဖော် ဆောင်ရွက်သည့်နေရာ၌ မိမိ၏နယ်မြေအလိုက် ပြည်ထောင်စုအစိုးရနှင့် တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရများက ဆောင်ရွက်ပေးနိုင်ခြင်းမရှိသေးသည့် ပြည်သူများ အမှန်တကယ်လိုအပ်နေသော ဒေသဖွံ့ဖြိုးရေးကိစ္စရပ်များကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် ပြည်ထောင်စု

အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့် မိန့်ခွန်းပြောကြားစဉ်။

လွှတ်တော်ဆိုင်ရာ ဖွံ့ဖြိုးရေးရန်ပုံငွေများကို သက်ဆိုင်ရာမြို့နယ်အလိုက် ခွဲဝေဆောင်ရွက်ပေးခဲ့မှုအနေဖြင့် ၂၀၁၃-၂၀၁၄ ခုနှစ်ဘဏ္ဍာရေးနှစ်၌ မြို့နယ် (၃၂၅) ခုအတွက် ကျပ် ၃၂၂၀၀ ဒသမ ၇၆ သန်း ခွင့်ပြုသုံးစွဲခဲ့ပြီး ၂၀၁၄-၂၀၁၅ ခုနှစ် ဘဏ္ဍာရေးနှစ်၌ ယနေ့အထိ မြို့နယ် (၃၁၈) ခုအတွက် ကျပ် ၃၁၇၁၂ ဒသမ ၇၅ သန်း ခွင့်ပြုပေးခဲ့ပြီးဖြစ်ပါကြောင်း။

ယင်းသို့ ကြိုးစားလုပ်ဆောင်ခဲ့မှုကြောင့် ယခုကျင်းပနေသည့် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေးသည် ဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ဆင်ရေးဆိုင်ရာကိစ္စရပ်များနှင့်အတူ ပထမအကြိမ် သက်တမ်းကာလ လုပ်ဆောင်ချက်များအတွက် အဆုံးအဖြတ်ပေးမည့် ၂၀၁၅ ခုနှစ်အတွက် အဓိကကျသော ဦးဆောင်အစည်းအဝေးတစ်ခုဖြစ်လာသည်ကို တွေ့ရမည်ဖြစ်ပါကြောင်း။

ဒီမိုကရေစီစနစ် ကျင့်သုံးအကောင်အထည်ဖော်သည့်နေရာ၌ ပြည်သူ့အုပ်ချုပ်ရေး ပီပြင်လာစေရန် ပြည်သူ့ကိုယ်စားပြုလွှတ်တော်ကိုယ်စားလှယ်များ၏ မှန်ကန်သောစေတနာ၊ ဇွဲ၊ စိတ်ဓာတ်နှင့် ကြိုးပမ်းအားထုတ်ခဲ့မှုကြောင့် လေးနှစ်တာကာလတွင် ရလဒ်ကောင်းများ ပေါ်ထွက်လာပြီး အခြေခံကောင်းများ ထားရှိနိုင်ခဲ့ပြီဖြစ်ပါကြောင်း။

ကျန်ရှိသည့် လွှတ်တော်သက်တမ်းတစ်နှစ်တာကာလ၌လည်း ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် နိုင်ငံနှင့် နိုင်ငံသားအကျိုးစီးပွားကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် ကြိုးပမ်းဆောင်ရွက်ကြလိမ့်မည်ဟု မျှော်လင့်တိုက်တွန်းအပ်ပါကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ်များအား နေ့လယ်စာဖြင့် တည်ခင်းဧည့်ခံခဲ့သည်။

(သတင်းစဉ်)

ရှမ်းပြည်နယ်နေ့နှင့် ပြည်ထောင်စုနေ့ ကျင်းပရေး သီပေါ၌ ညှိနှိုင်းစည်းဝေး

သီပေါ ဇန်နဝါရီ ၃၀

၂၀၁၅ ခုနှစ် (၆၈)နှစ်မြောက် ဖေဖော်ဝါရီ ၇ ရက်နှင့် ၁၂ ရက်တို့တွင်ကျရောက်သော ရှမ်းပြည်နယ်နေ့နှင့် ပြည်ထောင်စုနေ့အခမ်းအနားကျင်းပရေးညှိနှိုင်းအစည်းအဝေးကို ဇန်နဝါရီ ၃၀ ရက် မွန်းတည့် ၁၂ နာရီက ရှမ်းပြည်နယ်(မြောက်ပိုင်း) သီပေါမြို့နယ် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမျိုးတင့်ဇော်က အမှာစကားပြောကြားပြီး ရှမ်းပြည်နယ်နေ့နှင့် ပြည်ထောင်စုနေ့ကျင်းပရေး ဦးစီးကော်မတီဥက္ကဋ္ဌ ဦးစိုင်းကာလိန်ဝမ်းက ပွဲတော်ကျင်းပရခြင်း၏ ရည်မှန်းချက်နှင့် လုပ်ငန်းစီမံချက်ကို ဖတ်ကြားရှင်းလင်းပြီး ဆပ်ကော်မတီများအလိုက် တာဝန်များ ခွဲဝေပေးအပ်သည်။

ရှမ်းပြည်နယ်နေ့နှင့် ပြည်ထောင်စုနေ့ကို ၂၀၁၅ ခုနှစ် (၆၈)နှစ်မြောက် ပြည်ထောင်စုနေ့ အမျိုးသားရေးဦးတည်ချက်များနှင့်အညီ လူထုအစည်းအဝေးပွဲများ ကျင်းပပြီး ပွဲတော်ကျင်းပသည့် ခြောက်ရက်တာကာလအတွင်း တိုင်းရင်းသားရိုးရာယဉ်ကျေးမှုအကပဒေသာများ၊ ရှမ်းအိုးစည်တီးပြိုင်ပွဲ၊ တိုးနရား၊ ကိန္နရီ၊ ကိန္နရာ၊ ဓား၊ လက်၊ လှံသိုင်း အကပြိုင်ပွဲများ၊ စကားရည်လုပွဲ၊ ကျပန်းစကားပြောပြိုင်ပွဲ၊ ရှမ်းသီချင်းကြီးဆိုပြိုင်ပွဲ၊ လွန်ဆွဲပွဲ၊ ချောတိုင်တက်ပွဲများအပြင် ညပိုင်းတွင် ရှမ်းပြဇာတ်၊ မြန်မာအငြိမ့်၊ စင်တင်တေးဂီတများဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

စိုင်း(သီပေါ)

တိုင်းရင်းသားရိုးရာယဉ်ကျေးမှုအဖွဲ့များ တည်းခိုနေထိုင်မည့်အဆောင်များ ကြည့်ရှုစစ်ဆေး

နေပြည်တော် ဇန်နဝါရီ ၃၀

(၆၈) နှစ်မြောက် ပြည်ထောင်စုနေ့ကျင်းပရေး စီမံခန့်ခွဲမှုကော်မတီ အတွင်းရေးမှူး နေပြည်တော်ကောင်စီဝင် ဦးမျိုးညွန့်သည် အမှတ် (၇)တည်းခိုရေး စခန်းတပ်မှူးနှင့် တာဝန်ရှိသူများလိုက်ပါ၍ ယနေ့နံနက် ၉ နာရီက ပြည်ထောင်စုနေ့အခမ်းအနားသို့တက်ရောက်ကြမည့် တိုင်းရင်းသားရိုးရာယဉ်ကျေးမှုအဖွဲ့များတည်းခိုနေထိုင်မည့် အမှတ်(၇) တည်းခိုရေးစခန်း (ရွာတော်)သို့ ရောက်ရှိပြီး ကိုယ်စားလှယ်များ တည်းခိုနေထိုင်ရေး၊ သွားလာရေး၊ စားသောက်ရေးကိစ္စများ အဆင်ပြေစေရေးအတွက် ဆောင်ရွက်ထားရှိမှု အခြေအနေများနှင့် တည်းခိုဆောင်များ၊ စားသောက်ဆောင်များ၊ စားဖိုဆောင်များအား လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်ပြီး ဆပ်ကော်မတီများအလိုက် ဆောင်ရွက်ထားရှိသော ဆေးပေးခန်း၊ စာကြည့်တိုက်၊ တည်းခိုဆောင်နှင့် စားသောက်ခန်းများ ပြင်ဆင်ထားရှိမှုကိုကြည့်ရှု၍ သတ်မှတ်ကာလအပြီး စနစ်တကျဆောင်ရွက်ထားရှိရေး ဆပ်ကော်မတီအသီးသီးမှ တာဝန်ရှိသူများအား အသေးစိတ်မှာကြား၍ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့သည်။

(သတင်းစဉ်)

○ *ကျောဖုံးမှ*

ချေပဂိုး ပြန်သွင်းခဲ့သည်။ ရတနာပုံအသင်းမှာ အနိုင်ဂိုးရရှိရေးအတွက် ဒုတိယပိုင်း၌ ကစားသမားအပြောင်းအလဲပြုလုပ်ကာ တိုက်စစ်အားမြှင့်ခဲ့သည်။ မနောမြေအသင်းမှာလည်း သရေတစ်မှတ်ရရှိရေးအတွက် ကြိုးပမ်းခဲ့ပြီး ရတနာပုံတိုက်စစ်ကိုထိန်းချုပ်ခဲ့သည်။

ရတနာပုံအတွက် အနိုင်ဂိုးကို ၇၃ မိနစ်တွင် လူစားဝင် တိုက်စစ်မှူး ဒွေးကိုကိုချစ်က သွင်းယူပေးခဲ့သည်။

ယနေ့ပွဲ

သုဝဏ္ဏကွင်း ချင်း-ရန်ကုန်

အောင်ဆန်းကွင်း ဟံသာဝတီ-နေပြည်တော်

တောင်ကြီးကွင်း ကမ္ဘောဇ-ရခိုင်

လွှတ်တော်ရေးရာ

ပြည်ထောင်စုလွှတ်တော်အစည်းအဝေး

ဦးစားပေးပြဋ္ဌာန်းသင့်သည့်ဥပဒေကြမ်းများ အတည်ပြုပြဋ္ဌာန်းနိုင်ရေးနှင့် ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်နိုင်ရေး ဆက်လက်ဆောင်ရွက်

နေပြည်တော် ဇန်နဝါရီ ၃၀

ပထမအကြိမ် ပြည်ထောင်စုလွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး နဝမနေ့ကို ယနေ့ နံနက် ၁၀ နာရီက ပြည်ထောင်စုလွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပသည်။ **(ယာပုံ)**

အစည်းအဝေး၌ ပြည်ထောင်စုလွှတ်တော်နာယကက ပထမအကြိမ် ပြည်ထောင်စုလွှတ်တော် လေးနှစ်မြောက် အထိမ်းအမှတ် အမှာစကား ပြောကြားရာတွင် ယခုလေးနှစ်သက်တမ်းကာလအတွင်း လွှတ်တော်များ၏ ပုံမှန်အစည်းအဝေး (၁၁)ကြိမ်မြောက်နှင့် အထူးအစည်းအဝေး တစ်ကြိမ်ကို အောင်မြင်စွာကျင်းပနိုင်ခဲ့ပါကြောင်း၊ ယင်းကာလအတွင်း ဥပဒေပေါင်း ၁၃၃ ခုကို အတည်ပြုပြဋ္ဌာန်းပေးနိုင်ခဲ့ပါကြောင်း၊ လွှတ်တော်များ၏ အဓိကတာဝန်ဖြစ်သည့် ဥပဒေပြုရေးနှင့် အချင်းချင်းအပြန်အလှန်ထိန်းကျောင်းရေး တာဝန်များနှင့်ပတ်သက်ပြီး လေးနှစ်တာကာလအတွင်း မည်မျှတာဝန်ထမ်းဆောင်နိုင်ခဲ့သည်ကို ပြန်လည်သုံးသပ်ရာတွင် ပြည်တွင်းသာမက ပြည်ပတွင်ပါ အသိအမှတ်ပြုခြင်းကို ခံယူရရှိသည့်အဆင့်သို့ ရောက်ရှိခဲ့ပါကြောင်း။

လွှတ်တော်များ စတင်ပေါ်ပေါက်ခဲ့သည့် ပထမအကြိမ် ပြည်ထောင်စုလွှတ်တော်၏ ပထမပုံမှန်အစည်းအဝေးတွင် အုပ်ချုပ်ရေးကဏ္ဍနှင့် တရားစီရင်ရေးကဏ္ဍများတွင် နိုင်ငံတော် သမ္မတ၊ ဒုတိယသမ္မတများ၊ ပြည်ထောင်စု တရားသူကြီးချုပ်နှင့် ပြည်ထောင်စု တရားလွှတ်တော်ချုပ် တရားသူကြီးများ၊ နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာ ခုံရုံးဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ ပြည်ထောင်စုရှေ့နေချုပ်နှင့် ပြည်ထောင်စုစာရင်းစစ်ချုပ်တို့ကို ခန့်အပ်တာဝန်ပေးနိုင်ရေးအတွက် လွှတ်တော်၏ သဘောတူညီချက်ရယူပေးနိုင်ခဲ့ပြီး ၂၀၁၁ ခုနှစ် တစ်နှစ်တာကာလအတွင်း ကိုယ်ပိုင်ကျောင်း မှတ်ပုံတင်ဥပဒေနှင့် ငြိမ်းချမ်းစွာစုဝေးခွင့်နှင့် ငြိမ်းချမ်းစွာစီတန်းလှည့်လည်ခွင့်ဆိုင်ရာ ဥပဒေများအပါအဝင် ဥပဒေပေါင်း ၁၅ ခုကို စတင်ပြဋ္ဌာန်းပေးနိုင်ခဲ့ပါကြောင်း။

၂၀၁၂ ခုနှစ် တစ်နှစ်တာကာလအတွင်း ပြည်ထောင်စုအစိုးရအဖွဲ့က တင်သွင်းခွင့်ရှိသည့် ပြည်ထောင်စုလွှတ်တော်၌ ဆွေးနွေးဆုံးဖြတ်ရမည့် နိုင်ငံတော်၏ အမျိုးသားစီမံကိန်းဥပဒေ၊ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေတို့ကို စတင်ဆွေးနွေး အတည်ပြုပြဋ္ဌာန်းပေးနိုင်ခဲ့ပါကြောင်း၊ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေ၊ နိုင်ငံခြားသုံးငွေစီမံခန့်ခွဲမှုဥပဒေနှင့် လယ်ယာမြေဥပဒေစသည့် ဥပဒေများအပါအဝင် ဥပဒေပေါင်း ၂၄ ခုကို ဆက်လက်ပြဋ္ဌာန်းပေးနိုင်ခဲ့ပါကြောင်း။

ထို့အပြင် တပ်မတော်သားများ၊ ရဲတပ်ဖွဲ့ဝင်များအပါအဝင် နိုင်ငံ့ဝန်ထမ်းများ ကိုယ့်ဂုဏ်ကိုယ့်သိက္ခာနှင့်အညီ နေထိုင်စားသောက်နိုင်ရေးနှင့် အဂတိတရားကင်းရှင်းနိုင်ရေးအတွက် ဝန်ထမ်းများလစာကို အနည်းဆုံး ၁၉၅၆-၆၀ ခုနှစ်က ရရှိထားသည့်စရိတ်များ၏ တန်ဖိုးအတိုင်း ရရှိစေရေးကိုလည်းကောင်း၊ ဥစ္စာနေဆုံးရှုံးလျှင် ဘာမှမဆုံးရှုံးဟု မှတ်ပါ (When Wealth is lost, Nothing is lost)၊ ကျန်းမာရေးဆုံးရှုံးပြီဆိုလျှင် တစ်စုံတစ်ရာဆုံးရှုံးပြီဟုမှတ်ပါ (When Health is lost, Something is lost)၊ ကိုယ်ကျင့်တရားဆုံးရှုံးပြီဆိုလျှင် အားလုံးဆုံးရှုံးပြီဟုမှတ်ပါ(When Character is lost, Everything is lost) စသည့် အကျိုးအကြောင်းများကို ဖော်ပြ၍ ပြည်ထောင်စုလွှတ်တော်၏ တတိယပုံမှန်အစည်းအဝေးတွင် လွှတ်တော်သို့တင်ပြခဲ့ပြီး ဝန်ထမ်းတိုင်းကို လစဉ်ထောက်ပံ့ငွေ သုံးသောင်းကျပ်စီ တိုးမြှင့်ခံစားနိုင်ရေးကို စတင်ဆောင်ရွက်နိုင်ခဲ့ပါကြောင်း၊ ဆက်လက်ပြီး ၂၀၁၃ခုနှစ်နှင့် ၂၀၁၄ ခုနှစ်များတွင် လစဉ် ကျပ်နှစ်သောင်းစီ လစာဆက်လက်တိုးမြှင့်ရရှိရေး ဆောင်ရွက်နိုင်ခဲ့ပါကြောင်း။

တိုင်းဒေသကြီး/ ပြည်နယ်လွှတ်တော်များနှင့် ပြည်ထောင်စုလွှတ်တော်အချင်းချင်း ပူးပေါင်းညှိနှိုင်းဆောင်ရွက်ရေးအတွက် မြန်မာနိုင်ငံလွှတ်တော်ဆိုင်ရာအဖွဲ့ (Myanmar Parliamentary Union) ဖွဲ့စည်းဆောင်ရွက်ခြင်း၊ လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခံရမှုများကြောင့် ပြည်သူများနစ်နာမှုမရှိစေရေးအတွက် စုံစမ်းစစ်ဆေးရေးကော်မရှင် ဖွဲ့စည်းဆောင်ရွက်ခြင်းများကိုလည်း စတင်ဆောင်ရွက်ပေးနိုင်ခဲ့ပါကြောင်း၊ ထို့အပြင် လွှတ်တော်၏မူဝါဒဖြစ်သည့် ပြည်သူ့အသံ လွှတ်တော်အသံ၊ ပြည်သူ့ဆန္ဒ လွှတ်တော်ဆန္ဒ၊ ပြည်သူတို့မျှော်လင့်ချက် လွှတ်တော်က ဖော်ဆောင်ရွက်ဆိုသည့် လွှတ်တော်၏ဆောင်ပုဒ်ကိုလည်း ချမှတ်အကောင်အထည်ဖော်ဆောင်ရွက်နိုင်ခဲ့ပါကြောင်း။

၂၀၁၃ တစ်နှစ်တာကာလအတွင်း အဂတိလိုက်စားမှု တိုက်ဖျက်ရေးဥပဒေ၊ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုဥပဒေအပါအဝင် ဥပဒေပေါင်း ၃၇ ခုကို အတည်ပြုပြဋ္ဌာန်းနိုင်ခဲ့ပါကြောင်း၊ ပြည်ထောင်စုလွှတ်တော် အထူးအစည်းအဝေးတစ်ရပ်ကို ခေါ်ယူကျင်းပပြီး မိတ္ထီလာမြို့၌ အရေးပေါ်အမိန့် ထုတ်ပြန်ဆောင်ရွက်နိုင်ရန် အတည်ပြုခြင်းနှင့် ပြည်ထောင်စုလွှတ်တော် အလုပ်သမား၊ အလုပ်ရှင် အခွင့်အရေး လေ့လာပူးပေါင်းကော်မရှင် ဖွဲ့စည်းခြင်းကိုလည်း အတည်ပြုပေးနိုင်ခဲ့ပါကြောင်း။

ထို့ပြင် ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်ဆိုင်ရာ ဥပဒေများနှင့်အညီ ပြည်သူ့လွှတ်တော်ရုံးနှင့် အမျိုးသားလွှတ်တော်ရုံးတို့ကို တိုးချဲ့ဖွဲ့စည်းနိုင်ခဲ့ပြီး လွှတ်တော်ဆိုင်ရာလုပ်ငန်းများကို ပိုမိုထိရောက်မြန်ဆန်စွာ အကောင်အထည်ဖော်ဆောင်ရွက်လာနိုင်ခဲ့ပါကြောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေကို ခေတ်ကာလနှင့်အညီ ပြင်ဆင်နိုင်ရေးအတွက် ဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ဆင်နိုင်ရေးလေ့လာသုံးသပ်ရေး ကော်မတီကို ဖွဲ့စည်း၍ စတင်ဆောင်ရွက်နိုင်ခဲ့ပါကြောင်း။

၂၀၁၄ ခုနှစ် ကာလအတွင်း ပြည်ထောင်စုအစိုးရအဖွဲ့ကသာ တင်သွင်းခွင့်ရှိပြီး ပြည်ထောင်စုလွှတ်တော်၌သာ ဆွေးနွေးဆုံးဖြတ်ရမည့် ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေကို စတင်ဆွေးနွေး အတည်ပြု ပြဋ္ဌာန်းပေးနိုင်ခဲ့သည့်အတွက် နိုင်ငံတော်အတွင်း အခွန်အကောက်ဆိုင်ရာကိစ္စများနှင့် ပတ်သက်ပြီး ခေတ်နှင့်အညီပြုပြင်ပြောင်းလဲနိုင်ရေးကို စတင်ဆောင်ရွက်နိုင်ခဲ့ပါကြောင်း၊ မြန်မာအထူးစီးပွားရေးဇုန်ဥပဒေအပါအဝင် ဥပဒေပေါင်း ၅၇ ခုကိုလည်း ပြဋ္ဌာန်းပေးနိုင်ခဲ့ပါကြောင်း၊ ခေတ်စနစ်နှင့်လျော်ညီသည့် ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းတစ်ရပ်ရေးဆွဲရေးအတွက် ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်နိုင်ရေး အကောင်အထည်ဖော်မှုကော်မတီကို ဆက်လက်ဖွဲ့စည်းဆောင်ရွက်လျက် ရှိပါကြောင်း။

နိုင်ငံတကာဆက်ဆံရေးနှင့် ပတ်သက်ပြီး ၂၀၁၁ ခုနှစ်တွင် အာဆီယံပါလီမန်များညီလာခံ(AIPA)၊ ၂၀၁၂ ခုနှစ်တွင် နိုင်ငံတကာပါလီမန်များအဖွဲ့(IPU) နှင့် အာရှ-ဥရောပပါလီမန်ဆိုင်ရာ မိတ်ဖက်အဖွဲ့အစည်း (ASEP) အဖွဲ့များသို့ အဖွဲ့ဝင်အဖြစ် ဝင်ရောက်ခဲ့ပြီး နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်နိုင်ခဲ့ပါကြောင်း၊ နိုင်ငံတကာပါလီမန်များအပါအဝင် လွှတ်တော်လုပ်ငန်းများနှင့် ဆက်စပ်ဆက်နွှယ်သော ချစ်ကြည်ရေး၊ လေ့လာရေးနှင့် ဆွေးနွေးပွဲများသို့လည်း အကြိမ် ၉၄ ကြိမ်၊ ကိုယ်စားလှယ် ၂၅၄ ဦး သွားရောက်နိုင်ခဲ့သည့်အတွက် ကိုယ်စားလှယ်များ၏ အတွေ့အကြုံ၊ ဗဟုသုတမြင့်မားလာသကဲ့သို့ ထိုက်သင့်သောအရည်အချင်းများ တိုးတက်ရရှိခဲ့ပါကြောင်း၊ ပြည်တွင်းသင်တန်းများနှင့် အလုပ်ရုံ ဆွေးနွေးပွဲများကိုလည်း ကျင်းပပြုလုပ်နိုင်ခဲ့သည့်အတွက် လွှတ်တော်ကိုယ်စားလှယ်များနှင့် ဝန်ထမ်းများ၏ အရည်အသွေးမြင့်တင်ရေးကို များစွာအထောက်အကူပြုပေးနိုင်ခဲ့ပါကြောင်း။

ယင်းသို့သော အတွေ့အကြုံများနှင့် သင်ခန်းစာများကိုရယူပြီး နိုင်ငံတော်နှင့် နိုင်ငံသားအကျိုးစီးပွားအတွက် စေတနာထား ဆောင်ရွက်သည့်အခါ မိမိတို့၏တာဝန်၊ လုပ်ပိုင်ခွင့်နှင့် အခွင့်အရေးများကို တာဝန်ခံတာဝန်ယူပြီး ဥပဒေနှင့်အညီ ဆောင်ရွက်သွားကြရမည် ဖြစ်ပါကြောင်း။

ဆက်လက်ပြီး ၂၀၁၅ ခုနှစ်တွင် စတင်ကျင်းပလျက်ရှိသည့် လွှတ်တော်အစည်းအဝေးများတွင် နိုင်ငံ့ဝန်ထမ်းများအတွက် ထိုက်သင့်သည့် လစာစရိတ်များ ဆက်လက်တိုးမြှင့်ပေးနိုင်ရေး၊ အလုပ်သမားများနှင့် တောင်သူလယ်သမားများ၏ အခွင့်အရေး ကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်နိုင်ရေး၊ ပြဋ္ဌာန်းထားပြီးသော ဥပဒေများ အသက်ဝင်ကျင့်သုံးနိုင်ရေးအတွက် လိုအပ်သည့် နည်းဥပဒေ၊ စည်းမျဉ်းစည်းကမ်း ဥပဒေများ ဆောလျင်စွာ ထုတ်ပြန်သတ်မှတ်ပေးရေး၊ လွှတ်တော်အသီးသီးတွင် ကျန်ရှိနေသည့် ဆောင်ရွက်ဆဲဥပဒေကြမ်းများမှ ဦးစားပေးပြဋ္ဌာန်းသင့်သည့် ဥပဒေကြမ်းများ အတည်ပြုပြဋ္ဌာန်းနိုင်ရေးနှင့် ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်နိုင်ရေး စသည့် နိုင်ငံတော်နှင့် နိုင်ငံသားများ အကျိုးစီးပွားအတွက် အရေးကြီးသည့် လုပ်ငန်းများကို ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း။

ပထမအကြိမ် လွှတ်တော်သက်တမ်းကာလအတွင်း နိုင်ငံတော်နှင့် နိုင်ငံသားများ၏ အကျိုးစီးပွားအတွက် ဆောင်ရွက်ချိန်အချိန်ကာလ တစ်နှစ်ခန့်သာ ကျန်ရှိတော့သည့်အတွက် ဆောင်ရွက်ရန်လုပ်ငန်းများကို တတ်နိုင်သမျှအောင်မြင်ပြီးစီးစေရေးကို မိမိတို့၏အတွေ့အကြုံ ဉာဏ်ပညာ အမြော်အမြင်ရှိမှုများဖြင့် ထိရောက်စွာ စီမံအသုံးချ ဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ၂၀၁၅-၂၀၁၆ ခုဘဏ္ဍာရေးနှစ် အမျိုးသားစီမံကိန်းဥပဒေကြမ်းနှင့် ၂၀၁၅ခုနှစ်၊ ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေကြမ်းတို့နှင့် စပ်လျဉ်း၍ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ရှင်းလင်းခဲ့ကြသည်။

ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဇော်မင်းအောင်က တိုင်းဒေသကြီး၊ ပြည်နယ်အလိုက် ဘဏ္ဍာငွေ ခွင့်ပြုလျာထားမှုအခြေအနေများ၊ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်မည့် စီမံကိန်းလုပ်ငန်းများ၊ ပညာရေးဝန်ကြီးဌာန၏ အဆင့်မြင့်ပညာကဏ္ဍ၊ အခြေခံပညာကဏ္ဍနှင့် အခြားကဏ္ဍများတွင် နှစ်အလိုက် ဘဏ္ဍာငွေသုံးစွဲမှု အခြေအနေများနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

သတ္တုတွင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသန်းထွန်းအောင်က ဓာတ်သတ္တု ထုတ်လုပ်မှုဆိုင်ရာမူဝါဒ၊ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်မည့် စီမံကိန်းဆောင်ရွက်မှု၊ ထုတ်လုပ်မှုနှင့် လျာထားချက်၊ ၂၀၁၄-၂၀၁၅ ခုနှင့် ၂၀၁၅-၂၀၁၆ခုဘဏ္ဍာနှစ် သာမန်ရငွေနှင့် အသုံးစရိတ်နှိုင်းယှဉ်ချက်များ၊ ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေနှင့် လုပ်ငန်းသုံးရင်းနှီးငွေ နှိုင်းယှဉ်ချက်များ၊ ရင်းနှီးမြှုပ်နှံမှု (ငွေလုံးငွေရင်း) အသုံးစရိတ် လျာထားချက်များနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါ်စုစုလှိုင်က မြန်မာနိုင်ငံတစ်ဝန်းဖြစ်ပွားသည့် ဘေးအန္တရာယ်အမျိုးမျိုးကြောင့် ထိခိုက်ပျက်စီးမှုများကို လျော့နည်းစေရန်နှင့် ဘေးသင့်ပြည်သူများ မူလလူနေမှုဘဝအခြေအနေထက် ပိုမိုကောင်းမွန်သော အခြေအနေသို့ ရောက်ရှိစေရန် လုပ်ငန်းစဉ်များ ချမှတ်ဆောင်ရွက်ထားရှိမှုများ၊ လူမှုကာကွယ်စောင့်ရှောက်ရေး နည်းလမ်းများနှင့်အညီ ထောက်ပံ့ ဆောင်ရွက်ပေးမှုများနှင့် ဘဏ္ဍာငွေ သတ်မှတ်သုံးစွဲမှုအခြေအနေများနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ပြည်ထောင်စု ရှေ့နေချုပ်ရုံး ဒုတိယရှေ့နေချုပ် ဦးထွန်းထွန်းဦးက ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် သာမန်ရငွေ၊ လျာထားချက်များနှင့် ငွေလုံးငွေရင်းအသုံးစရိတ်ဆိုင်ရာ ကိစ္စရပ်များ၊ လိုအပ်သည့် အဆောက်အအုံ၊ စက်ကိရိယာများ ဖြည့်ဆည်းဆောင်ရွက်ချက်များ၊ ဥပဒေပညာရှင်များနှင့် ဥပဒေအရာရှိကောင်းများ ဖြစ်ပေါ်လာစေရေးအတွက် ဆောင်ရွက်ထားရှိမှုများ၊ လုပ်ငန်းစီမံကိန်းသစ်များအတွက် လိုအပ်သည့်အခြေအနေများနှင့်စပ်လျဉ်း၍ ရှင်းလင်းသည်။

ထို့နောက် နိုင်ငံတော်သမ္မတထံမှ ပေးပို့သော လျှပ်စစ်စွမ်းအားဝန်ကြီးဌာနအတွက် ဂျပန်နိုင်ငံအပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီထံမှ ဂျပန် ယန်း ၂၄ ဒသမ ၆၇၈ ဘီလီယံချေးယူခွင့်နှင့် စပ်လျဉ်း၍ လွှတ်တော်၏ အဆုံးအဖြတ် ရယူအတည်ပြုခဲ့သည်။

ယင်းနောက် ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးမှ ပေးပို့သော **"၂၀၁၃-၂၀၁၄ဘဏ္ဍာရေးနှစ် ဒုတိယခြောက်လ နိုင်ငံတော်၏ အရအသုံးစာရင်းများကို စစ်ဆေးရာတွင် တွေ့ရှိရသည့် စစ်ဆေးတွေ့ရှိချက်များ၊ စာရင်းစစ်ကန့်ကွက်ချက်များ၊ အရေးယူဆောင်ရွက်ပြီးစီးမှု အခြေအနေများ"** နှင့်စပ်လျဉ်း၍ ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီ၏ လေ့လာသုံးသပ်ချက်အစီရင်ခံစာ(၁/၂၀၁၅)ကို ကော်မတီအတွင်းရေးမှူး ဦးမောင်တိုးက ဖတ်ကြားရှင်းလင်းခြင်းနှင့် ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးမှပေးပို့သော **"၂၀၁၃-၂၀၁၄ဘဏ္ဍာရေးနှစ် ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ ဖွံ့ဖြိုးရေး ရန်ပုံငွေနှင့်စပ်လျဉ်းသည့် စစ်ဆေးတွေ့ရှိချက်အစီရင်ခံစာ"** အပေါ် ပြည်သူ့ငွေစာရင်း ပူးပေါင်းကော်မတီ၏ လေ့လာသုံးသပ်ချက် အစီရင်ခံစာ (၂/၂၀၁၅)ကို ကော်မတီဝင် ဦးမိုးဇော်ဟိန်းက ဖတ်ကြားရှင်းလင်းခြင်းတို့ကို ဆောင်ရွက်ခဲ့ကြသည်။

ပြည်ထောင်စုလွှတ်တော် (၁၂) ကြိမ်မြောက် ပုံမှန်အစည်းအဝေး ဒသမနေ့ကို ၂၀၁၅ ခုနှစ် ဖေဖော်ဝါရီ ၂ ရက်တွင် ပြန်လည်ကျင်းပမည်ဖြစ်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

❂ ရှေ့ဖုံးမှ

အများကြီး ဂရုစိုက်ကြရပါတယ်။ လေ့လာချက်တွေကနေ ရန်ကုန်မြို့ရဲ့ မြို့ပြပတ်ဝန်းကျင်ကို အဆင့်မြှင့်တင်နိုင်မယ်လို့ ယုံကြည်တယ်" ဟု ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ မြို့ပြစီမံကိန်းဌာနခွဲ ညွှန်ကြားရေးမှူး ဒေါက်တာတိုးအောင်က ပြောကြားသည်။

မြို့ပြအဆင့်မြှင့်တင်ခြင်းကဏ္ဍတွင် အမွေအနှစ်ထိန်းသိမ်းစောင့်ရှောက်ရေးကို ထည့်သွင်းပေါင်းစပ်နိုင်ရေးအတွက် ပေါင်းစပ်နိုင်မည့် နည်းလမ်းများထွက်ပေါ်လာရန် ရည်ရွယ်ကြောင်း ရန်ကုန်မြို့ပြအမွေအနှစ်ထိန်းသိမ်း စောင့်ရှောက်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါက်တာ သန့်မြင့်ဦးက ပြောကြားသည်။

လေ့လာ တွေ့ရှိချက်များမှ တစ်ဆင့် အဆောက်အအုံများအတွင်း နေထိုင်ကြမည့်သူများနှင့် ပူးပေါင်းဆောင်ရွက်နိုင်မည့် အချက်အလက်များ၊ စီးပွားရေးဆိုင်ရာ ဥပဒေများနှင့် အဆောက်အအုံတစ်လုံးချင်းအလိုက် ရင်းနှီးမြှုပ်နှံခြင်းပြုလုပ်ရာတွင် ပိုမိုကောင်းမွန်သည့် အကြံဉာဏ်များကို အမွေအနှစ် ထိန်းသိမ်းခြင်းများဖြင့် ရယူနိုင်စေခြင်းများကို ရရှိလာမည်ဖြစ်ကြောင်း စီဒီအိုင်အေ၏ ဥက္ကဋ္ဌက ခန့်မှန်းသည်။

အဆိုပါ လေ့လာရေးအဖွဲ့တွင် ပြည်ပပညာရှင်ငါးဦးနှင့် ပြည်တွင်းပညာရှင်ငါးဦးတို့ ပါဝင်မည်ဖြစ်ကြောင်း သိရသည်။

(မြန်မာ့အလင်း)

သစ်တောသစ်ပင် တို့ချစ်ခင် နှစ်စဉ်စိုက်ပျိုး အလှတိုး

ပြည်တွင်းသတင်း

❀ **ရှေ့ဖုံးမှ**

မိမိတို့အနေဖြင့် လွန်ခဲ့သည့် လေးနှစ်ခန့်ကာလအတွင်း ပြုပြင်ပြောင်းလဲရေး လုပ်ငန်းများကို ဆောင်ရွက်ခဲ့ရာတွင် မိမိတို့၏ ကြိုးပမ်းဆောင်ရွက်မှု၊ ဌာနဆိုင်ရာ၊ အဖွဲ့အစည်းနှင့် တာဝန်ရှိသူများ၏ ပူးပေါင်းဆောင်ရွက်မှုများကြောင့် အပြုသဘောဆောင်သည့် ပြောင်းလဲမှုများ အများအပြားရှိလာပြီး နယ်ပယ်အသီးသီးတွင် ဆောင်ရွက်ခဲ့သည့် ပြုပြင်ပြောင်းလဲမှုများအတွက် အပြည်ပြည်ဆိုင်ရာနှင့် ဒေသဆိုင်ရာ အသိုင်းအဝိုင်းများ၏ အသိအမှတ်ပြုမှု၊ လက်ခံအားပေးမှုနှင့် ထောက်ခံပံ့ပိုးမှုများရရှိခဲ့ပါကြောင်း။

မိမိ၏ သမ္မတသက်တမ်းကာလအတွင်း၌ စိန်ခေါ်မှုမျိုးစုံ ကြုံတွေ့ခဲ့ရပြီး လက်ရှိတွင်လည်း ကြုံတွေ့နေရဆဲဖြစ်သော်လည်း အဆိုပါစိန်ခေါ်မှုများကို မိမိတို့အောင်မြင်စွာ ကျော်လွှားနိုင်ခဲ့ကြပြီး ထူးခြားလေးနက်သည့် အတွေ့အကြုံများလည်း ရရှိခဲ့ပါကြောင်း၊ ၂၀၁၁ ခုနှစ်အတွင်း မိမိ၏အစိုးရအဖွဲ့နှင့်အတူ တာဝန်ထမ်းဆောင်ချိန်မှစ၍ မြန်မာနိုင်ငံအတွက် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနှင့်ဒီမိုကရေစီစနစ် ထွန်းကားလာစေရန်အတွက် အခြေခံအုတ်မြစ်များချပေးခဲ့ရာ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးနှင့်အုပ်ချုပ်ရေးနယ်ပယ်များတွင် ပြုပြင်ပြောင်းလဲရေးလုပ်ငန်းများကို တစ်ဆင့်ပြီးတစ်ဆင့် ကြိုးပမ်းဆောင်ရွက်ခဲ့ပါကြောင်း။

လွှတ်တော်များ၊ နိုင်ငံရေးပါတီများနှင့် အမြော်အမြင်ကြီးမားသည့် ပြည်သူလူထု၏ ပူးပေါင်းဆောင်ရွက်မှုများကြောင့် ဒီမိုကရေစီစနစ်ကို ကူးပြောင်းရေး၊ စီးပွားရေးနှင့် လူမှုရေးပြုပြင်ပြောင်းလဲမှု၊ အုပ်ချုပ်ရေးယန္တရား ပြုပြင်ပြောင်းလဲမှုနှင့် ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးမှုအစီအစဉ်များသည် ချောမွေ့ညင်သာစွာ တစ်ဆင့်ပြီးတစ်ဆင့် ပြီးစီးအောင်မြင်လာပြီဖြစ်ပါကြောင်း။

ဒီမိုကရေစီစနစ်ကို ပြောင်းလဲရောက်ရှိရေးတွင် ယင်းအရှိန်ဖြင့်ပင် ရွေ့လျားပြောင်းလဲနေပြီး စီးပွားရေးတွင်လည်း ကဏ္ဍအတော်များများ၌ တိုးတက်အောင်မြင်နေသည်ကို တွေ့မြင်ရမည်ဖြစ်ပါကြောင်း၊ လူမှုဘဝအဆင့်အတန်း မြင့်မားတိုးတက်ရေးနှင့် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးမှုနှင့် စွမ်းဆောင်ရည်မြင့်မားရေးတို့အတွက်လည်း ကြိုးပမ်းနေပါကြောင်း၊ လက်ရှိတွင် မြန်မာနိုင်ငံသည် ခေတ်မီဖွံ့ဖြိုးပြီး ဒီမိုကရေစီကျင့်သုံးသည့် နိုင်ငံတစ်နိုင်ငံအဖြစ် တည်ဆောက်ရေးအတွက် မဟာဗျူဟာကျသည့် ရည်မှန်းချက်များနှင့် ဒီမိုကရေစီလမ်းကြောင်းပေါ် ရောက်ရှိနေပြီ ဖြစ်ပါကြောင်း။

မိမိသမ္မတအဖြစ် တာဝန်ယူဆောင်ရွက်စဉ်အတွင်း ယခုကဲ့သို့ အရေးပါသည့် အချိန်ကာလတွင် မြန်မာနိုင်ငံကိုဦးဆောင်ပြီး ကမ္ဘာ့စင်မြင့်ပေါ် ပြန်လည်ရောက်ရှိအောင် အရေးပါသည့်ကဏ္ဍမှ ပါဝင် ဆောင်ရွက်နေပါကြောင်း၊ ကမ္ဘာ့နိုင်ငံအသီးသီးနှင့်လည်း ချစ်ကြည်ရင်းနှီးသည့် ဆက်ဆံရေးများ တိုးမြှင့်တည်ဆောက်နိုင်ခဲ့ပြီး အပြန်အလှန် အကျိုးဖြစ်ထွန်းစေမည့် ပူးပေါင်းဆောင်ရွက်မှုများကိုလည်း မြှင့်တင်ဆောင်ရွက်လျက် ရှိပါကြောင်း၊ အာဆီယံဥက္ကဋ္ဌအဖြစ် တာဝန်ထမ်းဆောင်စဉ်တွင် ငြိမ်းချမ်းရေး၊ တည်ငြိမ်ရေးနှင့်သာယာဝပြောရေးတို့အပေါ် အလေးထားအခြေခံသည့် အမျိုးသားအကျိုးစီးပွားကို ဖော်ဆောင်နိုင်ခဲ့ပြီး ဒေသတွင်း ငြိမ်းချမ်းရေး၊ တည်ငြိမ်ရေးနှင့် ဖွံ့ဖြိုးမှုတို့အတွက်လည်း များစွာ အထောက်အကူ ပြုနိုင်ခဲ့ပါကြောင်း၊ အာဆီယံအဖွဲ့ကြီးအား တာဝန်ကျေပွန်သည့် အဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံအဖြစ် ဦးဆောင်ဦးရွက်ပြုနိုင်ခဲ့ခြင်းသည် မိမိတို့၏တာဝန်ကို ကျေပွန်စွာ ထမ်းရွက်နိုင်ခဲ့ခြင်းဖြစ်ပြီး အမျိုးသားရေး ဂုဏ်သိက္ခာကိုလည်း ပြသနိုင်ခဲ့ခြင်းဖြစ်ပါကြောင်း။

မြန်မာပြည်သူများ အနေဖြင့် ငြိမ်းချမ်းရေး၊ တည်ငြိမ်ရေးနှင့် ဖွံ့ဖြိုးမှုများကို ရရှိခံစားလိုသည့် တူညီဆန္ဒများ ရှိနေကြသကဲ့သို့ ငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးသာယာမှုသည်လည်း ဒွန်တွဲနေသည်ဟု ယုံကြည်ပါကြောင်း၊ တိုင်းပြည်အတွင်း၌ ရေရှည်ငြိမ်းချမ်းမှုမရှိဘဲ ဖွံ့ဖြိုးမှုနှင့်သာယာဝပြောမှုများကို တည်ဆောက်ဖန်တီးရန် ရနိုင်မည်မဟုတ်ပါကြောင်း၊ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်နှင့် ပတ်သက်သည့် တာဝန်ရှိသူများ၊ အဖွဲ့အစည်းများအနေဖြင့် စိတ်အားထက်သန်ကြပြီး နိုင်ငံရေးစေတနာနှင့် ပူးပေါင်း ဆောင်ရွက်လျက်ရှိသောကြောင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကြီးသည် မဝေးတော့သည့် အနာဂတ်တွင် အောင်မြင်မှုရရှိမည် ဖြစ်ပါကြောင်း။

ဘူဆန်အမျိုးသားတက္ကသိုလ်က ချီးမြှင့်အပ်နှင်းသည့် ဂုဏ်ထူးဆောင်ပါရဂူဘွဲ့သည် မိမိတို့အစိုးရအဖွဲ့ဝင်များ၏ ပူးပေါင်းဆောင်ရွက်မှုမပါဘဲ ရရှိနိုင်မည်မဟုတ်ပါကြောင်း၊ မိမိတို့အနေဖြင့် ငြိမ်းချမ်းရေး၊ တည်ငြိမ်ရေးနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုများရရှိစေရန်နှင့် မိမိတို့တိုင်းပြည်၏ နိုင်ငံရေးနှင့်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် ဆက်လက်ဆောင်ရွက်သွားကြရန် ရည်မှန်းချက်ထားရှိပါကြောင်း။

ကိုရီးယားသမ္မတနိုင်ငံနှင့် မြန်မာနိုင်ငံအကြား ချစ်ကြည်ရင်းနှီးသည့်ဆက်ဆံရေး တိုးတက်ကောင်းမွန်ပြီး အပြန်အလှန်အကျိုးဖြစ်ထွန်းမည့် ပူးပေါင်းဆောင်ရွက်မှုများ ဆက်လက် ဆောင်ရွက်နိုင်မည်ဟု အခိုင်အမာ ယုံကြည်ပါကြောင်း၊ ဘူဆန် အမျိုးသားတက္ကသိုလ်အနေဖြင့် မြန်မာနိုင်ငံ၏ ပညာရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးနှင့် လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးရေးတို့အတွက် ဆောင်ရွက်နိုင်မည်ဟု ယုံကြည်ပါကြောင်း၊ ကိုရီးယားသမ္မတနိုင်ငံတွင်ရှိသည့် အခြားတက္ကသိုလ်များနှင့်လည်း ပူးပေါင်းဆောင်ရွက်နိုင်ရန် မျှော်လင့်ပါကြောင်း။

ယခု ဂုဏ်ထူးဆောင်ပါရဂူဘွဲ့သည် မိမိတို့၏နိုင်ငံတော်နှင့် ပြည်သူများအတွက် ကြိုးပမ်းအားထုတ်မှုများ၊ ဝိုင်းဝန်းပံ့ပိုးဆောင်ရွက်မှုများ၊ စိတ်ရောကိုယ်ပါမြှုပ်နှံဆောင်ရွက်မှုများအတွက် အသိအမှတ်ပြုခြင်း ဖြစ်သောကြောင့် ဘူဆန်အမျိုးသားတက္ကသိုလ်က အပ်နှင်းသည့် ဂုဏ်ထူးဆောင်ပါရဂူဘွဲ့ကို အလေးအနက် တန်ဖိုးထားပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် နိုင်ငံတော်သမ္မတသည် အခမ်းအနားသို့ တက်ရောက်လာကြသူများနှင့်အတူ စုပေါင်း၍ မှတ်တမ်းတင် ဓာတ်ပုံရိုက်ကူးခဲ့ပြီး ဘူဆန်အမျိုးသားတက္ကသိုလ် ဥက္ကဋ္ဌ မစ္စတာကီဆီအိုကင်မ်နှင့် အဖွဲ့ဝင်များအား မြန်မာနိုင်ငံမှ ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်၊ ပါမောက္ခများနှင့် မိတ်ဆက်ပေးကာ ညစာစားပွဲဖြင့် တည်ခင်းဧည့်ခံခဲ့သည်။

(သတင်းစဉ်)

နိုင်ငံတော်သမ္မတဦးသိန်းစိန်အား ဘူဆန်အမျိုးသားတက္ကသိုလ်ဥက္ကဋ္ဌ မစ္စတာ ကီဆီအိုကင်မ်က ဂုဏ်ထူးဆောင် ပါရဂူ ဘွဲ့လက်မှတ်ပေးအပ်ချီးမြှင့်စဉ်။(သတင်းစဉ်)

တိုင်းဒေသကြီးနှင့်ပြည်နယ်များလုပ်ကိုင်နိုင်သည့်ကိစ္စရပ်များအား လွှဲပြောင်းပေးခြင်းအားဖြင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးပိုမိုဆောင်ရွက်နိုင်မည်

နေပြည်တော် ဇန်နဝါရီ ၃၀

ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) ဇယား ၁ နှင့် ၂ လေ့လာသုံးသပ်ရေး ကော်မတီအစည်းအဝေးကို ယနေ့မွန်းတည့် ၁၂နာရီတွင် နေပြည်တော်ရှိ သမ္မတရုံးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးသို့ ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) ဇယား ၁နှင့်၂ လေ့လာသုံးသပ်ရေးကော်မတီ ဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်း၊ ဒုတိယဥက္ကဋ္ဌများဖြစ်ကြသည့် ပြည်ထောင်စုဝန်ကြီး ဦးတင်နိုင်သိန်း၊ ဦးလှထွန်းနှင့် ဝန်ကြီးဌာနများမှ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများ တက်ရောက်ကြပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့တာဝန်ရှိသူများက အစည်းအဝေးတွင် Video Conferencing စနစ်ဖြင့် ပါဝင်ဆွေးနွေးကြသည်။

အစည်းအဝေးတွင် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) ဇယား ၁နှင့် ၂ လေ့လာသုံးသပ်ရေး ကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်းက အဖွင့်အမှာစကား ပြောကြားရာတွင် ဖွဲ့စည်းပုံအခြေခံဥပဒေဇယား ၁၊ ၂တို့နှင့် ပတ်သက်၍ ပြင်သင့်ပြင်ထိုက်သည်များကို ပြင်ဆင်နိုင်ရေး ဆောင်ရွက်ရာတွင် ပြီးခဲ့သည့် လေးနှစ်တာကာလတွင် လုပ်ငန်းများ ဆောင်ရွက်ခဲ့သည့် အတွေ့အကြုံများအပေါ် အခြေခံ၍ သုံးသပ်ဆွေးနွေးသွားကြရမည် ဖြစ်ပါကြောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များသို့ လုပ်ပိုင်ခွင့်များ လွှဲပြောင်းပေးရာတွင် လေ့ကျင့်လွှဲပြောင်းပေး၍ ရသည်များရှိသကဲ့သို့ ဥပဒေများပြဋ္ဌာန်းပြီး လွှဲပြောင်းရသည်များလည်းရှိပါကြောင်း၊ ဥပဒေပါ ဇယား ၁၊ ၂အပေါ်တွင် တိုင်းဒေသကြီးနှင့် ပြည်နယ်များက လုပ်ကိုင်နိုင်သည့် ကိစ္စရပ်များကို လွှဲပြောင်းပေးခြင်းအားဖြင့် ပြည်ထောင်စုအစိုးရအနေဖြင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများတွင် ပိုမိုစီမံဆောင်ရွက်သွားနိုင်မည် ဖြစ်ပါကြောင်းဖြင့် ပြောကြားသည်။**(ယာပုံ)**

ထို့နောက် လေ့လာသုံးသပ်ရေးကော်မတီဒုတိယဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးတင်နိုင်သိန်းက တိုင်းဒေသကြီးနှင့်ပြည်နယ် လုပ်ပိုင်ခွင့်လွှဲပြောင်းခြင်းသည် ဇယား ၁၊ ၂ တို့နှင့် ဆက်စပ်လျက်ရှိပါကြောင်း၊ ထို့ကြောင့် ဇယား ၁နှင့် ၂ အား ပီပီပြင်ပြင်ဖြစ်အောင် ဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း၊ အစိုးရအုပ်ချုပ်ရေးယန္တရား ပြုပြင်ပြောင်းလဲရေးအတွက် ဝန်ကြီးဌာနများ၏ ဖွဲ့စည်းပုံများကို ပြင်ဆင်ရေးဆွဲနေပါကြောင်း၊ နိုင်ငံတော်သမ္မတအနေဖြင့် တိုင်းဒေသကြီးနှင့်ပြည်နယ်များကို ရင်းနှီးမြှုပ်နှံမှုလုပ်ပိုင်ခွင့်ပေးမည့်ကိစ္စကို လာမည့်ဘဏ္ဍာနှစ်မှစ၍ ပေးနိုင်အောင် ဆောင်ရွက်လျက်ရှိနေပါကြောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရ အကြီးအကဲများအား လုပ်ပိုင်ခွင့်နှင့် တာဝန်အပ်နှင်းထားသည့် အချက်ပါဝင်မှသာလျှင် လုပ်ငန်းများ လုပ်ကိုင်ဆောင်ရွက်နိုင်မည်ဖြစ်ပါကြောင်း၊ လုပ်ပိုင်ခွင့်ကိုအပ်နှင်းမထားပါက လက်တွေ့အကောင်အထည် ဖော်ရာတွင် အခက်အခဲရှိနိုင်ပါကြောင်းဖြင့် ပြောကြားသည်။

ဆက်လက်၍ လေ့လာသုံးသပ်ရေးကော်မတီ ဒုတိယဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးလှထွန်းက ယခင်ဆောင်ရွက်နေရသည့် အတွေ့အကြုံများအပေါ် အခြေခံ၍ လက်ရှိဖွဲ့စည်းပုံ အခြေခံဥပဒေပါ ဇယား ၁၊၂ ကို ရေးဆွဲခဲ့ခြင်းဖြစ်သော်လည်း လက်တွေ့ဆောင်ရွက်ရာတွင် ဖြေလျှော့ပေးရမည့် ကိစ္စရပ်များရှိနေသည်ကို တွေ့ရှိရပါကြောင်း၊ ယင်းကိစ္စများထဲမှ ချက်ချင်းဆောင်ရွက်ရမည့် ကိစ္စရပ်များကို အစိုးရအဖွဲ့က အမိန့်ထုတ်ပြန်ပြီး ဆောင်ရွက်ပေးခဲ့ပါကြောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရများကို သီးခြားစီရပ်တည်နိုင်အောင် ဆောင်ရွက်ပေးရမည်ဖြစ်ပြီး ၄င်းတို့တဖြည်းဖြည်း တိုးတက်လာမှ ပြည်ထောင်စုကြီး တိုးတက်လာမည်ဖြစ်ရာ ထိန်းချုပ်ဆောင်ရွက်မှုများကို ဖြေလျှော့ပေးရမည်ဖြစ်ပါကြောင်း၊ လုပ်ပိုင်ခွင့်များကို ဖြေလျှော့ပေးရမည်ဖြစ်သည့်အတွက် ယခုဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)ဇယား ၁နှင့် ၂ကို လက်တွေ့ကျကျဆွေးနွေးပြီး လုပ်ကိုင် ဆောင်ရွက်ပေးနိုင်သည့် အချက်များအပေါ် အဖြေရှာဆောင်ရွက်သွားကြရမည် ဖြစ်ပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် အစည်းအဝေးသို့ တက်ရောက်လာကြသည့် ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများနှင့် တိုင်းဒေသကြီး/ပြည်နယ် အစိုးရအဖွဲ့များမှ တာဝန်ရှိသူများက ပြန်လည်ပြင်ဆင်ခဲ့သည့် ဥပဒေ၊ အသစ်ရေးဆွဲရမည့် ဥပဒေနှင့် ရုပ်သိမ်းခဲ့သည့်ဥပဒေများကို ရှင်းလင်းတင်ပြကြပြီး လက်ရှိကျင့်သုံးနေသည့် ဥပဒေများ၊ နည်းဥပဒေများနှင့်အညီ လုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေ၊ အောက်ခြေတွင် လုပ်ငန်းများ အကောင်အထည်ဖော်ရာ၌ အခက်အခဲဖြစ်နေသည့် နည်းဥပဒေပါအချက်များနှင့် ဖြည့်စွက်သင့်သည့်အချက်များ၊ ဇယား ၁၊ ၂ ပါ ကဏ္ဍအလိုက် ပြည်ထောင်စုနှင့် တိုင်းဒေသကြီး၊ ပြည်နယ်တို့ ခွဲခြားဆောင်ရွက်ရမည့် လုပ်ငန်းတာဝန်များ၊ ဥပဒေပြုရေးကိစ္စများနှင့် ခွဲဝေပေးမည့် လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်များကို အသေးစိတ်ညှိနှိုင်းဆွေးနွေးကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်း၊ ဦးတင်နိုင်သိန်းနှင့် ဦးလှထွန်းတို့က ပြည်ထောင်စုဝန်ကြီးများ၏ ဆွေးနွေးတင်ပြမှုများ၊ တိုင်းဒေသကြီး/ပြည်နယ် အစိုးရအဖွဲ့များ၏ တင်ပြချက်များနှင့် ဒေသန္တရ အကောင်အထည်ဖော် ဆောင်ရွက်နေသည့် လုပ်ငန်းများအပေါ် ပြန်လည်သုံးသပ် ဆွေးနွေးပြောကြားကြသည်။

(သတင်းစဉ်)

* ကျောဖုံးမှ
ချိတ်ဆက် ဆောင်ရွက်ပေးနိုင်မည့် လုပ်ငန်း လည်ပတ်ရေးဆိုင်ရာ ဖက်စပ်ကုမ္ပဏီတစ်ခု ဖြစ်လာမည်ဖြစ်ကြောင်း၊ ထားဝယ်အထူးစီးပွားရေးဇုန်စီမံကိန်း ကနဦးအဆင့်တွင် နှစ်လမ်းသွားလမ်း၊ ဆိပ်ကမ်းငယ်၊ စက်မှုရပ်ကွက်၊ ရေထောက်ပံ့မှုအစီအစဉ်၊ လျှပ်စစ်ဓာတ်အားထောက်ပံ့မှုအစီအစဉ်၊ မြို့ပြအစီအစဉ်နှင့် မြေပြင် တယ်လီဖုန်းဆက်သွယ်ရေး စသည့်လုပ်ငန်းများဖြင့် စတင်လုပ်ဆောင်မည်ဖြစ်ကြောင်း၊ ထားဝယ်အထူးစီးပွားရေးဇုန်နှင့် ဆက်စပ်စီမံကိန်းများသည် နှစ်နိုင်ငံပြည်သူများအတွက် ဖွံ့ဖြိုးတိုးတက်မှုကို ထောက်ပံ့ပေးနိုင်မည့်အပြင် မဟာမဲခေါင်ဒေသတွင်းနိုင်ငံများ ဖွံ့ဖြိုးတိုးတက်ရေးသာမက အိန္ဒိယ-မဟာမဲခေါင် တောင်ဘက်စီးပွားရေးစင်္ကြံဖွံ့ဖြိုးတိုးတက်မှုကိုပါ အကူအညီပေးနိုင်မည် ဖြစ်ကြောင်းဖြင့် အမှာစကားပြောကြားသည်။

ထို့နောက် ထိုင်းနိုင်ငံ ဒုတိယဝန်ကြီးချုပ်က အဖွင့်အမှာစကားပြောကြားခဲ့ရာတွင် ယခုအချိန်၌ မြန်မာနှင့်ထိုင်း နှစ်နိုင်ငံဆက်ဆံရေးသည် အကောင်းဆုံးအခြေအနေသို့ ရောက်ရှိနေကြောင်း၊ မကြာသေးခင်ကာလကပင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သမ္မတ၏ ထိုင်းနိုင်ငံခရီးစဉ်နှင့် ထိုင်းဝန်ကြီးချုပ်၏ မြန်မာနိုင်ငံခရီးစဉ်များ အပါအဝင် အဆင့်မြင့်ပုဂ္ဂိုလ်များ၏ အပြန်အလှန် ချစ်ကြည်ရေးခရီးစဉ်များ အများအပြားဖလှယ်နိုင်ခဲ့ကြောင်း၊ ထားဝယ်ဒေသ၏ စီးပွားရေးအရ အချက်အချာကျမှုနှင့် အကျယ်အဝန်း ပမာဏတို့ကြောင့် ထားဝယ်အထူးစီးပွားရေးဇုန်စီမံကိန်း အောင်မြင်စွာ အကောင်အထည်ဖော်ခြင်းဖြင့် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှုကို အဆင့်သစ်တစ်ခုသို့ တက်လှမ်းနိုင်စေမည်ဖြစ်ကြောင်း၊ ဤစီမံကိန်းသည် မိမိတို့နှစ်နိုင်ငံကိုသာမက ဒေသတစ်ခုလုံးအတွက် အကျိုးဖြစ်ထွန်းစေမည်ဖြစ်ကြောင်း စသည်ဖြင့် ထည့်သွင်းပြောကြားသည်။

အစည်းအဝေးတွင် ကနဦးအဆင့် အကောင်အထည်ဖော်မှုကို သီးခြားစီမံကိန်း သုံးခုဖြင့် အကောင်အထည်ဖော်သွားရေး၊ မြန်မာအထူးစီးပွားရေးဇုန် နည်းဥပဒေများကို ဆောလျင်စွာ အတည်ပြုပြဋ္ဌာန်းနိုင်ရေး၊ သက်သာခွင့်ဆိုင်ရာ သဘောတူညီချက်များပါ ပြဋ္ဌာန်းချက်များကိုစွ အများပြည်သူမှ ပါဝင်ရင်းနှီးမြှုပ်နှံနိုင်ရန် လေ့လာသွားရေး စသည်တို့ကို နှစ်ဖက်ကိုယ်စားလှယ်များက ဆွေးနွေးခဲ့ကြသည်။

အစည်းအဝေးအပြီးတွင် ဒုတိယသမ္မတနှင့် ထိုင်းနိုင်ငံ ဒုတိယဝန်ကြီးချုပ်တို့ဦးဆောင်၍ သတင်းစာရှင်းလင်းပွဲပြုလုပ်ခဲ့ပြီး သတင်းထုတ်ပြန်ချက်တစ်ရပ် ထုတ်ပြန်ခဲ့သည်။

အဆိုပါ သတင်းထုတ်ပြန်ချက်တွင် ထိုင်းနိုင်ငံ၏ အိမ်နီးချင်းနိုင်ငံများဖွံ့ဖြိုးတိုးတက်ရေး ပူးပေါင်းဆောင်ရွက်မှုအေဂျင်စီ အထောက်အပံ့ဖြင့် ထားဝယ်အထူးစီးပွားရေးဇုန်အတွက် ကာလရှည်မဟာစီမံကိန်းတစ်ရပ် ရေးဆွဲသွားမည်ဖြစ်ကြောင်း၊ ယင်းစီမံကိန်းတွင် ပင်လယ်ရေနက်ဆိပ်ကမ်းတစ်ခုနှင့် ထားဝယ်အထူးစီးပွားရေးဇုန်ကို ထိုင်းနိုင်ငံနှင့် ဆက်သွယ်မည့် အဝေးပြေးကားလမ်းတစ်လမ်းအပါအဝင် အခြေခံအဆောက်အအုံ စီမံကိန်းများပါဝင်ကြောင်း၊ ထားဝယ်အထူးစီးပွားရေးဇုန် ပိုမိုဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူပြုရန် ထိုင်းအစိုးရသည် ထားဝယ်အထူးစီးပွားရေးဇုန်နှင့် မြန်မာ-ထိုင်း နယ်စပ်သို့ ဆက်သွယ်မည့် နှစ်လမ်းသွားကားလမ်းအတွက် ဘဏ္ဍာရေးအကူအညီပေးအပ်သွားရန် ကမ်းလှမ်းမည်ဖြစ်ကြောင်း၊ မြန်မာနှင့်ထိုင်း နှစ်နိုင်ငံအစိုးရတို့သည် ထားဝယ်အထူးစီးပွားရေးဇုန် အကောင်အထည်ဖော်ရေးအတွက် ကတိကဝတ်ပြုကြောင်းနှင့် စီမံကိန်းကို အပြည့်အဝထောက်ခံကြောင်းဖြင့် ဖော်ပြပါရှိသည်။

ယနေ့နံနက်ပိုင်းတွင် ထားဝယ်အထူးစီးပွားရေးဇုန်နှင့် ဆက်စပ်စီမံကိန်းဧရိယာ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ မြန်မာ-ထိုင်း ပူးတွဲကော်မတီ ပဉ္စမအကြိမ် အစည်းအဝေးကိုကျင်းပခဲ့ရာ မြန်မာနိုင်ငံဘက်မှ ပူးတွဲကော်မတီဥက္ကဋ္ဌ အလုပ်သမားအလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအေးမြင့်နှင့် ထိုင်းနိုင်ငံဘက်မှ ပို့ဆောင်ရေး ဒုတိယဝန်ကြီး၊ မစ္စတာ အာခွန် တန်ပစ်တရာပိုင်စစ်တို့က ဦးဆောင်ဆွေးနွေးညှိနှိုင်းခဲ့ကြသည်။

အလားတူ မွန်းလွဲပိုင်းတွင် တတိယအကြိမ် မြန်မာ-ထိုင်း ပူးတွဲအဆင့်မြင့်ကော်မတီ အစည်းအဝေး၏ အစိတ်အပိုင်းတစ်ရပ်ဖြစ်သည့် မြန်မာ-ထိုင်း-ဂျပန် သုံးနိုင်ငံ အစည်းအဝေးတစ်ရပ်ကို ကျင်းပခဲ့သည်။ ယင်းအစည်းအဝေး၌ ထားဝယ်အထူးစီးပွားဇုန် ထူထောင်ရေးအတွက် ဘဏ္ဍာရေးနှင့် နည်းပညာအကူအညီများပေးအပ်ရန် ဂျပန်နိုင်ငံက ကမ်းလှမ်းခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဒုတိယသမ္မတ ဦးညဏ်ထွန်းနှင့် တတိယအကြိမ် မြန်မာ-ထိုင်း ပူးတွဲအဆင့်မြင့်ကော်မတီ အစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများသို့ တက်ရောက်ကြသူများ စုပေါင်းမှတ်တမ်းဓာတ်ပုံရိုက်စဉ်။

(သတင်းစဉ်)

၂၀၁၅ ခုနှစ် (၆၈)နှစ်မြောက် ပြည်ထောင်စုနေ့ အမျိုးသားရေး ဦးတည်ချက်

၁။ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးတည်းဟူသော ဒို့တာဝန်အရေးသုံးပါးကို အစဉ်အမြဲဦးထိပ်ထား ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရေး။

၂။ ပြည်ထောင်စုကြီး ထာဝရငြိမ်းချမ်းမှုရရှိအောင် တိုင်းရင်းသားအားလုံးပါဝင်ကြိုးပမ်းဆောင်ရွက်ရေး။

၃။ ရရှိထားပြီးဖြစ်သည့် အမျိုးသားပြန်လည်စည်းလုံးညီညွတ်မှုကို ထာဝစဉ်တည်တံ့ခိုင်မြဲအောင်တည်ဆောက်ရေး။

၄။ ပြည်ထောင်စုအတွင်း တိုင်းရင်းသားအားလုံး ဉမကွဲသိုက်မပျက်အတူတကွပူးပေါင်းနေထိုင်ရေး။

၅။ ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော်သစ်ကြီးကို တိုင်းရင်းသားပြည်သူအားလုံး လက်တွဲပူးပေါင်းတည်ဆောက်ရေး။

နိုင်ငံတော်သမ္မတ၏ ပညာတော်သင်ဆု ပထမအသုတ် လူတွေ့ဖြေဆိုရမည့် နေ့ရက်ထုတ်ပြန်

နေပြည်တော် ဇန်နဝါရီ ၃၀

နိုင်ငံတော်သမ္မတ၏ ပညာတော်သင်ဆုအတွက် ပထမအသုတ် လူတွေ့ဖြေဆိုရန် ရွေးချယ်ခံရသူ ၁၄၂ ဦးသည် ဖေဖော်ဝါရီ ၁၇ ရက်တွင် ရန်ကုန်မြို့၌ လူတွေ့ဖြေဆိုရမည်ဖြစ်သည်။ လူတွေ့ဖြေဆိုရမည့် ကျောင်းသား ကျောင်းသူများသည် ကိုယ်ရေးမှတ်တမ်းပုံစံများကို ပညာရေးဝန်ကြီးဌာန၏ Website ဖြစ်သော www.myanmar-education.edu.mm တွင် ရယူလျက် နောက်ဆုံးအခြေအနေကို ဖော်ပြသော Updated အချက်အလက်များ ဖြည့်စွက်ကာ scholarmm 2015@ gmail.com သို့ ဖေဖော်ဝါရီ ၅ ရက်အရောက် pdf.format ဖြင့် အီးမေးလ်ပေးပို့ရမည်ဖြစ်သည်။ လူတွေ့ဖြေဆိုရမည့် နေ့ရက်၊ အချိန်၊ နေရာ အသေးစိတ်နှင့် ကြေညာချက်များကို ဖေဖော်ဝါရီ ၇ ရက်မှစတင်၍ အဆိုပါ Website တွင် ဖော်ပြမည်ဖြစ်ပြီး အီးမေးလ်ဖြင့်လည်း အကြောင်းကြားမည်ဖြစ်သည်။

လူတွေ့ဖြေဆိုရန် လာရောက်သောအချိန်တွင် -

(က) နိုင်ငံသားစိစစ်ရေးကတ်ပြားမူရင်း
(ခ) ဘွဲ့လက်မှတ်မူရင်း
(ဂ) အမှတ်စာရင်းမူရင်း
(ဃ) မိမိ၏ စိတ်ဝင်စားမှု၊ ပညာရေးရည်မှန်းချက်နှင့် ဘဝရှေ့ရေးအစီအစဉ်အကြောင်း အင်္ဂလိပ်ဘာသာဖြင့် ရေးသားထားသော စာလုံးရေ ၄၅၀ ခန့် Scholarship Essay
(င) နောက်ဆုံးအခြေအနေကို ဖြည့်စွက်ထားသော Updated ကိုယ်ရေးမှတ်တမ်း မူရင်းများကို တစ်ပါတည်း ယူဆောင်လာရမည်ဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**

မဒဲကျွန်းရေနံတင်ဆိပ်ကမ်းစီမံကိန်းသည် ဒေသနေပြည်သူများကို အကျိုးဖြစ်ထွန်းစေမည်

နေပြည်တော် ဇန်နဝါရီ ၃၀

စွမ်းအင်ဝန်ကြီးဌာန မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ CNPC ကုမ္ပဏီတို့ အကျိုးတူပူးပေါင်းဆောင်ရွက်သော ရခိုင်ပြည်နယ်၊ မဒဲကျွန်း ရေနံတင်ဆိပ်ကမ်းဖွင့်ပွဲနှင့် အရှေ့တောင်အာရှ ရေနံစိမ်းပိုက်လိုင်း ကနဦးလုပ်ငန်းများ စတင်ခြင်းအခမ်းအနားကို ယနေ့ နံနက် ၁၁ နာရီက ရခိုင်ပြည်နယ် ကျောက်ဖြူမြို့နယ် မဒဲကျွန်း၌ ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဦးဇေယျာအောင်၊ ဦးခင်မောင်စိုး၊ ဦးညဏ်ထွန်းအောင်၊ ဦးဝင်းထွန်း၊ ဦးခင်ရီ၊ ရခိုင်ပြည်နယ် ဝန်ကြီးချုပ် ဦးမောင်မောင်အုန်း၊ ဒုတိယဝန်ကြီးများ၊ တရုတ်နိုင်ငံ သံအမတ်ကြီး မစ္စတာယန်ဟို့လန်နှင့် China National Petroleum Corporation (CNPC) ဥက္ကဋ္ဌ Mr.Laio Yongyan၊ South-East Asia Pipeline Company Limited ဥက္ကဋ္ဌ Mr.Jiang Changliang နှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီး ဦးဇေယျာအောင်က ယခု စီမံကိန်းကို ၂၀၁၁ ခုနှစ်မှ စတင်ဆောင်ရွက်ခဲ့ရာ ၂၀၁၅ ခုနှစ် နှစ်ဦးပိုင်းတွင် လုပ်ငန်းများ ဆောင်ရွက်ပြီးစီးခဲ့ကြောင်း၊ ရေနံတင်ဆိပ်ကမ်းကို တည်ဆောက်ရခြင်းရည်ရွယ်ချက်မှာ ပြည်ပနိုင်ငံများမှ ရောက်ရှိလာသည့် ရေနံစိမ်းများကို ကျောက်ဖြူမြို့နယ် မဒဲကျွန်း၌ ရေနံချခြင်းလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် တည်ဆောက်ခဲ့ခြင်းဖြစ်ကြောင်း၊ ဤဆိပ်ကမ်းတွင် ရေနံစိမ်းတန်ချိန် ၃၀၀၀၀၀ ဆံ့ သင်္ဘောကြီးများဆိုက်ကပ်နိုင်အောင် တည်ဆောက်ခဲ့ခြင်းဖြစ်ကြောင်း၊ ထို့အပြင် အရှေ့တောင်အာရှ ရေနံစိမ်းပိုက်လိုင်းသည် ရခိုင်ပြည်နယ် မဒဲကျွန်းမှ စတင်ကာ တိုင်းဒေသကြီးနှင့် ပြည်နယ်လေးခုကို ဖြတ်သန်း၍ မြန်မာနိုင်ငံနယ်စပ်ရှိ နမ့်ခမ်းမြို့အထိ အချင်း ၃၂ လက်မ၊ အရှည် ၇၇၁ ကီလိုမီတာခန့် ဆက်သွယ်ဆောင်ရွက်ထားခြင်းဖြစ်ကြောင်း၊ အဆိုပါ အရှေ့တောင်အာရှ ရေနံစိမ်းပိုက်လိုင်းနှင့် မဒဲကျွန်းရေနံဆိပ်ကမ်းနှင့် ပိုက်လိုင်းစီမံကိန်းကို နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုပမာဏ အမေရိကန်ဒေါ်လာ ၂ ဒသမ ၄၅၃၂ ဘီလီယံရင်းနှီးမတည်တည်ဆောက်ခဲ့ပြီး နိုင်ငံတော်က အမေရိကန်ဒေါ်လာ ၁ ဒသမ ၂၀၄ ဘီလီယံပါဝင်ခဲ့ကြောင်း၊ လုပ်ငန်းစီမံကိန်းကာလမှာ နှစ်ပေါင်း ၃၀ ဖြစ်ပြီး နှစ်စဉ်ရေနံစိမ်းတန်ချိန် ၂၂ သန်းခန့်ကို သယ်ဆောင်မည်ဖြစ်ပြီး တရုတ်နိုင်ငံနှင့် ပြည်တွင်းသုံးစွဲမှုအတွက် ခွဲဝေပို့လွှတ်သွားမည်ဖြစ်ကြောင်း၊ ဆိပ်ကမ်းကြီးနှင့် ရေနံပိုက်လိုင်းတစ်လျှောက် ရေနံယိုဖိတ်မှုမရှိစေရန်နှင့် ရေနံယိုဖိတ်မှုများကို ထိန်းသိမ်းနိုင်စေရန် အစီအမံများအပြင် မီးဘေးကာကွယ်ရေး အစီအမံများကိုလည်း နိုင်ငံတကာအဆင့်မီ ထည့်သွင်း စီမံဆောင်ရွက်ထားကြောင်း၊ ထို့အပြင် နိုင်ငံတကာ အဆင့်မီကုမ္ပဏီများကို ငှားရမ်းပြီး စနစ်တကျ အချက်အလက်ကောက်ယူကာ ပတ်ဝန်းကျင်ထိန်းသိမ်းရေး စီမံချက်များ ပြုစုထုတ်ဝေခြင်း၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးအတွက် စောင့်ကြည့်ရေးအစီအမံများ ချမှတ်ခြင်းကိုလည်း စနစ်တကျဆောင်ရွက်ထားကြောင်း၊ ထို့အပြင် မဒဲကျွန်းပေါ်တွင် ရေနံတင်ဆိပ်ကမ်း တည်ဆောက်ခြင်းနှင့်အတူ ဒေသနေပြည်သူများသုံးစွဲနိုင်မည့် ရေလှောင်တမံ တစ်ခုတည်ဆောက်ပြီး မဒဲကျွန်းပေါ်ရှိ ကျေးရွာများသို့ ပိုက်လိုင်းသွယ်တန်းပြီး ရေပေးဝေခဲ့ကြောင်း၊ ဤစီမံကိန်းသည် တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ ရေနံစိမ်းများ ပို့လွှတ်ပေးနိုင်ရုံမက ပြည်တွင်းသုံးစွဲမှုအတွက်ပါ ခွဲဝေပို့လွှတ်သွားမည်ဖြစ်သည့်အတွက် နှစ်နိုင်ငံလုံး ဖွံ့ဖြိုးတိုးတက်ရေးအတွက် အကျိုးပြုပေးကြောင်း၊ ထို့အပြင် ဒေသနေပြည်သူများကိုလည်း အကျိုးဖြစ်ထွန်းစေမည်ဖြစ်သည့်အတွက် နှစ်ဦးနှစ်ဖက် အကျိုးဖြစ်ထွန်းစေရန် အလုပ်အကိုင်အခွင့်အလမ်းများ ရရှိစေခြင်း၊ ဒေသအလိုက် လူမှုစီးပွားကူညီထောက်ပံ့မှုများကြောင့် ပညာရေး၊ ကျန်းမာရေးကဏ္ဍများတွင် တိုးတက်ဖွံ့ဖြိုးစေခြင်း အကျိုးကျေးဇူးများတစ်စတစ်စ ဖြစ်ထွန်းနေသည်ကို တွေ့မြင်လာရပြီဖြစ်ကြောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်လေးခုတွင်ကျန်းမာရေးကဏ္ဍ၊ လူမှုစီးပွားရေးကဏ္ဍနှင့် အခြေခံအဆောက်အအုံကဏ္ဍများတွင် ပါဝင်သော စာသင်ကျောင်း၊ ဆေးပေးခန်း၊ ရေကန်၊ လျှပ်စစ်မီးသွယ်တန်းခြင်း၊ လမ်းပန်းဆက်သွယ်ရေး စသည်တို့ကို စီမံကိန်း စတင်ချိန် ၂၀၁၂ ခုနှစ်မှ စတင်၍ ယခုအချိန်အထိ စုစုပေါင်း အမေရိကန်ဒေါ်လာ ၁၃ ဒသမ ၂၆ သန်း အကုန်အကျခံ နှစ်စဉ်ပံ့ပိုးကူညီပေးခဲ့ကြောင်း ပြောကြားခဲ့သည်။

ရခိုင်ပြည်နယ် ကျောက်ဖြူမြို့နယ် မဒဲကျွန်း၌ မဒဲကျွန်း ရေနံတင်ဆိပ်ကမ်းဖွင့်ပွဲအခမ်းအနားကျင်းပစဉ်။

ဓာတ်ပုံ-စိန်လွင်အောင်(မြန်မာ့အလင်း)

ထို့နောက် CNPC ဥက္ကဋ္ဌက ဝမ်းမြောက်စကားပြောကြားသည်။

ယင်းနောက် South-East Asia Pipeline Company Limited မှ ဥက္ကဋ္ဌက မဒဲကျွန်းရေနံတင်ဆိပ်ကမ်းကို ဖွင့်လှစ်ရန်အသင့်ဖြစ်ကြောင်း ကြေညာရာ ပြည်ထောင်စုဝန်ကြီး ဦးဇေယျာအောင်၊ ပြည်နယ်ဝန်ကြီးချုပ် ဦးမောင်မောင်အုန်း၊ ဒုတိယဝန်ကြီး ဦးအောင်ထူး၊ တရုတ်နိုင်ငံသံအမတ်ကြီး၊ CNPC ကုမ္ပဏီဥက္ကဋ္ဌနှင့် Petro-China ကုမ္ပဏီမှ Vice-President ဖြစ်သူ Madam Wong Li Hua တို့က မဒဲကျွန်း ရေနံဆိပ်ကမ်းကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးဇေယျာအောင်၊ ပြည်နယ်ဝန်ကြီးချုပ် ဦးမောင်မောင်အုန်း၊ သံအမတ်ကြီး H.E. Mr. Yang Houlan နှင့် CNPC ကုမ္ပဏီဥက္ကဋ္ဌ Mr . Laio Yongyan တို့က ရေနံပို့လွှတ်သည့် Valve ကို လှည့်၍ ဖွင့်လှစ်ပေးကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဦးဇေယျာအောင်က မဒဲကျွန်း ရေနံတင်ဆိပ်ကမ်း ကမ္ပည်းမော်ကွန်းကြေးပြားကို စက်ခလုပ်နှိပ်ဖွင့်လှစ်ပေးပြီး မဒဲကျွန်း ရေနံဆိပ်ကမ်းအတွင်း မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှုကြသည်။

ထို့နောက် ဖွင့်ပွဲအထိမ်းအမှတ်အဖြစ် ပြည်ထောင်စုဝန်ကြီး ဦးဇေယျာအောင်က ယုဇနပင်ကိုလည်းကောင်း၊ ပြည်နယ်ဝန်ကြီးချုပ် ဦးမောင်မောင်အုန်းက အင်ကြင်းပင်ကိုလည်းကောင်း၊ တရုတ်နိုင်ငံသံအမတ်ကြီးနှင့် CNPC ဥက္ကဋ္ဌတို့က တည်ပင်ကိုလည်းကောင်း အမှတ်တရ စိုက်ပျိုးပေးခဲ့ကြောင်း သိရသည်။ **(သတင်းစဉ်)**

ပြည်တွင်းသတင်း

(၆၇)ကြိမ်မြောက် တိပိဋကဓရ တိပိဋကကောဝိဒရွေးချယ်ရေးစာမေးပွဲအောင်စာရင်း ထုတ်ပြန်ကြေညာ

နေပြည်တော် ဇန်နဝါရီ ၃၀

သာသနာရေးဝန်ကြီးဌာန သာသနာရေးဦးစီးဌာနက ကြီးမှူးကျင်းပသည့် (၆၇)ကြိမ်မြောက် တိပိဋကဓရ တိပိဋကကောဝိဒ ရွေးချယ်ရေးစာမေးပွဲ အာဂုံပြန်စာမေးပွဲကို ၂၈-၁၂-၂၀၁၄ ရက်မှ ၁၉-၁-၂၀၁၅ ရက်အထိလည်းကောင်း၊ သဘောရေးဖြေစာမေးပွဲကို ၂၃-၁-၂၀၁၅ ရက်မှ ၂၇ -၁-၂၀၁၅ ရက်အထိ ရန်ကုန်မြို့ ကမ္ဘာအေးကုန်းမြေ ဆဋ္ဌသံဂါယနာ မဟာပါသာဏ လိုဏ်ဂူတော်ကြီး၌ ကျင်းပခဲ့သည်။

တိပိဋကဓရ တိပိဋကကောဝိဒ ရေးဖြေစာမေးပွဲတွင် ဒီဃနိကာယ်ရေးဖြေ(ဒီဃနိကာယ ကောဝိဒ)အောင် (၁)ပါး၊ ဝိနည်း ဒုတိယပိုင်း ရေးဖြေ(ဝိနယကောဝိဒ)အောင် (၅)ပါး၊ ဝိနည်းရှေ့ပိုင်းရေးဖြေ(ဉဘတောဝိဘင်္ဂကောဝိဒ)အောင် (၅)ပါးတို့ အောင်မြင်တော်မူကြသည်။

တိပိဋကဓရ တိပိဋကကောဝိဒအာဂုံစာမေးပွဲတွင် အဘိဓမ္မာဒုတိယပိုင်း အာဂုံ(တိပိဋကဓရ)အောင် (၂)ပါး၊ အဘိဓမ္မာရှေ့ပိုင်းအာဂုံ(မူလအာဘိဓမ္မက)အောင် (၂)ပါး၊ ဒီဃနိကာယ်အာဂုံ (ဒီဃဘာဏက)အောင် (၅)ပါး၊ ဝိနည်းဒုတိယပိုင်းအာဂုံ (ဝိနယဓရ)အောင် ၁၆ ပါး၊ ဝိနည်းရှေ့ပိုင်း အာဂုံ (ဉဘတောဝိဘင်္ဂဓရ)အောင် ၅၄ ပါးတို့ အောင်မြင်တော်မူကြသည်။

အဆိုပါ စာမေးပွဲတွင် အာဂုံဖြေဆိုသောသံဃာ ၁၀၇ ပါးအနက် ၇၉ ပါး အောင်မြင်၍ သဘောရေးဖြေသံဃာ ၁၄၈ ပါးအနက် ၁၁ ပါး အောင်မြင်ကြပြီး ပိဋကသုံးပုံ အာဂုံအောင်မြင်သည့် တိပိဋကဓရအရှင်မြတ်(၂)ပါး ပေါ်ထွန်းကြောင်း သာသနာရေးဦးစီးဌာနမှ သတင်းရရှိသည်။

(သတင်းစဉ်)

ယမန်နေ့မှအဆက်

ဝိနယပိဋက၊ ဝိနည်းပထမပိုင်း နှစ်ကျမ်းအာဂုံအောင် ဉဘတောဝိဘင်္ဂဓရ (၅၄)ပါး

၁။ ပလ္လင်အမှတ် (၇၈) အရှင်ပုညာနန္ဒ၊အသက်(၃၅)နှစ်၊ သိက္ခာ(၁၅)ဝါ ကုမာရာရာမကျောင်းတိုက်၊ မုံရွာမြို့ စစ်ကိုင်းတိုင်းဒေသကြီး

၂။ ပလ္လင်အမှတ် (၇၉) အရှင်ဣသရ၊ အသက် (၃၂)နှစ်၊ သိက္ခာ(၁၃)ဝါ တိပိဋကမဟာဂန္ထဝင်ကျောင်းတိုက်၊ ဒဂုံမြို့သစ်အရှေ့ပိုင်းမြို့နယ် ရန်ကုန်တိုင်းဒေသကြီး

၃။ ပလ္လင်အမှတ် (၈၀) အရှင်ဥက္ကံသ၊အသက်(၃၁)နှစ်၊ သိက္ခာ(၁၁)ဝါ တိပိဋကမဟာဂန္ထဝင်ကျောင်းတိုက်၊ ဒဂုံမြို့သစ်အရှေ့ပိုင်းမြို့နယ် ရန်ကုန်တိုင်းဒေသကြီး

၄။ ပလ္လင်အမှတ် (၈၂) အရှင်စန္ဒသိရီ၊ အသက်(၃၀)နှစ်၊ သိက္ခာ(၁၀)ဝါ တိပိဋကမဟာဂန္ထဝင်ကျောင်းတိုက်၊ ဒဂုံမြို့သစ်အရှေ့ပိုင်းမြို့နယ် ရန်ကုန်တိုင်းဒေသကြီး

၅။ ပလ္လင်အမှတ် (၈၃) အရှင်ဝါသဝ၊အသက်(၃၁)နှစ်၊ သိက္ခာ (၁၀)ဝါ တိပိဋကမဟာဂန္ထဝင်နိကာယ်ကျောင်းတိုက်၊ ဒဂုံမြို့သစ်အရှေ့ပိုင်းမြို့နယ် ရန်ကုန်တိုင်းဒေသကြီး

၆။ ပလ္လင်အမှတ် (၈၄) အရှင်ဣန္ဒောဘာသ၊ အသက် (၂၉)နှစ်၊ သိက္ခာ(၁၀)ဝါ ရွှေတောင်ဦးတိပိဋကဓမ္မပါလကျောင်းတိုက်၊ မုံရွာမြို့ စစ်ကိုင်းတိုင်းဒေသကြီး

၇။ ပလ္လင်အမှတ် (၈၅) အရှင်ကေသဝ၊ အသက်(၂၉)နှစ်၊ သိက္ခာ(၉)ဝါ တိပိဋကနိကာယကျောင်းတိုက်၊ မိုးမိတ်ကုန်းမြေ၊ မင်းကွန်း၊ စစ်ကိုင်းမြို့ စစ်ကိုင်းတိုင်းဒေသကြီး

၈။ ပလ္လင်အမှတ် (၈၆) အရှင်ပညာဝံသ၊ အသက်(၃၁)နှစ်၊ သိက္ခာ(၉)ဝါကျိုက္ကစံရွှေကျင်တိုက်သစ်၊ သင်္ဃန်းကျွန်းမြို့နယ် ရန်ကုန်တိုင်းဒေသကြီး

၉။ ပလ္လင်အမှတ် (၉၂) အရှင်သုဂန္ဓာလင်္ကာရ၊ အသက်(၃၀)နှစ် သိက္ခာ(၇)ဝါ တိပိဋကမဟာဂန္ဓာရုံကျောင်းတိုက်၊ ၉-ရပ်ကွက် မရမ်းကုန်းမြို့နယ် ရန်ကုန်တိုင်းဒေသကြီး

၁၀။ ပလ္လင်အမှတ်(၉၄) အရှင်ပညောဘာသာလင်္ကာရ၊ အသက်(၂၈)နှစ်၊ သိက္ခာ(၇)ဝါ တိပိဋကမဟာဂန္ထဝင်နိကာယ်ကျောင်းတိုက်၊ ဒဂုံမြို့သစ်အရှေ့ပိုင်းမြို့နယ် ရန်ကုန်တိုင်း ဒေသကြီး

၁၁။ ပလ္လင်အမှတ် (၉၆) အရှင်သုမင်္ဂလ၊ အသက်(၂၈)နှစ်၊ သိက္ခာ(၇)ဝါ တိပိဋကမဟာဂန္ထဝင်နိကာယ်ကျောင်းတိုက်၊ ဒဂုံမြို့သစ်အရှေ့ပိုင်းမြို့နယ် ရန်ကုန်တိုင်းဒေသကြီး

၁၂။ ပလ္လင်အမှတ် (၉၇) အရှင်ဓမ္မစာရ၊ အသက်(၂၇)နှစ်၊ သိက္ခာ(၇)ဝါ တိပိဋကနိကာယကျောင်းတိုက်၊ မိုးမိတ်ကုန်းမြေ၊ မင်းကွန်း၊ စစ်ကိုင်းမြို့ စစ်ကိုင်းတိုင်းဒေသကြီး

၁၃။ ပလ္လင်အမှတ် (၉၈) အရှင်သုခနန္ဒ၊ အသက်(၂၆)နှစ်၊ သိက္ခာ (၆)ဝါ တိပိဋကမဟာဂန္ထဝင်နိကာယ်ကျောင်းတိုက်၊ ဒဂုံမြို့သစ်အရှေ့ပိုင်းမြို့နယ် ရန်ကုန်တိုင်းဒေသကြီး

၁၄။ ပလ္လင်အမှတ် (၉၉) အရှင်ဉာဏိန္ဒဓဇ၊ အသက်(၂၆)နှစ်၊ သိက္ခာ(၆)ဝါ တိပိဋကနိကာယကျောင်းတိုက်၊ မိုးမိတ်ကုန်းမြေ၊ မင်းကွန်းစစ်ကိုင်းမြို့ စစ်ကိုင်းတိုင်းဒေသကြီး

၁၅။ ပလ္လင်အမှတ် (၁၀၀) အရှင်စန္ဒိမာလင်္ကာရ၊ အသက်(၂၇)နှစ်၊ သိက္ခာ(၆)ဝါ တိပိဋကမဟာဂန္ထဝင်နိကာယ်ကျောင်းတိုက်၊ ဒဂုံမြို့သစ်အရှေ့ပိုင်းမြို့နယ် ရန်ကုန်တိုင်းဒေသကြီး

၁၆။ ပလ္လင်အမှတ် (၁၀၁) အရှင်ပညာသာရာလင်္ကာရ(စစ်ကိုင်း)၊ အသက်(၂၇)နှစ်၊ သိက္ခာ(၆)ဝါ တိပိဋကနိကာယကျောင်းတိုက်၊ မိုးမိတ်ကုန်းမြေ၊ မင်းကွန်း၊ စစ်ကိုင်းမြို့ စစ်ကိုင်းတိုင်းဒေသကြီး

၁၇။ ပလ္လင်အမှတ် (၁၀၂) အရှင်အနောမဉာနာလင်္ကာရ၊ အသက်(၂၇)နှစ်၊ သိက္ခာ(၆)ဝါ မဟာဝိသုဒ္ဓါရုံပါဠိတက္ကသိုလ်ရွှေကျင်တိုက်သစ်၊ ဗဟန်းမြို့နယ် ရန်ကုန်တိုင်းဒေသကြီး

၁၈။ ပလ္လင်အမှတ် (၁၀၅) အရှင်ကုန္ဒက၊ အသက်(၂၆)နှစ်၊ သိက္ခာ(၅)ဝါ တိပိဋကမဟာဂန္ထဝင်နိကာယ်ကျောင်းတိုက်၊ ဒဂုံမြို့သစ်အရှေ့ပိုင်းမြို့နယ် ရန်ကုန်တိုင်းဒေသကြီး

၁၉။ ပလ္လင်အမှတ် (၁၀၇) အရှင်စန္ဒသာရာလင်္ကာရ၊ အသက်(၂၄)နှစ်၊ သိက္ခာ(၄)ဝါ မြစ်ကွေ့ကျောင်း၊ ဟင်္သာတမြို့ ဧရာဝတီတိုင်းဒေသကြီး

၂၀။ ပလ္လင်အမှတ် (၁၀၈) အရှင်သုမင်္ဂလ၊ အသက် (၂၄)၊ သိက္ခာ (၄)ဝါ ဝင်းနိမ္မိတာရုံကျောင်းတိုက်၊ ပဲခူးမြို့ ပဲခူးတိုင်းဒေသကြီး

၂၁။ ပလ္လင်အမှတ် (၁၁၁) အရှင်ဇနိန္ဒ၊ အသက်(၂၂) နှစ်၊ သိက္ခာ (၂) ဝါ ဆင်ဖြူကျောင်းတိုက်၊ မော်လမြိုင်မြို့ မွန်ပြည်နယ်

၂၂။ ပလ္လင်အမှတ် (၁၁၂) အရှင်သီလာနန္ဒ(မိတ္ထီလာ)၊ အသက်(၂၂) နှစ်၊ သိက္ခာ(၂)ဝါ၊ တိပိဋကနိကာယကျောင်းတိုက်၊ မိုးမိတ်ကုန်းမြေ၊ မင်းကွန်း၊ စစ်ကိုင်းမြို့ စစ်ကိုင်းတိုင်းဒေသကြီး (အထူးအောင်)

၂၃။ ပလ္လင်အမှတ် (၁၁၄) အရှင်ဝိမလာလင်္ကာရ၊ အသက်(၂၁) နှစ်၊ သိက္ခာ(၁)ဝါ၊ သဒ္ဓမ္မပဇ္ဇောတာရုံကျောင်းတိုက်၊ မုံရွာမြို့ စစ်ကိုင်းတိုင်းဒေသကြီး(အထူးအောင်)

၂၄။ ပလ္လင်အမှတ် (၁၁၈) အရှင်ကုန္ဒာလောက၊ အသက်(၃၀)နှစ်၊ သိက္ခာ(၁၀)ဝါ၊ ရွှေဂူအောင်ချမ်းသာကျောင်းတိုက်၊ တောင်ကြီးမြို့ ရှမ်းပြည်နယ်

၂၅။ ပလ္လင်အမှတ် (၁၁၉) အရှင်တိက္ခသာရ၊ အသက်(၃၀)နှစ်၊ သိက္ခာ(၉)ဝါ၊ ပိဋကသုံးပုံနိကာယ်စာသင်တိုက်၊ ဒဂုံမြို့သစ်တောင်ပိုင်းမြို့နယ် ရန်ကုန်တိုင်းဒေသကြီး

၂၆။ ပလ္လင်အမှတ်(၁၂၁) အရှင်ကုသလာလင်္ကာရ၊ အသက်(၂၈) နှစ်၊ သိက္ခာ (၉)ဝါ၊ တိပိဋကမဟာဂန္ထဝင်နိကာယ်ကျောင်းတိုက်၊ ဒဂုံမြို့သစ်အရှေ့ပိုင်းမြို့နယ် ရန်ကုန်တိုင်းဒေသကြီး (အထူးအောင်)

၂၇။ ပလ္လင်အမှတ် (၁၂၃) အရှင်သီလာစာရာလင်္ကာရ၊ အသက်(၂၉) နှစ်၊ သိက္ခာ(၉)ဝါ၊ တိပိဋကနိကာယကျောင်းတိုက်၊ မိုးမိတ်ကုန်းမြေ၊ မင်းကွန်း၊ စစ်ကိုင်းမြို့ စစ်ကိုင်းတိုင်းဒေသကြီး

၂၈။ ပလ္လင်အမှတ် (၁၂၄) အရှင်ကေလာသ(အရာတော်)၊ အသက်(၂၉) နှစ်၊ သိက္ခာ(၉)ဝါ တိပိဋကနိကာယကျောင်းတိုက်၊ မိုးမိတ်ကုန်းမြေ၊ မင်းကွန်း၊ စစ်ကိုင်းမြို့ စစ်ကိုင်းတိုင်းဒေသကြီး

၂၉။ ပလ္လင်အမှတ် (၁၂၆) အရှင်ဥက္ကံသ၊ အသက်(၂၈) နှစ်၊ သိက္ခာ(၈) ဝါ တိပိဋကနိကာယကျောင်းတိုက်၊ မိုးမိတ်ကုန်းမြေ၊ မင်းကွန်း၊ စစ်ကိုင်းမြို့ စစ်ကိုင်းတိုင်းဒေသကြီး

၃၀။ ပလ္လင်အမှတ် (၁၂၇) အရှင်သိရိဓမ္မ၊ အသက်(၂၉)နှစ်၊ သိက္ခာ (၈)ဝါ တိပိဋကနိကာယကျောင်းတိုက်၊ မိုးမိတ်ကုန်းမြေ၊ မင်းကွန်း၊ စစ်ကိုင်းမြို့ စစ်ကိုင်းတိုင်းဒေသကြီး

၃၁။ ပလ္လင်အမှတ် (၁၂၈) အရှင်ဥတ္တရာလင်္ကာရ၊ အသက် (၂၈)နှစ်၊ သိက္ခာ(၈)ဝါ တိပိဋကနိကာယကျောင်းတိုက်၊ မိုးမိတ်ကုန်းမြေ၊ မင်းကွန်း၊ စစ်ကိုင်းမြို့ စစ်ကိုင်းတိုင်းဒေသကြီး

၃၂။ ပလ္လင်အမှတ် (၁၂၉) အရှင်ပညာနန္ဒ၊ အသက်(၂၈)နှစ်၊ သိက္ခာ(၈)ဝါ တိပိဋကနိကာယကျောင်းတိုက်၊ မိုးမိတ်ကုန်းမြေ၊ မင်းကွန်း၊ စစ်ကိုင်းမြို့ စစ်ကိုင်းတိုင်းဒေသကြီး (အထူးအောင်)

၃၃။ ပလ္လင်အမှတ် (၁၃၀) အရှင်သောဘန(မကွေး)၊ အသက်(၂၈)နှစ်၊ သိက္ခာ (၈)ဝါ တိပိဋကနိကာယကျောင်းတိုက်၊ မိုးမိတ်ကုန်းမြေ၊ မင်းကွန်း၊ စစ်ကိုင်းမြို့ စစ်ကိုင်းတိုင်းဒေသကြီး

၃၄။ ပလ္လင်အမှတ် (၁၃၄) အရှင်ဇောတိကာလင်္ကာရ၊ အသက်(၂၇)နှစ်၊ သိက္ခာ(၇)ဝါ မဟာဝိသုဒ္ဓါရုံပါဠိတက္ကသိုလ်ရွှေကျင်ကျောင်းတိုက်၊ ဗဟန်းမြို့နယ် ရန်ကုန်တိုင်းဒေသကြီး

၃၅။ ပလ္လင်အမှတ် (၁၃၇) အရှင်သီလာစာရာလင်္ကာရ၊ အသက်(၂၈)နှစ်၊ သိက္ခာ(၈)ဝါ ရွှေဥမင်ဓမ္မသုခတောရစာသင်တိုက်၊ မင်္ဂလာဒုံမြို့နယ် ရန်ကုန်တိုင်းဒေသကြီး

၃၆။ ပလ္လင်အမှတ် (၁၃၉) အရှင်မုနိန္ဒာလင်္ကာရ၊ အသက်(၂၆)နှစ်၊ သိက္ခာ(၆)ဝါ မဟာဝိသုဒ္ဓါရုံပါဠိတက္ကသိုလ်ရွှေကျင်ကျောင်းတိုက်၊ ဗဟန်းမြို့နယ် ရန်ကုန်တိုင်းဒေသကြီး

၃၇။ ပလ္လင်အမှတ် (၁၄၁) အရှင်သုန္ဒရ(ကျုံပျော်)၊ အသက်(၂၇)နှစ်၊ သိက္ခာ (၆)ဝါ တိပိဋကနိကာယကျောင်းတိုက်၊ မိုးမိတ်ကုန်းမြေ၊ မင်းကွန်း၊ စစ်ကိုင်းမြို့ စစ်ကိုင်းတိုင်းဒေသကြီး

၃၈။ ပလ္လင်အမှတ် (၁၄၂) အရှင်သုဇန၊ အသက်(၂၆)နှစ်၊ သိက္ခာ(၆)ဝါ တိပိဋကနိကာယကျောင်းတိုက်၊ မိုးမိတ်ကုန်းမြေ၊ မင်းကွန်း၊ စစ်ကိုင်းမြို့ စစ်ကိုင်းတိုင်းဒေသကြီး (အထူးအောင်)

၃၉။ ပလ္လင်အမှတ် (၁၄၃) အရှင်ဝီရိယာလင်္ကာရ၊ အသက်(၂၅)နှစ်၊ သိက္ခာ(၅)ဝါ မဇ္ဈိမဂုဏ်ရည်မဟာစည်တောရရိပ်သာ၊ လှည်းကူးမြို့နယ် ရန်ကုန်တိုင်းဒေသကြီး

၄၀။ ပလ္လင်အမှတ် (၁၄၄) အရှင်ဉာဏသီဟာလင်္ကာရ၊ အသက်(၂၈)နှစ်၊ သိက္ခာ(၅)ဝါ တိပိဋကမဟာဂန္ဓာရုံကျောင်းတိုက်၊ မရမ်းကုန်းမြို့နယ် ရန်ကုန်တိုင်းဒေသကြီး (အထူးအောင်)

၄၁။ ပလ္လင်အမှတ် (၁၄၅) အရှင်စိတ္တာလင်္ကာရ၊ အသက်(၂၈)နှစ်၊ သိက္ခာ(၅)ဝါ တိပိဋကမဟာဂန္ဓာရုံကျောင်းတိုက်၊ မရမ်းကုန်းမြို့နယ် ရန်ကုန်တိုင်းဒေသကြီး

၄၂။ ပလ္လင်အမှတ် (၁၄၇) အရှင်သောဘန၊ အသက်(၂၇နှစ်)၊ သိက္ခာ(၄)ဝါ တိပိဋကမဟာဂန္ထဝင်နိကာယ်ကျောင်းတိုက်၊ ဒဂုံမြို့သစ်အရှေ့ပိုင်းမြို့နယ် ရန်ကုန်တိုင်းဒေသကြီး

၄၃။ ပလ္လင်အမှတ် (၁၄၈) အရှင်အဂ္ဂဝံသာလင်္ကာရ၊ အသက်(၂၂)နှစ်၊ (၃)ဝါ တိပိဋကမဟာဂန္ဓာရုံကျောင်းတိုက်၊ မရမ်းကုန်းမြို့နယ် ရန်ကုန်တိုင်းဒေသကြီး

၄၄။ ပလ္လင်အမှတ် (၁၄၉) အရှင်ဥက္ကံသ၊ အသက်(၂၂)နှစ်၊ သိက္ခာ (၂)ဝါ တိပိဋကမဟာဂန္ဓာရုံကျောင်းတိုက်၊ မရမ်းကုန်းမြို့နယ် ရန်ကုန်တိုင်းဒေသကြီး (အထူးအောင်)

၄၅။ ပလ္လင်အမှတ် (၁၅၂) အရှင်ဝံသပါလ၊ အသက်(၂၈)နှစ်၊ သိက္ခာ(၉)ဝါ မဟာသုခါရာမကျောင်းတိုက်၊ မရမ်းကုန်းမြို့နယ် ရန်ကုန်တိုင်းဒေသကြီး

၄၆။ ပလ္လင်အမှတ် (၁၅၃) အရှင်သုနန္ဒ၊ အသက်(၃၀)နှစ် ၊ သိက္ခာ (၉)ဝါ မဇ္ဈိမာရုံကျောင်း၊ ချမ်းသာကြီးတောင်တိုက်၊ မန္တလေးမြို့ (အထူးအောင်)

၄၇။ ပလ္လင်အမှတ် (၁၅၄) အရှင်ကောသလ္လာလင်္ကာရ၊ အသက်(၂၉)နှစ်၊ သိက္ခာ(၉)ဝါ သိန်းသန်းရတနာကျောင်း၊ မိုးကောင်းတိုက်၊ ချမ်းအေးသာစံမြို့နယ် မန္တလေးတိုင်းဒေသကြီး

၄၈။ ပလ္လင်အမှတ် (၁၆၀) အရှင်ကောဝိဒ(မကွေး)၊ အသက်(၂၈)နှစ်၊ သိက္ခာ (၈)ဝါ၊ တိပိဋကနိကာယကျောင်းတိုက်၊ မိုးမိတ်ကုန်းမြေ၊ မင်းကွန်း၊ စစ်ကိုင်းမြို့ စစ်ကိုင်းတိုင်းဒေသကြီး

၄၉။ ပလ္လင်အမှတ် (၁၆၄) အရှင်ဝါယမိန္ဒ၊ အသက် (၂၈)နှစ်၊ သိက္ခာ (၇)ဝါ၊ သိန်းသန်းရတနာကျောင်းတိုက်၊ မိုးကောင်းတိုက်၊ ချမ်းအေးသာစံမြို့နယ် မန္တလေးတိုင်းဒေသကြီး

၅၀။ ပလ္လင်အမှတ် (၁၇၀) အရှင်သာသနာလင်္ကာရ၊ အသက် (၂၇)နှစ်၊ သိက္ခာ(၆)ဝါ ရွှေဥမင် ဓမ္မသုခတောရရိပ်သာကျောင်းတိုက်၊ မင်္ဂလာဒုံမြို့နယ် ရန်ကုန်တိုင်းဒေသကြီး

၅၁။ ပလ္လင်အမှတ် (၁၇၃) အရှင်အရိယာလင်္ကာရ၊ အသက်(၂၈)နှစ်၊ သိက္ခာ(၅)ဝါ မဟာဝိသုဒ္ဓါရုံပါဠိတက္ကသိုလ်ရွှေကျင်ကျောင်းတိုက်၊ ဗဟန်းမြို့နယ် ရန်ကုန်တိုင်းဒေသကြီး

၅၂။ပလ္လင်အမှတ် (၁၇၆) အရှင်သုမင်္ဂလ၊ အသက်(၂၅)နှစ်၊ သိက္ခာ(၅)ဝါ မဟာသုခရာမကျောင်းတိုက်၊ မရမ်းကုန်းမြို့နယ် ရန်ကုန်တိုင်းဒေသကြီး

၅၃။ပလ္လင်အမှတ်(၁၈၃) အရှင်ဓမ္မပါလာလင်္ကာရ၊ အသက်(၂၄နှစ်)၊ သိက္ခာ(၃)ဝါ ပိဋကသုံးပုံနိကာယ်စာသင်တိုက်၊ ဒဂုံမြို့သစ်တောင်ပိုင်းမြို့နယ် ရန်ကုန်တိုင်းဒေသကြီး (အထူးအောင်)

၅၄။ ပလ္လင်အမှတ် (၁၈၅) အရှင်အဂ္ဂဉာဏ၊ အသက်(၂၁)နှစ်၊ သိက္ခာ(၂)ဝါ မဟာဝတ္ထုကံကျောင်းတိုက်၊ မော်လမြိုင်ကျွန်းမြို့နယ် ဧရာဝတီတိုင်းဒေသကြီး

ပြည်တွင်းသတင်း

(၆၈) နှစ်မြောက် ပြည်ထောင်စုနေ့အကြို နံရံကပ်စာစောင်၊ ဓာတ်ပုံပြပွဲနှင့် စာအုပ်ပြပွဲကျင်းပ

နေပြည်တော် ဇန်နဝါရီ ၃၀

(၆၈) နှစ်မြောက် ပြည်ထောင်စုနေ့အကြို နံရံကပ်စာစောင်၊ ဓာတ်ပုံပြပွဲနှင့် စာအုပ်ပြပွဲ အခမ်းအနားကို ဇန်နဝါရီ ၃၀ ရက် နံနက်ပိုင်းက နေပြည်တော်ကောင်စီနယ်မြေ ဥတ္တရခရိုင် ပုဗ္ဗသီရိမြို့နယ် အမှတ် (၃) အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပသည်။

အဆိုပါပြပွဲကို ကျောင်းသားကျောင်းသူများ စာပေဖတ်ရှုလိုစိတ်ရှိပြီး စာဖတ်ခြင်းဖြင့် အသိပညာဗဟုသုတများပြည့်ဝလာကာ နိုင်ငံတော်ကို အကျိုးပြုနိုင်သော သားကောင်းသမီးကောင်းများ ပေါ်ထွန်းလာစေရေးကို ရည်ရွယ်၍ ပြသပေးခြင်းဖြစ်ပြီး ပြပွဲအနေဖြင့် ပင်လုံစာချုပ်တွင် ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ လက်မှတ်ရေးထိုးခဲ့ကြသည့် တိုင်းရင်းသားခေါင်းဆောင်ကြီးများ၏ ကိုယ်ရေးအချက်အလက်များ ပါဝင်သည့် ပြဘုတ်များ၊ ယခင် (၆၇) နှစ်မြောက် ပြည်ထောင်စုနေ့ ကျင်းပခဲ့သည့် မှတ်တမ်းဓာတ်ပုံများ၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနမှ ဆောင်ရွက်လျက်ရှိသည့် ပြည်သူ့ဝန်ဆောင်မှု လုပ်ငန်းများဆိုင်ရာ ပြဘုတ်များ ပြသခြင်းနှင့် သုတ၊ ရသ စာအုပ်စာစောင် ၃၀၀ ကျော်တို့ကို ပြသခဲ့ရာ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများက စိတ်ဝင်တစား ကြည့်ရှုလေ့လာခဲ့ကြသည်။

အခမ်းအနားသို့ နေပြည်တော် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဒေါ်သင်းသင်းဇင်၊ လက်ထောက်ညွှန်ကြားရေးမှူး ဦးစိုးပိုင်နှင့် ဝန်ထမ်းများ၊ အမှတ်(၃) အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းအုပ်ကြီးနှင့် ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ တက်ရောက်ခဲ့ကြောင်း သိရသည်။

(ရွှေကုက္ကို)

၄၀ မမ ပုံးသီးဟောင်းအား ဆော့ကစားရာမှ ပေါက်ကွဲမှုဖြစ်ပွား ကလေး ငါးဦးဒဏ်ရာရ၊ နှစ်ဦးသေဆုံး

ကော့ကရိတ် ဇန်နဝါရီ ၂၀

ကရင်ပြည်နယ် ကော့ကရိတ်မြို့နယ်အတွင်း ဇန်နဝါရီ ၂၀ ရက် မွန်းလွဲ ၁၂ နာရီခွဲက အံကလော်ရွာ ဘုန်းကြီးကျောင်း၏ မြောက်ဘက်ကိုက် ၁၀၀ ခန့် မြောင်းကူးတံတားအောက်တွင် ၄၀ မမ ပုံးသီးဟောင်းတစ်လုံးကို ကုလား(ခ) စောအောင်မျိုးဝင်း(၈နှစ်) ရွာသစ်ကုန်းရွာ တတန်ကူးအုပ်စုနေသူက ကောက်တွေ့ပြီး ဆော့ကစားရာမှ ပေါက်ကွဲမှုဖြစ်သဖြင့် အနီးတွင်ရှိသူ စောအောင်မင်း (၁၀နှစ်)မှာ ဒဏ်ရာများဖြင့် ကော့ကရိတ် ဆေးရုံကြီးအရောက် မွန်းလွဲ ၂ နာရီ ၅ မိနစ်တွင် သေဆုံးသွားခဲ့ကြောင်း စစ်ဆေးတွေ့ရှိရသဖြင့် ဖြစ်ရပ်မှန်အား စုံစမ်းစစ်ဆေးဖော်ထုတ်နိုင်ရန်အတွက် ကော့ကရိတ် မြို့မရဲစခန်းမှူးက အမှုဖွင့်ထားသည်။

အဆိုပါ ပုံးသီးဟောင်းပေါက်ကွဲမှုတွင် စောအောင်မျိုးဝင်း(၈နှစ်)မှာ ဒဏ်ရာများဖြင့် ပွဲချင်းပြီးသေဆုံးခဲ့ပြီး ရွာ၏ခလေ့အရ ဆေးရုံသို့ ခေါ်ဆောင်၍မရကြောင်း၊ ချစ်တူလေး(၈နှစ်) အံကလော်ရွာ၊ ဖာဆိုကေးသူ (၆နှစ်) ရွာသစ်ကုန်းရွာ၊ ထွန်းဝင်းဦး (၆နှစ်) အံကလော်ရွာ၊ စောလားဘွယ် (၈နှစ်) ရွာသစ်ကုန်းရွာနှင့် မင်းသီဟ(၈နှစ်) ရွာသစ်ကုန်းရွာနေသူတို့တွင် ပေါက်ပြဲဒဏ်ရာများရရှိခဲ့ကြောင်း သိရသည်။ **စိုးထက်အောင် (ကော့ကရိတ်)**

ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

၁။ နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်း၊ ဥပဒေပုဒ်မ ၉ အရ နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုထားပြီးဖြစ်သည့် ရှမ်းပြည်နယ် လားရှိုးမြို့ ရပ်ကွက်(၁၂) နယ်မြေ (၁၉) မန်ဆူရှမ်းကျောင်းနောက်၊ ဟူးမွန်လမ်း၊ အမှတ် (၅/၁၉/၇၆၄)တွင် ပါတီရုံးချုပ်တည်ရှိသော **ကိုးကန့်ဒီမိုကရေစီနှင့် ညီညွတ်ရေးပါတီ**သည် ယင်းပါတီ၏တံဆိပ်ကို ဖော်ပြပါအတိုင်း ပြောင်းလဲအသုံးပြုမည်ဖြစ်ကြောင်း တင်ပြလာပါသည်။

၂။ ယင်းအဖွဲ့အစည်းက အသုံးပြုမည့် ပါတီတံဆိပ်ကို ကန့်ကွက်လိုကယခုကြေညာသည့်နေ့မှစ၍ ခုနစ်ရက်အတွင်း ခိုင်လုံသောအထောက်အထားများဖြင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်း၊ နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းနည်းဥပဒေ ၁၄(ဃ)အရ အများသိစေရန် ကြေညာအပ်ပါသည်။

ကိုးကန့်ဒီမိုကရေစီနှင့် ညီညွတ်ရေးပါတီ၏တံဆိပ်ပုံစံ

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

ရွှေ့ပြောင်းသွားလာအလုပ်လုပ်ကိုင်ရာ ကြိုတင်လေ့လာဘေးကင်းကွာ

မြစ်ကြီးနားမြို့၌ မီးလောင်မှုဖြစ်ပွား

မြစ်ကြီးနား ဇန်နဝါရီ ၃၀

ယနေ့မွန်းလွဲ ၁ နာရီ မိနစ် ၅၀ က မြစ်ကြီးနားမြို့ မြေမြင့်ရပ်ကွက် ပြည်ထောင်စုလမ်းမကြီး အိမ်နံပါတ် ၂၂၀ တွင်နေထိုင်သော ဦးစိုးမြင့် နေအိမ်တွင် ပုံးထဲသို့ ဓာတ်ဆီထည့်ရာမှ မီးလောင်မှုဖြစ်ပွားခဲ့ရာ ၎င်း၏ သွပ်မိုးပျဉ်ကာနှစ်ထပ်အိမ်နှင့် နေအိမ်ဆိုင်ခန်းများ မီးလောင်ကျွမ်းပျက်စီးဆုံးရှုံးခဲ့သည်။ မီးလောင်မှုဖြစ်ပွားရာသို့ မီးသတ်ယာဉ် ငါးစီးနှင့် မြို့နယ်မီးသတ်ဝန်ထမ်းများ ဝိုင်းဝန်းငြိမ်းသတ်ခဲ့ရာ မွန်းလွဲ ၂ နာရီ ၄၅ မိနစ်ခန့်တွင် မီးညွှန့်ကျိုးခဲ့ကြောင်း သိရသည်။ **စိန်ဝင်း(iprd)**

အိတ်ဖွင့်တင်ဒါ(Open Tender)ခေါ်ယူခြင်း

၁။ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ လမ်းဆောက်လုပ်ရေးစီမံကိန်းအထူးအဖွဲ့(၅)မှ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်တွင် ကယားပြည်နယ်၏ ပြည်ထောင်စုအထူးပြင်ဆင်ထိန်းသိမ်းခြင်း ရန်ပုံငွေဖြင့် ဆောင်ရွက်နေသော တောင်ငူ-မော်ချီး-လွိုင်ကော်လမ်း မိုင် ၉၉/၀-၁၀၀/၀ (မော်ချီးအောက်ရွာ)အတွင်း ကတ္တရာခင်းခြင်းလုပ်ငန်းတွင် အသုံးပြုရန်လိုအပ်သော ကျောက်အရွယ်စုံစုစုပေါင်း (၉၈၇)ကျင်းအား မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်။

၂။ ဝယ်ယူလိုသည့် ပစ္စည်းအသေးစိတ်စာရင်းများကို ခရိုင်အင်ဂျင်နီယာမှူးရုံး (ဘော်လခဲခရိုင်)တွင် စုံစမ်းနိုင်ပါသည်။

၃။ တင်ဒါလျှောက်လွှာပုံစံများကို ဘော်လခဲခရိုင်အင်ဂျင်နီယာမှူးရုံး (ဖုန်း-၀၈၃-၅၀၁၀၂)တွင် ၂၉-၁-၂၀၁၅ရက်မှစ၍ ရုံးချိန်အတွင်း ဝယ်ယူနိုင်ပါသည်။

တင်ဒါလျှောက်လွှာပိတ်ရက်၊ အချိန်	-	၉-၂-၂၀၁၅ရက် (၁၆း၃၀)နာရီ
တင်ဒါတင်သွင်းရမည့်ရက်၊ အချိန်	-	၁၀-၂-၂၀၁၅ရက် (၁၀း၀၀)နာရီ
တင်ဒါပေးသွင်းရမည့်အဖွဲ့	-	ဒုတိယအင်ဂျင်နီယာမှူးကြီးရုံး၊ လမ်းအထူးအဖွဲ့(၅)၊ပျဉ်းမနားမြို့၊ ဖုန်း-၀၆၇-၂၁၁၀၂
တင်ဒါစိစစ်ရွေးချယ်မည့်နေရာ	-	ခရိုင်အင်ဂျင်နီယာမှူးရုံး၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ကယားပြည်နယ်၊ ဘော်လခဲမြို့၊ ဖုန်း-၀၈၃-၅၀၁၀၂

အသေးစိတ်အချက်အလက်များအား ရုံးချိန်အတွင်း စုံစမ်းမေးမြန်းနိုင်ပါသည်။

တင်ဒါစိစစ်ရေးကော်မတီ

ဖခင်အမည်မှန်

သဃ်န်းကျွန်းမြို့၊ ဆ/ကရပ်ကွက်၊ အမက (၉)ကျောင်းတွင် စတုတ္ထတန်း၌ ပညာသင်ကြားနေသော မောင်သက်မောင်မှူး၏ဖခင်အမည်မှန်မှာ ဦးသိန်းဦး ၁၂/ရကန(နိုင်)၀၁၉၁၆၄ဖြစ်ပါသည်။ **မောင်သက်မောင်မှူး**

သက်ဆိုင်သူများသိစေရန်ကြေညာချက်

၁။ ယဉ်ကျေးမှုအမွေအနှစ်ဒေသများ ကာကွယ်ထိန်းသိမ်းရေးဥပဒေနှင့်အညီ ယဉ်ကျေးမှုဝန်ကြီးဌာနက ယဉ်ကျေးမှုအမွေအနှစ်ဒေသများကို ကာကွယ်ထိန်းသိမ်း စောင့်ရှောက်လျက်ရှိပါသည်။

၂။ ယင်းသို့ ကာကွယ်ထိန်းသိမ်းစောင့်ရှောက်လျက်ရှိသော ဒေသ၊ ဇုန်များအတွင်း တားမြစ်ထားသော အဆောက်အအုံများကို မည်သူ့ကိုမျှ ဆောက်လုပ်ခွင့်မပြုပါ။ ကြိုတင်ခွင့်ပြုချက်ပေးခြင်းမျိုးလည်း မရှိပါ။

၃။ ယင်းသို့တားမြစ်ကန့်သတ် သတိပေးပြီးဖြစ်ပါလျက် ဖောက်ဖျက်ကျူးလွန်သူ မည်သူ့ကိုမဆို တည်ဆဲတရားဥပဒေများနှင့်အညီ အရေးယူ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း သက်ဆိုင်သူများ သိရှိစေရန် သတိပေးကြေညာအပ်ပါသည်။

ယဉ်ကျေးမှုဝန်ကြီးဌာန၏ လွှဲအပ်ညွှန်ကြားချက်အရ-

ဦးဟန်ညွှန့်(ဥပဒေ)
တရားလွှတ်တော်ရှေ့နေ(စဉ်-၃၄၅၂/၁၉၈၅)
အိမ်အမှတ်(၉)၊ ကံ့ကော်လမ်း၊ မင်္ဂလာဒီပရပ်ကွက်၊ ပုဗ္ဗသီရိမြို့ (နေပြည်တော်ဘူတာကြီးရှေ့)
ဖုန်း-၀၉-၈၆၁၉၇၂၇၊ ၀၉-၅၀၀၁၀၈၁

ပျောက်ဆုံးကြောင်း

(1) U Ko Ko Zaw 10/Ma La Ma(N)133966
(2) U Khin Maung Latt 10/Ma La Ma(N)133775 ၏
Licence No (1) ISP 3 14-15 31411 (14-01-15)
No (2) ISP 3 14-15 31410 (14-01-15)၊မှတ်ပုံတင်မူရင်းနှင့် သန်းခေါင်စာရင်းမူရင်းများမှာ လုပ်ငန်းဆောင်ရွက်နေစဉ် ပျောက်ဆုံးသွားပါသဖြင့် မိတ္တူမှန်ပြန်လည်လျှောက်ထားရန်အတွက် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၅၀၀၂၅၀၉၇၊ ၀၉-၉၇၅၄၄၁၉၇၈

မြန်မာ့ဆိပ်ကမ်းအာဏာပိုင် အလုပ်ပိတ်ရက်ကြော်ငြာ

ရန်ကုန်ဆိပ်ကမ်းရှိ တံတားများ၊ ကုန်လှောင်ရုံများနှင့် ချလန်ရုံးများကို ၂၀၁၅ခုနှစ် ဖေဖော်ဝါရီ ၁၂ရက် (ပြည်ထောင်စုနေ့)တွင် ပိတ်ထားမည်ဖြစ်ပါ၍ ကုန်တင်/ကုန်ချနှင့် ကုန်ထုတ်ယူလိုပါက ပိတ်ရက်ခကြေး ပေးဆောင်ရမည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

ပျောက်ဆုံးကြောင်း

ကျွန်မ ဒေါ်သင်းကြည် ၁၂/မဂတ(နိုင်)၀၅၉၀၀၃ အမည်ဖြင့် တင်သွင်းလာသော NISSAN (AD VAN)2009 Model သွင်းကုန်ပါမစ်အမှတ်(ISP IDV8 14-15 11844 05/06/14)သွင်းကုန်ပါမစ်မူရင်းပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါကအောက် ဖော်ပြပါဖုန်းနံပါတ်များသို့ ဆက်သွယ်အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၇၃၂၄၀၉၂၈၊ ၀၉-၂၅၆၃၂၃၅၇၃

ပျောက်ဆုံးကြောင်း

ကျွန်တော် ကိုဝင်းစိုး ၁၀/မလမ(နိုင်)၁၈၄၇၀၇ ပတ်(စ်)ပို့ နံပါတ် M - ၆၃၉၉၀၃နှင့် ကျွန်မ မနှင်းအိဖြူ ၁၂/ပဘတ (နိုင်)၀၂၇၆၈၁ ပတ်(စ်)ပို့နံပါတ် M -၂၉၆၆၉၅ တို့ပျောက်ဆုံးသွားပါ၍ တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၃၀၂၀၆၁၅၇

ပြည်တွင်းသတင်း

ပိုလ်ချုပ်မွေးနေ့အကြို အင်ပူမြို့နယ် လွှတ်တော်ကိုယ်စားလှယ်များဖလား ဘောလုံးပြိုင်ပွဲကျင်းပ

အင်ပူ ဇန်နဝါရီ ၃၀

အင်ပူမြို့နယ် ပြည်သူ့အားကစားကွင်း၌ ဇန်နဝါရီ ၂၈ ရက် ညနေ ၃ နာရီက ဗိုလ်ချုပ်နှစ် (၁၀၀) ပြည့်မွေးနေ့အကြို အင်ပူမြို့နယ် လွှတ်တော်ကိုယ်စားလှယ်များဖလား ဘောလုံးပြိုင်ပွဲဖွင့်ပွဲအခမ်းအနား ကျင်းပခဲ့သည်။

ရှေးဦးစွာ ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးသိန်းအောင်က အမှာစကားပြောကြားပြီး အင်ပူမြို့မ လူငယ်အသင်းနှင့် အင်ပူအရှေ့ခြမ်းအသင်းတို့ ယှဉ်ပြိုင်မှုကို ကြည့်ရှုအားပေး သည်။

အဆိုပါအခမ်းအနားသို့ ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများတက်ရောက်ခဲ့ကြောင်းနှင့် အင်ပူမြို့နယ်အတွင်းရှိ ရပ်ကွက်/ ကျေးရွာအုပ်စုများမှ ပြိုင်ပွဲဝင်အသင်း ၁၅သင်း ပါဝင်ယှဉ်ပြိုင်မည်ဖြစ်ကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

မြန်မာနိုင်ငံပြန်တမ်း

ဝန်ထမ်းအဖွဲ့ အစည်းအကြီးအမှူးများ အတည်ပြုခန့်ထားခြင်းနှင့် ဝန်ထမ်းအဖွဲ့ အစည်းအကြီးအမှူးခန့်ထားခြင်း

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် အောက်ဖော်ပြပါ ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများအား အစမ်းခန့်ကာလ (၁)နှစ်ပြည့်မြောက်သည့်နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည်-

	အမည်	ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ရာထူး၊ဌာန
(က)	ဒေါ်လှလှကြည်	ဦးဆောင်ညွှန်ကြားရေးမှူး မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း စွမ်းအင်ဝန်ကြီးဌာန
(ခ)	ပါမောက္ခဒေါက်တာမြင့်ဟန်	ညွှန်ကြားရေးမှူးချုပ် အစားအသောက်နှင့် ဆေးဝါး ကွပ်ကဲရေးဦးစီးဌာန ကျန်းမာရေးဝန်ကြီးဌာန

၂။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် ရထားပို့ဆောင်ရေးဝန်ကြီးဌာန၊ ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးချစ်ကိုကိုအား ယင်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်အဖြစ် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်။

ပခုက္ကူတက္ကသိုလ်၌ ကာယအလှမယ် ယှဉ်ပြိုင်ရွေးချယ်

ပခုက္ကူ ဇန်နဝါရီ ၃၀

ပခုက္ကူတက္ကသိုလ် ၂၀၁၄-၂၀၁၅ ပညာသင်နှစ် အားကစားနှင့် ကာယပညာကော်မတီက ကြီးမှူးကျင်းပသော ကာယအလှမယ်ပြိုင်ပွဲကို ယနေ့နံနက် ၉ နာရီခွဲတွင် ပခုက္ကူတက္ကသိုလ် ပင်မဆောင်ဘွဲ့နှင်းသဘင်ခန်းမ၌ကျင်းပရာ ပခုက္ကူတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာဦးချိုက ကျင်းပရခြင်း ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားပြီး ကာယအလှမယ် ကျောင်းသူ ၁၅ ဦးတို့ ဝင်ရောက်ယှဉ်ပြိုင်ကြသည်။

ယင်းနောက် ကာယအလှမယ် ကျောင်းသူများက တစ်ဦးချင်းစီ စိတ်ကြိုက်ကိုယ်ဟန်အလှပြသ ယှဉ်ပြိုင်ကြရာ ဆန်ခါတင်ခုနစ်ဦးရွေးချယ်ထားပြီး ဆက်လက်ယှဉ်ပြိုင်ရာ ပထမ ခါးနံပါတ် (၆) မမေမြတ်မျိုးဝေ (ရုက္ခဗေဒ)၊ ဒုတိယခါးနံပါတ် (၁၃) မပိုးအိခိုင်(ဓာတုဗေဒ)၊ တတိယ ခါးနံပါတ် (၉) မမေသူနှင်း (သင်္ချာ) တို့ရရှိကြပြီး ဆုများကို ပခုက္ကူတက္ကသိုလ်ပါမောက္ခချုပ် ဒေါက်တာဦးချို၊ ဒဿနိကဗေဒဌာနမှူး ပါမောက္ခ ဒေါက်တာဘိုးထိုက်နှင့် မြန်မာစာဌာနမှူး ပါမောက္ခဒေါက်တာ စန္ဒာစိုးတို့က ပေးအပ်ချီးမြှင့်ကြောင်း သိရသည်။

အောင်(မန်းတက္ကသိုလ်)

မန်းရွှေစက်တော်ဗုဒ္ဓပူဇနီယပွဲဈေးအတွင်း လိုင်စင်မဲ့ အရက်ရောင်းချသူများအား သက်ဆိုင်ရာက အရေးယူ

မင်းဘူး ဇန်နဝါရီ ၃၀

မင်းဘူး(စကု) မြို့နယ်ရှိ မန်းရွှေစက်တော် ဗုဒ္ဓပူဇနီယပွဲဈေးအတွင်း ဇန်နဝါရီ ၂၉ ရက်က လိုင်စင်မဲ့ အရက်ရောင်းချသူနှစ်ဦးကို သက်ဆိုင်ရာက ဖမ်းဆီးအရေးယူခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ထိုနေ့ညနေ ၆ နာရီက ရွှေစက်တော်ရဲကင်းစခန်းမှ ဒုရဲအုပ်သိန်းနိုင်နှင့် အဖွဲ့သည် မစန်းငွေ (၄၂ နှစ်) မကွေးမြို့နေသူ၏ ရွှေမြင့်မိုရ်အောင် စားသောက်ဆိုင်၌ အရက်သေစာများ ရောင်းချနေကြောင်း သတင်းအရ သက်သေများနှင့်သွားရောက်စစ်ဆေးခဲ့ရာ Grand Royal အရက်စိပ်ပြား ၃၉ပြား၊ မြန်မာဘီယာ ၁၉ လုံး၊ မြန်မာရမ်စိပ်ပြား လေးပြား၊ ဖန်ခွက်သုံးလုံးတို့ကို သိမ်းဆည်းရမိခဲ့သဖြင့် လိုင်စင်မဲ့အရက် ရောင်းချသူ မစန်းငွေကို မင်းဘူးမြို့နယ် (စကု) နယ်မြေ ရဲစခန်းက ယစ်မျိုးဥပဒေပုဒ်မဖြင့်လည်းကောင်း၊အဆိုပါနေ့ ညနေ ၅ နာရီက ရွှေစက်တော်ရဲကင်းစခန်းမှ ဒုရဲအုပ်နောင်နောင်နှင့် အဖွဲ့သည် ချိုပြုံး (၅၄နှစ်) မင်းဘူး(စကု)မြို့နယ်နေသူ၏ မန်းရွှေစက်တော်ဝင်း ပျံကျတဲ၌ လိုင်စင်မဲ့ အရက်များ ရောင်းချနေကြောင်း သတင်းအရ သွားရောက်စစ်ဆေးခဲ့ရာ Grand Royal အရက်အပိုင်းပြား ကိုးပြား၊ မြန်မာဘီယာ ရှစ်လုံးတို့ကို သိမ်းဆည်းရမိခဲ့သောကြောင့် ချိုပြုံးကို မြို့နယ်(စကု)နယ်မြေရဲစခန်းက ယစ်မျိုး ဥပဒေပုဒ်မဖြင့်လည်းကောင်း အမှုဖွင့် အရေးယူထားကြောင်း သိရသည်။

ကျော်ဇေယျ(မကွေး)

သဲတင်ယာဉ်ဖြတ်သန်းစဉ် ချောင်းကူးတံတားကျိုးကျ

နေပြည်တော် ဇန်နဝါရီ ၃၀

သဲတင်ယာဉ်ဖြတ် သန်း မှုကြောင့် တံတားကျိုးနေသည်ကို တွေ့ရစဉ်။

နေပြည်တော်ကောင်စီနယ်မြေ ပျဉ်းမနားမြို့နယ် ဘောဂဝတီရပ်ကွက်နှင့် ကင်ပွန်းတန်းအုပ်စု အာဟာရသုခဈေးသို့သွားရာ ခရေလမ်းမကြီးပေါ်ရှိ ငါးလိုက်ချောင်းကိုဖြတ်၍ တည်ဆောက်ထားသော တံတားခံနိုင်ဝန်တန်ချိန် သုံးတန်ရှိ သံပေါင်ဘေလီ တံတားကြီးသည် ယနေ့မွန်းလွဲ ၁၂ နာရီ ၁၅ မိနစ်က ယာဉ်တစ်စီးဖြတ်သန်းစဉ် ကျိုးကျပျက်စီးသွားသည်။ ဖြစ်စဉ်မှာ ပျဉ်းမနားမြို့ ဘောဂဝတီရပ်ကွက် ခရေလမ်းမကြီးအတိုင်း မြောက်မှတောင်သို့ ယာဉ်မောင်း အောင်ထူး (၃၃ နှစ်) ဇေယျာသီရိမြို့နယ်နေသူ မောင်းနှင်လာသော YGN..5G/... ဖောကားသုံးတန်ယာဉ်သည် သဲနှစ်တန်တင်ဆောင်၍ ၎င်းတံတားကိုဖြတ်ကျော်စဉ် ခံနိုင်ဝန်နှင့်မညီမျှ၍ တံတားကျိုးခဲ့ရာ ၂၅ ပေခန့် ကျိုးကျပျက်စီးဆုံးရှုံးခဲ့သည်။

အဆိုပါတံတားသည် ပျဉ်းမနားမြို့နယ်အနီးရှိ ရပ်ကွက်များ၊ ရွာကောက်ရပ်ကွက်၊ ဘောဂဝတီရပ်ကွက်၊ ကင်ပွန်းတန်းကျေးရွာတို့ကို အဓိက ဆက်သွယ်ပေးထားပြီး မြို့ပေါ်နေပြည်သူများနှင့် ရပ်ကွက်အသီးသီးရှိ ပြည်သူများအသုံးပြုများသော တံတားတစ်စင်းဖြစ်ပြီး နေ့စဉ် ကင်ပွန်းတန်း အာဟာရသုခဈေးသို့ ကုန်စည်ရောင်းဝယ်ရေး၊ ဖြန့်ဖြူးရေးအတွက် ကိုယ်ပိုင်ကားငယ်များ၊ ဆိုင်ကယ်များဖြင့် အသုံးပြုများလျက်ရှိကြောင်း သိရသည်။

တံတားအား ဖြတ်သန်းအသုံးပြုသူတစ်ဦးက "ဒီတံတားက အဘွားတို့လို ဒေသခံပြည်သူတွေအတွက် အလွန်အရေးပါတယ်၊ လမ်းပန်း ဆက်သွယ်ရေးအတွက် မရှိမဖြစ်လိုအပ်တယ်။ တာဝန်ရှိသူတွေက အမြန်ဆုံး ပြန်ပြီးပြုပြင်ပေးစေလိုပါတယ်" ဟု ပြောကြားသည်။

အခင်းဖြစ်ပွားရာသို့ ပျဉ်းမနားမြို့နယ် အုပ်ချုပ်ရေးမှူးနှင့်အဖွဲ့၊ မြို့နယ်ရဲတပ်ဖွဲ့မှူး၊ စည်ပင်အုပ်ချုပ်ရေးမှူး နေပြည်တော် ယာဉ်ထိန်းတပ်ဖွဲ့ဝင်တို့ ရောက်ရှိစစ်ဆေးခဲ့ပြီး အဆိုပါယာဉ်ကို ကရိန်းကားကြီးဖြင့် ဖယ်ရှားရှင်းလင်းပေးသည်။ ယာဉ်မောင်း အောင်ထူးအား ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်နိုင်ရန်အတွက် စစ်ဆေးလျက်ရှိကြောင်း သိရသည်။

သတင်း-မျိုးဇေယျာ(ပျဉ်းမနား)
ဓာတ်ပုံ-ကိုမျိုး

မရမ်းကုန်းမြို့နယ်၌ မီးလောင်မှုဖြစ်ပွား

မီး လောင်မှု ဖြစ်ပွားနေသည်ကို တွေ့ရစဉ်။ ဓာတ်ပုံ-မျိုးမင်းသိန်း (မရမ်းကုန်း)

ရန်ကုန် ဇန်နဝါရီ ၃၀

ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ် အောင်သိဒ္ဓိလမ်းမကြီးပေါ် အခြေခံစားသုံးသူ (၃/၃) သမဝါယမဆိုင်၌ ယနေ့နံနက် ၃ နာရီ ၁၀ မိနစ်က မီးလောင်မှုဖြစ်ပွားကြောင်း အုပ်ချုပ်ရေးမှူး ဦးလှထွေး ဖုန်းဆက်သတင်းပေးချက်အရ သိရသည်။

ဖြစ်စဉ်မှာ မရမ်းကုန်းမြို့နယ် (၃) ရပ်ကွက် အောင်သိဒ္ဓိလမ်းမကြီးနှင့် အောင်သိဒ္ဓိကျောင်း လမ်းထောင့် အမှတ် (၇၁) အုတ်ညှပ်၊ သွပ်မိုးနှစ်ထပ်၊ (၃/၃) ခေတ်လိုက် သမဆိုင် ပေ (၃၀ × ၂၅) အဆောက်အအုံတစ်လုံး လျှပ်စစ်ဓားမိန်းအပူလွန်ကဲ၍ မီးစတင်လောင်ကျွမ်းခဲ့ကြောင်း သိရသည်။

မီးလောင်ရာသို့ မီးငြိမ်းသတ်ယာဉ် ၂၄ စီး၊ အထောက်အကူပြုယာဉ်ငါးစီး၊ အုပ်ချုပ်မှုယာဉ်လေးစီး၊ လူနာတင်ယာဉ်သုံးစီး၊ သန္ဓေမီးသတ် ၁၇၉ ဦး၊ အရန်မီးသတ် ၈၉ ဦး၊ ကြက်ခြေနီတပ်ဖွဲ့ဝင် ၄၀ တို့ ရောက်ရှိ ငြိမ်းသတ်ရာ နံနက် ၃ နာရီ မိနစ် ၄၀ တွင် မီးလုံးဝငြိမ်းသွားသည်။

မီးလောင်ကျွမ်းမှုကြောင့် အဆောက်အအုံတစ်လုံးနှင့်ကပ်လျက် သုံးထပ်နှစ်ခန်းတွဲတိုက်မှ အခန်းနှစ်ခန်း မီးစွဲလောင်ခဲ့ပြီး အဆောက်အအုံ အောက်ထပ် မော်တာပြုပြင်ကွိုင်ပတ်လုပ်ငန်း၊ ကုန်ခြောက်ဆိုင်၊ ထမင်းဟင်းအရောင်းဆိုင်များအနက် ထမင်းရောင်းသူ ကျော်ထွေး (၅၀ နှစ်)ကို ဘုရင့်နောင်နယ်မြေ ရဲတပ်ဖွဲ့စခန်း အမှုစစ်ဒုတိယရဲအုပ် တင်နိုင်ဇော်က မီးပေါ့ဆမှုဖြင့် စစ်ဆေးအရေးယူထားကြောင်း သိရသည်။

(၀၁၅)

ကြော်ငြာ

Southeast Asia feel the warmth ASEAN

ကျေးဇူးတင်လွှာ

အာဆီယံခရီးသွားဖိုရမ်နှင့်အတူ ခရီးသွားကဏ္ဍဆိုင်ရာ အစည်းအဝေးများ၊ ကွန်ဖရင့်နှင့် ခရီးသွားပြပွဲတွင် ခရီးစဉ်ရောင်းသူနှင့် ဝယ်သူတို့ တွေ့ဆုံခြင်း၊ နိုင်ငံအလိုက် မီဒီယာများအား တွေ့ဆုံရှင်းလင်းခြင်း၊ တက်ရောက်သူများအား နေ့လယ်စာ ညစာတို့ဖြင့် ဧည့်ခံကျွေးမွေးခြင်းနှင့် ဖျော်ဖြေခြင်းအစရှိသည့် အစီအစဉ်များကို ၂၀၁၅ ခုနှစ် ဇန်နဝါရီလ ၂၂ ရက်နေ့မှ စတင်ကျင်းပခဲ့ရာ ၂၉ ရက်နေ့ ညပိုင်းတွင် အောင်မြင်စွာ ကျင်းပနိုင်ခဲ့ပြီဖြစ်သည်။

ယင်းသို့ အောင်မြင်စွာ ကျင်းပနိုင်ရန်အတွက် နိုင်ငံတော်သမ္မတကြီး၏ လမ်းညွှန်မှာကြားမှု၊ မူဝါဒချမှတ်ပေးမှု၊ အာဆီယံခရီးသွား ဖိုရမ်ဖွင့်ပွဲအခမ်းအနားတွင် အဖွင့်မိန့်ခွန်းမြွက်ကြားပေးမှု၊ ညစာစားပွဲအခမ်းအနားသို့ တက်ရောက်ချီးမြှင့်အားပေးမှုများသည်လည်းကောင်း၊ နိုင်ငံတော်ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းနှင့်အတူ အမျိုးသားခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေး ဗဟိုကော်မတီဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးညဏ်ထွန်း၏ ကြီးကြပ်ဆောင်ရွက်ပေးမှုများသည်လည်းကောင်း၊ ပြည်ထောင်စုအစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ ပြည်နယ်/တိုင်းဒေသကြီး အစိုးရအဖွဲ့များ၏ ကူညီစောင့်ရှောက်ပေးမှုများသည်လည်းကောင်း၊

ပုဂ္ဂလိကပြည်တွင်း/ပြည်ပလုပ်ငန်းရှင်များ၊ ကုမ္ပဏီအုပ်စုများ၊ အသင်းအဖွဲ့များ၊ လုပ်ငန်းကော်မတီများ၏ အဘက်ဘက်မှ ပံ့ပိုးကူညီ အားပေးမှုများသည်လည်းကောင်း၊

ဤအာဆီယံခရီးသွားဖိုရမ် စည်ကားသိုက်မြိုက်စွာဖြင့် ကျင်းပနိုင်ခဲ့ခြင်း၏ အခြေခံအကြောင်းရပ်များဖြစ်ပါသဖြင့် ယင်းအတွက် အထူးကျေးဇူးတင်ရှိပါကြောင်းနှင့် မြန်မာနိုင်ငံခရီးသွားလုပ်ငန်း စဉ်ဆက်မပြတ် ရှင်သန်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆက်လက်စောင့်ရှောက် ပေးနိုင်ပါရန် မေတ္တာရပ်ခံအပ်ပါသည်။

ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာနမိသားစု
မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းအဖွဲ့ချုပ်နှင့် ညီနောင်အသင်းများ
နှင့်
နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဟိုတယ်များ

ခေ့စပ်ကြောင်းလမ်းပြီးစီးခြင်း

ဦးအောင်မြင့်-ဒေါ်သောင်းသောင်းရှင်တို့၏သား

မောင်လွှမ်းမိုးအောင်

B.Sc(Phy)

နှင့်

ဦးလှသန်း-ဒေါ်ခင်အေးမြင့်တို့၏သမီး

ဒေါက်တာစမ်းနုဝေ

M.B.,B.S (IM 1)

တို့သည် ၂၉-၁-၂၀၁၅ရက်တွင် နှစ်ဖက်သောမိဘများ၏ရှေ့မှောက်တွင် စေ့စပ်ကြောင်းလမ်း ပြီးစီးပါကြောင်း။

နှစ်ဖက်မိဘများနှင့်
လွှမ်းမိုးအောင်-စမ်းနုဝေ

(၁၀)တန်းအောင် O.O.W Class III,
MMMC ကျောင်းဆင်း Class III သင်တန်းများ
Capt. San Moe Aung, Capt. Khin Mg Win, Capt. Min Thuya,
Capt. Min Han, Capt. Win Aung, Capt. Tin Oo, Capt. Aung Tin Win
Ph.D Instructor
16th Feb
Ferry
ECDIS (16-Feb-15), RADAR(2-Feb-15)
SUCCESS
MARITIME ACADEMY
facebook: Success Maritime Academy
No.8, Shwe Mar Lar Yeikmon, Bayintnaung Road, Kamayut Tsp
Ph: 0973142858, 0933363703 Hot Line: 01-531347

ကန့်ကွက်နိုင်ပါကြောင်း

ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်(၁၂၃)၊ မြေကွက်အမှတ်(၅၇)၊ မြေကွက်ရရှိထားသူ ဒေါ်လှလှငွေ ၇/ပမန(နိုင်)၁၁၆၈၉၈ မှ မြေချပါမစ်ထုတ်ပေးပါရန် လျှောက်ထားလာခြင်းနှင့်ပတ်သက်၍ ကန့်ကွက်ရန်ရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း ဤဦးစီးဌာနသို့လာရောက်၍ သက်ဆိုင်ရာ စာရွက်စာတမ်းအထောက်အထားများတင်ပြ၍ ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်သည်အထိ ကန့်ကွက်ခြင်းမရှိပါက မြေချပါမစ်ထုတ်ပေးရေးကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။ **မြေယာရုံးခွဲ(၇)၊ မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန**

7 Stars PGDMA (16)
09-49282366, 09-421052736, 09-799860155

ကြော်ငြာ

စိတ်ပင်ပန်းမှုတွေ ကင်းစင်နေတဲ့
ကျွန်တော့်အတွက် နေ့တိုင်းက
Holiday ပါပဲ
နေ့ရက်တိုင်း အောင်မြင်တက်ကြွစေမည် ...Oramin-C
Oramin-C
Medical
ကျန်းမာမှ ဘဝဟာ အစစအရာရာ အောင်မြင်နိုင်ပါတယ်။ ကိုယ်ခံအား ကောင်းပြီး စိတ်ဖိစီးမှုကင်းဝေးစေဖို့
Oramin-C ကို တစ်နေ့တစ်လုံးသောက်ရန် လိုအပ်ပါတယ်။
ဒီနေ့ပဲ Oramin-Cကို အနီးဆုံးဆိုင်မှာ ရယူလိုက်ပါ။
PACIFIC
Manufactured under License by
Korea Pharma Co., Ltd. Kyeonggi-Do, Korea
For Pacific Pharmaceuticals Pte Ltd.

အောင်မြင်စပြုလာသော အွန်လိုင်းဈေးရောင်းဈေးဝယ်စနစ်

သတင်းဆောင်းပါး
သုရဖြိုး

နိုင်ငံတကာတွင် အွန်လိုင်းမှဈေးရောင်း ဈေးဝယ်သည့်စနစ်ကို တွင်ကျယ်စွာအသုံးပြုနေသည်မှာ ကြာပြီဖြစ်သည်။ ရောင်းလိုသည့်ပစ္စည်း၊ ဈေးနှုန်းနှင့် ငွေလွှဲပေးရမည့် စာရင်းနံပါတ်ကို ဝက်ဘ်ဆိုက်တွင်ကြော်ငြာထားပြီး ဝယ်သူကကြိုက်လျှင် ကြော်ငြာပါငွေစာရင်းသို့ မိမိငွေစာရင်းမှ ငွေလွှဲပေးပါက ဝယ်သည့်ပစ္စည်းကို အရောက်ပို့ဆောင်ပေးသည်။

မြန်မာနိုင်ငံတွင် အင်တာနက်အသုံးများခါစအချိန်ဖြစ်သည့် ၂၀၀၈ ခုနှစ်ခန့်ကစ၍ အွန်လိုင်းမှဈေးရောင်းဈေးဝယ်နိုင်သည့် Online shopping စနစ်ကို စတင်စမ်းသပ်ခဲ့သူများရှိသည်။ သို့သော် အင်တာနက်သုံးသူတိုင်းက ကြော်ငြာကိုမြင်တွေ့နိုင်သည့် စုရပ်နေရာတစ်ခုမရှိသဖြင့် ကြော်ငြာဝက်ဘ်ဆိုက်ကိုမသိခြင်း၊ ဝယ်လိုသည့်ပစ္စည်းကို မျက်မြင်တွေ့မှ ဝယ်လိုခြင်း၊ အွန်လိုင်းငွေပေးချေသည့်စနစ်မရှိခြင်းတို့ကြောင့် အွန်လိုင်းဈေးရောင်းဈေးဝယ်စနစ်မှာ မတွင်ကျယ်ဘဲ ရှိခဲ့သည်။

ဈေးကွက်နေရာဖြစ်လာသော Facebook

ယခုအချိန်အထိလည်း အွန်လိုင်းငွေချေစနစ် အခိုင်အမာမရှိသေးသော်လည်း မိုဘိုင်းအင်တာနက်ကို သုံးသူဦးရေ အလျင်အမြန်တိုးတက်လာခြင်းနှင့် အင်တာနက်သုံးသူတိုင်းက ဖေ့စ်ဘွတ်ခ်ကို သုံးလာခြင်းတို့ကြောင့် ယခင်ကရှိနေသည့်အားနည်းချက်ကို အထိုက်အလျောက်ချေဖျက်လာနိုင်ခဲ့ကာ အွန်လိုင်းဈေးရောင်းစနစ် အဆင်ပြေလာခဲ့သည်။ "ဖေ့စ်ဘွတ်ခ်သုံးတဲ့လူ အလွန်များလာတော့ ဖေ့စ်ဘွတ်ခ်ကရောင်းမှ အဆင်ပြေတယ်။ သူများနိုင်ငံတွေမှာတော့ ကိုယ်ပိုင်ဝက်ဘ်ဆိုက်ကနေ ရောင်းတာပေါ့။ အွန်လိုင်းက ငွေချေတယ်။ ကျွန်တော်တို့ဆီမှာက ဖေ့စ်ဘွတ်ခ်အကောင့်တောင် ဆိုင်သွားဖွင့်နေကြတော့ အွန်လိုင်းငွေချေစနစ်က မလွယ်သေးဘူး"ဟု Air Shop အွန်လိုင်းရှော့ပင်မှ ကိုစိုင်းတင်မင်းလူက ပြောသည်။

ဈေးရောင်းဈေးဝယ်ရာတွင် ပစ္စည်းကို အင်တာနက်တွင်ကြော်ငြာကာ ဝယ်ယူလိုသူက ဖုန်းသို့မဟုတ် မက်စ်ဆေ့မှတစ်ဆင့်မှာယူပြီး ရောင်းချသူက အိမ်အရောက်သွားပို့ကာ ဝယ်ယူသူက ပစ္စည်းလက်ဝယ်ရမှ ငွေချေကြသည်။ ရောင်းသူဘက်မှလည်း မနစ်နာစေရန် ဝယ်သူ၏ အမည်၊ ဖုန်းနံပါတ်၊ လိပ်စာ၊ မှတ်ပုံတင်အမှတ်တို့ကို တောင်းကာ ပစ္စည်းပို့ပေးကြောင်း၊ ဆိုင်တွင်မရှိသည့်ပစ္စည်းများကို ပြည်ပမှ မှာယူပေးပါက တန်ဖိုးနည်းလျှင် ပစ္စည်းရောက်မှ ငွေချေစနစ်ဖြင့်လည်းကောင်း၊ တန်ဖိုးများပါက မမှာယူမီ လူချင်းတွေ့ပြီး စရန်ရယူထားသည့်စနစ်ဖြင့်လည်းကောင်း ရောင်းချရကြောင်း ၄င်းက ဆက်ပြောသည်။

အွန်လိုင်းဈေးရောင်းဝယ်ခြင်းနှင့် အားသာချက်

အွန်လိုင်းမှဈေးရောင်းသည့်စနစ်၏ အားသာချက်မှာ ဆိုင်အရောက်သွားရန်မလိုဘဲ အိမ်မှနေ၍ဝယ်ယူနိုင်ခြင်း၊ ဈေးကွက်တွင်မရှိသေးသော ပစ္စည်းများကိုပါ ဝယ်ယူနိုင်ခြင်းဖြစ်သည်။ ရောင်းသူများက ပြည်တွင်းဈေးကွက်တွင် မရောက်သေးသည့် ပစ္စည်းများကို ရောင်းချနိုင်ရန် ပြည်ပနှင့် ချိတ်ဆက်ထားကြသည်။ ရောင်းချသည့်ပစ္စည်းများအနက် လူကြိုက်များနိုင်သည့်ပစ္စည်းများကို အရေအတွက်များများ ဆိုင်တွင် In stock တင်ထားပြီး လူကြိုက်နည်းနိုင်သော၊ အရင်းအနှီးကြီးသောပစ္စည်းများကို ပြည်ပဈေးကွက်များနှင့် ချိတ်ဆက်ထားကြကာ ဝယ်ယူလိုသူရှိလျှင် မှာပေးကြသည်။ အများဆုံးချိတ်ဆက်ထားသည့် နိုင်ငံမှာ တရုတ်နိုင်ငံဖြစ်သည်။ တရုတ်နိုင်ငံနှင့် ချိတ်ဆက်ထားရာတွင် တရုတ်ပြည်တွင်းအတွက် ထုတ်လုပ်ထားသော ပစ္စည်းဈေးကွက်ကို အများဆုံးချိတ်ဆက်ထားသဖြင့် မြန်မာနိုင်ငံတွင်ဝယ်ယူနိုင်သော တရုတ်နိုင်ငံထုတ်ပစ္စည်းများထက် အရည်အသွေးပိုမိုကောင်းမွန်ကြောင်း ဝယ်ယူသူအချို့က ဆိုသည်။

ဈေးဝယ်သည့်လူတန်းစားမှာမူ အလွှာစုံရှိကြောင်းနှင့် အများအားဖြင့် ပြင်ပအရောင်းဆိုင်ဈေးကွက်တွင် အလွယ်တကူမရနိုင်သော ဒီဇိုင်းဆန်းသည့် နည်းပညာပစ္စည်းများ၊ နာရီများစသည်တို့ကို ဝယ်ယူမှုများကြောင်း၊ အသက်အရွယ်အလိုက် လူကြီးပိုင်းဈေးကွက်က အနှိပ်စက်စသည့်ပစ္စည်းများကို စိတ်ဝင်စားကြကြောင်း၊ ဈေးကွက်တွင်ရှိသည့် ပစ္စည်းအမျိုးအစားများကိုလည်း ဆိုင်သို့သွားမဝယ်လိုသူ၊ ဆိုင်တွင်ဝယ်ရန်အချိန်မရသူတို့က အွန်လိုင်းမှ မှာယူကြကြောင်း Double Y အွန်လိုင်းရှော့ပင်မှ ကိုကံဇော်က ပြောသည်။

အွန်လိုင်းငွေချေစနစ်

အွန်လိုင်းငွေချေစနစ်ကို သုံးသည့်လူဦးရေများလာပါက အွန်လိုင်းရှော့ပင်စနစ်ပို၍ များလာနိုင်ကြောင်း အရောင်းဆိုင်များက ပြောသည်။ သို့သော် ခိုင်မာသော အွန်လိုင်းငွေချေစနစ်တစ်ခုဖြစ်လာရန်မှာ ချက်ချင်းမဖြစ်နိုင်သေးသလို လက်ရှိအင်တာနက်အသုံးပြုနေသူအများစုကလည်း ဖေ့စ်ဘွတ်ကိုသာ အသုံးပြုနေကြသဖြင့် အွန်လိုင်းငွေချေစနစ်ဖြင့်ရောင်းချသည့် အရောင်းအဝယ်စနစ်တစ်ခုဖြစ်လာရန်မှာ အနည်းဆုံး လေးနှစ်၊ ငါးနှစ်ခန့်ကြာနိုင်ဦးမည်ဖြစ်ကြောင်း ခန့်မှန်းကြသည်။

ပိုမိုတိုးတက်လာဖို့

လွန်ခဲ့တဲ့နှစ်နှစ်ခန့်က အစပြုခဲ့ကြသော အွန်လိုင်းရှော့ပင်စနစ်များသည် ယခုအချိန်တွင် ယခင်ကထက်တိုးတက်လာလျက်ရှိကြောင်း သိရသည်။ နေ့စဉ်ဝယ်ယူသူ ၁၅ ဦးခန့်၊ တစ်လလျှင် လူဦးရေ ၄၀၀ မှ ၅၀၀ ခန့်ရှိနေကြောင်းသိရသည်။ လုပ်ငန်းများ ပို၍တိုးတက်လည်ပတ်နိုင်ရန် လုပ်ငန်းရှင်အချင်းချင်း အလုပ်ရုံဆွေးနွေးပွဲများပြုလုပ်ခြင်း၊ နိုင်ငံတကာတွင် သုံးနေသည့်စနစ်များကို လေ့လာခြင်းတို့ လုပ်ရန်လိုကြောင်း ကိုကံဇော်က ပြောသည်။

လက်ရှိလုပ်ငန်းများ

လက်ရှိအချိန်တွင် နည်းပညာနှင့် လူသုံးကုန်ပစ္စည်းများ ရောင်းချသော Air shop, Double Y, Kaymu.com.mm စသည်တို့အပြင် အိမ်၊ ခြံ၊ မြေ၊ ကား စသည်တို့ကိုပါ ရောင်းချနေသည့် ဝက်ဘ်ဆိုက်များရှိနေသည်။ ထို့အပြင် အရောင်းသီးသန့်မဟုတ်ဘဲ မိမိတို့ရောင်းလိုသော ပစ္စည်းများရှိပါကလည်း အင်တာနက်တွင် ကြော်ငြာ၍ရောင်းချနိုင်သည့် Yaungwel.com.mm နှင့် Shop.com.mm ကဲ့သို့သော ဝက်ဘ်ဆိုက်များလည်း ရှိနေပြီဖြစ်ကာ အွန်လိုင်းဈေးရောင်းဝယ်စနစ် ပိုမိုအောင်မြင်လာရေး ကြိုးစားလျက်ရှိကြသည်။

သတင်းတို

ဘားကမ့် ၂၀၁၅ ယနေ့ဖွင့်မည်

၂၀၁၀ ခုနှစ်မှစ၍ နှစ်စဉ်ကျင်းပခဲ့သော ဘားကမ့်ရန်ကုန်၏ (၆)ကြိမ်မြောက် ဘားကမ့်ဖြစ်သည့် Bar Camp Yangon 2015 ကို ဇန်နဝါရီ ၃၁ ရက် နံနက်ပိုင်းတွင် စတင်ဖွင့်လှစ်မည်ဖြစ်ပြီး လှိုင်မြို့နယ် MICT Park , Confrence Hall ၌ နှစ်ရက်ကြာ ကျင်းပသွားမည်ဖြစ်ကြောင်းနှင့် အခြားမြို့များတွင် ဘားကမ့်ကျင်းပလိုသူများ အထောက်အကူဖြစ်စေမည့် Bar Camp Fellow အစီအစဉ်လည်း ဒုတိယအကြိမ်အဖြစ် ပါဝင်ကြောင်း သိရသည်။ **သုရဖြိုး**

မြန်မာမိုဘိုင်း App တစ်ခု ဖွံ့ဖြိုးရေးဆုရရှိ

ရန်ကုန် ဇန်နဝါရီ ၃၀

ဇန်နဝါရီ ၂၁ရက်က ဘန်ကောက်မြို့တွင် နိုင်ငံတကာ NGO အဖွဲ့အစည်း USAID "From the American People" က ဦးဆောင်ကျင်းပသည့် အာရှနိုင်ငံများတွင် မိုဘိုင်းဖုန်းအသုံးပြုကာ လူနေမှုဘဝများ ဖွံ့ဖြိုးတိုးတက်ရေး အစီအစဉ်ပြိုင်ပွဲ၌ မြန်မာအော်ပရေတာတစ်ခုမှ အက်ပလီကေးရှင်းက တတိယဆုရရှိခဲ့ကြောင်း သိရသည်။

မေမေအမည်ရ မိုဘိုင်းအက်ပလီကေးရှင်းကို အော်ရီဒူးဖုန်းသုံးစွဲသူများအတွက် စမ်းသပ်ဖြန့်ဝေထားခြင်းဖြစ်ပြီး မိခင်နှင့်ကလေး၏ ကျန်းမာရေးနှင့် မီးမဖွားခင်၊ မီးဖွားပြီးအချိန်များတွင် လိုအပ်သည့် ဆောင်ရန်ရှောင်ရန်များ ပါဝင်ကာ စမ်းသပ်ကာလပြီးမြောက်သဖြင့် စတင်ဖြန့်ဝေပေးမည်ဖြစ်သည်။

GSMA Connected Women programme နှင့် ပူးပေါင်းကာ အော်ရီဒူးမှ ဖြန့်ဝေခြင်းဖြစ်ပြီး ပြိုင်ပွဲအတွင်း ဘင်္ဂလားဒေ့ရှ်နိုင်ငံက ကျန်းမာရေးရှုထောင့်မှ ဝင်ရောက်ယှဉ်ပြိုင်သောစီမံကိန်းဖြင့် ပထမ၊ စိုက်ပျိုးရေးကဏ္ဍဖြင့် အိန္ဒိယနိုင်ငံကဒုတိယနှင့် မြန်မာအမျိုးသမီးကဏ္ဍဖွံ့ဖြိုးရေးအတွက် အဓိကရည်ရွယ်ခဲ့သောအူရီဒူး၏ May May Application က မြန်မာနိုင်ငံကိုယ်စားပြုအဖြစ် တတိယဆုရရှိခဲ့ခြင်းဖြစ်သည်။ **သုရဖြိုး**

HOT ITEM

ဒီရက်ပိုင်းအတွင်း အန်းဒရွိုက်မိုဘိုင်းဖုန်းသုံးသူတွေ စိတ်ဝင်စားနေတဲ့ ပစ္စည်းတစ်ခုကတော့Google က ထုတ်လုပ်ထားတဲ့ Google Card-board ဖြစ်ပါတယ်။ Google

Cardboard ဟာ အန်းဒရွိုက်ဖုန်းသုံးသူတွေအတွက် ဂူဂဲလ်ရဲ့ လက်ဆောင် အခမဲ့နည်းပညာသစ်တစ်ခုဖြစ်ပြီး ဗီဒီယိုတွေကြည့်တဲ့အခါ ဖုန်းမြင်ကွင်းထဲကို ကိုယ်တိုင်ရောက်သွားသလို ခံစားရစေမယ့် 3D မြင်ကွင်းနည်းပညာဖြစ်ပါတယ်။ Google Cardboard ကိုသုံးဖို့ ဖုန်းထဲမှာထည့်ဖို့ Application တစ်ခုနဲ့ Virtual Reality(VR) မျက်မှန်တစ်ခုလိုပါတယ်။ App ကို Playstore နဲ့ 1Mobile မှာ အခမဲ့ဒေါင်းလုတ်ဆွဲယူနိုင်ပါတယ်။ အခမဲ့ပေးထားတဲ့ နည်းပညာဖြစ်တဲ့အတွက် VR မျက်မှန်ကိုလည်း ကိုယ်တိုင်လုပ်တတ်ရင်လုပ်နိုင်သလို မလုပ်တတ်သူ၊ အလုပ်ရှုပ်မခံလိုသူတွေအတွက်လည်း ဈေးကွက်မှာ စတင်ဝယ်ယူနိုင်ပြီဖြစ်ပါတယ်။ အမျိုးအစားနှစ်ခုကို ပြည်တွင်းမှာရှိတဲ့ အွန်လိုင်းအရောင်းဆိုင်နှစ်ခုမှာ ကြိုတင်မှာယူတဲ့စနစ်နဲ့ စတင်ရောင်းချနေပြီဖြစ်ပြီး ပလတ်စတစ်နဲ့ လုပ်ထားတဲ့မျက်မှန်က ငွေကျပ်နှစ်သောင်းနဲ့ စက္ကူနဲ့လုပ်ထားတဲ့ လက်ဖြစ်အမျိုးအစားက ငွေကျပ်တစ်သောင်းဖြစ်ပါတယ်။ Double Y online shop(၀၉-၄၃၀ ၅၅၆၂၂) နဲ့ Air Shop (၀၉-၇၃၂၄၆၈၀၈) တို့မှာ ရောင်းချနေတာဖြစ်ပြီး အချိန်နှစ်ပတ်ခန့် စောင့်ဆိုင်းရမယ်လို့ သိရပါတယ်။

ကောင်းချီးသာခု+ဂုဏ်ပြုဆုတောင်းလွှာ

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ပိုင်းခရိုင် သန်လျင်မြို့၊ အမှုထမ်းရပ်ကွက်၊ သစ်တော(၃)လမ်းရှိ သဒ္ဓမ္မသီမာရာမကျောင်းတိုက်အတွင်းရှိ ရှေးဟောင်းသမိုင်းဝင် ရဟန္တာသိမ်တော်မြတ်ကြီး (ဘီဘူးမသိမ်)၏ သိမ်ဒါယကာ ဦးသန်းဌေးအား ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်သမ္မတရုံး၏ ဇန်နဝါရီ ၄ရက်၊ (၆၇)နှစ်မြောက် လွတ်လပ်ရေးနေ့တွင်ထုတ်ပြန်သော အမိန့်ကြော်ငြာစာအမှတ် ၁/၂၀၁၅ဖြင့် **သုဓမ္မဇောတိကဓဇဘွဲ့တံဆိပ်တော်**ကို ထိုက်ထိုက်တန်တန် ချီးမြှင့်အပ်နှံခံရခြင်းအတွက် အထူးဂုဏ်ယူဝမ်းမြောက်မိပါကြောင်းနှင့် လောကသာသနာအကျိုးနှစ်ဖြာကို ရှည်ကြာဝေဖြိုးဆတက်တိုး၍ သယ်ပိုးနိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

ပဓာနနာယကဆရာတော်နှင့် သာသနာ့အကျိုးတော်ဆောင်များ
သန်လျင်မြို့

ဒီကရီကို အတည်ပြုလုပ်ရန်အမိန့်မထုတ်သင့်ကြောင်း ထုချေစေရန်
အကြောင်းကြားစာ

(တရားမကျင့်ထုံးဥပဒေအမိန့်-၂၁၊ နည်း-၂၂)
မော်လမြိုင်ကျွန်းမြို့နယ်တရားရုံးတော်၌
၂၀၁၃ ခုနှစ် တရားမအယူခံမှုအမှတ်-၁၇နှင့် ဆက်သွယ်သည့်
၂၀၁၅ ခုနှစ် တရားမဇာရီမှုအမှတ်-၉

ဒေါ်ဆွေဆွေဦး	နှင့်	၁။ ဒေါ်မြမြ ၂။ ဒေါ်တင်တင်ဝင်း
တရားနိုင်		**တရားရှုံးများ**

အမှတ် ၁၃၊ ၁၄လမ်း၊ ၇ရပ်ကွက်၊ မော်လမြိုင်ကျွန်းမြို့နေ (၁) တရားရှုံးဖြစ်သော ဒေါ်မြမြ(ယခုနေရပ်လိပ်စာမသိ)သိစေရမည်။

၂၀၁၃ခုနှစ် တရားမအယူခံမှုအမှတ်(၁၇)တွင်ကျရှိသည့် ဒီကရီကိုအတည်ပြုလုပ်ရန် ဤရုံးတော်တွင် တရားနိုင်က လျှောက်ထားသည်ဖြစ်၍ မည်သည့်အကြောင်းကြောင့် အတည်ပြုလုပ်စေရန် အမိန့်ကိုမထုတ်သင့်ကြောင်း အကြောင်းတစ်ခုရှိလျှင် ပြ၍ချေဆိုရန် သင်ကိုယ်တိုင်ဖြစ်စေ၊ ရုံးတော်အခွင့်အမိန့်အရ ရှေ့နေဖြစ်စေ၊ အကြောင်းပြချေဆိုနိုင်သူ အခွင့်ရကိုယ်စားလှယ်ဖြစ်စေ ၂၀၁၅ခုနှစ် ဖေဖော်ဝါရီ ၆ရက် (၁၃၇၆ခုနှစ် တပို့တွဲလပြည့်ကျော် ၃ရက်) မွန်းမတည့်မီ ၁၀း၀၀နာရီတွင် ဤရုံးတော်ရှေ့လာရောက်စေ။

၂၀၁၅ခုနှစ် ဇန်နဝါရီ ၂၇ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

သူဇာလှိုင်ချို
မြို့နယ်တရားသူကြီး၊ မော်လမြိုင်ကျွန်းမြို့နယ်တရားရုံး

ဖခင်အမည်မှန်

ဖားကန့်မြို့နယ်၊ (လုံးခင်း) အထက်တန်းကျောင်း၊ န၀မတန်း(A)မှ မနန်းယဉ်ယဉ်ထွေး၏ ဖခင်အမည်မှန်မှာ ဦးကျော်သန်းစိန် ဖြစ်ပါသည်။

ဖခင်အမည်မှန်

စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးမြို့ အထက(၁) အဋ္ဌမတန်းမှ မောင်ငြိမ်းချမ်းဦးနှင့် အမက(မူလွန်-တောင်အူ)ပဉ္စမတန်းမှ မစုးရှခင်တို့၏ ဖခင်အမည်မှန်မှာ ဦးမျိုးနိုင် ၅/ကလထ(နိုင်)၂၄၆၄၂၆ ဖြစ်ပါကြောင်း။
ဦးမျိုးနိုင် ၅/ကလထ(နိုင်)၂၄၆၄၂၆

တစ်ဦးတည်းဖြစ်ကြောင်း

မိတ္ထီလာမြို့၊ ၁၂နယ်မြေ၊ အောင်ဇေယျာရပ်ကွက်နေ ဦးညွှန့်၏သား မောင်ညွှန့်ဝင်း ၉/မထလ(နိုင်)၁၃၈၈၉၄နှင့် မောင်ညွှန့်ဝင်းနိုင် တစ်ဦးတည်းဖြစ်ကြောင်း။
မောင်ညွှန့်ဝင်း(ခ)မောင်ညွှန့်ဝင်းနိုင်
၉/မထလ(နိုင်)၁၃၈၈၉၄

နေပြည်တော်မြို့နယ်အသင်း(ရန်ကုန်)နှစ်ပတ်လည်သင်းလုံးကျွတ်အစည်းအဝေးဖိတ်ကြားလွှာ

နေပြည်တော်မြို့နယ်အသင်း(ရန်ကုန်)၏ နှစ်ပတ်လည်အစည်းအဝေး၊ သက်ကြီးပူဇော်ပွဲနှင့် ပညာရည်ချွန်ဆုချီးမြှင့်ပွဲကို အောက်ပါအစီအစဉ်အတိုင်း ပြုလုပ်မည်ဖြစ်ပါ၍ အသင်းသူ အသင်းသားများကြွရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။

၃၁-၁၂-၂၀၁၄ရက်တွင် အသက်(၈၀)ပြည့်နှင့်အထက် အသင်းဝင် အဘိုး အဘွားများ၊ အသင်းဝင်မိဘများနှင့် ၂၀၁၃-၂၀၁၄ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲကို ဂုဏ်ထူးဖြင့်အောင်မြင်ခဲ့ကြသည့် အသင်းဝင်များ၏ သား/သမီးများစာရင်းကို ၁၃-၂-၂၀၁၅ရက် နောက်ဆုံးထား၍ အထောက်အထားပြည့်စုံစွာဖြင့် အောက်ပါဖုန်းနံပါတ်များနှင့် နယ်မြေအမှုဆောင်များထံ ပေးပို့ကြပါရန်နှင့် သက်ကြီးကံစမ်းမဲ အလှူငွေများ လှူဒါန်းကြပါရန် နှိုးဆော်အပ်ပါသည်။

ဥက္ကဋ္ဌဦးကျော်ရီ ဖုန်း-၀၉-၄၂၀၁၄၃၈၃၊ ဒုဥက္ကဋ္ဌ ဦးကျော်သူ ဖုန်း-၀၁-၂၂၃၆၃၃၊ ဒုဥက္ကဋ္ဌ ဦးမြင့်ဆွေ ဖုန်း-၀၉-၇၃၁၈၉၉၉၄၆၊ ဒုဥက္ကဋ္ဌ ဦးလှဝင်း ဖုန်း-၀၉-၄၃၀၃၀၈၈၃၊ အတွင်းရေးမှူးဦးမြင့်သိန်း ဖုန်း-၀၉-၅၁၀၆၇၆၄၊ တွဲဖက်အတွင်းရေးမှူး ဦးဇော်ဝင်း ဖုန်း-၀၉-၅၀၁၇၂၄၀၊ တွဲဖက်အတွင်းရေးမှူး ဦးစိုးဝင်း ဖုန်း-၀၉-၅၁၂၀၇၆၄၊ တွဲဖက်အတွင်းရေးမှူး ဦးမြင့်သိန်း(ဓာတ်မှန်) ဖုန်း-၀၉-၄၀၁၅၅၄၁၀၀

ကျင်းပမည့်ရက် - ၂၂-၂-၂၀၁၅ ရက် (တနင်္ဂနွေနေ့)
ကျင်းပမည့်အချိန် - နံနက် ၈း၀၀ နာရီ
ကျင်းပမည့်နေရာ - ဧရာဝတီတိုင်းဒေသကြီးမွေ့ာရုံ၊ ကြားတောရလမ်း၊ ဗဟန်းမြို့နယ်
(လက်ဆောင်ပစ္စည်းပေးခြင်းနှင့် ကံစမ်းမဲဖောက်ခြင်းအစီအစဉ်ပါရှိပါသည်။)
အမှုဆောင်အဖွဲ့

သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၀)ရပ်ကွက်၊ ဇေယျာလမ်း၊ အမှတ်(၉၆)နေ မောင်ကျော်သန်းထွန်း ၁၂/ဥကတ(နိုင်)၁၄၂၇၃၀သည် မိဘများ၏ ဆိုဆုံးမသွန်သင်ခြင်းကို မနာခံဘဲ ခွင့်မလွှတ်နိုင်သောကိစ္စရပ်များကို အကြိမ်ကြိမ်ပြုလုပ်သွားပါသဖြင့် ၂၇-၁-၂၀၁၅ရက်မှစ၍ သားအဖြစ်မှ ရာသက်ပန်အမွေပြတ်စွန့်လွှတ်ပါကြောင်းနှင့် ၄င်းကိစ္စအဝဝနှင့်ပတ်သက်သော အရှုပ်အရှင်းများကို တာဝန်မယူနိုင်ပါကြောင်း။

ဖခင် ဦးမြင့်စိန် ၁၂/ဥကတ(နိုင်)၀၁၇၇၄၀

ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၅ယ/၆၇၀၂၃ Kenbo 110ယာဉ်လက်ဝယ်ရှိသူ ဒေါ်ဥမ္မာ ၉/သစန(နိုင်)၀၉၂၀၁၃က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး(မိတ္ထီလာမြို့)**

ပြည်တွင်းသတင်း

တရားမဝင်သစ်ခိုးထုတ်မှု ယခင်နှစ်များထက် နှစ်ဆခန့်များလာ

နေပြည်တော် ဇန်နဝါရီ ၃၀

သစ်တောဦးစီးဌာန အနေဖြင့် တရားမဝင် သစ်ခိုးထုတ်မှုများကို ကာကွယ်တားဆီးမှု၊ ဖမ်းဆီးမှုများ အရှိန်အဟုန်မြင့် ဆောင်ရွက်လျက်ရှိသော်လည်း တရားမဝင်သစ်ခိုးထုတ်မှုများသည် ယခင်နှစ်များထက် နှစ်ဆခန့် တိုးမြင့်လျက်ရှိကြောင်း သိရသည်။

" တရားမဝင်သစ်နှင့် သစ်တောထွက်ပစ္စည်းများ ခိုးယူထုတ်လုပ်သယ်ဆောင်နေမှုတွေကို လျော့နည်းသွားအောင် တပ်မတော်တပ်ရင်း၊ တပ်ဖွဲ့၊ နယ်မြေပိုင်အဖွဲ့အစည်းတွေနဲ့ ပူးပေါင်းပြီး ပိတ်ဆို့ရှာဖွေရေးတွေကို ဆက်လက်ပြီး ဆောင်ရွက်သွားမှာပါ။ ယခုလက်ရှိလည်း ဆောင်ရွက်လျက်ရှိပါတယ်။ တရားမဝင်သစ်ခိုးထုတ်လုပ်မှုများတဲ့ မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးနဲ့ ရှမ်းပြည်နယ်၊ နေပြည်တော်၊ မကွေးတိုင်းဒေသကြီးနဲ့ ပဲခူးတိုင်းဒေသကြီးတွေမှာ ပူးပေါင်းပြီး တိုင်းသုံးတိုင်းဆုံရာတွေမှာ စစ်ကြောင်းပုံစံနဲ့ အထူးစီမံချက်များချမှတ်ပြီး ဖမ်းဆီးအရေးယူခြင်းတွေကို ဆောင်ရွက်လျက်ရှိပါတယ်။ နောက်ထပ်ကချင်ပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးတို့ ပူးပေါင်းပြီး ဧရာဝတီမြစ်နဲ့ ချင်းတွင်းမြစ်အတွင်းမှာလည်း မြစ်ကြောင်းများအမြဲတမ်း စိုးမိုးရေးစစ်ကြောင်းပုံစံနဲ့ ဖော်ထုတ်ဖမ်းဆီးအရေးယူမှုတွေကိုဆောင်ရွက်နေပါတယ်။ သစ်တောဌာနများမှလည်း တရားမဝင်သစ်ဖမ်းဆီးရေးကို သတင်းရယူတည်ဆောက်ပြီး ရှောင်တခင်ဝင်ရောက်ရှာဖွေဖမ်းဆီးခြင်း၊ စစ်ကြောင်းပုံစံဖြင့် နယ်မြေရှင်းလင်းရှာဖွေခြင်း၊ သက်ဆိုင်ရာ နယ်မြေတာဝန်ခံများကကိုယ်တိုင်ကြီးကြပ်မှုဖြင့် ရှာဖွေဖမ်းဆီးခြင်းတွေကိုလည်း ဆောင်ရွက်နေပါတယ်" ဟု စစ်ဆေးရေးဌာန ညွှန်ကြားရေးမှူး ဦးပြည့်စုံကပြောသည်။

တရားမဝင်သစ်ခိုးထုတ်မှုများတွင် တရုတ်နိုင်ငံသို့ အများဆုံး ဝင်လျက်ရှိပြီး ထိုင်း၊ ဘင်္ဂလားဒေ့ရှ်၊ အိန္ဒိယ၊ မလေးရှားနှင့် စင်ကာပူနိုင်ငံများသို့ ခိုးထုတ်မှုများရှိကြောင်း သိရသည်။ သစ်တောဝန်ထမ်းများကို တရားမဝင်သစ်များဖမ်းဆီးရာတွင် လုံခြုံရေးကန့်သတ်ချက်ရှိသော နယ်မြေများ၌ လုံလောက်သော လုံခြုံရေးအစောင့်အရှောက်များ မပါဘဲ ဝန်ထမ်းများ သွားရောက်ခြင်းမပြုရန်၊ လိုအပ်ချက်အရ သွားရောက်ဆောင်ရွက်မည်ဆိုပါက သက်ဆိုင်ရာနှင့် ပေါင်းစပ်ညှိနှိုင်း၍ လုံခြုံရေးတောင်းခံဆောင်ရွက်သွားရန် ညွှန်ကြားထားကြောင်း သိရသည်။

" တရားမဝင် သစ်အများဆုံး ခိုးထုတ်နိုင်တဲ့ဒေသတွေ၊ နယ်စပ်ထွက်ပေါက်တွေကတစ်ဆင့် တစ်ဖက်နိုင်ငံကို ခိုးထုတ်နိုင်မယ့် လမ်းကြောင်းတွေမှာ အဓိကထားဖမ်းဆီးအရေးယူမှုတွေ ဆောင်ရွက်နေပါတယ်။ တရားမဝင် သစ်ခိုးယူထုတ်လုပ်မှုတွေ လျော့နည်းပပျောက်ရေးမှာ သစ်တောဝန်ထမ်းများနဲ့ ပြည်သူများကပါ သစ်တန်ဖိုးကို နားလည်သိရှိပြီး အသိစိတ်ဓာတ်ရှိရှိ ပူးပေါင်းပါဝင် ဆောင်ရွက်ဖို့လိုပါတယ်" ဟု ဦးပြည့်စုံက ဆက်လက်ပြောကြားသည်။

တရားမဝင်သစ်များကို ဖော်ထုတ်ဖမ်းဆီးရာတွင် ၂၀၁၄ ခုနှစ် ဧပြီလမှ ၂၀၁၅ ခုနှစ် ဇန်နဝါရီ ၁၆ ရက်နေ့အထိ တရားမဝင် သစ်မျိုးစုံ ၃၇၈၁၁ ဒသမ ၈၀၅၀ တန်၊ ယာဉ် ၂၂၄၆ စီး၊ စက်လှေ ၁၆၅ စင်းနှင့် အခြားဆက်စပ်ပစ္စည်းများ၊ မြန်မာနိုင်ငံသားတရားခံ ၅၂၀၈ ဦးနှင့် နိုင်ငံခြားသားတရားခံ ၁၅၁ ဦးကို ဖော်ထုတ်ဖမ်းစီးနိုင်ခဲ့ကြောင်း သိရသည်။

" တရားမဝင်သစ်တွေနဲ့ ပတ်သက်ပြီး ဖမ်းဆီးမှုတွေကို ယခင်ကလည်း အရှိန်အဟုန်မြင့် ဆောင်ရွက်ခဲ့ပါတယ်။ ယခုလည်း ဆောင်ရွက်လျက်ရှိပါတယ်။ အလုပ်အကိုင်အခွင့်အလမ်းနဲ့ပတ်သက်လို့ရှိရင် နိုင်ငံရဲ့ သယံဇာတတွေကို ကိုယ့်မိဘကပေးတဲ့ အမွေလိုပဲ အရင်းစိုက်စရာမလိုဘဲ စက်လွှလေးတစ်ချောင်းနဲ့ သစ်ကိုတောထဲသွားပြီး လှဲယူနေကြမယ်ဆိုရင် သစ်တောရဲ့တန်ဖိုးက တစ်နေ့ထက်တစ်နေ့ လျော့နည်းလာမှာပါ။ အလုပ်အကိုင်အခွင့်အလမ်းတွေနည်းနေတဲ့အတွက် တရားမဝင်လုပ်ငန်းတွေကို ဆောင်ရွက်နေတာကတော့ ရှိမှာပါပဲ။ အဲဒါတွေကိုထိထိရောက်ရောက် အရေးယူမယ်ဆိုရင် နောင်ဒါမျိုးတွေ နည်းလာနိုင်ပါတယ်။ ဒီလိုဖြစ်ဖို့ ဆိုတာကလဲ တော်တော်ခက်ခဲတဲ့အလုပ်ပါ" ဟု သစ်တောဦးစီးဌာန သဘာဝတောနှင့် စိုက်ခင်းလုပ်ငန်းဌာန ညွှန်ကြားရေးမှူး ဦးကျော်ကျော်လွင်ကပြောကြားသည်။ **ဇူလိုင်မိုး(မြန်မာ့အလင်း)**

ကျေးလက်လူငယ်စွမ်းဆောင်ရည်မြှင့်တင်ရေးသင်တန်းဖွင့်

ရမ်းဗြဲ ဇန်နဝါရီ ၃၀

ရခိုင်ပြည်နယ် ကျောက်ဖြူခရိုင် ရမ်းဗြဲမြို့နယ်တွင် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ ဦးဆောင်ပြီး ဇန်နဝါရီ ၂၁ ရက်မှ ၂၃ ရက်အထိ ကျေးလက်လူငယ်စွမ်းဆောင်ရည် မြှင့်တင်ရေးသင်တန်းကို မြို့မအထကခွဲ ပုလုပ်တောင်ကျောင်း၌ ကျင်းပခဲ့သည်။

အခမ်းအနားတွင် မြို့နယ်ကျေးလက်ဦးစီးမှူး ဦးအောင်ထွန်း၊ မွေးမြူရေးနှင့်ကုသရေးဦးစီးမှူး ဒေါက်တာမြင့်နိုင်၊ မြို့နယ်ငါးလုပ်ငန်းဦးစီးဌာန ဦးစီးမှူး ဦးသန်းအောင်တို့က မိမိတို့ဌာနအလိုက် ဘာသာရပ်များကို သင်တန်းပို့ချခဲ့ကြသည်။ ၄င်းသင်တန်းကို ကျေးရွာအုပ်စု ငါးအုပ်စု၊ ကျေးရွာ ၁၄ ရွာမှ တစ်ရွာလျှင် ငါးဦးစီဖြင့် သင်တန်းသား သင်တန်းသူ ၇၀ သင်တန်းတက်ရောက်ခဲ့ကြောင်း သိရသည်။ **(၁၅၇)**

ဧရာဝတီတိုင်းဒေသကြီး ညောင်တုန်းမြို့နယ် 33KV လိုင်းသာယာ-ညောင်တုန်းလိုင်းရှိ နှစ်ဆင့်ပင်ကြွေသီးများကို အရည်အသွေးမီ သုံးဆင့်ပင် ကြွေသီးများဖြင့် အသစ်လဲလှယ်ခြင်းလုပ်ငန်းများကို တိုင်းဒေသကြီး လျှပ်စစ်အင်ဂျင်နီယာ ဦးသန်းထွန်းအောင် ဦးဆောင်ပြီး မအူပင်ခရိုင်နှင့် ညောင်တုန်းမြို့နယ် လျှပ်စစ်အင်ဂျင်နီယာတို့ ကြီးကြပ်က မြို့နယ်လျှပ်စစ်အင်ဂျင်နီယာရုံးဝန်ထမ်းများ ပူးပေါင်းပြီး ဇန်နဝါရီ ၂၅ ရက်က ဓာတ်အားလိုင်း ပြုပြင်ထိန်းသိမ်းဆောင်ရွက်စဉ်။

ထွန်းကျော်(ညောင်တုန်း)

အခြေခံ မွေးမြူရေး သင်တန်းဖွင့်

မိုးညို ဇန်နဝါရီ ၃၀

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် မိုးညိုမြို့နယ် မွေးမြူရေးနှင့် ကုသရေး ဦးစီးဌာနမှူးရုံး၌ ဇန်နဝါရီ ၂၆ ရက် နံနက် ၉နာရီက ကျေးလက်ဒေသအခြေခံ မွေးမြူရေးလုပ်သား CAHWသင်တန်းကိုဖွင့်လှစ်သည်။

ကျေးလက်ဒေသများတွင်မွေးမြူရေးကဏ္ဍ ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်နိုင်ရေးအတွက် မွေးရေး/ ကျေးလက်ဝန်ကြီးဌာန၏ လုပ်ငန်းတာဝန်များ၊ မွေးမြူရေးမျိုးမြှင့်သားစပ်ခြင်း၊ မြက်ချဉ်ဖတ်ပြုလုပ်ခြင်းတိရစ္ဆာန်အာဟာရ ဇီဝလုံခြုံရေး ကူးစက်ရောဂါများထိန်းချုပ်ခြင်း၊ စားကျက်စိုက်ပျိုးခြင်း၊ ပေါင်းစည်းလယ်ယာစနစ်၊ တိရစ္ဆာန်ကျန်းမာဖွံ့ဖြိုးရေးဥပဒေ၊ မွေးမြူရေးဘဏ်စနစ်၊ ကာကွယ်ဆေးများအသုံးပြုခြင်း ဘာသာရပ်များကို တက်ရောက်ကြသည့် သင်တန်းသား ၁၀ ဦးကို ဇန်နဝါရီ ၂၆ ရက်မှဖေဖော်ဝါရီ ၆ ရက်အထိ သင်တန်းပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။

ခင်လတ် (မိုးညို)

ငြင်းချက်ထုတ်ရန်သမ္မန်စာ

(တရားမကျင့်ထုံး ဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)

ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်တရားရုံး

၂၀၁၅ခုနှစ် တရားမကြီးမှုအမှတ်-၃

ဒေါ်ကြည်ကြည်တင် **နှင့်** ဒေါ်စိုးစိုးဦး

တရားလို **တရားပြိုင်**

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ (၁၄)ရပ်ကွက်၊ ဗန္ဓုလလမ်း၊ အမှတ်(၃၄၆)နေ ဒေါ်စိုးစိုးဦး (ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

သင့်အပေါ်၌ ဒေါ်ကြည်ကြည်တင်က "ပဋိညာဉ်အတိုင်း မြေကွက်နှင့် နေအိမ်အားအရောင်းအဝယ်စာချုပ် ချုပ်ပေးစေလိုမှု" လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၄င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံးတော် အခွင့်ရကိုယ်စားလှယ်ဖြစ်စေ၊ သို့တည်းမဟုတ် ၄င်းအမှုနှင့်စပ်ဆိုင်သည့်အချက်အလက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၄င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၅ခုနှစ် ဖေဖော်ဝါရီ ၁၁ရက် (၁၃၇၆ခုနှစ် တပို့တွဲလပြည့်ကျော် ၈ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက်အမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၄င်းအပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်ရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကိုထုတ်ပေးလိမ့်မည်။ ၄င်းအပြင် တရားလိုကကြည့်ရှုလိုသည့် စာရွက်စာတမ်းအထောက်အထားများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၅ခုနှစ် ဇန်နဝါရီ ၂၈ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

(ရီရီခင်)
မြို့နယ်တရားသူကြီး
ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်

ပြင်ဆင်ဖတ်ရှုပါရန်

၁၅-၆-၂၀၁၄ရက်ထုတ် မြန်မာ့အလင်းသတင်းစာ၏စာမျက်နှာကြော်ငြာ (၈) ကန့်ကွက်ကြော်ငြာအမှတ်စဉ်(၂) ဒေါ်တင်စိန်၏ အမည်ပြောင်းတွင် မြေအမည်ပေါက်အား ဦးသိန်းဆွေဟု ပြင်ဆင်ဖတ်ရှုပါရန်။

ဒီကရီကိုအတည်ပြုလုပ်ရန်အမိန့်မထုတ်သင့်ကြောင်း ထုချေစေရန်

အကြောင်းကြားစာ

(တရားမကျင့်ထုံးဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၂၂)

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်တရားမရုံးတော်၌

၂၀၁၄ခုနှစ် တရားမကြီးမှုအမှတ်-၉၈ နှင့်ဆက်သွယ်သည့်

၂၀၁၅ခုနှစ် တရားမဇာရီမှုအမှတ်-၃

ဒေါ်ရှုကြည်(ခ)ဒေါ်ရှုသင်း **နှင့်** (၁) ဦးကြီးမြင့်

(၄င်း၏အခွင့်ရကိုယ်စားလှယ်ဦးသက်ပိုင်) (၂) ဦးထွန်းလွင်

ဒီကရီအနိုင်ရသူ **တရားရှုံးများ**

ဦးကြီးမြင့်၊ အမှတ်(၃၆၃)၊ (လေးလွှာ)၊ ဗိုလ်အောင်ကျော်လမ်း၊ အပေါ်ဘလောက်၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့ (ယခုနေရပ်လိပ်စာမသိ)နှင့် ဦးထွန်းလွင်၊ အမှတ်(၁၂၀)၊ ဒုတိယထပ်၊ အခန်းအမှတ်(၂၇)၊ အနော်ရထာလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့ (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

၂၀၁၄ခုနှစ် တရားမကြီးမှုအမှတ်-၉၈တွင် ကျရှိသည့် ဒီကရီကိုအတည်ပြုလုပ်ရန် ဤရုံးတော်တွင် ဒေါ်ရှုကြည်(ခ)ဒေါ်ရှုသင်းက လျှောက်ထားသည်ဖြစ်၍ မည်သည့်အကြောင်းကြောင့် အတည်ပြုလုပ်စေရန် အမိန့်ကိုမထုတ်သင့်ကြောင်း၊ အကြောင်းတစ်ခုခုရှိလျှင် ပြ၍ချေဆိုရန် သင်ကိုယ်တိုင်ဖြစ်စေ၊ ရုံးတော်အခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ အကြောင်းပြချေဆိုနိုင်သူ အခွင့်ရကိုယ်စားလှယ်ဖြစ်စေ ၂၀၁၅ခုနှစ် ဖေဖော်ဝါရီ ၉ရက် (၁၃၇၆ခုနှစ် တပို့တွဲလပြည့်ကျော် ၆ရက်) မွန်းမတည့်မီ ၁၁နာရီတွင် ဤရုံးတော်ရှေ့လာရောက်စေ။

၂၀၁၅ခုနှစ် ဇန်နဝါရီ ၂၆ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

(ဖြူဝင်းငယ်)
တွဲဖက်မြို့နယ်တရားသူကြီး(၁)
ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်တရားရုံး

ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၁၇ယ/၈၅၅၂၃ Kenbo 125, M/C ယာဉ်လက်ဝယ်ရှိသူ ဒေါ်တင်တင်ရီ ၉/မရတ(နိုင်)၁၁၈၅၂၇က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)၊ မန္တလေးမြို့

အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ ဘဒ္ဒန္တနန္ဒိယ

(ဆရာတော် ဦးမဟာနာမ်)

သီတင်းသုံးနေထိုင်တော်မူသော ပဲခူးတိုင်းဒေသကြီး၊ အင်းတကော်မြို့(အနောက်) စွန်းလွန်းဂူဝိပဿနာတောရကျောင်းတိုက်အတွင်း (ပေ၆၀×ပေ၇၀) ကျယ်ဝန်းသော သုံးထပ်ဆွမ်းစားကျောင်းဆောက်လုပ်နေပါသဖြင့် ဒါယကာ/ဒါယိကာမများ ကုသိုလ်ရှင်များပါဝင်လှူဒါန်းနိုင်ရန် နိဗ္ဗာန်အကျိုးမျှော်၍ နိုးဆော်တိုက်တွန်းအပ်ပါသည်။

ကျောင်းအကျိုးတော်ဆောင်အဖွဲ့

သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ် ဦးနိုင်ဝင်း၏သား ဇင်မောင်မောင်ဝင်း ၁၂/တမန(နိုင်)၁၁၈၀၃၉သည် မိဘများ၏ ဆိုဆုံးမ မနာခံသည့်ပြင် အကြိမ်ကြိမ်စိတ်ဆင်းရဲအောင်ပြုလုပ်သဖြင့် ယနေ့မှစ၍ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ နောက်နောင် ၄င်းကိစ္စအဝဝကို မိဘများနှင့်မိသားစုဝင်များမှ တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း ကြေညာအပ်ပါသည်။

ဖခင်-ဦးနိုင်ဝင်း
၁၂/တမန(နိုင်)၀၇၇၂၁၂

ပြည်တွင်းသတင်း

မန္တလေးမြို့ ပန်းဈေးကွက် အရောင်းအဝယ်မခက်စေချင်

မန္တလေးမြို့ ပန်းဈေးကွက်တွင် ဆောင်းရာသီတွင်သာ ထွက်ရှိသည့် မေမြို့ပန်းများရာသီဥတုဖောက်ပြန်မှုကြောင့်အထွက်နည်းသဖြင့်ဈေးကောင်းရရှိကြောင်း မန္တလေးမြို့ အောင်မြေသာစံမြို့နယ် ၂၆ ဘီလမ်းရှိ သီရိမာလာဈေးရှိပန်းဒိုင်များမှ သိရသည်။

"ကျွန်မက ဒီပန်းရောင်းပြီး အသက်မွေးလာတာနှစ် ၂၀ ကျော်ပါပြီ။ ဒီရာသီမှာ ထွက်ရှိတတ်တဲ့ မေမြို့ပန်းတွေကတော့ ဒီနှစ်ရာသီဥတုဆိုးရွားမှုကြောင့် ပျိုးပင်တွေသေပြီး ပန်းအထွက်နည်းပေမယ့် ဈေးကောင်းရလို့ တောင်သူတွေ အဆင်ပြေကြတယ်။ ဒီမေမြို့ပန်းရာသီကတော့ တန်ဆောင်မုန်းကနေ တပေါင်းလအထိ ထွက်ရှိပါတယ်။ ဒီဈေးကိုနေ့စဉ် နံနက် ၁၀ နာရီမှာ ပန်းကားတွေရောက်လာပြီး ကျွန်မတို့ ပန်းဒိုင်တွေကတစ်ဆင့် မန္တလေးအနီးအနားကမြို့တွေဖြစ်တဲ့ မတ္တရာ၊ ကျောက်ဆည်၊ စစ်ကိုင်း၊ မိတ္ထီလာစတဲ့ မြို့တွေကိုဈေးနှုန်း ၁၀ နဲ့ ၂၀ ကျပ်လောက်ပဲတင်ပြီး တစ်ဆင့်လက်ကား ဖြန့်ဖြူးပေးပါတယ်။ လက်လီအနေနဲ့ကတော့ မန္တလေးမြို့တွင်းကို ညနေ ၄ နာရီကနေ ည ၉ နာရီ အထိ ရောင်းချပေးပါတယ်။ လက်ကျန်ပန်းတွေကိုတော့ နံနက်ဈေးဖြစ်တဲ့ လမ်း ၃၀ စကြာသီဟဘုရားအနီး ထုံးဘူးတန်းပန်းဈေးမှာ နံနက် ၄ နာရီကနေ ၇ နာရီလောက်အထိ ခေါင်းရွက်ဗျပ်ထိုးဈေးသည်တွေကို ရောင်းချပေးပါတယ်။ ကျွန်မတို့ ပန်းနဲ့ အသက်မွေးသူအားလုံး ဒီလုပ်ငန်းနဲ့အဆင်ပြေကြပါတယ်။ သီရိမာလာဈေးကြီးဟာ နံနက်ပိုင်း လက်ကားဖြန့်ချိတဲ့နေရာမှာအဆင်ပြေပေမယ့် တစ်ပိုင်တစ်နိုင်စိုက်ပျိုးပြီးရောင်းချသူတွေနဲ့ ခေါင်းရွက်ဗျပ်ထိုးဈေးသည်တွေအတွက်တော့ လမ်း ၃၀ ထုံးဘူးတန်းဈေးက အဆင်ပြေပါတယ်" ဟု ပန်းဒိုင်မှ ဒေါ်ညိုခိုင်က ပြောသည်။

"သီရိမာလာဈေးက မန္တလေးမြို့ရဲ့ ပန်းဈေးကွက်မှာ အကြီးဆုံးဈေးကြီးပါပဲ။ လက်ကားအနေနဲ့ကတော့ ဒီဈေးကိုအားကိုးနိုင်ပေမယ့် ခေါင်းရွက်ဗျပ်ထိုး ဈေးသည်တွေအတွက်ကတော့ စကြာသီဟ ဘုရားအနီးက ပန်းတန်းမှာပဲ အဝယ်များကြပါတယ်။ ဒီဈေးက ပန်းဒိုင်တွေအတွက် လက်ကျန်ပန်းတွေ ရောင်းချဖို့၊ တချို့ဆိုင်မရှိသေးတဲ့ ပန်းပွဲစားတွေနဲ့ တစ်ပိုင်တစ်နိုင်စိုက်ပျိုးပြီး ဆိုင်ကယ်တွေနဲ့ လာရောင်းချသူတွေအတွက် အဆင်ပြေတဲ့နေရာလေးပါ။ ဒါပေမယ့် အဲဒီနေရာကိုရောင်းခွင့်မပေးဘဲ အဖမ်းအဆီးတွေရှိပါတယ်။ ဖမ်းမိရင်လည်း ဒဏ်ကြေးက ငွေကျပ် ၃၀၀၀၀ ဆောင်ရပါတယ်။ ဒါကြောင့် ရောင်းချသူတွေမှာ ကျီးလန့်စာစားနဲ့ ရောင်းချနေရပြီး တစ်ခါတလေ ရောင်းတုန်းဝယ်တုန်းမှာ ထွက်ပြေးရတဲ့ အနေအထားတွေလည်း ရင်ဆိုင်နေရပါတယ်။ ဒါကြောင့် ဒီနေရာလေးကို အေးအေးချမ်းချမ်းနဲ့ နံနက် ၄ နာရီကနေ ၇ နာရီအထိပဲ ရောင်းခွင့်ပေးစေချင်ပါတယ်။ ဒါမှလည်း ရောင်းသူဝယ်သူ အဆင်ပြေသွားမှာ ဖြစ်ပါတယ်"ဟု ပန်းရောင်းချသူ မသက်က ပြောသည်။

လက်ရှိရောင်းချနေသည့် ပန်းဈေးနှုန်းများအနေဖြင့် မေမြို့ပန်းတစ်စည်းလျှင် ငွေကျပ် ၁၅၀၊ သစ္စာပန်းတစ်စည်းလျှင် ငွေကျပ် ၃၅၀၊ ဂန္ဓမာပန်းတစ်စည်းလျှင် ငွေကျပ် ၄၀၀ မှ ၅၀၀၊ ကာနေးရှင်းတစ်စည်းလျှင် ငွေကျပ် ၂၅၀၀ မှ ၃၀၀၀၊ ပဲဟော့ပန်းတစ်စည်းလျှင် ငွေကျပ် ၁၀၀၀၀ နှုန်းဖြင့် ဖောက်သည်ဈေးရောင်းချပေးလျက်ရှိသည်။

အဆိုပါ မေမြို့ပန်းများကို မြင်းမူ တစ်ဖက်ကမ်းရှိ ငါန်းဇွန်မြို့နယ်များဖြစ်သော ရွာသစ်၊ ကုလားရွာ၊ ဆင်တပ်ရွာ၊ ဘေးသောင်ရွာတို့မှ အများဆုံးထွက်ရှိပြီး ပုသိမ်ကြီးမြို့နယ် ကျောက်မီးရွာအနီးမှ ထွက်ရှိသော ဂန္ဓမာပန်းများကို ၄င်းရွာအနီးရှိ သလဲကုန်းဈေးတွင် အများဆုံးရောင်းချလျက်ရှိသည်။ ယခုအခါ တရုတ်နိုင်ငံမှ ထွက်ရှိသော ကာနေးရှင်းပန်း၊ ပဲဟော့ပန်း၊ ကျူးလစ်ပန်း၊ ဒေစီပန်း၊ ပိုက်စွပ်နှင်းဆီ၊ ပန်းဂေါ်ဖီ၊ နှင်းချယ်ရီနှင့် သစ်ခွပန်းများကိုလည်း မန္တလေးဈေးကွက်သို့ ကုမ္ပဏီဖြင့် လှစ်တင်ပို့လျက်ရှိပြီး ယခုရာသီတွင် ပေါ်သည့် ကာနေးရှင်းပန်းနှင့် ပဲဟော့ပန်းများ အရောင်းသွက်လျက်ရှိကြောင်း သိရသည်။

မင်းထက်အောင်(မန်းကိုယ်ပွား)

ရဲလုပ်ငန်းဆိုင်ရာသတင်းစာရှင်းလင်း

နမ့်ခမ်း ဇန်နဝါရီ ၃၀

ရှမ်းပြည်နယ်(မြောက်ပိုင်း)နမ့်ခမ်းမြို့၌ ရဲလုပ်ငန်းဆိုင်ရာ သတင်းစာရှင်းလင်းပွဲကို ဇန်နဝါရီ ၂၆ ရက် ညနေ ၃ နာရီက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဇော်မင်းက လုပ်ငန်းတာဝန်များနှင့် ပတ်သက်ပြီး ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးမောင်အေးက မည်သူမဆို ဥပဒေနှင့်မညီသော ပြစ်မှုကျူးလွန်မှုကို တွေ့ရှိပါက ရပ်ကွက်/ကျေးရွာပြည်သူများအနေဖြင့် ဥပဒေမဲ့ဆောင်ရွက်ခြင်းမပြုဘဲ သက်ဆိုင်ရာ မြန်မာနိုင်ငံရဲတပ်ဖွဲ့သို့ ဆက်သွယ်သတင်းပို့ အကြောင်းကြားပြီး ဆောင်ရွက်ကြရန်နှင့် ရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် ပြည်သူများကလည်း ပြစ်မှုလျော့ကျရေးအတွက် ဝိုင်းဝန်းကူညီဆောင်ရွက်ကြရန် လိုအပ်ကြောင်းဖြင့် ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။

ဉာဏ်မင်း(နမ့်ခမ်း)

သမဝါယမအသင်းများအား ချေးငွေနှင့် တိုးမြှင့်ချေးငွေများပေးအပ်

ပြည် ဇန်နဝါရီ ၃၀

ပဲခူးတိုင်းဒေသကြီး ပြည်မြို့နယ် သမဝါယမဦးစီးဌာနနှင့် သမဝါယမအသင်းစုလီမိတက်တို့မှ ဖွဲ့စည်းထားသော အခြေခံကျေးရွာ စိုက်ပျိုးရေးနှင့် အထွေထွေလုပ်ငန်း သမဝါယမအသင်းများသို့ China Exim Bank ချေးငွေနှင့် တိုးမြှင့်ချေးငွေပေးအပ်ပွဲအခမ်းအနားကို ဇန်နဝါရီ တတိယပတ်က ပြည်မြို့နယ် သမဝါယမအသင်းစုလီမိတက်ရုံး၌ ကျင်းပသည်။

ယင်းနောက် ကျေးရွာသမဝါယမအသင်း ၁၅၂ သင်းတို့၏ အသင်းသား ၈၃၉၇ ဦးအတွက် ချေးငွေနှင့် တိုးမြှင့်ချေးငွေများကို ကျေးရွာသို့သွားရောက်၍ ပေးအပ်ခဲ့ကြောင်း သိရသည်။

မင်းလွင်(ပြည်)

စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိ

ကသာ ဇန်နဝါရီ ၃၀

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ကသာမြို့ အမှတ်(၉) ရပ်ကွက်တွင် စိတ်ကြွရူးသွပ်ဆေးပြား ၃၇၇ ပြားနှင့် ဆက်စပ်ပစ္စည်းများကို ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဇန်နဝါရီ ၂၈ ရက် နံနက် ၁၀ နာရီခန့်က စစ်ကိုင်းတိုင်းဒေသကြီးရဲတပ်ဖွဲ့မှ ဦးစီး(၁) ဖမ်းဆီးရေးအဖွဲ့ခေါင်းဆောင် ရဲအုပ်မျိုးခိုင်၊ ဒုရဲအုပ် အာကာမင်း ဦးစီးသော တပ်ဖွဲ့ဝင်များ၊ ကသာမြို့မ ရဲစခန်းမှ နယ်ထိန်းခေါင်းဆောင် ရဲအုပ်အောင်လင်းဦးနှင့် တပ်ဖွဲ့ဝင်များ၊ သက်သေများနှင့်အတူ ကသာမြို့ အမှတ်(၉)ရပ်ကွက် အပိုင်း(၄)နေ ငွေးဝင်း(ခ)ချိုတူး၏ နေအိမ်အား မူးယစ်ဆေးဝါးသတင်းအရ ဝင်ရောက်ရှာဖွေခဲ့ကြသည်။

ထိုသို့ရှာဖွေစဉ် ငွေးဝင်း(ခ)ချိုတူး၏ နေအိမ်အပေါ်ထပ် အိပ်ခန်းအတွင်းနှင့် နေအိမ်ရှေ့ဘက် မျက်နှာစာခြံစည်းရိုးအတွင်းဘက် မြေကြီးအတွင်းမြှုပ်ပင်အောက်တို့မှ WY စာတမ်းပါ အနီရောင်စိတ်ကြွရူးသွပ်ဆေးပြား စုစုပေါင်း ၃၇၇ ပြား ကာလတန်ဖိုး ငွေကျပ် ၁၈၈၅၀၀၀၊ မူးယစ်ဆေးဝါးသုံးစွဲရာတွင် အသုံးပြုသည့် ခဲပြားဝိုင်း ၃၃ ခု၊ ငွေစက္ကူရောရာ ၁၄၄၇၀၀ တို့ကို တွေ့ရှိသိမ်းဆည်းရမိခဲ့သည်။

ဖမ်းဆီးရမိခဲ့သည့် ပြစ်မှုကျူးလွန်သူနှစ်ဦးတို့၏ အစစ်ခံချက်အရ လွန်ခဲ့သော သုံးရက်ခန့်က ကချင်ပြည်နယ် ဗန်းမော်မြို့ ခုနစ်မိုင်နေ မောင်တူးထံမှ ဆေးပြား ၂၀၀ စီပါ တစ်ထုပ်လျှင် ငွေကျပ် ၁၅၀၀၀၀ နှုန်းဖြင့် ပြန်ရောင်းချရန်နှင့် သုံးစွဲရန် ဝယ်ယူခဲ့ကြောင်း ဝန်ခံထွက်ဆိုခဲ့သည်။ စိတ်ကြွရူးသွပ်ဆေးပြားများနှင့်အတူ တွေ့ရှိသူ ငွေးဝင်း(ခ)ချိုတူး ၄၅ နှစ်နှင့် မခင်လှ ၄၂ နှစ်တို့ နှစ်ဦးကို ကသာမြို့မ ရဲစခန်းက စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်းသိရသည်။

ဦးရဲ(ကသာ)

လူကိုလူချင်းကုန်ကူးမှု ပတ်ဝန်းကျင်တွင် ဂရုပြု

အမျိုး၊ ဘာသာ၊ သာသနာစောင့်ရှောက်ရေး(မဘသ)ဗဟို ဖိတ်ခေါ်စာမူပြိုင်ပွဲ

အမျိုး၊ ဘာသာ၊ သာသနာစောင့်ရှောက်ရေး(မဘသ)ဗဟို၏ ဒုတိယအကြိမ်အဖြစ် ကျင်းပပြုလုပ်မည့် ဖိတ်ခေါ်စာမူပြိုင်ပွဲကို နိုင်ငံ့ခေါင်းဆောင်နှင့် အမျိုးသားရေးစိတ်ဓာတ်ဟူသော ခေါင်းစဉ်ဖြင့် ပါဝင်ယှဉ်ပြိုင်ကြရမည်ဖြစ်ပါသည်။

နိုင်ငံ့ခေါင်းဆောင်လုပ်မည့်သူတွင် ရှိသင့်ရှိထိုက်သော အမျိုးသားရေးစိတ်ဓာတ်များ၊ အမျိုးသားရေးစိတ်ဓာတ်ခန်းခြောက်လျှင် ဖြစ်လာနိုင်သော ဆိုးကျိုးများ။ နိုင်ငံတကာရေးနှင့် အမျိုးသားရေး ဘယ်ဟာကိုဦးစားပေးမလဲ၊ ကမ္ဘာ့အင်အားကြီးနိုင်ငံများ၏ အမျိုးသားရေးဦးစားပေး ဆောင်ရွက်ချက်များ…စသည်တို့ကို အထောက်/အကိုးခိုင်လုံစွာဖြင့် ရေးသားယှဉ်ပြိုင်ကြရမည်ဖြစ်သည်။ ကွန်ပျူတာ ၁၄ ပွိုင့်ဖြင့် စာမျက်နှာ ၈၀ မှ ၁၀၀ အတွင်းဖြစ်ရမည်။ ပြိုင်ပွဲဝင်စာမူများကို အဂ္ဂမဟာပဏ္ဍိတ၊ တိပိဋကဆရာတော်ကြီးများနှင့် နာမည်ရကျမ်းပြုရဟန်း၊ လူပုဂ္ဂိုလ် စာပေပညာရှင်ကြီးများမှ စိစစ်ရွေးချယ်သွားမည်ဖြစ်သည်။ ပထမဆု ကျပ်ကိုးသိန်း၊ ဒုတိယ ကျပ်ခြောက်သိန်းခွဲ၊ တတိယဆု ကျပ်ငါးသိန်းနှင့် အထူးဆုသုံးဆု ပေးအပ်ချီးမြှင့်သွားမည်ဖြစ်သည်။ ပထမဆုရသူအား စာအုပ်အဖြစ်ပုံနှိပ်ထုတ်ဝေသွားမည်ဖြစ်သည်။ စာမူများကို ၃၁-၃-၂၀၁၅ ရက် နောက်ဆုံးထားပေးပို့ကြရမည်ဖြစ်သည်။ မေ ၂ ရက် ကဆုန်လပြည့် ဗုဒ္ဓဟူးနေ့တွင် ဂုဏ်ပြုဆုပေးအပ်သွားမည်။ အသေးစိတ်အချက်အလက်များ သိရှိလိုပါက ဆုရွေးချယ်ရေးတာဝန်ခံ ဆရာတော်အရှင်ဝိလာသ(ဝေမိုး-ကျွန်းလှ) ဖုန်း-၀၉-၅၀၂၄၆၉၄ ထံ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

စာမူပေးပို့ရန်ဌာန-
အမျိုး၊ ဘာသာ၊ သာသနာစောင့်ရှောက်ရေး(မဘသ)ဗဟို
အင်းစိန်ရွာမပရိယတ္တိစာသင်တိုက်
ရွာမအနောက်ရပ်ကွက်၊ ဘုရင့်နောင်လမ်းမကြီး၊
အင်းစိန်မြို့နယ်၊ ရန်ကုန်မြို့

ကွမ်းခြံကုန်းမြို့နယ်အသင်း(ရန်ကုန်) နှစ်ပတ်လည်အစည်းအဝေးပွဲကျင်းပမည်

ကွမ်းခြံကုန်းမြို့နယ်အသင်း(ရန်ကုန်)၏ ၂၀၁၅ ခုနှစ် နှစ်ပတ်လည်သင်းလုံးကျွတ်အစည်းအဝေးနှင့် သက်ကြီးပူဇော်ပွဲ၊ ပညာရည်ချွန်ဆုချီးမြှင့်ပွဲ၊ တက္ကသိုလ်ပညာသင်ဆုချီးမြှင့်ပွဲ၊ နိုင်ငံတော်ကချီးမြှင့်သော ဘွဲ့ထူး ဂုဏ်ထူးရရှိသူများအား ဂုဏ်ပြုချီးမြှင့်ပွဲ၊ ဒေသဖွံ့ဖြိုးရေး အလှူငွေပေးအပ်ပွဲတို့ကို ဖေဖော်ဝါရီ ၈ရက် (တနင်္ဂနွေနေ့) နံနက် ၈း၀၀နာရီတွင် ဗဟန်းမြို့နယ် ၃လမ်းထိပ် စွမ်းအင်ဝန်ကြီးဌာနဓမ္မာရုံ၌ကျင်းပမည်ဖြစ်ရာ ကန်တော့ခံပုဂ္ဂိုလ်များ၊ အသင်းသူ အသင်းသားများ၏ သားသမီးများ၊ ၂၀၁၃-၂၀၁၄ ပညာသင်နှစ်အတွက် တက္ကသိုလ်ဝင်စာမေးပွဲ ဂုဏ်ထူးရရှိသူများ၊ နိုင်ငံတော်မှချီးမြှင့်သည့် ဘွဲ့တံဆိပ်ချီးမြှင့်ခံရသူများသည် ဖေဖော်ဝါရီ ၂ရက်ထက် နောက်မကျစေဘဲ ဦးစိုးညွန့်(နာယက) ဖုန်း-၅၄၁၆၈၆၊ ဦးကျော်ခိုင်(ဥက္ကဋ္ဌ) ဖုန်း-၂၄၆၁၄၀၊ ၂၄၆၁၄၂၊ ဦးစိန်မြင့်(ဒုဥက္ကဋ္ဌ) ဖုန်း-၀၉-၇၃၁၉၁၈၅၁၊ ဦးစန်းအောင်(အတွင်းရေးမှူး) ဖုန်း-၀၉-၇၃၀၃၂၆၀၈၊ ဦးမောင်မောင်မြင့် (ဘဏ္ဍာရေးမှူး) ဖုန်း-၀၉-၄၃၀၉၆၂၈၅၊ ဒေါ်ခင်သန်းလွင်(အမှုဆောင်) ဖုန်း-၃၉၈၂၀၀ ထံသို့ ဆက်သွယ်စာရင်းပေးသွင်းနိုင်ပါသည်။ အသက်(၇၅)နှစ်ပြည့်ပြီးသူ ပုဂ္ဂိုလ်များသည် ကန်တော့ခံရန်အတွက် အထက်ဖော်ပြပါ အမှုဆောင်များထံ စာရင်းပေးသွင်းနိုင်ပါသည်။ ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ နှစ်ပတ်လည်အစည်းအဝေးသို့ တက်ရောက်ကြပါရန် အကြောင်းကြားပါသည်။

အမှုဆောင်အဖွဲ့

ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် ၃ဟ/၇၈၇၉ SoBo 200 (သုံးဘီး)ယာဉ်လက်ဝယ်ရှိသူ ဦးစိုးနီ ၁၃/ကတန(နိုင်)၁၀၆၄၃၉ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ တွဲဖက်ပြည်နယ်ရုံး၊ ကျိုင်းတုံမြို့

ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် ၂၈ယ/၆၁၄၇ Honda Wave ယာဉ်လက်ဝယ်ရှိသူ ဒေါ်နန်းနွံ ၁၃/တလန(နိုင်)၀၀၀၄၀၁က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး၊ တာချီလိတ်

ပျောက်ဆုံး

ကျွန်မ မသီဂီဦး ၁၂/ဒဂတ(နိုင်)၀၆၁၄၀၅ ၏ နိုင်ငံကူးလက်မှတ် MA 733396 ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၇၉၈၁၂၅၇၅၈

ဖခင်အမည်မှန်

ကျိုင်းတုံမြို့၊ ထ(ခွဲ)၊ အလက(၃)၊ သတ္တမတန်း(ခ)မှ မောင်မင်းမြတ်ဦး၏ ဖခင်အမည်မှန်မှာ ဦးကျော်ကျော်လတ် ၁၃/ကတန(နိုင်)၁၅၆၉၄၁ ဖြစ်ပါကြောင်း။

ဦးကျော်ကျော်လတ်

ပြည်တွင်းသတင်း

အကျိုးဆောင်တောင်သူစနစ်အောင်မြင်လျှင် မျိုးကောင်းမျိုးသန့်များ လုံလောက်စွာဖြန့်ဖြူးနိုင်မည်

မကွေး ဇန်နဝါရီ ၃၀

မကွေးတိုင်းဒေသကြီးအတွင်း ဒေသခံတောင်သူများ၏ စိုက်ပျိုးရေးလုပ်ငန်းများ အောင်မြင်ဖြစ်ထွန်းစေရေးအတွက် ပွင့်ဖြူမျိုးသန့်ခြံမှ မျိုးသန့်မျိုးပွားမျိုးစေ့များ ထုတ်လုပ်ဖြန့်ဖြူးပေးလျက်ရှိကာ ကျေးလက်ဒေသအနှံ့အပြား၌လည်း အကျိုးဆောင်တောင်သူစနစ် ကျင့်သုံး၍ မျိုးသန့်စံပြရွာများ၊ မျိုးပွားစိုက်ခင်းများ တည်ထောင်ခြင်းလုပ်ငန်းများကို အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိကြောင်းသိရပြီး အကျိုးဆောင် တောင်သူစနစ်အောင်မြင်ပါက တိုင်းဒေသကြီး တစ်ခုလုံးအတွက် မျိုးကောင်းမျိုးသန့်များ လုံလောက်စွာ ဖြန့်ဖြူးပေးနိုင်မည်ဖြစ်ကြောင်း စိုက်ပျိုးရေးဦးစီးဌာန တိုင်းဒေသကြီး ညွှန်ကြားရေးမှူး ဦးခင်မောင်ဝင်း၏ ပြောကြားချက်အရ သိရသည်။

အကျိုးဆောင် တောင်သူနှင့် ပတ်သက်၍ “ကျေးရွာတစ်ရွာမှာ ဒီတောင်သူက အသိအမြင်ကြွယ်တယ်၊ ဗဟုသုတရှိတယ်။ တိုးတက်နေတဲ့ နည်းပညာကို လက်ခံတယ်ဆိုရင် သူနဲ့ပေါင်းစပ်ပြီးတော့ သူ့လယ်တွေမှာ အဆင့်မြင့်တဲ့ မျိုးစေ့တွေကို ထောက်ပံ့ပေးလို့ဖြစ်စေ၊ ဓာတ်မြေဩဇာ၊ ပိုးသတ်ဆေးတို့ထောက်ပံ့ပေးလို့ဖြစ်စေ နည်းပညာအကူအညီတွေပေးပြီး ကျွန်တော်တို့နည်းစနစ်အတိုင်းလိုက်စိုက်တဲ့ ယုံယုံကြည်ကြည်နဲ့ နည်းပညာကိုလိုက်ပြီး ကျင့်သုံးတဲ့ တောင်သူတွေရှိပါတယ်။ သူတို့စိုက်ပျိုးလို့ အထွက်နှုန်းတွေကောင်းရင် လယ်သမားအချင်းချင်း ပြန်ပြောကြတာနဲ့ ဌာနက ပြောတာထက် ပိုထိရောက်ပါတယ်။ နောက်နှစ်တွေဆိုရင် ဌာနကစည်းရုံးစရာမလိုဘဲ အောင်မြင်တဲ့တောင်သူဆီက မျိုးစေ့ကို ပြန်စိုက်ကြတာကြောင့် မျိုးကောင်းတွေ ဖြန့်ပြီးသားဖြစ်သွားပါတယ်။ ကျေးရွာတစ်ရွာမှာ ဌာနနဲ့ချိတ်ဆက်ပြီး မျိုးသန့်ပွားတဲ့ အကျိုးဆောင်တောင်သူ အနည်းဆုံး သုံးဦးလောက် ရှိပါတယ်”ဟု ညွှန်ကြားရေးမှူးက ရှင်းပြသည်။

စပါးမျိုးတစ်မျိုးသည် သုံးနှစ်ကျော်သွားလျှင် မျိုးဗီဇယုတ်လျော့သွားခြင်းကြောင့် အထွက်နှုန်းကျမည်ဖြစ်၍ မျိုးအဖြစ်ဆက်မသုံးသင့်ကြောင်း၊ အချို့တောင်သူများသည် စိတ်အစွဲများရှိသောကြောင့် ထပ်စိုက်ချင်သည်ဆိုပါက လေတိုက်၍ဝတ်မှုံကူးကာ မျိုးရောများ မဖြစ်စေရန် ဘေးပတ်ဝန်းကျင် လယ်နှင့် ဆက်စပ်နေသော နေရာမှ မျိုးကိုမယူပဲ ကွင်းအလယ်မှခေါင်နှံများကိုသာ မျိုးအဖြစ်ထားသင့်ကြောင်း၊ စပ်မျိုးစပါးဖြစ်သော ပုလဲသွယ်မှာမျိုးခံ၍မရဘဲ စပ်မျိုးဆိုသည်မှာ ယခုလိုချင် ယခုစိုက်ရခြင်းဖြစ်သောကြောင့် အထွက်နှုန်းကောင်းသည်ကိုကြည့်၍ စိုက်ပျိုးရေးဌာနအကူအညီမပါဘဲ ထပ်မစိုက်သင့်ကြောင်း၊ စပါးမျိုးကွဲပေါင်း၂၀ ကျော်ရှိသည့်အနက် အထူးအထွက်ကောင်းမျိုးများသာလျှင် ပြန်စိုက်လျှင် ဗီဇယုတ်လျော့သွားခြင်း မရှိသောကြောင့် မျိုးခံ၍ရကြောင်း၊ ဌာနမှဖြန့်ဖြူးသော မျိုးသန့်များ၊ New Blood သွေးသစ်လောင်းထားသော မျိုးစေ့များနှင့် အကျိုးဆောင်တောင်သူများ၏ စိုက်ခင်းများမှ စပါးမျိုးများကိုသာ အထူးဂရုပြုစိုက်သင့်ကြောင်း၊ တောင်သူများအနေဖြင့်လည်း အကျိုးဆောင်တောင်သူများအဖြစ် မိမိတို့အကျိုး၊ ဒေသအကျိုးကို ပူးပေါင်းဆောင်ရွက်စေလိုကြောင်း စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

> ❒ ကျေးရွာတစ်ရွာမှာ ဒီတောင်သူက အသိအမြင်ကြွယ်တယ်၊ ဗဟုသုတရှိတယ်။ တိုးတက်နေတဲ့နည်းပညာကို လက်ခံတယ်ဆိုရင် သူနဲ့ပေါင်းစပ်ပြီးတော့ သူ့လယ်တွေမှာ အဆင့်မြင့်တဲ့ မျိုးစေ့တွေကို ထောက်ပံ့ပေး

မကွေးတိုင်းဒေသကြီးအတွင်း မိုးစပါးဧက ၁၂ သိန်းခန့်ရှိပြီး ၂၀၁၂-၂၀၁၃ ခုနှစ်တွင် ၉၄၇၄၂၈ ဧက၊ ၂၀၁၃-၂၀၁၄ ခုနှစ်တွင် ၉၂၆၉၉၈ ဧက စိုက်ပျိုးခဲ့ကာ ၂၀၁၄-၂၀၁၅ ခုနှစ်၌ ၁၀၅၉၈၄၅ ဧကစိုက်ပျိုးရန် လျာထားဆောင်ရွက်ခဲ့သည်။ ၂၀၁၄-၂၀၁၅ ခုနှစ်တွင် ပွင့်ဖြူမျိုးသန့်ခြံနှင့် အခြားမျိုးသန့်ခြံများမှ ဝယ်ယူဖြန့်ဖြူးသည့် မျိုးသန့် ၁၀၄၇၇ တင်း၊ ပုလဲသွယ် စပ်မျိုးစပါး (F1) ၂၉၆၃၈ ကီလိုနှင့် အကျိုးဆောင်တောင်သူ ဖြန့်ဖြူးသော မျိုး CS စီးပွားဖြစ်မျိုးသန့်၊ CS1 မျိုးကောင်း မျိုးသန့် ၄၆၄၀၀၉ တင်းကို ဒေသတွင်းဖြန့်ဖြူးပေးနိုင်ခဲ့သည်။ တိုင်းဒေသကြီးအတွင်း အကျိုးဆောင်တောင်သူများဖြင့် မျိုးပွားမျိုးသန့်ဧက တစ်သိန်းခန့်သာ စိုက်ပျိုးနိုင်ပါက မိမိတို့ဒေသအတွက် အထွက်တိုးမျိုးကောင်းမျိုးသန့်များ ဖူလုံစေမည့်အပြင် အခြားတိုင်းဒေသကြီးများရှိ တောင်သူကြီးများအတွက်ပါ တောင်သူချင်းဖလှယ်စနစ်၊ ဌာန၏အကျိုးဆောင်ချိတ်ဆက်မှုစနစ်များဖြင့် ဖြန့်ဖြူးပေးနိုင်မည်ဖြစ်သောကြောင့် အကျိုးဆောင်တောင်သူစနစ် အောင်မြင်ရန်လိုအပ်ကြောင်း တာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရ သိရသည်။

ဇေယျာတု(မကွေး)

သတင်းတိုများ

လူမြင့်စာကြည့်တိုက် စလင်းမြို့တွင်ဖွင့်

မကွေးတိုင်းဒေသကြီး စလင်းမြို့နယ် ကျပင်းကျေးရွာ အခြေခံပညာ အထက်တန်းကျောင်း(ခွဲ)တွင် လူမြင့်စာကြည့်တိုက်ဖွင့်ပွဲကို ဇန်နဝါရီ ၂၅ ရက်က စာကြည့်တိုက်အဆောက်အအုံရှေ့၌ ကျင်းပသည်။

အဆိုပါအခမ်းအနားကို ကျောင်းအုပ်ဆရာကြီး ဦးချစ်ပိုနှင့် အလှူရှင်မိသားစု ဦးချစ်တင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့ပြီး စာကြည့်တိုက်မှာ သွပ်မိုး၊ အုတ်ကာ၊ သမံတလင်းခင်းဖြစ်၍ ကုန်ကျငွေကျပ် ၈၃ သိန်းဖြစ်ကြောင်း သိရသည်။

စစ်ကြည်(စလင်း)

မွန်အမျိုးသားနေ့အထိမ်းအမှတ် လှေလှော်ပြိုင်

(၆၈) ကြိမ်မြောက် မွန်အမျိုးသားနေ့ဗဟိုအထိမ်းအမှတ် လှေလှော်ပြိုင်ပွဲဖွင့်ပွဲကို မွန်ပြည်နယ် ရေးမြို့ သမိုင်းဝင်ရွှေဟောင်းကျုံးတော်ကြီး၌ ဇန်နဝါရီ ၂၇ ရက် နံနက် ၉ နာရီက စည်ကားသိုက်မြိုက်စွာ ကျင်းပသည်။

အခမ်းအနားတွင် ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်သူရသိန်းနှင့် (၆၈)ကြိမ်မြောက်မွန်အမျိုးသားနေ့ဗဟို ဒုတိယဥက္ကဋ္ဌ ဦးနိုင်ကျော်စိုးတို့က အမှာ စကားများပြောကြားပြီး ပြိုင်ပွဲကျင်းပရေး ကော်မတီဝင်တာဝန်ရှိသူများက ပြိုင်ပွဲကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ အဆိုပါ မွန်အမျိုးသားနေ့ဗဟိုအထိမ်းအမှတ်လှေလှော်ပြိုင်ပွဲတွင် ပြိုင်ပွဲဝင်အသင်း ၁၅ သင်း ပါဝင်ယှဉ်ပြိုင်မည်ဖြစ်ကြောင်း သိရသည်။

နေမျိုးထွဋ်(ရေး)

ကမ်းပြို ရွှေ့ပြောင်းအိမ်ထောင်စုများအတွက် အလှူရှင် စက်ရေတွင်းတူးဖော်အောင်မြင်

ရေစကြို ဇန်နဝါရီ ၃၀

မကွေးတိုင်းဒေသကြီး ရေစကြိုမြို့နယ် ရှစ်အိမ်တန်းကျေးရွာ ကမ်းပြိုမှုကြောင့် ရွှေ့ပြောင်းနေရာချထားပေးထားသော အိမ်ထောင်စု ၁၀၀ ကျော်တို့၏ သောက်သုံးရေအတွက် အလှူရှင်စက်ရေတွင်းမှာ အောင်မြင်စွာ တူးဖော်ပြီးစီးသွားပြီဖြစ်ကြောင်း သိရသည်။

“ရှစ်အိမ်တန်းကျေးရွာက ကမ်းပြိုလို့အိမ်ထောင်စု ၁၀၀ ကျော်ကို မြေနေရာသစ်ဖြစ်တဲ့ ၁၁၁ ကွင်းမှာနေရာချပေးထားပါတယ်။ အဲဒီအိမ်ထောင်စုဝင် ပြည်သူတွေရဲ့ သောက်သုံးရေအတွက် ကျွန်တော်တို့မြို့နယ် စည်ပင်သာယာရေးအဖွဲ့က တာဝန်ယူပြီး တူးဖော်ခဲ့ပါတယ်။ စုစုပေါင်း ငွေကျပ် ၂၄၃၀၀၀၀ ကုန်ကျပါတယ်။ အလှူရှင်တစ်ဦးတည်းက လှူဒါန်းတာဖြစ်ပါတယ်။ အခုတော့ကျေးရွာပြည်သူတွေ သန့်ရှင်းတဲ့သောက်သုံးရေရရှိနေပါပြီ”ဟု တာဝန်ခံအင်ဂျင်နီယာ ဦးစိုးနိုင်ဦးက ပြောပြသည်။

“ကျွန်တော်တို့ တစ်ရွာလုံး ကမ်းပြိုခဲ့တာပါ။ သက်ဆိုင်ရာ တာဝန်ရှိလူကြီးတွေ ၁၁၁ ကွင်းမှာ နေရာချထားပေးပါတယ်။ နေလို့ထိုင်လို့ရသွားပေမယ့် သောက်သုံးရေကခက်ခဲနေပါတယ်။ အခုတော့ အလှူရှင်တစ်ဦးက လှူဒါန်းထားလို့ မြို့နယ်စည်ပင်သာယာရေးအဖွဲ့က တာဝန်ယူပြီး စက်ရေတွင်းတူးဖော်ပေးခဲ့လို့ ရွာသူရွာသားတွေအားလုံး သောက်သုံးရေအခက်အခဲက လွန်မြောက်ခဲ့ရလို့ အလှူရှင်ရော၊ တူးဖော်ပေးတဲ့ မြို့နယ်စည်ပင်ကိုပါ ကျေးဇူးတင်ပါတယ်”ဟု ဒေသခံရွာသားတစ်ဦးက ပြောသည်။

ဖေထွဏ်းဇော်(ရေစကြို)

လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန
ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်အတွင်း ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်မှ အောက်ဖော်ပြပါ ဓာတ်ခွဲခန်းသုံးပစ္စည်းကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူမည်ဖြစ်ပါ၍ အိတ်ဖွင့်တင်ဒါ ဖိတ်ခေါ်ပါသည်။

Manual titration station (behr, ST1, Germany) (၃) ခု

၂။ တင်ဒါပိတ်မည့်ရက်မှာ ၄-၂-၂၀၁၅ ရက် (ဗုဒ္ဓဟူးနေ့) ၁၆း၀၀ နာရီဖြစ်ပါသည်။
၃။ တင်ဒါပုံစံများအား ငွေစာရင်းဌာနတွင် ကြော်ငြာပါသည့်ရက်မှစ၍ ဝယ်ယူနိုင်ပါသည်။
၄။ တင်ဒါကိစ္စနှင့်ပတ်သက်၍ အသေးစိတ်သိရှိလိုပါက ဤတက္ကသိုလ်၏ ငွေစာရင်းဌာန၊ ဖုန်း-၀၆၇-၄၁၆၆၈၆၊ ၀၆၇-၄၁၆၅၁၃ တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

အိတ်ဖွင့်တင်ဒါခေါ်ယူရေးအဖွဲ့
ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ နည်းပညာတက္ကသိုလ်(သန်လျင်)တွင် အသုံးပြုရန်အတွက် လိုအပ်သောပစ္စည်းများကိုအောက်ပါအတိုင်းဌာနအရောက် ကျပ်ငွေဖြင့်ဝယ်ယူလိုပါသဖြင့် စိတ်ပါဝင်စားသည့် လုပ်ငန်းရှင်များအနေဖြင့် အိတ်ဖွင့်တင်ဒါများ ပေးသွင်းရန်ဖိတ်ခေါ်အပ်ပါသည်။

(က)	A4 နိုင်ငံခြားစက္ကူ	၁၃၀ ပုံး
(ခ)	DP-14 Riso ink	၄၀ ဘူး
(ဂ)	Master DRA 12	၆ လိပ်
(ဃ)	Catridge(LBP 2900)	၂၀ ဘူး
(င)	Printer (LPB 2900)Refill Toner	၅၀ ဘူး
(စ)	UPS (550KVA)	၂၃၀ လုံး

၂။ ဈေးနှုန်းလွှာပိတ်ရက်မှာ ၂-၂-၂၀၁၅ ရက်၊ ၁၆း၀၀နာရီဖြစ်ပြီး တင်ဒါလျှောက်လွှာများကို နည်းပညာတက္ကသိုလ်(သန်လျင်) စီမံရေးရာဌာနတွင် ဝယ်ယူနိုင်ပါသည်။ အသေးစိတ်အချက်အလက်များကို ရုံးချိန်အတွင်း ဖုန်း-၀၉-၈၆၀၂၀၅၃ သို့ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ
နည်းပညာတက္ကသိုလ်(သန်လျင်)

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ပို့ဆောင်ရေးဝန်ကြီးဌာန၊ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်မှ ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ စက်ဆန်း(မေတ္တာမွန်) သိုလှောင်ရုံဝင်းအတွင်းရှိ ပျက်စီးနေသော သိုလှောင်ရုံ(၆)လုံး (ဂိုဒေါင်အမှတ် ၄၈၊ ၅၂၊ ၅၃၊ ၇၀၊ ၇၁၊ ၈၃) စုစုပေါင်း (1-Lot)အား မျက်မြင်အခြေအနေအတိုင်း အိတ်ဖွင့်တင်ဒါစနစ်ဖြင့် လေလံတင် ဖျက်သိမ်းရောင်းချမည်ဖြစ်ပါသဖြင့် တင်ဒါပေးသွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ **တင်ဒါပုံစံရောင်းချမည့်ရက်နှင့်နေရာ** - ၃-၂-၂၀၁၅ ရက်မှ ၁၃-၂-၂၀၁၅ ရက်အထိ အမှတ်(၁၀)၊ ပန်းဆိုးတန်းလမ်း၊ မြို့ပြအင်ဂျင်နီယာဌာန၊ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်(ရုံးချုပ်)

၃။ **တင်ဒါနောက်ဆုံးတင်သွင်းရမည့် နောက်ဆုံးရက်၊ အချိန်နှင့်နေရာ** - ၂၄-၂-၂၀၁၅ ရက် ၁၂း၀၀ နာရီ - အမှတ်(၁၀)၊ ပန်းဆိုးတန်းလမ်း၊ မြို့ပြအင်ဂျင်နီယာဌာန၊ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်(ရုံးချုပ်)

၄။ **တင်ဒါဖွင့်လှစ်မည့်ရက်နှင့်အချိန်** - ၂၄-၂-၂၀၁၅ ရက် (အင်္ဂါနေ့) ၁၃း၀၀ နာရီ

၅။ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ရုံးချိန်အတွင်း ဖုန်း-၀၁-၃၈၇၂၅၇၊ ၀၁-၂၅၃၃၅၈၊ ၀၁-၅၁၆၉၇၃၂၊ ၀၉-၇၃၀၃၈၃၈၃၊ ၀၉-၅၁၇၈၇၆၂ တို့သို့ မေးမြန်းစုံစမ်းနိုင်ပါသည်။ **ဂိုဒေါင်များဖျက်သိမ်းရောင်းချရေးကော်မတီ**
မြန်မာ့ဆိပ်ကမ်းအာဏာပိုင်

ရောင်းမည်

တောင်ဒဂုံ ၂၄ ရပ်ကွက်၊ ၄၁ ၃/၂ပေ× ပေ၆၀ နှစ်ထပ် BR ဧည့်ခန်း၊ ကားပါကင်၊ ရေ၊ မီးအစုံ ၁၅၀၀-ညှိနှိုင်းဈေး **ဖုန်း-၀၉-၇၃၁၁၀၅၆၅၊ ၀၉-၂၅၄၃၄၉၄၀၉**

လှသွားအောင်

- စက်ကော်ဘတ်တိုက်သည်။
- ပေါလစ်သုတ်သည်။
- ပရိဘောဂအဟောင်းဝယ်သည်။

ဖုန်း-၀၉-၃၀၀၇၄၈၁၆

ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့
(စည်ပင်သာယာရေးဝန်ကြီးဌာန)
ဒေးဒရဲမြို့နယ်စည်ပင်သာယာရေးအဖွဲ့
အဝေးပြေးကားဝင်း တည်ဆောက်ခြင်းလုပ်ငန်း အကျိုးတူဆောင်ရွက်ရန်

အဆိုပြုလွှာခေါ်ယူခြင်း

၁။ ဧရာဝတီတိုင်းဒေသကြီး၊ ဒေးဒရဲမြို့၊ ဖျာပုံ-ဒေးဒရဲကားလမ်းမကြီးဘေး ကွင်းအမှတ် ၂၅၂(မြို့မကွင်း) ဦးပိုင်အမှတ် ၃/၂၁ ဧရိယာ(ဧက) ၁ဒသမ၃၂ရှိ မြေပေါ်တွင် ဆောက်လုပ်ထားသော အဝေးပြေးကားဝင်းအား ထပ်မံဆောက်လုပ်မည့်လုပ်ငန်းအား အကျိုးတူပူးပေါင်းဆောင်ရွက်ရန် စိတ်ပါဝင်စားသော မြန်မာနိုင်ငံသား လုပ်ငန်းရှင်များအား အဆိုပြုလွှာခေါ်ယူအပ်ပါသည်။

၂။ အဆိုပြုလွှာတင်သွင်းရာတွင် အောက်ပါအချက်များပါဝင်ရမည်-
(က) ကုမ္ပဏီဆိုင်ရာ စာရွက်စာတမ်းအထောက်အထားများ
(ခ) အကျိုးပြုဆောင်ရွက်မည့် အဆိုပြုလွှာ(ဆောက်လုပ်မည့်ဒီဇိုင်းပုံစံအား ဒေးဒရဲမြို့နယ် စည်ပင်သာယာရေးအဖွဲ့တွင် ရယူရန်)
(ဂ) ရင်းနှီးမြှုပ်နှံမည့်ပမာဏ

၃။ အဝေးပြေးကားဝင်း ထပ်မံဆောက်လုပ်ရန် အဆိုပြုလွှာအား ဒေးဒရဲမြို့နယ်စည်ပင်သာယာရေးအဖွဲ့သို့ ၂၀-၂-၂၀၁၅ရက် နောက်ဆုံးထားပေးပို့ရန်နှင့် အသေးစိတ်အချက်အလက်များသိလိုပါက ဒေးဒရဲမြို့နယ် စည်ပင်သာယာရေးအဖွဲ့ရုံး၊ ဖုန်း-၀၄၅-၅၆၀၇၄သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

မြေကွက်အမြန်ရောင်းမည်

ဂရန်ပေါက်အရှုပ် အရှင်းမရှိ
မြေကွက်အမှတ် (၄၉၃)၊ (၄၉၄)
နှစ်ကွက်တွဲပုလဲ (၃)အပိုင်
ပတ္တမြားတောင်-မင်္ဂလာဒုံ၊
နဝရတ်လမ်းမကြီးနှင့်
မြစပါယ်လမ်းသွယ်ထောင့်ကွက်
ညှိနှိုင်းဈေး (၁၅၀၀)သိန်း
ဆက်သွယ်ရန် ဖုန်း-၀၁-၉၆၉၀၀၇၀၊ ၀၉-၅၁၀၇၀၆၀၊ ၀၉-၂၅၃၆၅၈၈၆၅

ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၂၈ဃ/၆၂၁၂၀ AGUO 110, M/C ယာဉ်လက်ဝယ်ရှိသူ ဦးကျော်မင်းထွန်း ၆/ထဝန(နိုင်)၀၉၀၀၆၉က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ **ကညန၊ တိုင်းဒေသကြီးဦးစီးမှူးရုံး(ထားဝယ်)**

နယ်စပ်ဒေသဖွံ့ဖြိုးရေးရန်ပုံငွေဖြင့် ဆောင်ရွက်နေသော ဒေသဖွံ့ဖြိုးရေးလုပ်ငန်းဆိုင်ရာများ ရှင်းလင်း

ကျိုင်းတုံ ဇန်နဝါရီ ၃၀

ရှမ်းပြည်နယ်(အရှေ့ပိုင်း)ဒေသများတွင် နယ်စပ်ဒေသဖွံ့ဖြိုးရေးရန်ပုံငွေဖြင့် ဆောင်ရွက်သည့် ဖွံ့ဖြိုးရေးလုပ်ငန်းများရှင်းလင်းပွဲကို ဇန်နဝါရီ ၂၈ ရက်က ကျင်းပသည်။

ရှင်းလင်းပွဲတွင် ပြည်နယ်ဝန်ကြီးချုပ်က အမှာစကားပြောကြားပြီး နယ်စပ်ဒေသတိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဦးအေးကိုက ပြည်ထောင်စုအစိုးရနှင့် ပြည်နယ်အစိုးရတို့၏ ခွင့်ပြုရန်ပုံငွေများဖြင့် ဆောင်ရွက်လျက်ရှိသည့် လမ်း၊ တံတား၊ ကျောင်း၊ ဆေးရုံနှင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ၊ ဆည်မြောင်းဦးစီးဌာန၊ စိုက်ပျိုးရေးဦးစီးဌာန၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာနများမှ တာဝန်ရှိသူများက ဌာနအလိုက် လုပ်ငန်းဆောင်ရွက်မှုများကို ရှင်းလင်းတင်ပြသည်။ ထို့နောက် ပြည်နယ်လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးအောင်သူနှင့် ပြည်နယ်ဒုတိယအုပ်ချုပ်ရေးမှူး ဦးတင်မောင်ဆွေတို့က အထွေထွေလုပ်ငန်းဆောင်ရွက်မှုနှင့် လုပ်ငန်းလိုအပ်ချက်များကို တင်ပြခဲ့ကြသည်။ **မောင်မောင်နိုင်(iprd)**

ကျေးလက်ဒေသ ဆိုလာမီးလင်းရေးလုပ်ငန်း ကွင်းဆင်းစစ်ဆေး

တွန်းဇံ ဇန်နဝါရီ ၃၀

ချင်းပြည်နယ် တွန်းဇံမြို့နယ်ရှိ ကြာအိုလင်ကျေးရွာ၊ ဒါလ်ခိုင်းကျေးရွာ၊ တွီးခိန်ဇန်ကျေးရွာ(က)+(ခ)နှင့် စိမ်းတူမ်းကျေးရွာများတွင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်းရန်ပုံငွေဖြင့်ဆောင်ရွက်နေသော ဆိုလာမီးလင်းရေးလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုကို ဖလမ်းခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးမောင်မောင်နိုင်မင်းနှင့်တာဝန်ရှိသူများ ဇန်နဝါရီ ၂၈ ရက်က ကွင်းဆင်းစစ်ဆေးခဲ့ရာ ရာနှုန်းပြည့်လုပ်ငန်းပြီးစီးကြောင်း သိရသည်။

တွန်းဇံမြို့နယ်တွင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်အတွင်း ဆိုလာမီးအစုံ ၄၈၅ စုံကို ပံ့ပိုးတပ်ဆင်ပေးနိုင်ခဲ့ကြောင်းသိရသည်။ **နေစု(ချင်းရိုးမ)**

သတင်းတို

စိတ်ကြွဆေးပြားနှင့် ဘိန်းမည်းများဖမ်းဆီးရမိ

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ထီးချိုင့်မြို့နယ်၌ ခရိုင်ရဲတပ်ဖွဲ့မှူး၏ မူးယစ်ဆေးဝါးများ အရှိန်အဟုန်မြင့်ဖော်ထုတ်ဖမ်းဆီးရန်ညွှန်ကြားချက်အရ ထီးချိုင့်မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးဝင်းမြင့်ကြီးကြပ်မှုဖြင့် ကမ်းနီရဲကင်းစခန်းမှူး ရဲအုပ်ကျော်မျိုးမင်းနှင့် တပ်ဖွဲ့ဝင်များက ထီးချိုင့်မြို့နယ် နန်းပေါင်ကျေးရွာအနီး ဆင်ပန်းအခင်းတောရှိ ဦးမန်းသော်၏နေအိမ်ကို သတင်းအရ ဝင်ရောက်ရှာဖွေရာ နေအိမ်အိပ်ခန်းအတွင်းမှ WY စာတမ်းပါ စိတ်ကြွဆေးပြား လေးပြားစီပါ အထုပ်လေးထုပ်၊ တန်ဖိုးငွေကျပ် ၈၀၀၀၀ နှင့် ဘိန်းမည်းဟုယူဆရသော အလေးချိန် ၂ ဒသမ ၄ ဂရမ်ခန့်ပါ နှစ်ထုပ်ကို တွေ့ရှိသိမ်းဆည်းရမိခဲ့သဖြင့် ထီးချိုင့်မြို့နယ်ရဲစခန်း၌ ရဲအုပ်ကျော်မျိုးမင်းက တရားလိုပြုလုပ် တိုင်တန်းထားကြောင်း သိရသည်။ **ဦးရဲ(ကသာ)**

တိရစ္ဆာန်များ စည်းကမ်းမဲ့လွှတ်ကျောင်းမှုမရှိစေရေး ကြပ်မတ်ဆောင်ရွက်မည်

မကွေး ဇန်နဝါရီ ၃၀

မကွေးမြို့ စည်ပင်သာယာရေး နယ်နိမိတ်အတွင်းရှိ မြို့တွင်းလမ်းများပေါ်တွင် ကျွဲ၊ နွားတိရစ္ဆာန်များ စည်းကမ်းမဲ့ လွှတ်ကျောင်းထားမှုကြောင့် ယာဉ်အသုံးပြုသူပြည်သူများ စိတ်အနှောင့်အယှက် ဖြစ်စေရုံသာမက ယာဉ်မတော်တဆမှုများဖြစ်ပွားနိုင်ခြင်းကြောင့် တာဝန်ရှိစည်ပင်သာယာရေးအဖွဲ့က ယခင်ကထက် ကြပ်မတ်စစ်ဆေးမှုများ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

မကွေးတိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့များဥပဒေ၊ အခန်း (၁၆) တားမြစ်ချက်များပါ ပုဒ်မ ၆၇ (က)အရ မည်သူမျှ မြို့နယ်စည်ပင်သာယာရေး နယ်နိမိတ်အတွင်း ကော်မတီ၏ ခွင့်ပြုချက်မရှိလျှင် (သို့မဟုတ်) ခွင့်ပြုချက်ပါ သတ်မှတ်ချက်များနှင့်ဖြစ်စေ၊ ထုတ်ပြန်ထားသည့် စည်းကမ်းများနှင့်ဖြစ်စေ ညီညွတ်မှုမရှိလျှင် တိရစ္ဆာန်များထားရှိခြင်း၊ မွေးမြူခြင်း၊ လွှတ်ကျောင်းခြင်းမပြုရဟု ပြဋ္ဌာန်းတားမြစ်ထားသည်။ သို့သော် မွေးမြူရေးလုပ်ကိုင်သူများဘက်မှ စည်းကမ်းလိုက်နာမှု အားနည်းနေခြင်းများကြောင့် မြို့တွင်းလမ်းမကြီးများပေါ်တွင် ကျွဲ၊နွားများ မကြာခဏ ဖြတ်သန်းသွားလာနေခြင်းဖြစ်ကြောင်း တာဝန်ရှိသူတစ်ဦးမှ သုံးသပ်ပြောကြားသည်။ ထိုသို့ လမ်းမကြီးများပေါ်တွင် တိရစ္ဆာန်များ လွှတ်ကျောင်းထားခြင်းကြောင့် ယာဉ်မတော်တဆမှုများဖြစ်ပွားနိုင်သည့်အပြင် စာသင်ကျောင်းအနီး လမ်းဘေးတွင် မွေးမြူထားသော နွားများကြောင့် ကျောင်းနေအရွယ်ကလေးငယ်များ ထိခိုက်အန္တရာယ်ဖြစ်ပွားနိုင်ခြင်း၊ မြို့၏သန့်ရှင်းသာယာလှပမှုကိုထိခိုက်စေခြင်းများကြောင့် စည်းကမ်းတကျ ခြံလှောင်စနစ်ဖြင့် မွေးမြူထားခြင်းမရှိသူများအား ကြပ်မတ်စစ်ဆေးအရေးယူရန် စီစဉ်ခြင်းဖြစ်ကြောင်း သိရသည်။

စည်းကမ်းလိုက်နာမှု အားနည်းချက်များအား ကွင်းဆင်းအသိပညာပေးခြင်း၊ ရှောင်တခင်စစ်ဆေးခြင်းလုပ်ငန်းများကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့ဒုတိယဦးစီးမှူး ဦးသန်းဝင်းဦးစီးသော စည်းကမ်းထိန်းသိမ်းရေး ဝန်ထမ်းများက အပတ်စဉ်ဆောင်ရွက်လျက်ရှိပြီး မြို့တော်သာယာလှပရေး၊ စိမ်းလန်းစိုပြည်ရေးအတွက် ပန်းအလှပင်များ၊ မြေယာရှုခင်းများ ပျက်စီးခြင်းမှကာကွယ်နိုင်ရန်နှင့် အများပြည်သူများ စိတ်အနှောင့်အယှက်ကင်းဝေးကာ ဘေးကင်းလုံခြုံစေရန်အတွက် စည်းကမ်းပိုင်းဆိုင်ရာ ကြပ်မတ်ဆောင်ရွက်မှုများ ဆောင်ရွက်နေခြင်းဖြစ်ကြောင်း သိရသည်။ **ဇေယျာတု(မကွေး)**

ယာဉ်လိုင်စင်ထုတ်ပေးခြင်းနှင့် သက်တမ်းတိုးခြင်း ကွင်းဆင်းဆောင်ရွက်

တာလေ ဇန်နဝါရီ ၃၀

ရထားပို့ဆောင်ရေးဝန်ကြီးဌာန ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန တာချီလိတ်ခရိုင်ရုံးမှ ခရိုင်ဦးစီးမှူးနှင့် ဝန်ထမ်းများသည် ဇန်နဝါရီ ၂၂ ရက်မှ ၂၆ ရက်အထိ ယာဉ်မောင်းလိုင်စင် စစ်ဆေးထုတ်ပေးခြင်း၊ ယာဉ်နှင့် ယာဉ်မောင်းလိုင်စင်သက်တမ်းတိုးခြင်းလုပ်ငန်းများကို တာလေမြို့နယ်၌ ငါးရက်ကြာ နယ်လှည့်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

အဆိုပါ နယ်လှည့်ခရီးစဉ်တင် မော်တော်ယာဉ်သက်တမ်းတိုး ၁၀၄ စီး၊ မော်တော်ဆိုင်ကယ်မောင်းလိုင်စင် ၁၅၂ စောင်၊ မော်တော်ယာဉ်မောင်းလိုင်စင် ၄၉ စောင်တို့အပါအဝင် ယာဉ်မောင်းလိုင်စင် စုစုပေါင်း ၂၆၀ တို့ကို ဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း သိရသည်။ ယာဉ်လိုင်စင်များ ဆောင်ရွက်ပေးခြင်းအပြင် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ပညာပေးဟောပြောခြင်းနှင့် သင်တန်းပို့ချခြင်းတို့ကိုလည်း ဆောင်ရွက်ပေးခဲ့ပြီး တာချီလိတ်ခရိုင်ဦးစီးမှူး ဦးသောင်းမြင့်၊ စစ်ဆေးရေးမှူး(၃) ဦးစိုင်းဆမ်တစ်၊ တာလေရဲစခန်းမှ စခန်းမှူး ရဲအုပ်မျိုးထွန်းဦးတို့က ယာဉ်စည်းကမ်းဆိုင်ရာများဟောပြောပို့ချကာ သင်တန်းသူ သင်တန်းသား ၂၀၀ ကျော် တက်ရောက်ခဲ့ကြောင်း သိရသည်။

တာချီလိတ်ခရိုင် ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနမှ ကွင်းဆင်းဆောင်ရွက်ပေးခြင်းဖြင့် ဒေသခံပြည်သူများ အချိန်ကုန်သက်သာပြီး ယာဉ်မောင်းရာတွင် ရှောင်ရန် ဆောင်ရန်တို့ကို သိခွင့်ရသဖြင့် စိတ်ကျေနပ်မှုရှိကြောင်း သိရသည်။ **မြင့်မိုရ်(တာချီလိတ်)**

အများသိစေရန်ကြေညာခြင်း

လားရှိုးမြို့၊ မြို့မဈေးကြီး၊ ချယ်ရီရုံရှိ ဆိုင်ခန်းအမှတ် ဥ(ပ)၁၅၇ အားအစ်မဖြစ်သူ ဒေါ်ကြည်ကြည်အောင်အား အမည်ခံအဖြစ် ဝယ်ယူစေခဲ့ပြီး အမှန်ငွေထုတ်ပေးသူမှာ ဒေါ်သီသီအောင် ဖြစ်ပါသည်။အဆိုပါ ဆိုင်ခန်း၏အမှန်တကယ်ပိုင်ရှင်မှာ ကျွန်မဒေါ်သီသီအောင်သာဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

ဒေါ်သီသီအောင် ၁၃/လရန(နိုင်)၀၀၀၀၆၂၊ ရပ်ကွက်(၄)၊ နယ်မြေ(၆)၊ လားရှိုးမြို့

ဦးစံခင် ၁၂/လမတ(နိုင်)၀၂၁၂၂၆ မှ အများသိစေရန် ကြေညာခြင်း

ပြင်ဦးလွင်မြို့နယ်၊ သပြေကုန်းကျေးရွာအုပ်စု၊ ညောင်ကုန်းကျေးရွာအလွန်၊ ပြင်ဦးလွင်-မိုးကုတ်သွားလမ်းဘေးရှိ (၆ မိုင် ၇ ဖာလုံ)ရှိ အကျယ်အဝန်း(၃၆ဧက)ကို ဒေါ်ယုမြတ်နိုင်မှ မူလရောင်းချသူ ဒေါ်ညိုညိုနိုင်ထံမှ စရန်ချဝယ်ယူနေစဉ်အတွင်းမှာပင် ကျွန်တော်ဦးစံခင်တို့မှ စုံစမ်းပြီးသားဖြစ်ပြီး ကျွန်တော်တို့က ကြိုက်နှစ်သက်၍ ရောင်းချသူဒေါ်ယုမြတ်နိုင်ထံတွင် မျက်နှာစာ (၃၀၀)တင်သည့် အခြမ်းမှစပြီး (၁၄)ဧကတိတိကို စရန်ချကာ ဝယ်ယူခဲ့ကြပါသည်။ကျန်ငွေပေးချေမည့်ရက်တွင် ရောင်းချသူဒေါ်ယုမြတ်နိုင်ဘက်မှရောင်းချသောမြေ၏ စာရွက်စာတမ်းအပြည့်အစုံနှင့်မြေကို လက်ရောက်ပေးအပ်နိုင်သော်လည်း ကျွန်တော်ဦးစံခင်တို့ဘက်မှအကြောင်း အမျိုးမျိုးပြကာ ငွေပေးချေရန် ပျက်ကွက်ခဲ့ကြောင်းဝန်ခံပြီး စာချုပ်ပါအတိုင်းဆိုလျှင် စရန်ငွေမှာဆုံးရှုံးခဲ့ပြီးဖြစ်ပါသည်။ ၄င်းနောက်ပိုင်းတွင် ကျွန်တော်ဦးစံခင်မှ လူမှုရေးအရသွားရောက်တောင်းပန်ပြီးဒေါ်ယုမြတ်နိုင်နှင့်ညှိနှိုင်းရာ ဒေါ်ယုမြတ်နိုင်ကလည်း စရန်ငွေပြန်လည်အမ်းပေးသည်ကိုလည်း ကျွန်တော်ဦးစံခင်မှ ကျေးဇူးတင်ရှိကြောင်းအများသိစေရန် ကြေညာအပ်ပါသည်။

အထက်ပါမြေကိစ္စနှင့်ပတ်သက်၍ ကျွန်တော်ဦးစံခင်အားရောင်းချထားသော မြေ(၁၄)ဧကမှာ ကျွန်တော်နှင့် လုံးဝသက်ဆိုင်ခြင်းမရှိကြောင်း အထက်အဆိုပါ မြေနှင့်ပတ်သက်၍ ယနေ့မှစ၍ ခံစားစံစားပိုင်ခွင့်မရှိတော့ဘဲ ဒေါ်ယုမြတ်နိုင် သာခံစား၊ စံစားပိုင်ခွင့်ရှိတော့မည်ဖြစ်ပါကြောင်း ဦးစံခင်မှ အများသိစေရန် ကြေညာအပ်ပါသည်။ **ဦးစံခင် ၁၂/လမတ(နိုင်)၀၂၁၂၂၆**

မြောက်ဦးဆရာတော်၏ (၄၂)ကြိမ်မြောက်(ရန်ကုန်)
အထူးအလုပ်ပေးတရားစခန်း

နေရာ - ရတနာမာရ်အောင် တောရမ္မရိပ်သာ၊ နွယ်သာကီလမ်း၊ ဉာဏရပ်ကွက်၊ ပုလဲမြို့သစ်၊ မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်မြို့
(အမှတ်၃ လမ်းမကြီး၊ ရခိုင်ကျောင်းမှတ်တိုင်တွင် ဆင်းပါ။)

တရားစခန်းရက် - ၁၃၇၆ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၇ရက်မှ တပေါင်းလဆန်း ၃ရက်အထိ။
(၁၀-၂-၂၀၁၅ ရက်မှ ၂၀-၂-၂၀၁၅ ရက်အထိ)

စာရင်းလက်ခံမည့်ရက် - ၁၃၇၆ ခုနှစ်၊ တပို့တွဲလပြည့်နေ့
(၃-၂-၂၀၁၅ရက်) နံနက် ၉ နာရီမှ ညနေ ၃ နာရီအထိ
(လူဦးရေကန့်သတ်ထားပါသည်။)

မှတ်ချက်။ ယောဂီအသစ်များကို ဦးစားပေးလက်ခံပါမည်။ တရားစခန်းဝင်မည့်သူ ကိုယ်တိုင် နိုင်ငံသားစိစစ်ရေးကတ်ဖြင့် စာရင်းပေးသွင်းပါရန်နှင့် ဆွမ်းစရိတ်ငွေ ၅၀၀၀ ကျပ်ကို တစ်ပါတည်းပေးသွင်းပါရန် မေတ္တာရပ်ခံအပ်ပါသည်။

ဓမ္မဝန်ဆောင်အဖွဲ့(ရန်ကုန်)
ဖုန်း-၀၉-၄၂၁၁၄၃၂၁၀၊ ၀၉-၄၄၈၀၃၂၂၇၈

ကန့်ကွက်နိုင်ပါကြောင်း

သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် -၂ မြောက်၊ မြေကွက်အမှတ် ၁၂၈၉/ခ၊ မြေကွက်တည်နေရာအမှတ် ၁၂၈၉/ခ၊ သဒ္ဒါရုံ(၁)လမ်း၊ ၂/မြောက်ရပ်ကွက်၊ သာကေတမြို့နယ် (ဦးကိုအောင်)အမည်ပေါက် နှစ် ၆၀ ဂရန်မြေအား သာကေတမြို့နယ် တရားရုံး၌ ဦးတိုးနိုင်မှ ၂၀၁၄ခုနှစ် တရားမကြီးမှုအမှတ် ၈၉ဖြင့် ဦးကိုအောင်နှင့် ဦးဝင်းထိန်တို့အား ပဋိညာဉ်အတိုင်း မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုပေးရန် တရားစွဲဆိုခဲ့ရာ အနိုင်ဒီကရီနှင့် ၂၀၁၄ခုနှစ် တရားမဇာရီမှုအမှတ် ၁၀၆ အမိန့်တို့တင်ပြ၍ တရားရုံးကိုယ်စား ဘိလစ်ဒေါ်တင်မေလွင် ၁၂/ဗဟန (နိုင်)၀၂၀၈၆၇မှ အရောင်းအဝယ်စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားများဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါရန်နှင့် ကန့်ကွက်မှုမရှိပါက ဌာနမှလုပ်ထုံးလုပ်နည်းနှင့်အတိုင်း ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

နေပြည်တော်၊ ပျဉ်းမနားမြို့နယ်၊ ရွှေချီရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၂/ရွှေချီ၊ မြေကွက်/ဦးပိုင်အမှတ် ၅၈ ^ခ၊ ဧရိယာ ၀ ဒသမ ၁၁၀ ဧကရှိ ဒေါ်သီတာဆွေ အမည်ဖြင့်ပိုင်ဆိုင်သော ဘိုးဘပိုင်မြေကွက်အား ဒေါ်ထိုက်ထိုက်ဝေ ၉/ပမန(နိုင်)၀၀၀၈၉၉ (ဘ) ဦးအေးမောင်မှ ပိုင်ဆိုင်ကြောင်း အထောက်အထားများတင်ပြပြီး ဘိုးဘပိုင်မြေကွက်အမည်ပြောင်း လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ၁၅ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
နေပြည်တော်စည်ပင်သာယာရေးကော်မတီ

အများသိစေရန်ကြေညာခြင်း

မုဒုံမြို့၊ မြို့မ (၄)၊ ကွမ်ကသောင်ရပ် ၃လမ်း၊ အမှတ် (၁)ဟု ခေါ်တွင်သော တစ်ထပ်၊ ဖက်မိုး၊ ပျဉ်ခင်း၊ ပျဉ်ကာနေအိမ်နှင့် နေအိမ်တည်ရှိရာ မျက်နှာစာ (၂၄)တောင်၊ အရှည် (၅၅)တောင်ရှိသည့် မြေကွက်အား အရပ်ကတိစာချုပ် အဆက်အစပ်ဖြင့် ရောင်းချခွင့်ရှိကြောင်း ဝန်ခံပြောဆိုသဖြင့် ကျွန်ုပ်မိတ်ဆွေက လက်ရှိလက်ရောက် ဝယ်ယူထားပြီးဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။။

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်စန္ဒာသိန်း (စဥ-၄၄၉၂) တရားလွှတ်တော်ရှေ့နေ
ဒေါ်မို့မို့ကေသီကျော် (စဥ-၃၆၆၉၉) အထက်တန်းရှေ့နေ
အမှတ်(၈)၊ မြစေတီလမ်း၊ စက်သစ်ရပ်၊ မြို့မ(၁)၊ မုဒုံမြို့

ပြည်တွင်းသတင်း

ရွှေအင်းတောင်စေတီတော် (၁၁၈၅)နှစ်ပြည့် ဗုဒ္ဓပူဇနီယပွဲတော် စည်ကားစွာ ကျင်းပမည်

တောင်တွင်းကြီး ဇန်နဝါရီ ၃၀

မကွေးတိုင်းဒေသကြီး တောင်တွင်းကြီးမြို့နယ်ရှိ ရှေးဟောင်းသမိုင်းဝင် ဇေယျမင်္ဂလာရွှေအင်းတောင်စေတီတော်မြတ်ကြီး၏ (၁၁၈၅) နှစ်ပြည့် ဗုဒ္ဓပူဇနီယပွဲတော်ကို ၁၃၇၆ ခုနှစ် တပေါင်းလပြည့်ကျော် ၅ ရက်မှ တန်ခူးလဆန်း ၈ ရက်အထိ စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

ဗုဒ္ဓပူဇနီယပွဲတော် ကျင်းပရေးအတွက် စီမံခန့်ခွဲရေးကော်မတီ လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို ဇန်နဝါရီ ၂၈ ရက်က ကျင်းပခဲ့သည်။ အစည်းအဝေးတွင် ဂေါပကအဖွဲ့ဥက္ကဋ္ဌ ဦးစံသိန်းက အမှာစကားပြောကြားပြီး ဆပ်ကော်မတီများနှင့် ဂေါပကများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများက ပွဲတော်စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ရေး ဆွေးနွေးခဲ့ကြသည်။

ဗုဒ္ဓပူဇနီယပွဲတော်တွင် တပေါင်းလပြည့်ကျော် ၅ ရက်မှစ၍ အထူးတရားပွဲများ၊ ပဋ္ဌာန်းရွတ်ဖတ်ပူဇော်ပွဲ၊ ဆွမ်းသပိတ်လောင်းလှူပူဇော်ပွဲ၊ ရိုးရာခြင်းပညာစွမ်းရည်ပြပွဲ၊ မျက်လှည့်ပြပွဲများ၊ ဇာတ်ပွဲနှင့် ပျော်ပွဲရွှင်ပွဲများ စုံလင်စွာပါဝင်ကျင်းပသွားမည်ဖြစ်ကြောင်းနှင့် ဈေးဆိုင်များလည်း ဖွင့်လှစ်ရောင်းချသွားမည်ဖြစ်ကြောင်း သိရသည်။

နိုင်ဝင်း

မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ သုံးသပ်ဆွေးနွေး

ပုဏ္ဏားကျွန်း ဇန်နဝါရီ ၃၀

ရခိုင်ပြည်နယ် ပုဏ္ဏားကျွန်းမြို့နယ်အတွင်း ဆောင်ရွက်နေသော မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ သုံးသပ်ဆွေးနွေးပွဲကို မြို့နယ်ခန်းမ၌ ဇန်နဝါရီ ၂၅ ရက်က ကျင်းပသည်။

ဆွေးနွေးပွဲတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးညီညီအောင်က မြစိမ်းရောင်စီမံကိန်း၏ အဓိကရည်မှန်းချက်မှာ ကျေးလက်နေပြည်သူများ အလုပ်အကိုင်၊ အခွင့်အလမ်းရရှိပြီး မိသားစုဝင်ငွေတိုးပွားရန်၊ ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချနိုင်ရန်ဖြစ်ကြောင်း၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ကျေးလက်ကုန်ထုတ်လုပ်ငန်းများဖွံ့ဖြိုးတိုးတက်လာပြီး လက်ရှိဆင်းရဲနွမ်းပါးမှု ၃၂ ရာခိုင်နှုန်းမှ ၂၀၁၅ ခုနှစ်တွင် ၁၆ ရာခိုင်နှုန်းအထိ လျှော့ချနိုင်ရန်ရည်မှန်းထားကြောင်း၊ နိုင်ငံတော်အစိုးရ၏ အမျိုးသားရည်မှန်းချက်တစ်ရပ်အဖြစ် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသော ကျေးလက်ဒေသဖွံ့ဖြိုးရေးကို ဤမြစိမ်းရောင်ကျေးရွာစီမံကိန်းများက အကောင်အထည်ဖော်ဆောင်ပေးနိုင်မည်ဖြစ်၍ အဆင့်ဆင့်သော စီမံကိန်းအကောင်အထည်ဖော်ရေး လုပ်ငန်းကော်မတီများနှင့် ကျေးရွာရန်ပုံငွေကြီးကြပ်မှုကော်မတီဝင်များအနေဖြင့် စည်းမျဉ်း၊ စည်းကမ်း မူဘောင်များအတိုင်း စေတနာထားလုပ်ဆောင်သွားကြရန် လိုအပ်ကြောင်း အမှာစကားပြောကြားသည်။

ထို့နောက် ကျေးလက်ဒေသဖွံ့ဖြိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကျော်သန့်ဇင်က မြို့နယ်အတွင်း လက်ရှိအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသော စီမံကိန်းကျေးရွာ ၂၀ နှင့်ပတ်သက်၍ အားသာချက်အားနည်းချက်များကို ဆွေးနွေးကာ ကျေးရွာလုပ်ငန်းကော်မတီဝင်များက စီမံကိန်းအကောင်အထည်ဖော်ဆောင်ရွက်ရာတွင် တွေ့ကြုံခဲ့ကြရသောအခက်အခဲများနှင့် လုပ်ငန်းလိုအပ်ချက်များကို ဆွေးနွေးခဲ့ကြသည်။

(မြို့နယ် ပြန်/ဆက်)

သတင်းတို

စံပြလယ်ယာ ဧက ၂၀၀ ဖော်ထုတ်

မကွေးတိုင်းဒေသကြီး တောင်တွင်းကြီးမြို့နယ် ပရပ်ကြယ်ကျေးရွာအုပ်စု ကွင်းအမှတ် ၂၀၉၈(က)နှင့် ၂၀၉၈(ခ)တို့တွင် ဒေသခံတောင်သူ လယ်သမားများ၏ ပုံသဏ္ဌာန်မမှန်သော လယ်ကွက်များနှင့် ရေသွင်းရေထုတ်မလွယ်ကူသော လယ်မြေစုစုပေါင်း ဧက ၂၀၀ ကို စံပြလယ်ယာမြေအဖြစ် စက်မှုလယ်ယာဦးစီးဌာနက ဇန်နဝါရီ ၉ ရက်မှစ၍ ဖော်ထုတ်ဆောင်ရွက်ပေးလျက်ရှိရာ ကုန်ကျစရိတ်များကိုလည်း ဒေသခံတောင်သူများက ပေးချေရန်မလိုဘဲ အခမဲ့ဖော်ထုတ်ပေးနေခြင်းဖြစ်ပြီး လာမည့်နှစ်များတွင်လည်း စံပြလယ်ယာမြေများ ဆက်လက်ဖော်ထုတ်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

နိုင်ဝင်း

မကွေးမြို့၌ နှမ်းလှော်လုပ်ငန်းများအောင်မြင်ကာ အလုပ်အကိုင်၊ အခွင့်အလမ်းများရရှိနေ

မကွေး ဇန်နဝါရီ ၃၀

မြန်မာနိုင်ငံ၏ ဆီအိုးကြီးဟု တင်စားခေါ်ဝေါ်ကြသည့် အလယ်ပိုင်းဒေသ မကွေးတိုင်းဒေသကြီး မကွေးမြို့၌ အဓိကဆီထွက်သီးနှံတစ်မျိုးဖြစ်သည့်နှမ်းကို နိုင်ငံတော်၏ စားသုံးဆီလိုအပ်ချက် ဖြည့်ဆည်းပေးနေသော နှမ်းဆီစက်လုပ်ငန်းများအပြင် ဒေသတွင်း ရိုးရာဓလေ့ဖြစ်သည့် လက်ဖက်၊ ပဲကြမ်းတို့နှင့်လည်းကောင်း၊ မုန့်ပဲသရေစာမျိုးစုံတွင်လည်းကောင်း အသုံးပြုမှုများသော နှမ်းလှော်ကိုလည်း ထုတ်လုပ်လျက်ရှိရာ နှမ်းလှော်လုပ်ငန်းများ အောင်မြင်နေပြီး မကွေးမြို့နေပြည်သူများအတွက် အလုပ်အကိုင်ဖန်တီးပေးနိုင်သော လုပ်ငန်းတစ်ရပ်ဖြစ်နေကြောင်း သိရသည်။

“နှမ်းလှော်လုပ်ငန်းမှာ နှမ်းရေစိမ်၊ မောင်းထောင်း၊ လက်စကာချ၊ စက်စကာချ၊ အိတ်ပိတ်ကတ္တားချိန်၊ ဈေးကွက်ဖြန့်လုပ်ငန်းဆိုပြီး တာဝန်ယူထားတဲ့ ကျွမ်းကျင်လုပ်သားတွေရှိပါတယ်။ ကဏ္ဍအသီးသီးအလိုက် အရေးမကြီးတဲ့အပိုင်းဆိုတာ မရှိပါဘူး။ အလုပ်သမားတွေရဲ့ လုပ်အားခကတော့ ပျမ်းမျှ ငွေကျပ် ၃၅၀၀ ဖြစ်ပါတယ်။ တာဝန်ယူမှုအလိုက် အနည်းငယ်ကွာဟချက်တော့ ရှိပါတယ်။ ကျွန်တော်တို့ရပ်ကွက်မှာ စားသောက်ကုန်လုပ်ငန်းတွေ အများကြီးဖြစ်ထွန်းလာပါတယ်။ နှမ်းလှော်ဖိုတွေလည်း တိုးလာပါတယ်။ လုပ်ငန်းတွေအောင်မြင်ကြတော့ အလုပ်သမားတွေလည်း အလုပ်မရှားကြတော့ဘူးပေါ့”ဟု နှမ်းလှော်ဖို လုပ်ငန်းရှင်တစ်ဦးက ပြောသည်။

နှမ်းလှော်လုပ်ငန်းသည် နှမ်းတန်ဖိုးအရင်း၊ လုပ်အားခ၊ လောင်စာ၊ သယ်ယူစရိတ် စုစုပေါင်းနှင့် နှမ်းလှော် ရောင်းချရရှိငွေအား ချိန်ထိုးခြားနားကြည့်ပါက အမြတ်အစွန်းကောင်းသော လုပ်ငန်းကြီးတစ်ခုဖြစ်သည်။ ထုတ်ကုန်၊ ပို့ကုန် ကုန်ချောလုပ်ငန်းတစ်ခုအနေဖြင့် ဒေသတွင်း စီးပွားရေးအခြေအနေကောင်းများရရှိခြင်းကြောင့် လုပ်ငန်းစတင်ထူထောင်လိုသူများက လုပ်ငန်းခွင်များသို့ လာရောက်လေ့လာလျက်ရှိရာ လုပ်ငန်းများ ပိုမိုများပြားလာပါက အလုပ်အကိုင်၊ အခွင့်အလမ်းများလည်း ပိုမိုရရှိလာမည်ဟု ထင်မြင်ကြောင်း ဒေသခံတစ်ဦးက ပြောသည်။

အလုပ်ရုံတစ်ရုံတွင် ဒယ်အိုး လေးလုံး အသုံးပြုလုပ်ငန်းကို ဖိုတစ်ဖိုအဖြစ် သတ်မှတ်ကြပြီး လုပ်ငန်းအသေး၊ အကြီးအလိုက် ဖိုနှစ်ဖိုမှ ၁၀ ဖိုအထိ ရှိတတ်သည်။ ဖို ၁၀ ဖို လုပ်ငန်းသမားတစ်ဦး အနေဖြင့် တစ်ရက်လျှင် နှမ်းတင်း ၁၅၀ အထိ လှော်နိုင်ကြသည်။ လုပ်ငန်းသုံးစက်ပစ္စည်းအနေဖြင့် မောင်း၊ လှော်ဒလက်၊ လှေ့စင်များကိုအသုံးပြုပြီး လောင်စာအတွက် ပဲခွံကို အသုံးပြုကြသည်။ မကွေးမြို့ရှိ လှော်ဖိုကြီးများမှ နှမ်းလှော်များကို ရန်ကုန်၊ မန္တလေးဈေးကွက်သို့ တင်ပို့ကြပြီး ထိုမှတစ်ဆင့် တရုတ်နှင့် ကိုရီးယားဈေးကွက်အထိ ကျယ်ပြန့်ရောက်ရှိကြသည်။ တင်ပို့ရသည့် နိုင်ငံများ၏ အကြိုက်ကိုလိုက်၍ နှမ်းလှော်မှုန့်လုပ်ငန်းများလည်း ပြည်တွင်း၌ လုပ်ကိုင်လျက်ရှိကြကြောင်း သိရသည်။

ဇေယျာတု(မကွေး)



အမွေဆက်ခံရန် သက်သေခံလက်မှတ်ရစေခြင်းငှာ

လျှောက်ထားကြောင်းအကြောင်းကြားစာ

(အမွေဆက်ခံရန် သက်သေခံလက်မှတ်စာအက်ဥပဒေပုဒ်မ ၃၇၃)

ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး၌

၂၀၁၅ ခုနှစ် တရားမအထွေထွေမှုအမှတ် ၁၀

ကွယ်လွန်သူ ဦးစောပေါလ်၏ကျန်ရှိရစ်သော ပစ္စည်းအကြောင်း

ဒေါ်တိုင်တန်းနီးယား **လျှောက်သူ**

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ၄၀ရပ်ကွက်၊ ရာဇဓိရာဇ်လမ်း၊ အမှတ်၁၀နေ ဒေါ်တိုင်တန်းနီးယားက ကွယ်လွန်သူ ဦးစောပေါလ်၏အစ်မရင်းဖြစ်သည်ဟူ၍ ၎င်းကွယ်လွန်သူ ဦးစောပေါလ်မှာ ကျန်ရှိရစ်သော ပစ္စည်းပိုင်နက်ရရန်ရှိသောကြွေးမြီများကို ကောက်ခံရန် အမွေဆက်ခံရန် သက်သေခံလက်မှတ်စာအက်ဥပဒေအရ လက်မှတ်စာရလိုကြောင်း၊ ဤရုံး၌ လျှောက်ထားချက်ရှိသည်ဖြစ်၍ ထိုသို့သောလျှောက်ထားကြောင်းကို အများလူတို့သိကြားစေခြင်းငှာ ကြော်ငြာသည်မှာ ၎င်း ကွယ်လွန်သူ ဦးစောပေါလ်မှာ ကျန်ရစ်သောပစ္စည်းများအပေါ်၌ ရရန်ရှိသူလူဟူသမျှတို့သည် ဤရုံးသို့ ၂၀၁၅ ခုနှစ် ဖေဖော်ဝါရီ ၂၀ရက် ၁၀နာရီတွင် လာရောက်ကြရမည်။ ၎င်းရက်တွင် လျှောက်သူဒေါ်တိုင်တန်းနီးယား၏ လျှောက်ချက်ကို နာကြား၍ လက်မှတ်ရသင့်၊ မရသင့်သည့်အကြောင်းကို စီရင်ဆုံးဖြတ်လိမ့်မည်။

၂၀၁၅ ခုနှစ် ဇန်နဝါရီ ၂၁ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

(အေးအေးသန့်)
တွဲဖက်ခရိုင်တရားသူကြီး(၃)
ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး

ငြင်းချက်ထုတ်ရန်သမ္မန်စာ

(တရားမကျင့်ထုံး ကိုဒ်ဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)

တာမွေမြို့နယ်တရားမရုံး၌

၂၀၁၄ခုနှစ် တရားမကြီးအမှုအမှတ်-၄၆

မဇွန်နီမေဖူးသွင် **နှင့်** ၁။ ဒေါ်မေနီလာသွင်
၂။ ဒေါ်မေသီတာသွင်

တရားလို **တရားပြိုင်များ**

အင်းစိန်မြို့နယ်၊ နံ့သာကုန်းရပ်ကွက်၊ လမ်းသစ်လမ်း၊ အမှတ် အေ-၃၈ ရပ်နေ ဒေါ်မေနီလာသွင် (ဘ) ဦးသွင်မောင်မောင်၊ ဒေါ်မေသီတာသွင် (ဘ) ဦးသွင်မောင်မောင် (အတူနေသူများ) (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလိုက အမွေပုံစီမံခန့်ခွဲပေးစေလိုကြောင်းနှင့် လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံး အခွင့်အမိန့်ရရှေ့နေဖြင့်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူတစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၅ခုနှစ် ဖေဖော်ဝါရီ ၁၁ရက် (၁၃၇၆ ခုနှစ် တပို့တွဲလပြည့်ကျော် ၈ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက်ကရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်ရက်တွင် သင်မလာမရောက်ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုကကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၅ခုနှစ် ဇန်နဝါရီ ၂၃ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

(စန်းအောင်)
မြို့နယ်တရားသူကြီး

ကန့်ကွက်နိုင်ပါကြောင်း

ဒေါပုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၁)၊ မြေကွက်အမှတ် ၂၈၅၊ မြေကွက်တည်နေရာ အမှတ် ၂၈၅၊ မင်းနန္ဒာလမ်း၊ ဗမာအေးရပ်ကွက်၊ ဒေါပုံမြို့နယ်ဦးဇော်မင်း ၁၂/လသန(နိုင်)၀၁၅၆၀၇ အမည်ပေါက်၊ နှစ် ၆၀ ဂရန် မြေအား ရန်ကုန်အရှေ့ပိုင်းခရိုင် တရားရုံး တရားမကြီးမှုအမှတ်(၅၄၇/၂၀၁၄) တရားလို ဒေါ်ဝါဝါခင်က မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိနေအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို တရားပြိုင် ဦးဇော်မင်းက တရားလို ဒေါ်ဝါဝါခင်သို့ လွှဲပြောင်းရောင်းချသည့် အရောင်းအဝယ်စာချုပ်ဥပဒေနှင့်အညီ ချုပ်ဆို၍ မှတ်ပုံတင်ပြုလုပ်ပေးစေရန် ၄-၁၁-၂၀၁၄ ရက်စွဲပါ စီရင်ချက်၊ ဒီကရီနှင့်တရားမဇာရီမှုအမှတ် (၁၈၉/၂၀၁၄)အမိန့်ကို တင်ပြလျက်တရားရုံး (ဦးဇော်မင်း)ကိုယ်စား ရန်ကုန်အရှေ့ပိုင်းခရိုင် ဒုတိယဦးစီးအရာရှိ(ဘီလစ်) ဒေါ်မင်းမင်းကြိုင်မှ အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားများတင်ပြ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါရန်နှင့် ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ပြင်ဆင်ဖတ်ရှုပါရန်

၂၆-၁၁-၂၀၁၄ ရက်ထုတ်မြန်မာ့အလင်းသတင်းစာ၏စာမျက်နှာကြော်ငြာ (၂၂) ကန့်ကွက်ကြော်ငြာ ဗဟန်းမြို့နယ် ဦးသိန်းဝင်း+၁၏မြေပုံကူးတွင် မြေအမည်ပေါက် (ဖခင်)ဦးထွန်းသိန်းနှင့်(မိခင်)ဒေါ်ဖြူတုတ်(အစ်မ)ဒေါ်နုနုရီ(အပျိုကြီး)တို့အသီးသီးကွယ်လွန်သဖြင့်ဟု ဖတ်ရှုပါရန်။

နိုင်ငံတကာအားကစား

ဘွန်ဒက်စ်လီဂါပွဲစဉ်တွေ ပြန်စပြီ

မိုးမြင့်လင်းလက်

ဂျာမနီမြေကဘွန်ဒက်စ်လီဂါပွဲစဉ်တွေကတော့ ဒုတိယရာသီဝက် ပြန်လည်နိုးထလာပြီ ဖြစ်ပါတယ်။ ဘွန်ဒက်စ်လီဂါပွဲစဉ်(၁၈)ကို ဇန်နဝါရီ ၃၀ ရက် ညပိုင်းမှာ ယှဉ်ပြိုင်ဖို့ရှိနေပြီး ရက်ရှည်အနားယူတဲ့အသင်းတွေရဲ့အင်းအားပြည့်ပြန်လည်ရုန်းထမှုတွေကို မြိုင်မြိုင်ဆိုင်ဆိုင်ရှုစားကြရတော့မှာဖြစ်ပါတယ်။

ဝုဖ်ဘတ်နှင့်ဘိုင်ယန်မြူးနစ်

ထိပ်သီးနှစ်သင်း ဆုံတွေ့မှုရဲ့ အဖွင့်ပွဲအစကတော့ ပြင်းထန်တော့မှာ ဖြစ်ပါတယ်။ ဝုဖ်ဘတ်နဲ့ ဆုံတိုင်း ဘိုင်ယန်မြူးနစ်တို့နိုင်ပွဲရတာများပြီး တစ်ချို့ပွဲတွေဆိုရင် ဂိုးပြတ်သွင်းနိုင်တဲ့ ခြေစွမ်းရှိပါတယ်။ ပထမအကျော့မှာ ဝုဖ်ဘတ်တို့နှစ်ဂိုးပြတ်ရှုံးခဲ့လို့ အခုပွဲမှာ အနိမ့်ဆုံးတစ်မှတ်ရယူနိုင်ရေး အားထုတ်ဖို့ ဝုဖ်ဘတ်တို့ ပြင်ဆင်ပါလိမ့်မယ်။ ဒီနှစ်ဘောလုံးရာသီမှာ အိမ်ကွင်း အဝေးကွင်းရှုံးပွဲမရှိသေးတဲ့ ဘိုင်ယန်မြူးနစ်တို့ မှတ်တမ်းကောင်း ဆက်ထိန်းဖို့အခြေအနေရှိနေတာတော့ အမှန်ပါပဲ။

လေဗာကူဆင်နှင့် ဒေါ့မွန်

တန်းဆင်းဇုန်ထဲက ရှန်းထွက်ဖို့ ဒေါ့မွန်တို့ အပြင်းအထန်ရုန်းထတော့မယ့်ပွဲပါ။ ခြေမှန်နေတဲ့ လေဗာကူဆင်တို့က ဒီနှစ်ဘောလုံးရာသီမှာ အိမ်ကွင်းရှုံးပွဲမရှိသေးတာမို့ ဒေါ့မွန်ရဲ့ တုန့်ပြန်မှုကို ချေဖျက်နိုင်ရေးကြိုးစားမှာ ဖြစ်ပါတယ်။ ဒေါ့မွန်အတွက် ဒီပွဲမှာ တစ်မှတ်ရဖို့ကို ခြေကုန်ထုတ်ရမယ့်ပွဲဖြစ်ပါတယ်။

ရှော်လ်ကေးနှင့် ဟန်နိုဗာ

တစ်လှည့်စီ အနိုင်ယူနေကြတဲ့ အသင်းတွေမို့ အပြန်အလှန်ဖိအားပေးကစားကြမယ့်ပွဲဖြစ်ပါတယ်။ ခံစစ်ပိုင်းကျစ်လစ်တဲ့ ရှော်လ်ကေးကို ဟန်နိုဗာတို့နိုင်ပွဲရဖို့ မလွယ်ပါဘူး။ ဒါပေမယ့် ဟန်နိုဗာတိုက်စစ်မှူးတွေက ဂိုးသွင်းအားကောင်းမွန်သူတွေဖြစ်ပြီး ပြိုင်ဘက်ခံစစ်မှူးတွေကို ကောင်းကောင်းခြိမ်းခြောက်နိုင်သူတွေဖြစ်ပါတယ်။ အိမ်ကွင်းမှာ အားသွန်ကစားတတ်တဲ့ ရှော်လ်ကေးကို အားပေးရမယ့်ပွဲပါ။

ဟမ်းဘတ်နှင့်ကိုလုံး

နှစ်သင်းစလုံးခြေမှန်တဲ့အသင်းတွေမဟုတ်လို့ အမာခံကစားသမားတွေနဲ့ပွဲထွက် လာဖို့ရှိနေပါတယ်။ ဟမ်းဘတ်ရဲ့ ထူးခြားချက်က အကောင်းဆုံးခံစစ်ကို ပိုင်ဆိုင်ထားခြင်းပဲဖြစ်ပါတယ်။ ဒါပေမယ့်တိုက်စစ်မှူးတွေ စွမ်းအားကကျဆင်းနေတာမို့ ဟမ်းဘတ်တို့ တော်ရုံကြိုးစားလို့မရနိုင်ပါဘူး။ အဝေးကွင်းမှာခြေစွမ်းပြနိုင်တဲ့ကိုလုံးရဲ့ ကစားအားကြောင့် တစ်မှတ်စီခွဲယူသွားမယ့် အနေအထားရှိနေပါတယ်။

စတုဂတ်နှင့်ဂလာဘတ်

ဂလာဘတ်တို့ ဒီနှစ်ဘောလုံးရာသီမှာ အကောင်းဆုံးခြေစွမ်းကို ပိုင်ဆိုင်ထားပါတယ်။ ဒါပေမယ့် အဝေးကွင်းမှာ ရလဒ်တွေကမောက်ကမဖြစ်နေတာမို့ သတိထားမှုရမှာဖြစ်ပြီး အိမ်ကွင်းမှာ စတုဂတ်တို့ရှုံးပွဲတွေ ကြုံနေတာက စိတ်ပျက်စရာပါ။ ဒီပွဲမှာ ဂလာဘတ်ခြေစွမ်းကို ပိုနှစ်သက်မိတာ အမှန်ပါပဲ။

မိန့်ဇ်နှင့်ပါဒါဘွန်

ခြေစွမ်းပြန်တက်လာတဲ့ ပါဒါဘွန်တို့ဟာအဝေးကွင်းမှာ သရေပွဲများနေတတ်ပါတယ်။ ခံစစ်ပိုင်းကျိုးပေါက်နေတဲ့ ပါဒါဘွန်ကိုတော့ မိန့်ဇ်တို့က အိမ်ကွင်းမှာ အနိုင်ယူမှာသေချာနေပြီး အမှတ်ပြည့်ယူဖို့ ဖန်တီးပုံဖော်မှာ ဖြစ်ပါတယ်။ ပါဒါဘွန်ဟာ ဒီပွဲရလဒ်ကို ဦးစားပေး ဖန်တီးခွင့်ရပါလိမ့်မယ်။

ဒီနှစ် ဩစတြေးလျချန်ပီယံ ဘယ်သူဖြစ်လာမလဲ

မဲလ်ဘုန်းမြို့မှာ ကျင်းပနေတဲ့ ဩစတြေးလျအိုးပင်းတင်းနစ်ပြိုင်ပွဲတွင် ဆီရီနာဝီလျံနဲ့ ရှာရာပိုဗာတို့ဟာ အကြိုဗိုလ်လုပွဲမှာ အသီးသီးသော ပြိုင်ဘက်တွေကို အနိုင်ရပြီး ဗိုလ်လုပွဲသို့ တက်လာကြပါတယ်။

ကမ္ဘာ့နံပါတ်-၂ ရှာရာပိုဗာဟာ ရုရှားတစ်နိုင်ငံတည်းသူ မာကာရိုဗာကို ၆-၃၊ ၆-၂နဲ့ နိုင်ပြီး ဗိုလ်လုပွဲသို့ တက်ခဲ့တာပါ။ ကမ္ဘာ့နံပါတ်-၁ ဆီရီနာဝီလျံကလည်း တစ်နိုင်ငံတည်း အမေရိကန်သူ မက်ဒီဆင်ကီးစ်ကို အကြိတ်အနယ်ကစားပြီး ၇-၆၊ ၇-၅၊ ၆-၂ နဲ့နိုင်ခဲ့ပါတယ်။

ကမ္ဘာ့နံပါတ်-၁ ဆီရီနာဝီလျံဟာ ဩစတြေးလျအိုးပင်းမှာ ငါးကြိမ်တိုင်ချန်ပီယံဖြစ်ခဲ့သူဖြစ်တဲ့အလျောက် ယုံကြည်မှုအပြည့်နဲ့ ကစားခဲ့တာကြောင့် နောက်ဆုံးမှာ အနိုင်ရလိုက်တာပါ။

၂၀၀၈ ခုနှစ်ရဲ့ ဩစတြေးလျချန်ပီယံရှာရာပိုဗာကလည်း အကြိုဗိုလ်လုပွဲမှာ မာကာရိုဗာကို တစ်နာရီနဲ့ ၂၇ မိနစ်အကြာ ကစားပြီးမှ အနိုင်ရခဲ့တာပါ။ ဗိုလ်လုပွဲမှာတော့ ဆီရီနာဝီလျံပဲ ဖလားသိမ်းပိုက်သွားမလား။ ရုရှားသူ ရှာရာပိုဗာမျှော်မှန်းထားသလို ဒီနှစ်ချန်ပီယံဖြစ်မလားဆိုတာကတော့ စောင့်ကြည့်ရဦးမှာပါ။

ဘာစီလိုနာ ကိုပါဒယ်ရေး ကွာတားတက်

ကိုပါဒယ်ရေးဖလားပြိုင်ပွဲအဖြစ် ဘာစီလိုနာနဲ့အက်သလက်တီကိုတို့ ကစားခဲ့ရာမှာ ဘာစီလိုနာက နှစ်ကျော့ပေါင်း လေးဂိုး-နှစ်ဂိုးနဲ့နိုင်ပြီး ကွာတားဖိုင်နယ်သို့ တက်လာခဲ့ပါတယ်။ ပထမအကျော့မှာ ဘာစီလိုနာက အိမ်ကွင်းမှာ တစ်ဂိုး-ဂိုးမရှိနဲ့နိုင်ပြီး ဒုတိယအကျော့မှာတော့ ဘာစီလိုနာက သုံးဂိုး-နှစ်ဂိုးနဲ့နိုင်ခဲ့တာပါ။

ဒုတိယအကျော့မှာ တောရက်စ်က အက်သလက်တီကိုအတွက် ဦးဆောင်ဂိုးသွင်းနိုင်ခဲ့ပေမယ့် ဂါဘီအနီကတ်နဲ့ထွက်ခဲ့ရသောကြောင့် ဘာစီလိုနာရဲ့ တိုက်စစ်ကိုမထိန်းနိုင်ဘဲ ချေပဂိုးများအသွင်းခံရပြီး နောက်ဆုံးမှာ အရှုံးနဲ့ရင်ဆိုင်ခဲ့ရပါတယ်။

ကောင်းမြတ်သူ-စုစည်းသည်

စပါးနဲ့ ချယ်လ်ဆီး ကက်ပီတယ်ဝမ်းဖလား ဗိုလ်လုမည်

ကက်ပီတယ်ဝမ်းဖလားမှာ စပါးက ရှက်ဖီးယူနိုက်တက်အသင်းကို နှစ်ကျော့ပေါင်း သုံးဂိုး-နှစ်ဂိုးနဲ့နိုင်ပြီး ဗိုလ်လုပွဲမှာ မော်ရင်ဟိုရဲ့ချယ်လ်ဆီးနဲ့ကစားရတော့မှာဖြစ်ပါတယ်။ ပထမအကျော့မှာ စပါးက တစ်ဂိုး-ဂိုးမရှိဖြင့်နိုင်ပြီး ဒုတိယအကျော့မှာ တစ်ဖက် နှစ်ဂိုးစီသရေကျပြီး နှစ်ကျော့ပေါင်း သုံးဂိုး-နှစ်ဂိုးနဲ့ စပါးကအနိုင်ရခဲ့တာပါ။

ဒီအနိုင်ရလဒ်ကြောင့် စပါးအသင်းဟာ လာမယ့်မတ် ၁ ရက်မှာ ချယ်လ်ဆီးအသင်းနဲ့ ဗိုလ်လုပွဲကစားရမှာဖြစ်ပါတယ်။ စပါးအသင်းဟာ ယူရိုပါလိဂ်ပြိုင်ပွဲအဖြစ် ဖီအိုရင်တီးနားအသင်းနဲ့ အဝေးကွင်းသွားရောက်ကစားပြီး သုံးရက်အကြာ မတ် ၁ ရက်မှာ ဝင်ဘလေကွင်းကြီးမှာ ဗိုလ်လုပွဲကစားရမှာ ဖြစ်ပါတယ်။ စပါးနဲ့ချယ်လ်ဆီးတို့ရဲ့ နောက်ဆုံးလိဂ်ဖလားပြိုင်ပွဲအဖြစ် ၂၀၀၈ ခုနှစ်က ဗိုလ်လုပွဲကစားခဲ့ရာမှာ စပါးက အနိုင်ယူပြီး ဖလားဆွတ်ခူးနိုင်ခဲ့ပါတယ်။

ဒါပေမယ့် မော်ရင်ဟိုရဲ့ ချယ်လ်ဆီးဟာ ဒီဖလားကို ဆွတ်ခူးဖို့ ရေပန်းစားနေတာပါ။ နှစ်သစ်ကူးနေ့က စပါးကချယ်လ်ဆီးကို ငါးဂိုး-သုံးဂိုးနဲ့ အနိုင်ကစားနိုင်ခဲ့တဲ့အတွက် စပါးအနေနဲ့ဒီဗိုလ်လုပွဲမှာ ချယ်လ်ဆီးကို အနိုင်ကစားဖို့ ယုံကြည်ချက်အပြည့်အဝရှိနေပါတယ်။ မော်ရင်ဟိုကတော့ ဒီဖလားကို အရယူမယ့်အနေအထားပါပဲ။

ကန့်ကွက်နိုင်ပါကြောင်း

ဧရာဝတီတိုင်းဒေသကြီး၊ ဟင်္သာတခရိုင်၊ ဟင်္သာတမြို့၊ မြဝတီရပ်ကွက် (ယခင်ကနောင်စုရပ်ကွက်ပိုင်)၊ ရတနာပုံ ၂လမ်း၊ အမှတ်(၁၆၁၅)ဟုခေါ်တွင်သော အရှေ့အရပ်လားသော် မတူးတူးမာ၏ နေအိမ်နှင့်ခြံမြေ၊ အနောက်အရပ်လားသော် ဦးလှကြိုင်၏ခြံမြေ၊ တောင်အရပ်လားသော် ရတနာပုံ ၂လမ်း၊ မြောက်အရပ်လားသော် ရတနာပုံ ၃လမ်း စသည့်နယ် (၄)ရပ်အကြားတွင် တည်ရှိသည့် ဒေါ်သိန်းမြင့် အမည်ပေါက် အလျား×အနံ ပေ(၄၀×၆၀)ရှိ ခြံမြေတစ်ကွက်နှင့် ၎င်းခြံမြေနှင့် နောက်ဘက်တစ်ဆက်တည်းရှိသော ဒေါ်သိန်းမြင့် အမည်ပေါက် အလျား×အနံ ပေ(၄၀×၆၀)ရှိ ခြံမြေတစ်ကွက်၊ စုစုပေါင်း ခြံမြေနှစ်ကွက်၊ စုစုပေါင်း အလျား×အနံ (၄၀×၁၂၀)ပေရှိပြီး ခြံမြေနှစ်ကွက်နှင့် ခြံမြေပေါ်ရှိအကျိုးခံစားခွင့်အရပ်ရပ်တို့သည် ဒေါ်သိန်းမြင့် ကွယ်လွန်ပြီးနောက် သားသမီးများဖြစ်သည့် ဦးညီညီမင်း ၁၄/ဟသတ(နိုင်)၀၄၈၃၈၄၊ ဦးအောင်စိုးမိုး ၁၄/ဟသတ(နိုင်)၀၄၆၆၈၁၊ ဒေါ်တူးတူးမာ ၁၄/ဟသတ(နိုင်)၂၈၃၂၈၂၊ ဒေါ်ညိုဇင်ဦး ၁၄/ဟသတ(နိုင်)၂၁၉၉၀၆၊ ဒေါ်စိုးစိုးမာ ၁၄/ဟသတ(နိုင်)၂၄၁၅၁၉တို့မှ အမွေဆက်ခံပိုင်ဆိုင်ပြီး လက်ရှိထားနေထိုင်သည့် ခြံမြေကွက်များဖြစ်ပါသည်။

ယခုအခါတွင် အထက်ပါခြံမြေကွက်များအား အမွေဆိုင်အားလုံးတို့၏ သဘောတူညီချက်ဖြင့် အမွေဆိုင်အားလုံးတို့မှရောင်းချမည်ဖြစ်၍ ထိုခြံမြေကွက်များ အရောင်းအဝယ်ပြုလုပ်ခြင်းအား ကန့်ကွက်လိုသူမည်သူမဆို ဤကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း လုံလောက်သော အထောက်အထားများနှင့်တကွ ရုံးချိန်အတွင်း ကျွန်ုပ်ထံ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကုန်ဆုံးပါက ခြံမြေအရောင်းအဝယ်ကိစ္စအား ခြံမြေပိုင်ဆိုင်သူများမှ ဥပဒေနှင့်အညီဆောင်ရွက်၍ ရောင်းချမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးမြင့်နိုင်ဦး LL.B, C.B.L တရားလွှတ်တော်ရှေ့နေ(စဉ်-၉၂၂၅/၁၃)

အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်ဆိပ်ကမ်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၈၉၊ မြေကွက်အမှတ် ၃၄၂၊ မြေကွက်အကျယ် (အလျား ပေ ၄၀×အနံပေ ၆၀)ရှိ ဦးသန်းဝေ အမည်ဖြင့် ရရှိထားသောပါမစ်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အားလုံးတို့သည် ဦးစိုင်းအောင်မြတ် ၁၃/တကန(နိုင်)၂၈၆၉၂၃မှ တရားဝင်ဝယ်ယူလက်ရှိပိုင်ဆိုင်ထားသည့် မြေကွက်ဖြစ်ကြောင်းနှင့် ဦးစိုင်းအောင်မြတ်၏ သဘောတူခွင့်ပြုချက်မရရှိဘဲ ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ပေးကမ်းခြင်း မပြုလုပ်ပါရန်နှင့် ပြုလုပ်ခဲ့ပါက တရားဥပဒေအရ အရေးယူသွားမည်ဖြစ်ပါကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်မြလှဲ့ဝင်း L.L.B, D.B.L အထက်တန်းရှေ့နေ
အမှတ် (၈၃)၊ အထက်ဗဟိုလမ်း၊ (၂)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့၊
ဖုန်း-၀၁-၉၆၆၉၀၀၄၊ ၀၁-၇၀၅၄၄၅၊ ၀၉-၅၁၅၁၈၃၃

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ စီမံကိန်း (၂)၊ (၁၄)ရပ်ကွက်၊ ကျန်စစ်သားလမ်း၊ တိုက်အမှတ် ၁၇၃၊ ခြောက်ထပ်တိုက်(ဆောက်လုပ်ဆဲ) အဆောက်အအုံ၏ ခေါင်းရင်းဘက်ခြမ်းဖြစ်သည့် ဒါဘာတိုက်ခန်း တစ်ခန်းအပါအဝင် ယင်းတိုက်ခန်းတွင် တပ်ဆင်ပါဝင်မည့် လျှပ်စစ်မီတာ၊ ရေမော်တာတို့နှင့်အတူ အကျိုးခံစားခွင့်အရပ်ရပ်တို့အား မိမိကိုယ်တိုင်စီမံခန့်ခွဲရောင်းချပိုင်ခွင့်ရှိပါသည်ဟု ဝန်ခံကတိပြုသူ ဦးလှထွန်း ၁၂/လမန(နိုင်)၁၂၀၄၆၈ (ဖြူစင်ဆောက်လုပ်ရေး)ထံမှ ကြိုပွိုင့်စနစ်ချုပ် ဝယ်ယူရန်အတွက် ကျွန်ုပ်၏မိတ်ဆွေမှ စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်ပါသည်။

အထက်ဖော်ပြပါ တိုက်ခန်းအရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ငါးရက်အတွင်း ခိုင်လုံသောစာချုပ်စာတမ်း အထောက်အထားများယူဆောင်၍ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်သူမရှိပါက အထက်ဖော်ပြပါတိုက်ခန်း အရောင်းအဝယ်ကို ဥပဒေနှင့်အညီ အပြီးသတ်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးမောင်မောင်သူရ (မြောင်းမြ)	**ဒေါ်ချယ်ရီလှိုင်**
LL.B, A.G.T.I (EP), D.B.L, D.M.L	**LL.B,WIPO (SWITZERLAND)**
WIPO (SWITZERLAND)	**တရားလွှတ်တော်ရှေ့နေ(၈၈၆၁)**
တရားလွှတ်တော်ရှေ့နေ(၈၁၀၈)	
ဘဏ်ရှေ့နေနှင့် ဥပဒေအကြံပေး	
ဦးဇေယျာထွန်း (စဉ်-၂၅၇၈၅)	**ဦးစိုးလွင်ဦး (စဉ်-၃၇၉၈၁)**
LL.B, WIPO (SWITZERLADN)	**LL.B, WIPO (SWITZERLAND)**

အထက်တန်းရှေ့နေများ
အမှတ် ၁၃၂၊ ပထမထပ်၊ ပန်းဆိုးတန်းလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊
ဖုန်း-၀၉-၅၁၈၄၀၄၂၊ ၀၉-၄၂၅၂၈၇၁၃၄၊ ၀၉-၇၃၁၁၅၁၀၅၊ ၀၉-၄၂၁၁၀၈၅၅၁

ပျောက်ဆုံးကြောင်း

ကျွန်မ မတင်မျိုးကြွယ် ၁၂/သခန(နိုင်)၀၉၁၃၅၃ ၏ Psno M-603843 ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၄၈၀၀၅၆၆၅

အသိပေးကြေညာခြင်း

ပြည်မြို့၊ အမှတ်(၂၀၃)၊ လမ်းမတော်၊ ရွှေကူရပ်နေ ဦးမောင်ကြည် ၇/ပမန(နိုင်)၀၄၁၉၃၉၉က အောက်ပါအတိုင်း အများသိစေရန် အသိပေးကြေညာပါသည်။

ပြည်မြို့၊ ဆံတော်ရပ်ကွက်၊ အကွက်အမှတ်(9-B)၊ ဆံတော်မြောက်အကွက်၊ ဦးပိုင်အမှတ် (၅ က)ဘိုးဘွားပိုင်၊ မြို့မြေဧရိယာ ၀ဒသမ၀၄၅၈ဧကရှိ မြေနှင့် ယင်းမြေပေါ်ရှိ နှစ်ထပ်တိုက်အဆောက်အအုံကို ပိုင်ရှင်များဖြစ်ကြသော ဦးဘဝင်း ၇/ပမန(နိုင်)၀၄၃၉၃၀ (ဘ)ဦးလှရွှေနှင့် ဇနီးဒေါ်လှသန်း ၇/ပမန(နိုင်)၀၄၅၆၄၄ (ဘ)ဦးမောင်မောင်ကြီး အမှတ်(၈၈)၊ နဂါးရုံဘုရားလမ်း၊ ဆံတော်ရပ်ကွက်၊ ပြည်မြို့ ထံမှ ဝယ်ယူရန် ၁-၆-၂၀၁၄ ရက်တွင် မြေနှင့်အဆောက်အအုံလွှဲပြောင်းရောင်းချခြင်း၊ စရန်ပေးကတိစာချုပ်တစ်ရပ်ကို ကျွန်တော်ဦးမောင်ကြည်နှင့် ဦးဘဝင်း၊ ဒေါ်လှသန်းတို့ လက်မှတ်ရေးထိုးချုပ်ဆိုထားပြီးဖြစ်ပါသည်။ ကျန်ငွေများပေးချေပြီး အထက်ပါမြေနှင့်အဆောက်အအုံကို လွှဲပြောင်းရယူနိုင်ရေးအတွက် ဥပဒေနှင့်အညီ ဆက်လက်အရေးယူဆောင်ရွက်လျက်ရှိပါကြောင်း အများသိရှိနိုင်ရန်နှင့် ယင်းမြေနှင့်အိမ်အပေါ် တစ်စုံတစ်ရာဆောင်ရွက်ခြင်းမပြုနိုင်ရန် အသိပေးကြေညာအပ်ပါသည်။

ဦးမောင်ကြည်

ကန့်ကွက်နိုင်ပါကြောင်း

မင်္ဂလာဒုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၅၆၄၊ မြေကွက်အမှတ် ၅၂၊ ဧရိယာ ၀ဒသမ၄၂၈ဧက၊ မြေကွက်တည်နေရာအမှတ် ၁၃၀၊ မေတ္တာလမ်း၊ သံတံတားကျေးရွာ၊ မင်္ဂလာဒုံမြို့နယ်၊ (ဦးထွန်းတင်ပါ ၇) အမည်ပေါက် Lမြေ G(လ/န ၃၉ရပြီး) မြေအား ဒေါ်အေးသက်မော်(ဘီလစ်) ၉/ပဥလ(နိုင်)၀၁၇၉၂၁က ရန်ကုန်မြောက်ပိုင်းခရိုင်တရားရုံး တရားမကြီးမှုအမှတ် (၇၃/၂၀၁၄)အရ အရောင်းအဝယ်စာချုပ် ချုပ်ပေးစေလိုမှု၏ ၄-၆-၂၀၁၄ရက်စွဲပါ စီရင်ချက်၊ တရားမဇာရီမှုအမှတ် (၃၉/၂၀၁၄) ၁-၉-၂၀၁၄ရက်စွဲပါ ဘီလစ်ခန့်စာတို့တင်ပြ၍ အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာရာ တရားဝင်ခိုင်လုံသောအထောက်အထားများတင်ပြ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါရန်နှင့် ကန့်ကွက်မှုမရှိပါက ဌာန၏ လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

သတင်းဆောင်းပါး

နိုင်ငံကူး သင်္ဘောသား ဖြစ်ခွင့်ရပြီလား

သတင်းဆောင်းပါး-ခင်ရတနာ
ဓာတ်ပုံ- မေဦးမိုး

ရန်ကုန်မြို့ ဒေါပုံမြို့နယ်ရှိ ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနရုံးဝန်းကျင်တွင် အရွယ်စုံ အမျိုးသားများ ပျားပန်းခတ်မျှ သွားလာနေကြသည်။ တူညီဝတ်စုံများဖြင့် ရွှေရောင်အနာဂတ်ကိုမျှော်ကာ ကျွမ်းကျင်မှု လက်မှတ်ရယူကြသူများ၊ ကံကောင်းစွာဖြင့် ရာထူးများကို ဖြေဆိုအောင်မြင်ထားကြသော သင်္ဘောအရာရှိများ၊ အကျိုးဆောင်များထံ နေ့စဉ်ဆက်သွယ်ပြောဆိုနေကြသည့် သင်္ဘောသားဖြစ်လိုသူများစသည်ဖြင့် စုံလင်လှသည်။

"ပြန်လာချင်တယ်။ ဒါပေမယ့် ပိုက်ဆံထက် အရေးကြီးတာ အတွေ့အကြုံပဲ။ ပြန်သွားရင် Sea Service နည်းတော့ နောက်တစ်ခေါက်အတွက် ခက်မယ်။ အဆင်မပြေရင်တောင် မပြန်ဘူးလို့ ဆုံးဖြတ်ပြီး နေခဲ့တယ်"ဟု တတိယအကြိမ် သင်္ဘောလိုက်ရန်ကြိုးပမ်းနေသူ ကိုသန့်စင်က ဆိုသည်။

သူက သင်္ဘောသားဖြစ်ခွင့်ရရန် နှစ်နှစ်ခန့် ကြိုးစားခဲ့ရပြီး ပွဲစားတစ်ဦးထံသို့ ငွေကျပ် ၃၅သိန်းပေးအပ်ကာ ပထမဆုံး Sea Service ရယူခဲ့ရသည်။ သို့သော် ပွဲစားပြောခဲ့သည့် နိုင်ငံတကာ သင်္ဘောကြီးပေါ် မဟုတ်ပါ။ မလေးရှားနိုင်ငံရှိ ဆိပ်ကမ်းလုပ်ငန်းခွင်မှ သဲစုပ်သင်္ဘောငယ်တစ်စင်းပေါ်တွင် အလုပ်လုပ်ရခြင်းဖြစ်သည်။

သင်္ဘောသားဝင်ငွေသည် အခြားအလုပ်အကိုင်ဝင်ငွေထက် ပိုမိုများပြားသည်ဟု သိရှိလာကြပြီး ခေါ်ယူသော လုပ်ငန်းနှင့်လုပ်ကိုင်လိုသည့် အရေအတွက် မမျှတလောက်အောင် သင်္ဘောသားဖြစ်ခွင့်ရရန် ကြိုးပမ်းလာကြသည်။

"အပြင်သင်္ဘောသားတွေမပြောနဲ့ ရေကြောင်းတက္ကသိုလ်နဲ့ ရေကြောင်းသိပ္ပံဆင်းတွေတောင် အလုပ်ရဖို့ အရင်လောက်မလွယ်ဘူး။ တန်းစီထားတဲ့လူကများပြီး ပေးနိုင်တဲ့ အလုပ်ကနည်းတယ်။ သင်္ဘောသားလက်မှတ်ရှိသူက ရှစ်သောင်းဝန်းကျင်ရှိပြီး လုပ်ငန်းခွင်ထဲရောက်တာက လူနှစ်သောင်းတောင် မပြည့်ပါဘူး"ဟု ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှု ဦးစီးဌာနတွင် မှတ်ပုံတင်ထားသော သင်္ဘောသားကိုယ်စားလှယ် လုပ်ငန်းပေါင်း ၂၀၀ ဝန်းကျင်ရှိပြီး အများစုမှာ သင်္ဘောလိုင်းငယ်များဖြစ်သည်။ နာမည်ကြီး သင်္ဘောလိုင်းများက အလုပ်ခေါ်ယူသော်လည်း လူဦးရေနှင့်ရာထူး ကန့်သတ်မှုများရှိနေသည်။

"ဖိလစ်ပိုင်နဲ့ တရုတ်နိုင်ငံမှာ သင်္ဘောသားတွေ ဖောင်းပွနေတာ။ သူတို့တွေကို ပိုပြီး အလုပ်ခန့်အပ်တာမို့ မြန်မာ သင်္ဘောသားတွေ အလုပ်ရဖို့ခက်တယ်။ အရာရှိပိုင်းမှာလည်းသူတို့ပဲ ကမ္ဘာ့သင်္ဘောသားဈေးကွက်ကို အများဆုံး ဝင်ရောက်တယ်။ ဒီမှာတော့ အတွေ့အကြုံရှိတောင် လိုင်းအပိုင်မရှိရင် တစ်ခေါက်ထွက်ဖို့ ခြောက်လက တစ်နှစ်ဝန်းကျင်စောင့်ရတယ်။ အသစ်ဆို နှစ်ချီပြီးစောင့်ကြရတယ်"ဟု စင်ကာပူသင်္ဘောလိုင်းတစ်ခုတွင် အလုပ်လုပ်နေသူ ကိုကျော်ထူးက ပြောပြသည်။

ပြင်ပသင်္ဘောသားများ ညည်းညူနေကြရသည့် အလုပ်အကိုင်ရှားပါးမှုသည် ရေကြောင်းပညာတက္ကသိုလ်နှင့် ရေကြောင်းသိပ္ပံကျောင်းဆင်းများအဖို့လည်း ထိခိုက်မှုရှိလာသည်ကို တွေ့ရသည်။

"စင်ကာပူမှာ အလုပ်သွားလျှောက်တာ နှစ်ခေါက်ရှိပြီ။ သင်္ဘောတည်ဆောက်ရေးပိုင်းက လူတွေပိုပြီး အလုပ်ရဖို့ ခက်တယ်။ ကံကောင်းတဲ့သူတွေလည်းရှိတယ်။ အများစုက ကိုယ်တတ်ထားတဲ့ ပညာနဲ့ ကိုက်ညီတဲ့အလုပ်ကို လုပ်ချင်ကြတာပေါ့။ ကျွန်တော်ကိုယ်တိုင်လည်း သင်္ဘောလိုက်ရင် ရနိုင်ပေမယ့် မလိုက်ချင်ဘူး။ နောက်တစ်ခါဆိုရင်တော့ အေးဂျင့်အကူအညီယူရမယ်"ဟု ရေကြောင်းတက္ကသိုလ်မှ သင်္ဘောတည်ဆောက်ရေး ဘာသာရပ်ဖြင့် ကျောင်းပြီးထားသူ ကိုမင်းသူက ဆိုသည်။

ရေကြောင်းပညာ တက္ကသိုလ်မှ ကျောင်းအုပ်ကြီး ဒေါက်တာမြတ်လွင်က တက္ကသိုလ်မှ နှစ်စဉ်ကျောင်းသားသုံးရာကျော် မွေးထုတ်ပေးနေပြီး အလုပ်အကိုင်ရရှိမှု ၇၅ ရာခိုင်နှုန်းရှိကြောင်း၊ ရေကြောင်းပညာနှင့် ရေကြောင်း အင်ဂျင်နီယာဘာသာရပ်များ ပိုမိုအလုပ်အကိုင်ရရှိလာကြောင်း ပြောကြားသည်။

ရေကြောင်းပညာ တက္ကသိုလ်မှ ရေယာဉ်တည်ဆောက်မှုအင်ဂျင်နီယာ၊ ရေကြောင်းအင်ဂျင်နီယာ၊ ရေကြောင်းစက်မှုအင်ဂျင်နီယာ၊ ဆိပ်ကမ်းအင်ဂျင်နီယာ၊ မြစ်ချောင်းနှင့်ကမ်းရိုးတန်းအင်ဂျင်နီယာ၊ ရေကြောင်းလျှပ်စစ်နှင့် အီလက်ထရောနစ်အင်ဂျင်နီယာ၊ ရေကြောင်း သိပ္ပံသင်္ဘောလုပ်ငန်းစီမံခန့်ခွဲမှု ဘွဲ့လွန်ဒီပလိုမာနှင့် ဆိပ်ကမ်းစီမံခန့်ခွဲမှုဘွဲ့လွန်ဒီပလိုမာများကို သင်ကြားပေးခဲ့ပြီး ကျောင်းသားစုစုပေါင်း သုံးထောင်ဝန်းကျင် မွေးထုတ်ပေးခဲ့ပြီးဖြစ်သည်။

"ကုမ္ပဏီတွေနဲ့ နားလည်မှုစာချွန်တွေ ရေးထိုးထားတယ်။ ကျောင်းပြီးသွားရင် အလုပ်အကိုင်ရဖို့အတွက် စဉ်းစားပေးရပါတယ်။ အခုနောက်ပိုင်းမှာ ကုမ္ပဏီ အများအပြားနဲ့ချိတ်ဆက်မိလို့ အလုပ်အကိုင် ပိုမိုရရှိလာကြတယ်"ဟု ဒေါက်တာမြတ်လွင်က ပြောပြသည်။

ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှု ဦးစီးဌာနမှလည်း ရေကြောင်းပညာရှင်များ ပိုမိုထွက်ပေါ်လာရေးနှင့် အရည်အသွေးပြည့်ဝသည့် ကုန်သွယ်ရေကြောင်းပညာရှင်များအတွက် ခိုင်မာသည့် လုပ်ခလစာ၊ အလုပ်သမားအခွင့်အရေးများနှင့် နစ်နာကြေး၊ လျော်ကြေးနှင့် အလုပ်ရရှိရေးတို့အတွက် ရပ်တည်ဆောင်ရွက်ပေးနေကြောင်း ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမောင်မောင်ဦးက ပြောကြားသည်။

ရေကြောင်းပညာရှင်များအတွက် သင်္ဘောဆင်းတိုင်းလိုအပ်သည့် မွမ်းမံသင်တန်းများနှင့် ရာထူးနေရာအတွက် စာမေးပွဲများကိုလည်း ဖြေဆိုကြရသည်။ ပုဂ္ဂလိကနှင့်ဦးစီးဌာနလက်အောက် သင်တန်းစာမေးပွဲများ ဖြေဆိုခြင်းများ ပြုလုပ်ကြရပြီး သင်ကြားရေးအတွက် ငွေကျပ် သိန်း ၅၀ ကျော်အထိအဆင့်အလိုက် ကုန်ကျကြောင်း ကပ္ပတိန်ကိုမျိုးမြင့်အောင်က ပြောသည်။

မြန်မာသင်္ဘောသားများရရှိသည့် လစာသည် နိုင်ငံတွင်း အခြားအလုပ်အကိုင်များထက် ပိုမိုနိုင်သော်လည်း နိုင်ငံတကာ စံချိန်စံညွှန်းများအရ ပြည့်မီမှုမရှိသေးကြောင်း၊ ရာထူးများကိုလည်း စာမေးပွဲအောင်မြင်ထားသော်လည်း ချက်ချင်းလက်ခံယူခွင့်အားနည်းနေသေးကြောင်း ကိုမျိုးမြင့်အောင်က ဆိုသည်။

"မြန်မာဆိုရင် လစာကပိုနည်းတယ်။ လိုင်းငယ်တွေမှာ ပိုဆိုးတယ်။ ကျွန်တော်ဆို Second Officer အောင်တာတစ်နှစ်ကျော်ပြီးမှ ရာထူးနဲ့လစာမှန်တယ်။ မူလက Third Officer ရာထူးနဲ့ တက်နေရတာ။ ကိုယ်ကလည်း ငွေကြေးအတွက် နှိမ်မှန်းသိပေမယ့် မလွန်ဆန်ရဲဘူး။ လိုင်းတွေ ခဏခဏပြောင်းကြရတာ သင်္ဘောသားတွေအတွက် ပိုပြီးအခက်အခဲရှိတယ်။ အခုလည်း ကပ္ပတိန်စာမေးပွဲအောင်ထားပေမယ့် ကပ္ပတိန်လစာ အပြည့်တောင်းလို့မရသေးဘူး။ သို့သော် သင်္ဘောသားက ကုန်းပေါ်မှာနေရင် ပိုက်ဆံကုန်တာပဲရှိမယ်"ဟု သူက ပြောသည်။

သင်္ဘောသားလုပ်ခလစာကို နိုင်ငံတကာ အလုပ်သမားအဖွဲ့အစည်းက ပြဋ္ဌာန်းထားသည့် လစာမှာ အနိမ့်ဆုံး အခြေခံလစာအဖြစ် အမေရိကန်ဒေါ်လာ ၅၈၅ သတ်မှတ်ထားသော်လည်း မြန်မာအလုပ်သမား အများစုမှာ အနိမ့်ဆုံးလစာနှင့် အချိန်ပိုကြေးအပါအဝင် အမေရိကန်ဒေါ်လာ ၃၅၀ မှ ၅၀၀ကြားသာ ရရှိကြောင်း မြန်မာ့ပင်လယ်ရေကြောင်း အလုပ်သမားများအဖွဲ့ချုပ်မှအဖွဲ့ဝင်ကိုထွန်းထွန်းဝင်းကပြောပြသည်။

"အမျိုးသားတွေ မိသားစုကို ပြည့်စုံလုံလောက်အောင်ထားဖို့ အလုပ်အကိုင်ရှားတယ်။ နိုင်ငံခြားသွားလုပ်လည်း နေရေးထိုင်ရေးပြဿနာရှိတယ်။ သင်္ဘောသားက အသားတင်လစာရတယ်ဆိုတော့ အဆင်ပြေကြတယ်။ ဒါပေမယ့် အရင်လောက် အလုပ်ရဖို့မလွယ်တော့ဘူး။ ပြန်ရောက်တာနဲ့ နောက်တစ်ခါ ပြန်ထွက်ဖို့ ကြိုးပမ်းကြရတော့ ကျွန်တော်တို့ ဒီအမ်အေပတ်ဝန်းကျင်က လူအသစ်အဟောင်းတွေ စုံပြီး အမြဲစည်ကားနေတော့တာပဲ"ဟု ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနအနီး ကုမ္ပဏီများနှင့် သင်္ဘောသားများအတွက် စာရွက်စာတမ်း စီစဉ်ဆောင်ရွက်ပေးနေသူ Documentation ဝန်ထမ်းကိုတင်လင်းက သူ့နေ့စဉ်အတွေ့အကြုံကို မျှဝေခဲ့သည်။

ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနသို့ မှတ်ပုံတင်ထားသော သင်္ဘောသားကိုယ်စားလှယ် လုပ်ငန်းပေါင်း ၂၀၀ ဝန်းကျင်ရှိပြီး အများစုမှာ သင်္ဘောလိုင်းငယ်များဖြစ်သည်။ နာမည်ကြီး သင်္ဘောလိုင်းများက အလုပ်ခေါ်ယူသော်လည်း လူဦးရေနှင့်ရာထူး ကန့်သတ်မှုများရှိနေ

ပြည်တွင်းသတင်း

သက်တမ်း ၁၂၀ ပြည့်တော့မည့် ပြင်ဦးလွင်ဂေါက်ကွင်း

ပြင်ဦးလွင်ဂေါက်ကလပ်ကို ၁၈၉၆ ခုနှစ်တွင် စတင်ဖွင့်လှစ်ခဲ့ရာ ယခုနှစ်တွင် နှစ်ပေါင်း ၁၁၉ နှစ် သက်တမ်းရှိသည့် အလွန်ရှေးကျသောဂေါက်ကလပ်ဖြစ်သည့် ပြင်ဦးလွင်ရောက်ရှိခဲ့ဖူးသော အင်္ဂလိပ်စာရေးဆရာမကြီး ဘက်သ်အဲလစ်က ၁၈၉၉ ခုနှစ်တွင် အင်္ဂလန်မှထုတ်ဝေသော An English Girl's First Impression of Burma အမည်ရှိစာအုပ်တွင် ပြင်ဦးလွင်ဂေါက်ကလပ်၌ ကိုးကျင်းသာရှိသည်ဟု ဖော်ပြထားရာ လွန်ခဲ့သောနှစ်ပေါင်း ၁၁၆ နှစ်က ပြင်ဦးလွင်ဂေါက်ကွင်း၌ ယခုကဲ့သို့ ၁၀ ကျင်း မဖြစ်သေးဘဲ ကိုးကျင်းသာရှိသေးကြောင်း ထင်ရှားလေသည်။

၁၉၁၆ ခုနှစ် မေမြို့ မြို့ကော်မတီလက်စွဲစာအုပ်တွင် ၁၅ ကျင်းရှိကြောင်းမှတ်တမ်းများအရ သိရှိရပြီး ထိုစဉ်က ဂေါက်ကွင်း၏အလျားမှာ ၄၇၆၀ ကိုက်သာရှိသေးကြောင်း သိရသည်။ ထို့အပြင်နှစ်စဉ် အောက်တိုဘာလတွင် မြန်မာပြည်ကြေးတိုင်မင်းကြီး မစ္စတာတီ၊ ကော်ဘီဝီလ်ဆင်၊ အိုင်၊ စီ၊ အက်စ် (Mr.T.Corby-Wilson.I.C.S) ၏ (Corby-Wilson Cup)ပြိုင်ပွဲကျင်းပခဲ့ပြီး ဖလားမှာငွေသား အစစ်ဖြင့်ပြုလုပ်ထားသော မြန်မာနိုင်ငံလက်ရာမြောက်ဖလားဖြစ်ကြောင်း သိရသည်။

၁၉၁၆ ခုနှစ်နောက်ပိုင်းကာလတွင် ပြင်ဦးလွင်ဂေါက်ကွင်းမှာ ၁၈ ကျင်းအထိ တိုးလာခဲ့သော်လည်း ၁၉၄၈ ခုနှစ်တွင် ဘဏ္ဍာရေးအခြေအနေအရ ၁၈ ကျင်းမှ ၁၂ ကျင်းအထိ လျော့ကျသွားခဲ့သည်။ ထို့နောက် ၁၉၆၄ ခုနှစ်တွင် ၁၈ ကျင်းအထိဖြစ်လာခဲ့ပြီး လက်ရှိဂေါက်ကွင်းအလျားမှာ ၇၀၁၃ ကိုက်ရှိကြောင်း သိရသည်။

ပြင်ဦးလွင်ဂေါက်ကလပ်မှ ဦးစီး၍ နှစ်စဉ်သကြ်န်ရွှေဖလားပြိုင်ပွဲကို ၁၉၅၉ ခုနှစ်တွင် စတင်ကျင်းပခဲ့ရာ ယခု ၂၀၁၅ ခုနှစ်တွင် (၅၇)ကြိမ် တိုင်ခဲ့ပြီးဖြစ်ကြောင်းနှင့် ပြင်ဦးလွင်ဂေါက်ကွင်းသည် သက်တမ်းအရ အလွန်ကြာမြင့်ခဲ့ပြီဖြစ်၍ ပြိုင်ပွဲမှာလည်း စဉ်ဆက်မပြတ် သက်တော်ရှည်ပြိုင်ပွဲကြီးဖြစ်ကြောင်း သိရသည်။

သက်နိုင်(ပြင်ဦးလွင်)

မော်လမြိုင်ကျွန်း၌ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း စစ်ဆေးပညာပေး

မော်လမြိုင် ဇန်နဝါရီ ၃၀

မော်လမြိုင်ကျွန်းမြို့နယ် ယာဉ်စည်းကမ်းကြီးကြပ်ထိန်းသိမ်းရေးကော်မတီမှ မော်လမြိုင်ကျွန်းမြို့တွင် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း စနစ်တကျရှိစေရေး၊ ယာဉ်အန္တရာယ်ကင်းဝေးစေရေးအတွက် ယာဉ်စစ်ဆေးခြင်းနှင့် ပညာပေးရေးလုပ်ငန်းကို ဇန်နဝါရီ ၂၉ ရက်က တပင်ရွှေထီးတံတားထိပ်လမ်းဆုံ၊ တပင်ရွှေထီးလမ်းဆုံစည်းရာကွေ့လမ်းဆုံနှင့် မြို့မ ၁၁ လမ်းထိပ်လမ်းဆုံတို့၌ ဆောင်ရွက်ခဲ့ကြသည်။

အဆိုပါ ယာဉ်များစစ်ဆေးပညာပေးခြင်းကို ဇန်နဝါရီ ၂၉ ရက်နှင့် ၃၀ ရက်တို့တွင် ဆောင်ရွက်ပြီးနောက် ဖေဖော်ဝါရီ ၂ ရက်မှစတင်၍ ယာဉ်များကို စစ်ဆေးအရေးယူမည်ဖြစ်ကြောင်း သိရသည်။

မော်ကျွန်းမြင့်အောင်

ကြော်ငြာစာ

အများသိစေရန်ကြေညာချက်

အများသိစေရန်သတိပေးကြေညာချက်

စီးပွားရေးလုပ်ငန်း တွင်ကျယ်ရေး မြန်မာ့အလင်းမှ ကြော်ငြာပေး။ အများပြည်သူ အဆင်ပြေရေး နှုန်းထားလျှော့ကာ ဝန်ဆောင်ပေး။

U HLA BU'S TOEFL

အကြောင်းကြားစာ

အသိပေးကြေညာခြင်း

ကန့်ကွက်နိုင်ပါကြောင်း

မွေးစားသမီးအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

095 095 095, 01-682944

ပြည်တွင်းသတင်း

ရပ်ရွာအသိုင်းအဝိုင်းနှင့် စေ့စပ်ညှိနှိုင်း ချိတ်ဆက်ဆောင်ရွက်ခြင်း မရှိမဖြစ်လိုအပ်

ရန်ကုန် ဇန်နဝါရီ ၃၀

တွင်းထွက်သယံဇာတလုပ်ငန်းများရှိ ရပ်ရွာအသိုင်းအဝိုင်းနှင့် စေ့စပ်ညှိနှိုင်း ချိတ်ဆက်ဆောင်ရွက်ခြင်းသည် မြန်မာနိုင်ငံရှိ တွင်းထွက်သယံဇာတ တူးဖော်ထုတ်ယူသည့် ကုမ္ပဏီများ အောင်မြင်မှုအတွက် မရှိမဖြစ်လိုအပ်ကြောင်း သယံဇာတ တူးဖော် ထုတ်လုပ်ရေးလုပ်ငန်းများရှိ ရပ်ရွာအသိုင်းအဝိုင်းနှင့် စေ့စပ်ညှိနှိုင်းချိတ်ဆက်ဆောင်ရွက်ခြင်းဆိုင်ရာ ပါဝင်ပတ်သက်သူ ပေါင်းစုံပါဝင်သော အလုပ်ရုံဆွေးနွေးပွဲ၏ သတင်းစာရှင်းလင်းပွဲမှ သိရသည်။

အဆိုပါ အလုပ်ရုံဆွေးနွေးပွဲကို ဇန်နဝါရီ ၂၇ ရက်နှင့် ၂၈ ရက်တို့တွင် ရန်ကုန်မြို့ ဆန်းမစ်ပတ်ခ်ဗျူးဟိုတယ်၌ကျင်းပခဲ့ပြီး အစိုးရဝန်ကြီးဌာနများ၊ ရေနံ၊ သဘာဝဓာတ်ငွေ့နှင့် သတ္တုတွင်းကုမ္ပဏီများ၊ မြန်မာနိုင်ငံတစ်ဝန်းမှ အရပ်ဘက်အဖွဲ့အစည်းများ၊ နိုင်ငံတကာအင်န်ဂျီအိုများနှင့် အလှူရှင်အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

"အလုပ်ရုံဆွေးနွေးပွဲရဲ့ ပထမအကြောင်းအရင်းကတော့ ပါဝင်ပတ်သက်သူများဖြစ်တဲ့ ဒေသခံရပ်ရွာ၊ ပြည်တွင်းအင်န်ဂျီအိုတွေနဲ့ စီးပွားရေးလုပ်ငန်းများရဲ့ ညှိနှိုင်းချိတ်ဆက်ဆောင်ရွက်မှု၊ သတင်းအချက်အလက်နဲ့ စစ်မှန်တဲ့နှစ်လမ်းသွားဆက်ဆံရေးဟာမရှိသလောက်ဖြစ်ခဲ့ခြင်းကြောင့် မယုံကြည်မှု၊ နားလည်မှုတွေနဲ့လွဲတာတွေနဲ့ အခါအားလျော်စွာ ပဋိပက္ခဖြစ်မှုတွေဆီ ဦးတည်လျက်ရှိပါတယ်။ တိုင်ကြားမှုတွေနစ်နာမှုတွေကို ဘယ်လိုကိုင်တွယ်ဆောင်ရွက်မလဲဆိုတာ အပါအဝင် အခြားနေရာတွေရဲ့ အလေ့အထကောင်းတွေကို ပါဝင်တက်ရောက်သူတွေလေ့လာနိုင်မယ့် အခွင့်အရေးတစ်ခုပေးရန် ယခုအလုပ်ရုံဆွေးနွေးပွဲက ရည်ရွယ်ပါတယ်"ဟု မြန်မာ့စီးပွားရေးကဏ္ဍ တာဝန်ယူမှုရှိရေး အထောက်အကူပြုဌာန (MCRB) ၏ဒါရိုက်တာ ဗစ်ကီဘိုမန်က ပြောကြားသည်။

အလုပ်ရုံဆွေးနွေးပွဲ၏ ရည်ရွယ်ချက်များမှာ မြန်မာနိုင်ငံနှင့် အခြားနိုင်ငံများ၌ တွင်းထွက်သယံဇာတလုပ်ငန်းများရှိ ရပ်ရွာအသိုင်းအဝိုင်းနှင့် စေ့စပ်ညှိနှိုင်းချိတ်ဆက်ဆောင်ရွက်သည့် အတွေ့အကြုံများကို ဝေငှနိုင်ရန် ရပ်ရွာအသိုင်းအဝိုင်းအတွင်း ရင်းနှီးမြှုပ်နှံခြင်းနှင့် ကျယ်ကျယ်ပြန့်ပြန့် စေ့စပ်ညှိနှိုင်း ဆောင်ရွက်ခြင်းနှင့် ပူးပေါင်းဆောင်ရွက်ရန် အခွင့်အလမ်းများ ဖြစ်ပေါ်လာစေရေးတို့ဖြစ်ကြောင်း သိရသည်။

"မြန်မာနိုင်ငံမှာ ယနေ့အချိန်အထိ ကြုံတွေ့ခဲ့ရတဲ့ အတွေ့အကြုံတွေကိုလည်း မျှဝေခွင့်ရမှာဖြစ်သလို ကုမ္ပဏီနဲ့ အရပ်ဘက်အဖွဲ့အစည်းတွေရဲ့အမြင်ကိုလည်း ကြားခွင့်ရမှာဖြစ်ပါတယ်။ ဒုတိယအနေနဲ့ကတော့ ပရဟိတလုပ်ငန်းတွေကို ဆောင်ရွက်တာထက် မဟာဗျူဟာမြောက်ရပ်ရွာရင်းနှီးမြှုပ်နှံမှုကနေ "ဘုံတန်ဖိုးတွေတည်ဆောက်ဖို့" ဒေသခံရပ်ရွာတွေ အလုပ်အကိုင်ပိုမိုရရှိစေရန် အလုပ်အတွက် အသင့်ဖြစ်စေမည့်သင်တန်းများပေးခြင်း၊ ပိုမိုထူးချွန်သော ဘူမိဗေဒပညာရှင်များနှင့် ဇီဝဗေဒပညာရှင်များကို မွေးထုတ်ပေးရန် တက္ကသိုလ်များကို ကောင်းအောင်ဆောင်ရွက်ခြင်းလည်း ဖြစ်နိုင်ပါတယ်။ ဒီလိုမဟာဗျူဟာမြောက်ရင်းနှီးမြှုပ်နှံမှုတွေဟာ ဘယ်လောက်မြှုပ်နှံသလဲဆိုတာထက် ဘယ်လိုရင်းနှီးသလဲဆိုတာ ပိုပြီးမူတည်ပါတယ်"ဟု ၄င်းကဆက်လက်ပြောကြားခဲ့သည်။

မြတ်စန္ဒီသင်းဇော်

သတင်းတို

မိတ္ထီလာတက္ကသိုလ်၌ ပြေးခုန်ပစ်ပြိုင်ပွဲကျင်းပ

မိတ္ထီလာ ဇန်နဝါရီ ၃၀

မိတ္ထီလာတက္ကသိုလ် ဘာသာရပ်ပေါင်းစုံပြေးခုန်ပစ်ပြိုင်ပွဲကို ဇန်နဝါရီ ၂၉ ရက်က ပညာရေးကောလိပ်အားကစားကွင်း၌ ကျင်းပကြောင်း သိရသည်။

ယင်းတက္ကသိုလ် ဘာသာရပ်ပေါင်းစုံ ပြေးခုန်ပစ်ပြိုင်ပွဲတွင် မီတာ ၄၀၀ အပြေးပြိုင်ပွဲ၊ အလျားခုန်ပြိုင်ပွဲ၊ သံပြားသံလုံးနှင့် လှံတံပစ်ပြိုင်ပွဲကို ကျင်းပရာ ကျောင်းသား ကျောင်းသူ ၁၂၀ ကျော် ပါဝင်ယှဉ်ပြိုင်ကြသည်။ ပြိုင်ပွဲအပြီးတွင် ပြိုင်ပွဲဝင်ဆုရရှိသည့် ကျောင်းသား ကျောင်းသူများကို ဒုတိယပါမောက္ခချုပ် ဒေါက်တာခင်မောင်ဌေး၊ ဒေါက်တာခင်ဖြူဖြူအေး၊ ပါမောက္ခများနှင့် ဆရာ ဆရာမများက ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

ချမ်းသာ(မိတ္ထီလာ)

အေးမြစိုးဖောင်ဒေးရှင်းမှ အခမဲ့မျက်စိခွဲစိတ်ကုသပေး

ကန့်ဘလူ ဇန်နဝါရီ ၃၀

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူမြို့တွင် အေးမြစိုးဖောင်ဒေးရှင်းမှ လှူဒါန်းသည့် အခမဲ့မျက်စိခွဲစိတ်ကုသပေးပွဲကို ဇန်နဝါရီ ၂၈ ရက်က စတင်၍ အမှတ်(၃)ရပ်ကွက် ညောင်အိုင်အထက(ခွဲ) ဒေါက်တာဉာဏဝရခန်းမ၌ မျက်စိအထူးကုဆရာဝန်ကြီးများနှင့် မျက်မှန်ကျွမ်းကျင်ပညာရှင်များက မျက်စိဝေဒနာရှင် ၁၃၂ ဦးကို စမ်းသပ်စစ်ဆေး၍ မျက်မှန်၊ မျက်စဉ်းနှင့် ဆေးဝါးများ ပေးအပ်ခဲ့ကြောင်း သိရသည်။

ခွဲစိတ်ရန် လိုအပ်သော ဝေဒနာရှင်များကို ဇန်နဝါရီ ၂၉ ရက်တွင် မြို့နယ်ခုတင် ၁၀၀ ပြည်သူ့ဆေးရုံ၌ အသေးစားနှင့် အကြီးစားခွဲစိတ်ခြင်းကို ဆောင်ရွက်မည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ အခမဲ့မျက်စိခွဲစိတ်ကုသပေးပွဲတွင် မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးမျိုးလွင် ကြီးကြပ်မှုဖြင့် မြို့နယ်ဌာနဆိုင်ရာများ၊ မြို့နယ်ထွေ/အုပ် ဒုတိယဦးစီးမှူးများနှင့် စာရေးဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ မြို့နယ်ခုတင် ၁၀၀ ဆေးရုံအုပ်ဒေါက်တာ မေစန်းချိုနှင့် ဆရာ ဆရာမများက ဝိုင်းဝန်းကူညီ ဆောင်ရွက်ပေးလျက်ရှိကြောင်းနှင့် ခင်ဦးမြို့နယ်၊ ကောလင်းမြို့နယ်၊ ဝန်းသိုမြို့နယ်၊ ကွန်းလှမြို့နယ်နှင့် တန့်ဆည်မြို့နယ်များမှ မျက်စိဝေဒနာရှင်များ လာရောက်ပြသကြပြီး အခမဲ့မျက်စိခွဲစိတ်ကုသပေးခြင်းကို ဇန်နဝါရီ ၂၈ ရက်မှ ဖေဖော်ဝါရီ ၃ ရက်အထိ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

အောင်ဝင်းငြိမ်း(ကန့်ဘလူ)

မူဆယ် ၁၀၅ မိုင် ကုန်သွယ်ရေးဇုန်တွင် ပို့ကုန်ယာဉ်များအား စနစ်တကျစစ်ဆေးဆောင်ရွက်ပေး

နေပြည်တော် ဇန်နဝါရီ ၃၀

ဇန်နဝါရီ ၂၄ ရက် မွန်းလွဲ ၂ နာရီက မန္တလေး-လားရှိုး-မူဆယ် ပြည်ထောင်စုလမ်းမကြီးပေါ်ရှိ ကွတ်ခိုင်မြို့အနီး ရှုခင်းသာတစ်ဝိုက်တွင် အတက်ကားများဖြစ်သည့် ၂၂ဘီး ပို့ကုန်ယာဉ်များနှင့် အဆင်းကားများဖြစ်သည့် ဆောက်လုပ်ရေးလုပ်ငန်းသုံး Dump Truck ယာဉ်အသစ်များကြောင့် ယာဉ်ကြောကြပ်ပြီး လမ်းကြောပိတ်ဆို့မှုများ ဖြစ်ပေါ်ခဲ့သည့်အတွက် ညနေပိုင်းတွင် မူဆယ် ၁၀၅ မိုင် ကုန်သွယ်ရေးဇုန်သို့ ပုံမှန်ဝင်ရောက်ရမည့် ပို့ကုန်ယာဉ်များ ဝင်ရောက်နိုင်ခြင်းမရှိကြောင်း သိရသည်။

အဆိုပါ ယာဉ်ကြောပိတ်ဆို့မှုများကို သက်ဆိုင်ရာ ခရိုင်နှင့်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနတို့၏ အစီအစဉ်ဖြင့် ရှင်းလင်းဆောင်ရွက်လျက်ရှိကြောင်းနှင့် မူဆယ် ၁၀၅ မိုင်ကုန်သွယ်ရေးဇုန် တာဝန်ခံညွှန်ကြားရေးမှူး ဦးဆောင်ပြီး မူဆယ် ၁၀၅ မိုင် ကုန်သွယ်ရေးဇုန် One Stop Service အဖွဲ့ဝင်ဌာနဆိုင်ရာအသီးသီးမှ တာဝန်ခံများအား မူဆယ် ၁၀၅ မိုင် ကုန်သွယ်ရေးဇုန်သို့ ရောက်ရှိလာမည့်ပို့ကုန်ယာဉ်များကို စနစ်တကျ စစ်ဆေးရှင်းလင်းဆောင်ရွက်နိုင်ရန်အတွက် မိမိတို့ဌာနအလိုက် ကြိုတင်ပြင်ဆင်ဆောင်ရွက်ရမည့်အစီအစဉ်များကို ဆွေးနွေးညှိနှိုင်းဆောင်ရွက်ထားရှိကြောင်း သိရှိရ ပြီး ဇန်နဝါရီ ၂၄ ရက် ညပိုင်းနှင့် ဇန်နဝါရီ ၂၅ ရက် နံနက်ပိုင်းတို့တွင် မူဆယ် ၁၀၅ မိုင် ကုန်သွယ်ရေးဇုန်သို့ ရောက်ရှိလာသည့် ပို့ကုန်ယာဉ်များကို စနစ်တကျ စစ်ဆေးဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

(သတင်းစဉ်)

အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဒဂုံမြို့နယ်၊ (၁၅၃)ရပ်ကွက်၊ မြေကွက်အမှတ် ၈၃၁၊ ပါမစ်မြေကွက်သည် ဦးခိုင်၏သား ဦးဌေးအောင် ၁၂/မရက(နိုင်)၀၈၉၆၄၇၏အမည်ပေါက် ပါမစ်မြေကွက်ဖြစ်ပါသည်။ အဆိုပါမြေကွက်၏ပါမစ်မူရင်း ပျောက်ဆုံးသွားပါသဖြင့် ဂရန်လျှောက်ထားမည်ဖြစ်ပါသောကြောင့် ကန့်ကွက်လိုပါက ဤကြော်ငြာစာပါသည့်ရက်မှ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့ဖြစ်စေ၊ ကျွန်ုပ်၏မိတ်ဆွေထံသို့ဖြစ်စေ လာရောက်ကန့်ကွက်နိုင်ကြောင်း အများသိစေအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးဇော်အောင်စိုး
LL.B,C.B.L,D.B.L,D.I.L
PIONEER
LAW & AUDIT FIRM
အမှတ် ၁၅၁၊ ဒုတိယထပ်၊ (၃၈)လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
ဖုန်း-၀၁-၆၆၆၉၃၄၊ ၀၉-၅၄၀၃၁၈၃

ကန့်ကွက်နိုင်ပါကြောင်း

မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(ဆ)၊ မြေကွက်အမှတ် ၅၆၉၊ မြေကွက်တည်နေရာအမှတ် ၅၆၉၊ ကရဝိက် ၃လမ်း၊ (ဆ)ရပ်ကွက် ဦးကျင်ဟုတ် စီအီး ၀၃၃၈၂၃ အမည်ပေါက် နှစ် ၆၀ ဂရန်မြေအား အမည်ပေါက်ဖခင် ဦးကျင်ဟုတ်၊ မိခင်ဒေါ်နုနုကွယ်လွန်သဖြင့် ဒေါ်ရင်ရင်မြ ၁၂/ပဘတ(နိုင်)၀၂၄ ၈၂၅၊ ဒေါ်ခင်ဌေးကြွယ် ၁၂/ဥကမ(နိုင်)၀၀၉၇၀၂၊ ဦးအောင်ကျော်မြင့် ၁၂/ဗဟန(နိုင်)၀၃၁၅၄၁၊ ဒေါ်သန်းသန်းမြင့် N/OKA-၀၁၉၅၃၄၊ ဦးဇော်မြင့် ၁၂/ဥကမ (နိုင်) ၀၁၀၀၁၄တို့က သားသမီးများတော်စပ်ကြောင်း ကျမ်းကျိန်လွှာ၊ သေစာရင်းတို့တင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားများဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မည့်သူမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၊ မြေကွက်အမှတ်၂၂၁၊ မြေကွက် တည်နေရာအမှတ် ၂၂၁၊ သုမိတ္တာ(၇)လမ်း၊ ဒေါ်မြကြည် ၁၂/ဥကမ(နိုင်)၀၃၃၇၃၅ အမည်ပေါက် နှစ် ၆၀ဂရန်မြေအား အမည်ပေါက် ဒေါ်မြကြည်(တရားရှုံး)ကိုယ်စား မြောက်ဥက္ကလာပမြို့ နယ်တရားရုံးမှ ဘီလစ်ဒေါ်သူဇာ ၆/ထဝန(နိုင်)၀၂၆၃၄၃က တရားရုံးဘီလစ်ခန့်အပ်စာ၊ ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး တရားမအယူခံမှုအမှတ် ၁၁၉/၁၃ အမိန့်နှင့်ဒီကရီ၊ မြောက်ဥက္ကလာပမြို့နယ် တရားမဇာရီမှုအမှတ် ၂၆၃/၁၃တရားရုံးနေ့စဉ်မှတ်တမ်းတို့ တင်ပြ၍ အရောင်းအဝယ်စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသော အထောက်အထားများဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့်ကန့်ကွက်သူ မရှိပါက ဌာနမှလုပ်ထုံး လုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်မည်ဖြစ်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

တိုက်ခန်းငှားရန်ရှိသည်

စမ်းချောင်း၊ ဂန္ဓာမာလမ်း၊ မြေညီထပ် ၊ ထပ်ခိုးပါ (တိုက်သစ်) ပေ(၁၂½×၅၅)
ဖုန်း-၀၉-၂၅၄၄၀၂၆၄၄

ကန့်ကွက်နိုင်ပါကြောင်း

ကျွန်မ မကျန်ဖုံ ၁၃/တယန(နိုင်)၀၁၆၅၀၆သည် တာချီလိတ်မြို့၊ ဝိန်းကျောက်ရပ်ကွက်ရှိ အလျားပေ (၂၂၈×၁၀၀)၊အနံပေ(၂၁၀×၁၀၀)ပေ မြေကွက်နှင့် မြေကွက်ပေါ်ရှိ သီးပင်၊ စားပင်အား ဦးမောင်မောင်ဦး ၉/မနမ(နိုင်)၁၂၂၇၁၃ထံမှ ဝယ်ယူခဲ့ပါသည်။ ယင်းမြေကွက်အား မြေငှားဂရန် လျှောက်ထားရန်အတွက် မြေစာရင်းပုံစံ (၁၀၅)ရေးကူးခွင့်လျှောက်ထားမည်ဖြစ်သဖြင့် ကန့်ကွက်လိုသူများ ကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။

မကျန်ဖုံ ၁၃/တယန(နိုင်)၀၁၆၅၀၆

ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ်၃၉ယ/၆၆၅၀၃ Hon-da Wave ယာဉ်လက်ဝယ်ရှိသူ ဦးအားလော် ၁၃/တခလ(နိုင်) ၀၉၁၈၇၇ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး (တာချီလိတ်)

ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် ၅င/၃၇၅၁၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန၊ ခရိုင်ရုံး
(ရန်ကုန်မြောက်ပိုင်း)

ကြော်ငြာ

ဆရာဝန်များ ဦးစီးသည့်
စံပြဘော်ဒါနှင့်ကိုယ်ပိုင်အထက်တန်းကျောင်း
(ဒုတန်း မှ ၁၀တန်း)

၂၀၁၃-၂၀၁၄ တက္ကသိုလ်ဝင်တန်း အောင်ချက် (၉၀.၄၇%)

ဘွဲ့ရအဆောင်မှူး(Guide)အပြည့်ရှိသည်

အမှတ် (၇၇)၊ ... ဖုန်း ၀၉-... ၀၁-...

SEVEN စံ
ခြေကွက်ရောင်းဝယ်ရေး

"ပွဲခ လုံးဝ မယူပါ"

ကန့်ကွက်နိုင်ပါကြောင်း

တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၇၊ မြေကွက်အမှတ် ၁၀၀၀၊ မြေကွက်တည်နေရာအမှတ် ၁၀၀၀၊ သီရိဇေယျာလမ်း၊ (၇)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ် (ပေါ်တရား၊ ကောအာပရစ်တရီ) အမည်ပေါက် ပါမစ်မြေအား အမည်ပေါက်ထံမှ ဝယ်ယူထားကြောင်း အရပ်ကတိစာချုပ်၊ စီမံချက်ကာလက ဒေါ်သောင်းရီ၊ ဦးမောင်မောင်၊ မာမက်ဇော်ကော်ရီယာ ဂရန်ဝန်ဆောင်ခငွေ ၂၀၀၀ိ/-စီ ပေးသွင်းထားကြောင်း ငွေသွင်းချလန်မိတ္တူ၊ မြေတန်ဖိုးပေ (၁၃×၆၀)အတွက် ပေးသွင်းထားသော ငွေသွင်းချလန်မိတ္တူ၊ ဒေါ်သောင်းရီ(ကွယ်လွန်)ထံမှ သမီးတော်စပ်သူ ဒေါ်ကျင်အေး ၁၂/ဗဟန(နိုင်)၀၇၀၆၀၅ကလည်းကောင်း၊ ဦးမောင်မောင်(ကွယ်လွန်)ထံမှ အစ်မတော်စပ်သူ ဒေါ်လှမြင့် ၁၂/ဥကတ(နိုင်)၀၁၈၃၈၈၈ကလည်းကောင်း၊ မာမက်ဇော်ကော်ရီယာ AKB-192793 က ကိုယ်တိုင်လည်းကောင်း သေစာရင်း၊ ကျမ်းကျိန်လွှာ၊ အရပ်ကတိ အရောင်းအဝယ်စာချုပ် ညီအစ်မများမှ ကန့်ကွက်မှုမရှိကြောင်း သဘောတူဝန်ခံကတိစာတို့ကို တင်ပြ၍ ၄င်းတို့သုံးဦးမှ နှစ် ၆၀ မြေငှားဂရန်စာချုပ်ဂရန်သစ် လျှောက်ထားလာရာ ခိုင်လုံသော အထောက်အထားများဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက ဌာန၏ လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ရီရဝီဥယျာဉ်ဝရောစုးစာနိ
ပျော်ပျော်ပါးပါးရေကူးသင်ကြစို့

သင်တန်း (၂၉) ၃-၃-၂၀၁၅ မှ ၁၀-၃-၂၀၁၅ ထိ

သင်တန်း (၃၀) ၂၂-၃-၂၀၁၅ မှ ၂၉-၃-၂၀၁၅ ထိ

ပါရဂူဆရာများဦးစီးသည်
...
ရေကူးတတ်ရန် အာမခံသည်။

သင်တန်းသူ- နည်းပြ ဆရာမ ရှိသည်။
...
သင်တန်းသားဦးရေ ကန့်သတ်ထားသည်။

...တောင်ဥက္ကလာပမြို့နယ်(ဘောလီတံတားအနီး)

Ph:09 250336743, 09 254482426, 09 5081532, 09 420002603, 09 43128613

Yes!! English School

** Always say Yes!! to English. **

4 skill English classes

- ★ Basic
- ★ Elementary
- ★ Intermediate
- ★ Advanced
- ★ IELTS, TOEFL, SAT

Starting On February 8, 11, 15, 18, 20, 22.

Ph : 01-511778, 09-73033648

ဝယ်လိုသည်

- ကားအပ်ပြီးစလစ်
- ယာဉ်အို ယာဉ်ဟောင်း အပ်ကား

ဖုန်း-၀၉-၄၄၈၀၀၇၃၇၇

တိုက်ခန်းများ အမြန်ရောင်းမည်

... Little Feet ...

ကန့်ကွက်နိုင်ပါကြောင်း

...

Hnin Htet San Law Firm

အများသိစေရန်ကြေညာခြင်း

သာယာဝတီမြို့နယ်၊ သုံးဆယ်မြို့၊ အရှေ့လက်ပံခုန်ရပ်ကွက်၊ ညောင်ပင်သာလမ်း၊ အမှတ် ၁၆၃ နေ ဒေါ်ငြိမ်းငြိမ်းစံ(ခ)မရှုပါ၇/သဝတ(နိုင်)၀၇၇၃၄၂၏ လွှဲအပ်ညွှန်ကြားချက်အရ သက်ဆိုင်သူ အများသိစေရန် ကြေညာအပ်ပါသည်။

ဒေါ်ငြိမ်းငြိမ်းစံ(ခ)မရှုပါသည် အမျိုးသားဖြစ်သူ ဦးဝင်းလှိုင်စိုးနှင့်လွှန်ခဲ့သော ငါးနှစ်မှစ၍ လက်ထပ်ပေါင်းသင်းကာ ယနေ့ထိတိုင်အတူတကွရှိးသားစွာ စီးပွားရှာဖွေသူတစ်ယောက်ဖြစ်ပါသည်။ ထိုသို့နေထိုင်သွားလာမှုအပေါ်တွင် စကားဖြင့်ဖြစ်စေ၊ ကိုယ်ထိလက်ရောက်ဖြစ်စေ မငြိမ်းငြိမ်းစံ(ခ)မရှုပါအပေါ်တွင် အနှောင့်အယှက်တစ်စုံတစ်ရာပြုခြင်း၊ ဂုဏ်သိက္ခာညှိုးနွမ်းစေရန်၊ အိမ်ထောင်ရေးပျက်ပြားစေရန် မဟုတ်မမှန် လုပ်ကြံပြောဆိုခြင်းများ ပြုလုပ်ပါက မည်သူ့ကိုမဆို တရားဥပဒေအရ ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သက်ဆိုင်သူများသိစေရန် အသိပေး ကြေညာအပ်ပါသည်။

ဦးသန်းဝင်း B.A(Law) LL.B
တရားလွှတ်တော်ရှေ့နေ(စဉ်-၃၄၄၇)
အမှတ် ၁၂၅၊ အရှေ့လက်ပံခုန်ရပ်ကွက်၊
သုံးဆယ်မြို့၊ သာယာဝတီမြို့နယ်

ကန့်ကွက်နိုင်ပါကြောင်း

...

ကန့်ကွက်နိုင်ပါကြောင်း

...

ကန့်ကွက်နိုင်ပါကြောင်း

...

ဦးမျိုးချစ် (LL.B)

...

ကြော်ငြာ

"ဘုရားအဆူဆူ နိဗ္ဗာန်ယူသည့် ကုသိနာရုံ မလ္လာရာမ ဝိဟာရ၌ ဒါနမှတ်တိုင် စိုက်ထူနိုင်ပြီ"

သံဝေဇနီယလေးဌာနတွင် သံဝေဂအရဆုံးဌာနဖြစ်သော ဘုရားရှင်ပရိနိဗ္ဗာန်စံတော်မူရာ အိန္ဒိယနိုင်ငံ ၊ ယူပီပြည်နယ် ၊ ကုသိနာရုံ၌ ဗုဒ္ဓဂယာ မဟာဗောဓိမြေကျောင်းဆရာတော် ဘဒ္ဒန္တ ဒေါက်တာဇနက ဦးစီး၍ "မလ္လာရာမဝိဟာရမြန်မာကျောင်း" ဆောက်လုပ်လျက်ရှိရာ မြေကွက်(၁)စတုရန်းပေလျှင် (၁၀,၀၀၀)ကျပ်၊ ကျောင်းဆောင် (၁)စတုရန်းပေလျှင် (၂၀,၀၀၀)ကျပ်နှုန်းဖြင့် ရုံးချိန်အတွင်း အောက်ပါနေရာများသို့ ဆက်သွယ်လှူဒါန်းနိုင်ကြပါသည် -

ဘဒ္ဒန္တ ဒေါက်တာဇနက (မဟာဗောဓိမြေကျောင်း) ဖုန်း +၉၁ ...

ဗုဒ္ဓဂယာဘုရားဖူးအဖွဲ့များ

ရုံးချုပ်-ဘဒ္ဒန္တဝိစိတ္တ ၊ မြတ်ဗုဒ္ဓဝိဟာရကျောင်း ၊ ဝေဠုဝန်ကျောင်းတိုက် ၊ စမ်းချောင်းမြို့နယ် ၊ ရန်ကုန်။ ဖုန်း - ၀၉၄၃၂၀၄၁၇၂

မွေးနေ့မင်္ဂလာဆုတောင်းလွှာ

မယားဝတ္တရားကျေပွန်ပြီး အစစအရာရာယုံကြည်စိတ်ချအားကိုးရသော စိတ်ထားမှန်ကန်ဖြောင့်မြတ်သည့်ချစ်ဇနီးယမင်း၏ဇန်နဝါရီလ နောက်ဆုံးပတ် စနေနေ့ (၃၁ ၊ ၁ ၊ ၂၀၁၅) ရက်တွင် ကျရောက်သည့် မွေးနေ့မှစ၍ စိတ်သွားတိုင်းကိုယ်ပါလိုရာဆန္ဒအားလုံး ပြည့်စုံပါစေသတည်း။

ယမင်းရဲ့အချစ်ဆုံး
ကို

ပညာပါရမီ
ကိုယ်ပိုင်အထက်တန်းဆင့်ကျောင်း
(၉)တန်း၊ (၁၀)တန်းအဆင့်မြင့်ဂေဇက်

ရောင်းရန်ရှိသည်။
အသုံးပြုနေဆဲ ပလတ်စတစ် PET ဗူးမှုတ်စက်
(Blowing Machines) ဗူးလုပ်စက်အဖုံးထုတ်စက်
(Injection Machines -260 PET ,380 PETများရောင်း
ရန်ရှိသည်။ဆက်သွယ်ရန် -၀၁၊ ၆၁၀၂၉၀ ၊ ၆၁၀၂၉၁
(Ext : 102) သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းပါရန်။

ဦးဝင်းဆွေဦး(ဆရာဝေ)
ဖုန်း - ၀၉ ...

ဝန်ထမ်းခေါ်ယူမည်

၁။ စက်မှုအင်ဂျင်နီယာ(Mechanical Engineer) ကျား/မ(၅)ဦး
၂။ လျှပ်စစ်အင်ဂျင်နီယာ(Electrical Engineer) ကျား/မ(၅)ဦး
၃။ ... ကျား (၅) ဦး
၄။ ... ကျား (၅) ဦး
၅။ ... ကျား (၅) ဦး
၆။ ... ကျား (၅) ဦး
၇။ ... ကျား (၅) ဦး
၈။ ... ကျား (၅) ဦး
၉။ ... ကျား (၅) ဦး
၁၀။ ... ကျား (၅) ဦး
အမှတ်စဉ် (၁) နှင့် (၂) အတွက် BE/ME, Auto cad 2D,3D, Computer literate, English/ Chinese တတ်ကျွမ်းရမည်။
SC Auto Industries (S) Pte Ltd
အမှတ် 184/A1၊ ရွှေပြည်သာမြို့နယ်၊ ရန်ကုန်မြို့
ဖုန်း 01 535595, 095100821, 09254260179

အသိပေးကြော်ငြာ
... EGTI (Civil) ...

၂၀၁၅ ခုနှစ်
...

ထန်းကုတ်ရှိ ... ကြော်ငြာခြင်း

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း
(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း ဓာတ်အားပို့လွှတ်ရေး စီမံကိန်းများဌာနမှ အောက်ဖော်ပြပါ ၂၃၀ ကေဗွီဓာတ်အားလိုင်းများအား OPGW Joint Box ဆက်ခြင်းလုပ်ငန်းကို မြန်မာကျပ်ငွေဖြင့် တင်ဒါခေါ်ဆိုလုပ်ငန်း အပ်နှံဆောင်ရွက်လိုပါသည်-

(၁) ၂၃၀ ကေဗွီ အမ်း-မြောက်ဦး-ပုဏ္ဏားကျွန်း ဓာတ်အားလိုင်း

(၂) ၂၃၀ ကေဗွီ မအီ-ကျောက်ဖြူ ဓာတ်အားလိုင်း

တင်ဒါပုံစံရောင်းချမည့်ရက် - ၂၆-၁-၂၀၁၅ ရက်

တင်ဒါပိတ်မည့်ရက် - ၂-၂-၂၀၁၅ ရက်

တင်ဒါပိတ်မည့်အချိန် - ၁၄:၀၀ နာရီ

တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် ရုံးချိန်အတွင်း လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
တင်ဒါကြီးကြပ်ရေးအဖွဲ့
မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း၊ ပစ္စည်းစီမံရေးဌာန
ရုံးအမှတ် ၂၇၊ နေပြည်တော်၊
ဖုန်း-၀၆၇-၄၁၀၂၈၂

ရထားပို့ဆောင်ရေးဝန်ကြီးဌာန
မြန်မာ့မီးရထား
ဂုတ်ထိပ်တံတားကို ဖြတ်သန်းကြည့်ရှုလေ့လာနိုင်မည့် နောင်ချို-နောင်ပိန်-နောင်ချိုခရီးစဉ်တွင် ထိုင်ခုံပါ RGC ယာဉ်အား စင်းလုံးငှားအဖြစ် ငှားရမ်းအသုံးပြုနိုင်ကြောင်း အသိပေးကြေညာခြင်း

၁။ ရထားပို့ဆောင်ရေးဝန်ကြီးဌာန၊ မြန်မာ့မီးရထားသည် နိုင်ငံခြားသားခရီးသည်များ နှစ်သက်စွာ လာရောက်လေ့လာကြည့်ရှုလျက်ရှိသည့် မန္တလေး-လားရှိုးရထားလမ်းပိုင်း အတွင်းရှိ ကမ္ဘာကျော်ဂုတ်ထိပ်တံတားကြီးအား ဖြတ်သန်းလေ့လာနိုင်မည့် ခရီးစဉ်ဖြစ်သော နောင်ချိုဘူတာမှ နောင်ပိန်ဘူတာအထိ ၁၆.၀၀ မိုင်ကို မြန်မာ့မီးရထားရှိ RGC -110 ယာဉ်ဖြင့် စင်းလုံးငှား(Charter) အထူးခရီးစဉ်ကို ပြေးဆွဲပေးသွားမည်ဖြစ်ပါသည်။

၂။ အဆိုပါ RGC -110 တွင် ခရီးသည် ၂၀ ဦးထိုင်ခုံဖြင့် လိုက်ပါနိုင်၍ လမ်းဘေးဝဲ/ယာ ရှုခင်းအား အလွယ်တကူလေ့လာကြည့်ရှုဓာတ်ပုံရိုက်နိုင်ရန် စီစဉ်ပေးထားပြီးဖြစ်ပါသည်။ RGC -ယာဉ်အား နောင်ချိုဘူတာတွင် အခြေပြုထားရှိမည်ဖြစ်ပြီး နောင်ချိုဘူတာမှ နောင်ပိန်ဘူတာအထိ ခုတ်မောင်းချိန် ၁ နာရီ ၁၅ မိနစ်ခန့် ကြာမြင့်မည်ဖြစ်ရာ လမ်းခရီး၌ လေ့လာကြည့်ရှုနိုင်ရန် ဂုတ်ထိပ်တံတားထိပ် တစ်ဖက်တစ်ချက်စီ (တံတားကြီးပေါ်မပါ)တွင် ၁၀ မိနစ်စီ ရပ်နားပေးမည်ဖြစ်ပါသည်။

၃။ ခရီးစဉ်တွင် နောင်ချိုဘူတာမှ စတင်စီးနင်းနိုင်သကဲ့သို့ နောင်ပိန်ဘူတာမှလည်း စတင်စီးနင်းနိုင်ပါသည်။ အဆန်(သို့မဟုတ်) အစုန်ခရီးစဉ်တစ်ခုအတွက် စင်းလုံးငှားရမ်းခမှာ (၁၀၀၀၀၀ိ/-) (ကျပ်တစ်သိန်းတိတိ)ဖြစ်ပါသည်။ ပြည်တွင်း/ပြည်ပခရီးသွားများအနေဖြင့် အဆိုပါခရီးစဉ်အား စီးနင်းလိုက်ပါလိုပါက အနည်းဆုံး သုံးရက်ကြိုတင်၍လည်းကောင်း၊ နေ့ချင်းအသုံးပြုလိုသူများရှိပါကလည်း ဦးစားပေးအလှည့်ကျစနစ်ဖြင့်လည်းကောင်း စီစဉ်ဆောင်ရွက်ပေးသွားမည်ဖြစ်၍ စီးနင်းလိုက်ပါလိုပါက အောက်ပါဖုန်းနံပါတ်များသို့ ဆက်သွယ်စုံစမ်းငှားရမ်းနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

အထွေထွေမန်နေဂျာ (စီးပွားရေး)	ဖုန်း-၀၆၇-၇၇၀၁၃
ဒု-အထွေထွေမန်နေဂျာ (ခရီးသည်)	ဖုန်း-၀၆၇-၇၇၀၈၁
လက်ထောက်အထွေထွေမန်နေဂျာ (ခရီးသည်)	ဖုန်း-၀၆၇-၇၇၀၈၂
မန်နေဂျာ(သွားလာရေး/တိုင်း) အမှတ် (၃)တိုင်း-မန္တလေး	ဖုန်း-၀၂-၃၅၉၈၆
ခရီးသည်ဌာနခွဲ၊ စီးပွားရေးဌာန၊ မြန်မာ့မီးရထား	ဖုန်း-၀၆၇-၇၇၁၁၈

အရေးတကြီးသတိပေးနိုးဆော်ချက်

- အစွန်းရောက်ဝါဒ အကြမ်းဖက်ခြင်းသည် ပြည်သူ့လုံခြုံရေးကို ခြိမ်းခြောက်ရာသည့် လုပ်ငန်းများတွင် ကျူးလွန်နိုင်ရန် အကြောင်းဖန်တီးခြင်းဖြစ်ပါသည်။
- ယခုအချိန်တွင် အများပြည်သူအတွက် ဆောင်ရွက်ရမည့်လုပ်ငန်းများကို အချိန်မှီတင်ရမည်ဖြစ်ရာ ရည်ရွယ်ချက်ကို အကောင်အထည်ဖော်ရန် ဦးတည်ဆောင်ရွက်လျက်ရှိပါသည်။
- ၁၉၉၃ ခုနှစ်ကတည်းက နိုင်ငံ့အရေးကို ပူးပေါင်းဆောင်ရွက်ရန် ရန်ကုန်တိုင်း ဒေသကြီးတွင် တိုးတက်ရေးအတွက် ဆောင်ရွက်လျက်ရှိပါသည်။
- ထို့ကြောင့် စားသုံးသူပြည်သူများမှ စားသုံးပြီးချိန်တွင် ရောဂါလက္ခဏာများ ပေါ်ပေါက်ပါက ကျန်းမာရေးဌာနသို့ ဆက်သွယ်အကြောင်းကြားရန်နှင့် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး၊ အမှတ် (၁၆၃/၁၆၇)၊ ပန်းဆိုးတန်းလမ်း၊ ကျောက်တံတားမြို့နယ်၊ ဖုန်း ၀၁-၂၅၂၅၅၃ သို့ အကြောင်းကြားပေးပါရန် ပန်ကြားအပ်ပါသည်။

ပြည်သူ့ကျန်းမာရေးဦးစီးဌာန
ရန်ကုန်တိုင်းဒေသကြီး

ကြော်ငြာ

သစ္စာ အာမခံ စိန်၊ ရွှေ၊ ပလပ်တီနမ် ဆိုင်

- ရောင်းသူနှင့် ဝယ်သူကြား သစ္စာတရားကို လက်ကိုင်ထား၍ ရောင်းချပေးနေသော သစ္စာရွှေဆိုင်မှ ဆိုင်သစ်ကြီးကို ထပ်မံဖွင့်လှစ်လိုက်ပါသည်။
- ဆိုင်သစ်ကြီးတွင် အရည်အသွေးမြင့် ခေတ်မီဆန်းပြားဒီဇိုင်းဆန်း ပလက်တီနမ်၊ စိန် နှင့် ရွှေထည် လက်ဝတ်ရတနာများကို ဆိုင်သစ်ဖွင့်ပွဲနှင့် နှစ်သစ်ကူး အထူးအစီအစဉ် အနေဖြင့် (၁-၁-၂၀၁၅ မှ ၂၈-၂-၂၀၁၅)အထိ အထူးလျှော့ဈေးဖြင့် ရောင်းချပေးမည်ဖြစ်ကြောင်း သတင်းကောင်းပါးအပ်ပါသည်။

ဆိုင်(၁)- အမှတ် (၄၃၆)၊ မဟာဗန္ဓုလလမ်း၊ ၂၉-လမ်းထိပ်၊ ဖုန်း - ၀၁-၃၇၄၇၆၆၊ ၀၉-၄၄၇၂၀၇၇၇၇

ဆိုင်(၂)- အမှတ် (၅၃၀)၊ မဟာဗန္ဓုလလမ်း၊ ၂၇-လမ်းထိပ်၊ ဖုန်း - ၀၁-၂၄၆၁၂၀၊ ၀၉-၂၅၉၂၅၉၁၈၈

မြစ်ဦးလွင် - မြေကွက်ရောင်းမည်

"ရွှေလှသော ရွာမြေ" ပိုင်ဆိုင်မှုခိုင်မာသည်

ဧပ - (70' x 70') ဈေးနှုန်း - 360 သိန်း

ဝယ်လိုမည့်သူများသာ ဆက်သွယ်ရန် - 09-250136302

ဒဏ္ဍာရီ

- Discount (15000/-Ks)

Ph: 09-73048885

ရွှေမဟာဗုဒ္ဓဂယာဘုရားဖူးအဖွဲ့

Feb-22 ၊ Mar-11, 30 ၊ April-4, 11

ဆရာ **ဦးမောင်မောင်ကြီး** နေ့ကျောင်း သင်တန်း

ဝ-၉-၁၀ တန်း • သင်ရိုးကျန်သချ်ာ

Top Ten All D

ဖုန်း - 552054, 095188637, 0973006451, 09254012675

EC Edu-Care

Ph.D

၂၀၁၅ စာမေးပွဲ အထူးထုတ် စာအုပ်များ

ဘာသာစုံမေးခွန်း ၅ စုံ

ဘာသာစုံမေးခွန်း ၅ စုံ

ဘာသာစုံမေးခွန်း ၅ စုံ

ကန့်ကွက်နိုင်ပါကြောင်း

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ကြော်ငြာ

အထက(၆) ဗိုလ်တထောင်(ယခင်စိန်ပေါလ်) ကျောင်းသားဟောင်းများ၏ (၁၇)ကြိမ်မြောက် မြတ်ဆရာကန်တော့ပွဲနှင့် မြတ်ဆရာပူဇော်ပွဲအထိမ်းအမှတ် ဖျော်ဖြေရေးနှင့် ပျော်ပွဲရွှင်ပွဲအခမ်းအနား

၁။ သမိုင်းအစဉ်အလာအလွန်ကြီးမား၍ ဂုဏ်ရောင်ထွန်းပြောင်ခဲ့ပြီး နိုင်ငံတော်၏ စစ်ဘက်နယ်ဘက် ဝန်ထမ်းကောင်းများ၊ စီးပွားရေးလုပ်ငန်းရှင်ကြီးများ၊ အနုပညာရှင်များအား မွေးထုတ်ပေးခဲ့သော အထက(၆)ဗိုလ်တထောင် (ယခင်စိန်ပေါလ်)ကျောင်းတွင် (၃)နှစ်ဆက်တိုက်ပညာသင်ကြားပေးခဲ့ပြီး ကွယ်လွန်သွားသော ဆရာ၊ ဆရာမများနှင့် ကျောင်းသားဟောင်းများအားရည်စူး၍ အရဏ်ဆွမ်းဆက်ကပ်လှူဒါန်းပွဲ၊ သက်ပြည့်အငြိမ်းစားယူသွားသော ဆရာ/ဆရာမများအား ကျောင်းသားဟောင်းများမှ ပူဇော်ကန်တော့ပွဲ၊ မြတ်ဆရာပူဇော်ကန်တော့ပွဲ အထိမ်းအမှတ်ဖျော်ဖြေရေးနှင့် ပျော်ပွဲရွှင်ပွဲတို့အား အောက်ပါအစီအစဉ်များအတိုင်း ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ ပြည်တွင်းပြည်ပရှိ စိန်ပေါလ်ကျောင်းသားဟောင်းများ၊ အထက(၆)ဗိုလ်တထောင် ကျောင်းသားဟောင်းများ လက်ရှိတက်ရောက်နေသော ကျောင်းသားများ တက်ရောက်ပူဇော်ကန်တော့ကြပါရန် ဖိတ်ကြားအပ်ပါသည်။

နေ့ရက် - ၂-၃-၂၀၁၅ရက် (တောင်သူလယ်သမားနေ့)
အချိန် - ၀၅း၀၀ နာရီ (အရုဏ်ဆွမ်းဆက်ကပ်လှူဒါန်းခြင်း)
- ၀၉း၀၀ နာရီ (မြတ်ဆရာပူဇော်ကန်တော့ခြင်း)
- ၁၇း၀၀ နာရီမှ ၂၂း၀၀နာရီ (ဖျော်ဖြေရေးနှင့် ပျော်ပွဲရွှင်ပွဲအခမ်းအနားကျင်းပခြင်း။)
နေရာ - အထက(၆)ဗိုလ်တထောင် ဘတ်စကက်ဘောအားကစားရုံ/ဘောလုံးကွင်း။

၂။ အလှူငွေထည့်ဝင်လှူဒါန်းလိုသူများအနေဖြင့် မြတ်ဆရာပူဇော်ကန်တော့ပွဲအတွက် ဦးသိန်းဆွေ ဖုန်း-၀၉-၅၁၉၃၄၃၄၊ ဦးမင်းထွဋ် ဖုန်း-၀၉-၅၁၃၈၀၉၅၊ ဦးမြင့်ထွန်း ဖုန်း-၀၉-၅၁၀၁၇၅၁၊ ဒေါက်တာကျော်ဇောသိန်း ဖုန်း-၀၉-၅၁၅၂၈၀၈၊ ဦးနေဦး ဖုန်း-၀၉-၅၁၁၇၁၁၀၊ ဦးထွန်းထွန်းလင်း ဖုန်း-၀၉-၄၃၁၁၄၇၃၄၊ ဦးသက်ချိုဦး ဖုန်း-၀၉-၅၀၁၆၀၅၇၊ ဦးသိန်းဆွေ ဖုန်း-၀၉-၅၁၉၃၄၃၄၊ ဦးကျော်ဦးမြင့် ဖုန်း-၀၉-၇၃၁၅၇၇၃၇၊ ဦးရဲဝင်း ဖုန်း-၀၉-၄၂၁၀၄၀၄၆၃၊ ဦးခင်မောင်သန်း ဖုန်း-၀၉-၅၅၀၂၀၃၈ တို့အား ဆက်သွယ်လှူဒါန်းနိုင်ပါသည်။

၃။ မြတ်ဆရာပူဇော်ပွဲ အထိမ်းအမှတ်ဖျော်ဖြေရေးနှင့်ပျော်ပွဲရွှင်ပွဲအား
(က) ထူးချွန်ကျောင်းသားများအား ဆုချီးမြှင့်ရန်
(ခ) သက်ပြည့်အငြိမ်းစား ဆရာ/ဆရာမများအား ကျန်းမာရေးစောင့်ရှောက်မှုပေးရန်
(ဂ) လက်ရှိကျောင်းတော်ကြီး၏ ချို့ယွင်းပျက်စီးနေမှုများအား ပြင်ဆင်ရန်အတွက် ရည်ရွယ်၍ ပြုလုပ်သွားမည်ဖြစ်ပါသည်။

မြတ်ဆရာပူဇော်ပွဲအထိမ်းအမှတ် ဖျော်ဖြေရေးနှင့်ပျော်ပွဲရွှင်ပွဲ အခမ်းအနားအတွက် ဦးစင်ရော်မောင်မောင် ဖုန်း-၀၉-၅၀၁၅၁၆၁၊ ဦးနေမိုး ဖုန်း-၀၉-၅၀၀၆၈၉၉၊ ဦးကျော်ရင် ဖုန်း-၀၁-၇၀၄၄၄၄၊ ဦးထွန်းဝင်းအောင် ဖုန်း-၀၉-၅၄၁၆၅၄၇၊ ဦးထွန်းမြင့် ဖုန်း-၀၉-၃၁၀၉၁၅၉၇၊ ဦးကိုကိုဇံ ဖုန်း-၀၉-၅၁၄၃၁၃၇၊ ဦးသန်းထိုက် ဖုန်း-၀၉-၅၁၀၃၆၅၉ တို့အားလည်းကောင်း ဆက်သွယ်လှူဒါန်းနိုင်ပါသည်။

၄။ ဆရာကြီး၊ဆရာမကြီးများအနေဖြင့် ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ ကြွရောက်အပူဇော်ခံပါရန် လေးစားစွာဖိတ်ကြားအပ်ပါသည်။ **ကျောင်းသားဟောင်းများ**

ငြင်းချက်ထုတ်ရန်သမ္မန်စာ

(တရားမကျင့်ထုံး ကိုဒ့်ဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
ပြည်ကြီးတံခွန်မြို့နယ်တရားရုံးတော်
၂၀၁၅ခုနှစ် တရားမကြီးမှုအမှတ်-၇

ဒေါ်နန်းကြူ **နှင့်** ဦးလှအောင်
တရားလို **တရားပြိုင်**

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ ၃၁လမ်း၊ (၈၁×၈၂)လမ်းကြားနေ တရားပြိုင် ဦးလှအောင် (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလိုက မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ခ)ရပ်ကွက်၊ အကွက်အမှတ်(ဟ-၇)၊ ဦးပိုင်အမှတ် (၇၃)မြေကွက်နှင့်ပတ်သက်၍ တရားလို တရားဝင်ပိုင်ဆိုင်ကြောင်း မြွက်ဟကြေညာပြဋ္ဌာန်းပေးစေလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့် စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံး အခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့် စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူတစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၅ခုနှစ် ဖေဖော်ဝါရီ ၅ရက် (၁၃၇၆ခုနှစ် တပို့တွဲလပြည့်ကျော် ၂ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက်ကအမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၎င်းပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်ရက်တွင် သင်မလာမရောက်ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုကကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၅ခုနှစ် ဇန်နဝါရီ ၂၂ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ် ရေးထိုးထုတ်ပေးလိုက်သည်။

(ပြည့်ဖြိုးဆွေ)
ဒုတိယမြို့နယ်တရားသူကြီး(၁)
ပြည်ကြီးတံခွန်မြို့နယ်တရားရုံး

ငြင်းချက်ထုတ်ရန်သမ္မန်စာ

(တရားမကျင့်ထုံး ကိုဒ့်ဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
ပြည်ကြီးတံခွန်မြို့နယ်တရားရုံးတော်
၂၀၁၅ခုနှစ် တရားမကြီးမှုအမှတ်-၆

ဒေါ်နန်းကြူ **နှင့်** ဦးချစ်မောင်
တရားလို **တရားပြိုင်**

အစည်းအဝေးသို့ ဒုတိယသမ္မတနှင့်အတူ အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအေးမြင့်၊ တနင်္သာရီတိုင်း ဒေသကြီးအစိုးရအဖွဲ့ဝန်ကြီးချုပ်၊ ဒုတိယဝန်ကြီးများနှင့် မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌ၊ ထိုင်းနိုင်ငံ ဒုတိယဝန်ကြီးချုပ် အမ်အာရ်ပရီဒယသွန်း ဒိဗကုလနှင့်အတူ ပို့ဆောင်ရေး၊ စွမ်းအင်၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာနများမှ ဝန်ကြီးများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ဒုတိယသမ္မတက အဖွင့်အမှာစကား ပြောကြားရာ၌ ထားဝယ်အထူးစီးပွားရေးဇုန် ဖွံ့ဖြိုးရေးလုပ်ငန်းအဆင့်ဆင့်အကောင်အထည်ဖော်ရန် ၂၀၁၃ ခုနှစ် နိုဝင်ဘာ ၂၁ ရက်က ပြုလုပ်ခဲ့သည့် စတုတ္ထအကြိမ် ပူးတွဲလုပ်ငန်းကော်မတီအစည်းအဝေးတွင် ထားဝယ်အထူးစီးပွားရေးဇုန် စီမံခန့်ခွဲမှုကော်မတီနှင့် အထူးလုပ်ငန်းယန္တရား (၁)အကြား မူဘောင်သဘောတူစာချုပ်အသစ် ချုပ်ဆိုနိုင်ခဲ့ခြင်းသည် နှစ်ဖက် ပူးပေါင်းအားထုတ်မှုရလဒ်ဖြစ်ကြောင်း၊ ဆက်လက်ဖွဲ့စည်းသွားမည့် အထူးလုပ်ငန်းယန္တရား(၂)ကို မြန်မာနိုင်ငံ၌ မှတ်ပုံတင်မည်ဖြစ်ပြီး ထားဝယ် အထူးစီးပွားရေးဇုန်နှင့် ဆက်စပ် စီမံကိန်းများကို အနီးကပ်

စာမျက်နှာ ၉ ကော်လံ ၁ ✻

ရန်ကုန်တက္ကသိုလ်၌ ဂလိုဘယ်ဂျပန်ရုံးခန်းဖွင့် ထူးချွန်ကျောင်းသားများ ဂျပန်ဘာသာအခမဲ့သင်ယူနိုင်

သတင်း-မောင်မောင်မြင့်ဆွေ

ရန်ကုန် ဇန်နဝါရီ ၂၀

ရန်ကုန်တက္ကသိုလ်နှင့် ဂျပန်နိုင်ငံ တိုကျိုနိုင်ငံခြားပညာရပ်များ လေ့လာရေးတက္ကသိုလ်တို့ ပူးပေါင်းပြီး နှစ်နိုင်ငံတက္ကသိုလ်နှစ်ခုအကြား ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ အပြန်အလှန် ပညာသင်စေလွှတ်ရေး၊ သုတေသနလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်ရေး၊ ဘာသာစကားနှင့် ယဉ်ကျေးမှုဖလှယ်ရေးအပြင် ပညာရပ်ဆိုင်ရာ ဆွေးနွေးပွဲများ ပူးပေါင်းကျင်းပနိုင်ရေးတို့အတွက် Global Japan Office ဖွင့်လှစ်ခြင်းကို ရန်ကုန်တက္ကသိုလ် တောင်ငူဆောင်ရှိ မြန်မာစာဌာနခန်းမ၌ ဇန်နဝါရီ ၂၀ ရက် နံနက် ၁၀ နာရီက ကျင်းပသည်။

ရန်ကုန်တက္ကသိုလ် တောင်ငူဆောင်၌ ဖွင့်လှစ်ထားရှိသည့် Global Japan Office ဖွင့်ပွဲ၌ ပညာရေးဝန်ကြီးဌာန အဆင့်မြင့်ပညာဦးစီးဌာန (အောက်မြန်မာပြည်) ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာ ရည်ရည်မော်၊ ရန်ကုန်တက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာအောင်သူနှင့် မြန်မာနိုင်ငံဆိုင်ရာ

စာမျက်နှာ ၃ ကော်လံ ၄ ✻

ရခိုင်ပြည်နယ် ကျောက်ဖြူမြို့နယ် မဒဲကျွန်းရေနံတင်ဆိပ်ကမ်းရှိ ရေနံစိမ်းသိုလှောင်ကန်များကို တွေ့ရစဉ်။ (သတင်း-စာမျက်နှာ ➤၉)

ယနေ့ မာတိကာ

စစ်သွေးကြွများက ဆိုင်းနိုင်းတွင် ပြင်းထန်စွာတိုက်ခိုက် စာ » ၄

မန်းရွှေစက်တော် ဗုဒ္ဓပူဇနီယပွဲစျေးအတွင်း လိုင်စင်မဲ့အရက်ရောင်းချသူများအား သက်ဆိုင်ရာမှ ဖမ်းဆီးအရေးယူ စာ » ၁၂

ပုံးသီးဟောင်းအား ဆော့ကစားရာမှ ပေါက်ကွဲမှုဖြစ်ပွား ကလေးငါးဦးဒဏ်ရာရ နှစ်ဦးသေဆုံး စာ » ၁၁

ရွှေအင်းတောင်စေတီတော် (၁၁၈၅)နှစ်ပြည့် ဗုဒ္ဓပူဇနီယပွဲတော် စည်ကားစွာကျင်းပမည် စာ » ၂၀

ဒွေးကိုကိုချစ်၏ အနိုင်ဂိုးဖြင့် လက်ရှိချန်ပီယံ ရတနာပုံနိုင်ပွဲရ

ရန်ကုန် ဇန်နဝါရီ ၂၀

၂၀၁၅ ရာသီ MNL အမှတ်ပေးပြိုင်ပွဲ ပွဲစဉ်(၄)ပထမနေ့ကို ယနေ့ညနေပိုင်းက သုဝဏ္ဏကွင်း၌ ကျင်းပရာ လက်ရှိချန်ပီယံ ရတနာပုံအသင်းက မနော်မြေအသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။

ရတနာပုံ - နှစ်ဂိုး
(မက်ဆီမင်နှင့်ဒွေးကိုကိုချစ်)
မနော်မြေ - တစ်ဂိုး
(အီဗရာဟင်မ်)

ရှုံးပွဲဆက်နေသည့် မနော်မြေအသင်း၏ ရုန်းကန်မှုကြောင့် လက်ရှိချန်ပီယံရတနာပုံအသင်း ခက်ခက်ခဲခဲ ကစားခဲ့ရပြီး ဒွေးကိုကိုချစ်၏ ဒုတိယပိုင်း သွင်းဂိုးကြောင့်သာ အမှတ်ပြည့်ရခဲ့ခြင်းဖြစ်သည်။ ရတနာပုံအသင်းသည် ယခုရာသီတွင် ပုံစံကောင်းရရန် ရုန်းကန်နေရသော်လည်း အဖွင့်ပွဲတွင် မကွေးနှင့်သရေကျပြီးနောက်ပိုင်း သုံးပွဲဆက် အနိုင်ရခဲ့ခြင်းလည်းဖြစ်သည်။

သတင်း-ညီမြတ်သော်တာ
ဓာတ်ပုံ-ဖိုးသော်ဇင်

ပွဲစကတည်းက ရတနာပုံတို့ ဂိုးရရှိရန် တိုက်စစ်ဖွင့်ကစားခဲ့သည်။ ရတနာပုံအသင်း ခြေအသာဖြင့် ဖိကစားနိုင်ခဲ့သော်လည်း ၂၉ မိနစ်ရောက်မှ ဂိုးစရခဲ့ပြီး ကွင်းလယ်လူ မက်ဆီမင်က သွင်းယူခဲ့ခြင်းဖြစ်သည်။ ဂိုးရပြီးနောက်ပိုင်းတွင် ရတနာပုံ ကစားပုံပျက်သွား၍ မနော်မြေ ဖိကစားလာနိုင်ပြီး ၄၁ မိနစ်တွင် အီဗရာဟင်မ်က

စာမျက်နှာ ၆ ကော်လံ ၁ ❍

မနော်မြေနှင့် ရတနာပုံအသင်းတို့ ယှဉ်ပြိုင်နေစဉ်။

ထူးခြားသည့် ညအပူချိန်များ

၂၀-၁-၂၀၁၅

ဟားခါး	၅ ဒီဂရီစင်တီဂရိတ်
ဟဲဟိုး	၅ ဒီဂရီစင်တီဂရိတ်
နမ့်စန်	၆ ဒီဂရီစင်တီဂရိတ်

ကျောင်းသင်ခန်းစာ ပါရှိ

ယနေ့ထုတ်မြန်မာ့အလင်းသတင်းစာ အချပ်ပို(က) တွင် ၂၀၁၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ အထောက်အကူပြုသိကောင်းစရာများ ဓာတုဗေဒဘာသာရပ် ပါရှိပါသည်။

CLAIMS DAY NOTICE
M.V DREAM JASMINE VOY:NO(8)

Consignees of cargo carried by M.V DREAM JASMINE VOY: NO. (8) are here by notified that the vessel will arrive on about 1-2-15 and cargo will be discharged into the premises of Yangon port.

Damaged cargo will be surveyed daily from 08:00 AM to 11:20 AM and 12:00 NOON to 04:00 PM to claims day now declared as the third day after final discharge of cargo from the vessel.

No claims against this vessel will be admitted after the Claims Day.

မော်တော်ယာဉ်ပိုင်ရှင်များအနေဖြင့် သင်္ဘောမှချပြီးချိန်တွင် မိမိတို့၏ မော်တော်ယာဉ်ပါ ပစ္စည်းများကို ORIGINAL BILLS OF LADING များ ယူဆောင်လျက် လာရောက်ကြည့်ရှုစစ်ဆေးရန် အသိပေးအပ်ပါသည်။

သင်္ဘောဆိုက်ကပ်မည့် အချိန်နှင့်တံတားနေရာတို့ကို အသေးစိတ်သိရှိလိုပါက အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်-

ဖုန်း-၂၃၀၁၁၉၁၊ ၂၃၀၁၁၇၈

ကိုယ်စားလှယ်လုပ်ငန်းဌာန၊ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်

mmalin.npt @ gmail.com,
www.facebook.com/MYANMAALINNNEWS

ကျောင်းသင်ခန်းစာ

၂၀၁၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ အထောက်အကူပြုသိကောင်းစရာများ ဓာတုဗေဒဘာသာရပ်

ဒေါက်တာဒေါ်လှငွေ ပါမောက္ခ (ဌာနမှူး)၊ ဓာတုဗေဒဌာန၊ ရန်ကုန်တက္ကသိုလ်

မင်္ဂလာပါတပည့်တို့။ ဒီကနေ့ ဆွေးနွေးမှာကတော့ ၂၀၁၅ ခုနှစ် မတ်လမှာ ကျင်းပမယ့် တက္ကသိုလ်ဝင်စာမေးပွဲမှာ ဓာတုဗေဒဘာသာရပ်ကို ဖြေဆိုကြမယ့်ကျောင်းသား ကျောင်းသူများအတွက် အထောက်အကူဖြစ်စေဖို့ ပြဋ္ဌာန်းစာအုပ်ပါအကြောင်းအရာနဲ့ သတိပြုရမယ့် အချက်အလက်တွေပဲ ဖြစ်ပါတယ်။

ပထမဦးစွာ ဓာတုဗေဒ မေးခွန်းပုံစံနဲ့ အမှတ်ခွဲဝေမှုတို့ကို ရှင်းပြလိုပါတယ်။ မေးခွန်းဟောင်းပုံစံအရ မေးခွန်းမှာ Section-A နဲ့ Section-B ဆိုပြီးအပိုင်း (၂) ပိုင်းပါဝင်ပါတယ်။ Section-A မှာ Objective type တွေဖြစ်တဲ့ TRUE/FALSE, Fill in the blanks, Multiple choice နဲ့ Matching တွေကို နံပါတ် (၁) မှ နံပါတ် (၄) အထိ ၁ မှတ်တန်မေးခွန်း (၇) ပုဒ်စီ မေးထားပါတယ်။ နံပါတ် (၅) မှာ ၁ မှတ်တန် Definition (၈) ပုဒ်မေးထားတဲ့အတွက် စုစုပေါင်း (၃၆)မှတ်ဖိုး ဖြေဆိုရပါမယ်။

Section-B မှာတော့ short question ဆိုတဲ့ (၂) မှတ်တန် မေးခွန်း (၆) ပုဒ်ကို နံပါတ်(၆) မှာ မေးထားပါတယ်။ အားလုံးဖြေဆိုရမှာဖြစ်ပြီး ရွေးချယ်ခွင့်မရှိပါဘူး။ နံပါတ်(၇)မှာတော့ Medium question ဖြစ်တဲ့ (၄)မှတ်တန်မေးခွန်း (၈)ပုဒ်မေးပြီး (၅)ပုဒ်၊ နံပါတ် (၈) မှာတော့ (၈)မှတ်တန် (၈)ပုဒ်မေးပြီး (၄)ပုဒ်ဖြေဆိုရပါမယ်။ ဒါကြောင့် Section-B မှာ စုစုပေါင်း (၁၀၈)မှတ်ထဲက (၆၄) မှတ်ဖိုး စုစုပေါင်း အမှတ်(၁၀၀) ဖိုး ဖြေဆိုရမှာဖြစ်ပါတယ်။

မေးခွန်း (၁)မှ (၅)အထိဟာ အခန်းတိုင်းနဲ့သက်ဆိုင်တဲ့အတွက် ဒီမေးခွန်းတွေဖြေဆိုတဲ့အခါမှာ သတိပြုရမယ့်အချက်တွေကို ဦးစွာရှင်းပြပါမယ်။

မေးခွန်း (၁) အမှား အမှန်ရွေးချယ်စေတဲ့မေးခွန်းမှာ အဖြေကို T (သို့) F လို့မရေးဘဲ TRUE (သို့) FALSE လို့ အပြည့်အစုံရေးမှသာ အမှတ်ပြည့်ရနိုင်မှာဖြစ်ပါတယ်။

မေးခွန်း (၂) ကွက်လပ်ဖြည့်တဲ့မေးခွန်းဖြေရာမှာ စာလုံးပေါင်းမှန်ရမယ့်အပြင် ပြည့်စုံရပါမယ်။ ဥပမာ -၁ . . . . . is the purest form of industrial iron. ဆိုတဲ့ မေးခွန်းရဲ့အဖြေဟာ Wrought iron ဖြစ်ရမယ့် အစား Rought iron (သို့) Wrought ion (သို့) wrought iron လို့ ဖြေရင် မှားပါတယ်။ စာကြောင်းရဲ့အစဖြစ်လို့ capital letter နဲ့လည်းဖြေရပါမယ်။

မေးခွန်း (၃) ရွေးချယ်တဲ့မေးခွန်းကို ဖြေဆိုတဲ့အခါ တိကျဖို့လိုပါတယ်။ အဖြေမှန်တစ်ခုထက် ပိုဖြေမိရင်လည်းကောင်း၊ အဖြေမှန် (၂)ခုကို တစ်ခုတည်းဖြေရင်လည်းကောင်း အမှတ်မရနိုင်ပါဘူး။ ဥပမာ-(၂) Effect of pressure on [Solids;liquids;gases] is negligible. ဆိုတဲ့မေးခွန်းအတွက် solids နဲ့ liquids လို့ဖြေမှ အမှတ်ပြည့်ရနိုင်ပါမယ်။

မေးခွန်း (၄) List A နဲ့ List B ပါအကြောင်းအရာကို ယှဉ်တွဲခြင်း မေးခွန်းအတွက် ပုဒ်ခွဲနံပါတ်အပြင် စာသားများအားလုံး အပြည့်အစုံဖော်ပြ ဖြေဆိုရပါမယ်။ ပုဒ်ခွဲနံပါတ် အက္ခရာ (a),(b),(c)...နဲ့ ပုဒ်ခွဲနံပါတ် (i),(ii),(iii)...တို့ဖြင့်သာ ယှဉ်တွဲဖော်ပြမယ်ဆိုရင် အမှတ်မရနိုင်ပါဘူး။ တစ်စုံမှားတွဲရင် နောက်တစ်စုံဟာ အလိုလိုအတွဲမှားသွားနိုင်တဲ့အတွက်ကြောင့် ဖြေဆိုရာမှာ သေသေချာချာ စဉ်းစားပြီးမှ ယှဉ်တွဲပေးဖို့လိုပါတယ်။

မေးခွန်း (၅) မှာ (၁) မှတ်တန် Definition တွေ (၈) ပုဒ် ပါပါတယ်။ Definition ကို စာသားနဲ့ပဲ ဖြေဆိုရပါမယ်။ အကြောင်းအရာချင်းတူနေလျှင် ဖြစ်စေ၊ အဓိပ္ပာယ်ပြောင်းလဲမှုမရှိလျှင်ဖြစ်စေ မည်သည့် Definition ကိုမဆို ဖြေဆိုလို့ရပါတယ်။

ဥပမာ-(၄) Avogadro's number ကို အဓိပ္ပာယ်ဖွင့်ဆိုရာမှာ "The number of carbon atoms present in 12 g of ^{12}C. (OR) The number of particles present in 12g of ^{12}C. (OR) The number of atoms present in the relative atomic mass is the same for all elements. The numerical value of this number is known as Avogadro's number." လို့ ဖြေဆိုနိုင်ပါတယ်။

အခုဆက်လက်ပြီး Section-B မေးခွန်း (၆) မှ (၈) အထိ ဖြေဆိုတဲ့အခါမှာ Chapter အလိုက် သတိပြုရမယ့် အချက်တွေကို ပြောပြပါမယ်။ ဒီ Section-B မှာ definition, law, explanation မေးရင် (၂) မှတ်ပေးတာကြောင့် example တွေ၊ Mathematical expression တွေပါ ထည့်ဖြေရပါမယ်။

ဥပမာ-(၅) State the Boyle's law အတွက် အဓိပ္ပာယ်ဖွင့်ဆိုချက်အတွက် Mathematical expression ကိုပါ ဖြေဆိုရပါမယ်။

Chapter (1) The Electronic Structures of Atoms,Periodic Table and Chemical Bonds အခန်းမှာ ဒြပ်စင်တစ်ခုရဲ့ အက်တမ်တစ်ခုမှာပါတဲ့ p, $\bar{e}$, n အရေအတွက်ကို တွက်တတ်ရမယ်။ ပါဝင်တဲ့ $\bar{e}$ တွေရဲ့ တည်ဆောက်ပုံအမျိုးမျိုး Electronic structures, Complete electronic structures နဲ့ Essential electronic structures၊ ဒီဒြပ်စင်ရဲ့ Periodic Table ရှိတည်နေရာ၊ ဒီဒြပ်စင်ရဲ့ valency, type of element တွေကို ရှာတတ်ရမယ်။ ဒြပ်စင်အချင်းချင်းပေါင်းစပ်တဲ့အခါ ဖြစ်လာမယ့် ဓာတ်စည်းအမျိုးအစား၊ ဒီဖြစ်လာတဲ့ ဒြပ်ပေါင်းရဲ့ electron dot – cross structure တွေကို ရေးတတ်ဖို့လိုပါတယ်။ Octet rule ကို လိုက်နာတဲ့ ဒြပ်ပေါင်းရှိသလို သွေဖည်တဲ့ ဒြပ်ပေါင်းတွေလည်းရှိတယ်ဆိုတာ သိထားရမယ်။

ဥပမာ(၆) ${}_9F$ အတွက်ဆိုရင် Electronic structure ဟာ 2.7 ပဲရေးရေး၊ $1s^2\ 2s^2\ 2p^5$ လို့ပဲရေးရေး၊ Complete electronic structure ဆိုရင်တော့ $1s^2\ 2s^2\ 2p^5$ လို့ sub-shell တွေနဲ့ အပြည့်အစုံ ရေးရမယ်။ Essential electronic structure ဆိုရင် outermost shell $2s^2\ 2p^5$ ကိုပဲရေးရမယ်။ Position ကတော့ Period 2, Group VIIB ဖြစ်ပြီး၊ Valency 1 ဖြစ်တယ်။ type of element ဆိုရင် boken line ရဲ့ ညာဘက် P-block element ဖြစ်လို့ non-metal ဖြစ်ပြီး Halogen လည်း ဖြစ်တယ်။ ဒီဒြပ်စင် F ဟာ Na Metal နဲ့ ပေါင်းစပ်တဲ့အခါ ionic bond ပဲ ဖြစ်မယ်။ $\bar{e}$ dot-cross structure ကိုလည်း ရေးတတ်ရမယ်။

ခြွင်းချက်အနေနဲ့ A1 ဟာ dark line ရဲ့ ဘယ်ဘက်မှာရှိပြီး p-block element ဖြစ်ပေမယ့် metal ဖြစ်တယ်။ metal နဲ့ non-metal ပေါင်းရင် ionic bond ဖြစ်တယ်ဆိုပေမယ့် A1 metal နဲ့ C1 non metal ပေါင်းရင် covalent bond ဖြစ်တယ်။ ဒ့ါအပြင် alkaline earth metal ဖြစ်တဲ့ Beနဲ့ non-matal Cl ပေါင်းရင်လည်း covalent bond ဖြစ်တယ်ဆိုတာတွေကို သတိထားရလိမ့်မယ်။ ဘာကြောင့်လဲဆိုတော့ ionic bond, covalent ဖြစ်နိုင်မှုဟာ ပေါင်းစပ်တဲ့ atom နှစ်ခုရဲ့ လျှပ်စစ်ဓာတ်မဆွဲအားခြားနားမှု (electronegativity difference) အပေါ်မှာ မူတည်လို့ပဲ။ ဥပမာ- A1F3 မှာ A1 နဲ့ F ဟာ ionic bond ဖြစ်ပြီး၊ A1Cl3 မှာ A1 နဲ့ C1 ဟာ covalent bond ဖြစ်တယ်။ A1 နဲ့ F ရဲ့ လျှပ်စစ်ဓာတ်မဆွဲအား ခြားနားမှုဟာ 1.5 ထက်ကြီးပြီး A1 နဲ့ C1 ရဲ့ လျှပ်စစ်ဓာတ်မဆွဲအားခြားနားမှုဟာ 1.5 ဖြစ်တဲ့အတွက်ကြောင့်ဖြစ်တယ်။

နောက်တစ်ခုကတော့ molecule တစ်ခုထဲရှိ atom ပေါ်မှာ lone pair $\bar{e}$ ရှိပြီး ဒီပစ္စည်းက $\bar{e}$ deficient molecule နဲ့ ပေါင်းစပ်ရင် co-ordinate bond ဖြစ်ကြောင်း သိထားရမယ်။ ဥပမာ (၇) NH3 ရဲ့ nitrogen atom မှာ lone pair $\bar{e}$ ရှိပြီး၊ BF3 ရဲ့ B atom မှာ $\bar{e}$ ရှစ်လုံးပြည့်ဖို့ (၂)လုံး လိုနေတာကြောင့် ယင်းဒြပ်ပေါင်း (၂)ခု ပေါင်းစပ်ရင် nitrogen က lone pair $\bar{e}$ စုံကိုပေးပြီး အဲဒီ $\bar{e}$ စုံကို N နဲ့ B တို့ဟာ ဖက်စပ်သုံးကြတယ်။ ဒါကြောင့် co-ordinate bond ကို Special type of covalent bond လို့ ခေါ်တယ်။

Periodic table ရဲ့ group နဲ့ period အလိုက် Periodic properties တွေဖြစ်တဲ့ atomic size, ionization energy, electron affinity, electronegativity နဲ့ electropositivity တွေ ပြောင်းလဲမှုကို လေ့လာတဲ့အခါ Atom တွေရဲ့ size ဟာ အုပ်စုတစ်ခုထဲမှာ အပေါ်မှ အောက်သို့သွားရင် အရွယ်ကြီးလာပြီး အပိုင်းတစ်ခုထဲမှာ ဘယ်ဘက်မှ ညာဘက်သို့သွားရင် အရွယ်ငယ်သွားတာကို တွေ့ရပါမယ်။ Ionization energy နဲ့ electron affinity ကတော့ atomic size နဲ့ ပြောင်းပြန်ပြောင်းလဲခြင်းဖြစ်တာကို တွေ့ရပါမယ်။ period တစ်ခုတည်းမှာ ဘယ်ဘက်မှ ညာဘက်သို့သွားရင် electropositivity နည်းသွားပြီး electronegativity တိုးလာတာကို တွေ့နိုင်ပါတယ်။

ဒါပေမယ့် ခြွင်းချက်တော့ရှိပါတယ်။ Period 2 ထဲမှာ ${}_4Be$ ရဲ့ ionization energy က ${}_5B$ ထက် များနေပြီး ${}_7N$ ရဲ့ ionization energy ဟာ ${}_8O$ ထက်များနေတဲ့အကြောင်းတွေက Be မှာ fully filled 2s sub-shell ရှိပြီး N မှာတော့ half filled 2p sub-shell ရှိနေလို့ပါပဲ။ ဒါကြောင့် Be နဲ့ N ကတည်ငြိမ်တယ်။ $\bar{e}$ ကိုထုတ်ဖို့မလွယ်ဘူး။ စွမ်းအင်အများကြီးလိုတယ်။ ဒါကြောင့် ionization energy ကြီးတာပေ့ါ။ Group VII B, halogens တွေထဲမှာ 9F ရဲ့ electron affinity က 17Cl ထက်ငယ်နေတဲ့အကြောင်းကတော့ F atom ဟာ အလွန်သေးငယ်တဲ့အတွက် ဝင်လာတဲ့ $\bar{e}$ ကို F atom မှာ ရှိပြီးသား $\bar{e}$ (9) လုံးက ပြင်းထန်စွာ တွန်းကန်ကြတဲ့ F atom ရဲ့ anomalous behaviour ကြောင့်ဖြစ်တယ်။

Periodic table ထဲမှာ ionization energy အနည်းဆုံးအုပ်စုနဲ့ အများဆုံးအုပ်စုရှိသလို electron affinity အနည်းဆုံးအုပ်စုနဲ့ အများဆုံးအုပ်စုလည်းရှိပါတယ်။ Group IA (alkali metals) ဟာ ionization energy ရော electron affinity ပါ အနည်းဆုံးရှိပါတယ်။ Group IA metals တွေရဲ့အပြင်ဘက်ဆုံးအခွံမှာ electron တစ်လုံးတည်းရှိနေတာကြောင့် စွမ်းအင်အနည်းဆုံးသုံးပြီး electron လွယ်ကူစွာ ဖယ်ထုတ်နိုင်တဲ့အတွက် ionization energy နည်းပါတယ်။ electron affinity အတွက်ဆိုရင်လည်း အဲဒီ electron တစ်လုံးကို ကောင်းစွာထိန်းချုပ်မထားနိုင်တဲ့အတွက် နောက်ထပ် electron တစ်လုံးထပ်ထည့်ဖို့ ခက်ခဲတဲ့အတွက် ထွက်ပေါ်လာတဲ့ energy က နည်းသွားရခြင်းဖြစ်ပါတယ်။ Group 0 (noble gases) မှ element တွေဟာ တည်ငြိမ်တဲ့ electron တည်ဆောက်ပုံပိုင်ဆိုင်ထားတဲ့အတွက် အပြင်ဆုံးအခွံမှ $\bar{e}$ တစ်လုံးဖယ်ဖို့ခက်ပြီး စွမ်းအင်များများသုံးရလို့ ionization energy များရခြင်းဖြစ်ပါတယ်။ group VII B (halogens) မှ element များမှာတော့ အပြင်ဘက်ဆုံးအခွံမှာ $\bar{e}$ (၇) လုံးရှိကြပါတယ်။ နောက်ထပ် $\bar{e}$ တစ်လုံးထပ်ထည့်လိုက်ရင် noble gases တွေရဲ့ $\bar{e}$ တည်ဆောက်ပုံဖြစ်သွားကြလို့ $\bar{e}$ ထည့်ဖို့လွယ်ကူပြီး electron affinity များရခြင်းဖြစ်တယ်ဆိုတာ နားလည်ဖို့လိုအပ်ပါတယ်။

အခန်း (၂) မှာတော့ ဓာတ်ငွေ့နဲ့သက်ဆိုင်တဲ့နိယာမတွေကို အဓိပ္ပာယ်ဖွင့်ဆိုချက်များအပြင် mathematical expression, mathematical formula/equation, constant terms, measurable quantities နဲ့ units တွေပါ သိထားဖို့လိုအပ်ပါတယ်။ Law နဲ့ပတ်သက်တဲ့ပုစ္ဆာတွေ တွက်တဲ့အခါမှာလည်း အသုံးပြုရမယ့် gas law equation နဲ့ units များကို မှန်ကန်စွာရွေးတတ်ဖို့လိုပါတယ်။ unit များ မလိုပါက မထည့်ဖို့ သတိထားရပါမယ်။ law တွေရဲ့ အဓိပ္ပာယ်ဖွင့်ဆိုချက် (သို့) mathematical expression/ formula ပေးပြီး law အမည်ကို ပြန်ရေး တဲ့အခါ အပြည့် အစုံ ဖော်ပြရပါမယ်။ Mathematical expression နဲ့ mathematical equation မတူတာ သေချာသိထားဖို့လိုပါတယ်။

ဒီအခန်းမှာပါတဲ့ gas laws တွေကို Table 1 မှာ စုစည်းဖော်ပြထားပါတယ်။

Table1 Summary of Gas Laws

Law	Constant factors	Variable Factors	Mathematical expression	Mathematical equation
1.Boyle's law	mass & T	P,V	$V \alpha 1/P$(or) $P \alpha 1/V$	$P_1V_1=P_2V_2$
2.Charles' law	mass & P	V&T	$V \alpha T$	$V_1/T_1=V_2/T_2$
3.P-T relationship	mass & V	P & T	$P \alpha T$	$P_1/T_1=P_2/T_2$
4.Combined gas law	mass	P,V,T	$V \alpha T/P$	$P_1 V_1/T_1=P_2 V_2/T_2$
5.Gay-Lussac's law of combining volumes of gases	T & P	Volume	-	-
6. Avogadro's theory	T & P	V& no. of molecules	$V \alpha n$	-
7. Dalton's law of partial pressures	T	P	-	$P_{total}= P_1+P_2+P_3+...$
8. Graham's law of gaseous diffusion	T&P	Rate of diffusion & density of gas	$r \alpha 1/(d)^{1/2}$	$\frac{r_1}{r_2} = \frac{(d_2)^{1/2}}{(d_1)^{1/2}}$ or $\frac{r_1}{r_2} = \frac{(M_2)^{1/2}}{(M_1)^{1/2}}$

Chapter (3) Stoichiometry မှာတော့ ဓာတ်ပြုခြင်းတစ်ခုမှာပါတဲ့ ဓာတ်ပြုပစ္စည်း/ ဓာတ်ဖြစ်ပစ္စည်းတို့ရဲ့ ပမာဏတွေကို law of conservation of mass, relative masses of atoms, the concept of the mole အစရှိတဲ့ ဓာတုနိယာမ၊ စည်းမျဉ်းတွေအပေါ်အခြေခံပြီး တွက်ချက်ရတာတွေပါပါတယ်။ ဓာတ်ပြုပစ္စည်း (သို့) ဓာတ်ဖြစ်ပစ္စည်းတွေရဲ့ formula mass/formula weight, % composition တွေကို တွက်တတ်အောင်လေ့ကျင့်ထားရပါမယ်။ ဓာတ်ပစ္စည်းများရဲ့ molecular mass (formula mass), relative molecular mass နဲ့ molar mass တွေကို တွက်ချက်ခြင်း၊ ဓာတ်ပစ္စည်းတွေရဲ့ ပမာဏကို mole (သို့) millimole နဲ့တွက်ချက်ခြင်းတို့ကို သိရှိနားလည်ရပါမယ်။ ဓာတ်ပြုခြင်းတစ်ခုမှာ ပါဝင်တဲ့ ဓာတ်ပြုပစ္စည်းများအနက် ဓာတ်ပြုညီမျှခြင်းအရ လိုအပ်တာထက် နည်းပါးစွာ ပါဝင်နေတဲ့ပစ္စည်းကို limiting substance လို့ခေါ်ပါတယ်။ အဲဒီဓာတ်ပြုခြင်းက ဖြစ်ပေါ်လာတဲ့ ဓာတ်ဖြစ်ပစ္စည်းပမာဏဟာ limiting substance ပေါ်မူတည်နေကြောင်း နားလည်ဖို့လိုပါတယ်။

Volumetric analysis (ထုထည်တိုင်းဓာတ်ခွဲခြင်း) မှာ Burette, Pipette, Conical flask တွေသုံးပြီး ပျော်ရည်အချင်းချင်း ဓာတ်ပြုခြင်းကို လေ့လာတာဖြစ်ပါတယ်။ Titration, standardization, molarity, molar solution တို့ကို နားလည်ရမယ့်အပြင် equivalence point နဲ့ end point ခြားနားချက်တို့ကိုလည်း သိရှိရမှာဖြစ်ပါတယ်။ ပျော်ရည်များဖြစ်တဲ့အတွက် ယင်းပျော်ရည်များရဲ့ပြင်းအား molarity တွက်ချက်ခြင်း၊ စံပျော်ရည် (ပြင်းအားသိပျော်ရည်)ဖျော်ယူခြင်း၊ စံပျော်ရည်များ အသုံးပြုပြီး acid-base titration လုပ်ဆောင်နိုင်ခြင်းတို့ကို သိရှိနားလည်ဖို့ လိုပါတယ်။ Molarity (concentration) ရဲ့ unit တွေကိုလည်း သတိထားရမယ်။ amount of solute ကို mole နဲ့ပြရင် ထုထည်ကို dm^3 နဲ့ထားရပြီး millimore နဲ့ပြရင်တော့ Volume ကို cm^3 နဲ့ ရေးရမှာဖြစ်ပါတယ်။

Dilution of solution (ပျော်ရည်ရေရောခြင်း) ပုစ္ဆာမျိုးကို တွက်မယ်ဆိုရင် ယင်းပျော်ရည်ထဲမှာရှိတဲ့ total amount of substance (mole or millimore) မပြောင်းမှ $M_1V_1 = M_2V_2$ နဲ့ တွက်လို့ ရတယ်ဆိုတာ သတိပြုရပါမယ်။ Titration ပုစ္ဆာတွေ တွက်ရင် balanced equation ကို မှန်ကန်အောင် ရေးနိုင်ဖို့အရေးကြီးပါတယ်။ Chemical formula မှားရင် equation မှားမယ် (သို့) formula မှန်နေပေမယ့် equation ညီတာ မညီခဲ့ရင် mole ratio မှားနိုင်တာကြောင့် ပုစ္ဆာတစ်ပုဒ်လုံး မှားနိုင်တယ်ဆိုတာ အထူးဂရုစိုက်ရပါမယ်။

Chapter (4) Electrolysis အခန်းကတော့ ပျော်ရည်အခြေအနေအမျိုးမျိုးတို့ကို လျှပ်ခေါင်းတိုင်အမျိုးမျိုးပြောင်းပြီး လျှပ်စစ်ဓာတ်ဖြိုခွဲခြင်းတွေကို လေ့လာတဲ့အကြောင်းအရာဖြစ်ပါတယ်။ ဒီအခန်းမှာ conductor နဲ့ insulator ခြားနားချက်၊ electrolytes နဲ့ non-electrolytes ခြားနားချက်တွေကို နားလည်သဘောပေါက်ရန် လိုအပ်ပါတယ်။ Conductor ဟာအခဲအခြေအနေဖြစ်စေ၊ အရည်အခြေအနေဖြစ်စေ၊ လျှပ်ကူးနိုင်တယ်။ metallic lattice ထဲမှာ valence $\bar{e}$ တွေရှိလို့ဖြစ်တယ်။ Cu, Ag တို့ဟာ solid conductor ဖြစ်ပြီး mercury ကတော့ liquid conductor ဖြစ်တယ်။ Insulator ကတော့ metallic lattice မရှိတဲ့အတွက် လျှပ်မကူးနိုင်ပါဘူး။ ဥပမာ- သစ်သား၊ ရော်ဘာ၊ ပလတ်စတစ်တွေပေ့ါ။

အချပ်ပို (ခ) သို့

ကျောင်းသင်ခန်းစာ

အချပ်ပို (က)မှ

Electrolyte တွေကတော့ electrovalent compound ဖြစ်ပြီး သူတို့ရဲ့အခဲရည်ပျော် သို့မဟုတ် ရေမှာဖျော်ထားသောပျော်ရည်မှာ ion တွေ ရွေ့လျားလို့လျှပ်ကူးနိုင်တယ်။ ဥပမာ-NaCl အခဲပျော်ရည် နဲ့ NaCl ရေပျော်ရည်တွေဖြစ်တယ်။ non-electrolyte တွေက covalent compound ဖြစ်ပြီး molecule တွေဖြစ်တယ်။ ion တွေမပါလို့ လျှပ်မကူးနိုင်ပါဘူး။ ဥပမာ-သကြားပျော်ရည်၊ ယူရီးယားပျော်ရည်တွေပေ့ါ။

Electrolysis လုပ်ရာမှာ molten salt (အခဲပျော်ရည်) နဲ့ aqueous salt solution (ဆားပျော်ရည်)ဘယ်လိုကွာခြားသလဲဆိုတာ သိထားရပါမယ်။ molten salt မှာ salt မှ ထွက်လာတဲ့ cation တစ်မျိုးနဲ့ anion တစ်မျိုးစီသာပါပြီး aqueous salt solution မှာတော့ အဲဒီ ion များအပြင် ရေမှထွက်လာတဲ့ H^+ နဲ့ OH^- ions တွေပါလာမယ် ဆိုတာ သိရှိထားရပါမယ်။ electrode reaction ရေးရင် ထည့်သွင်းစဉ်းစားရပါမယ်။ ပျော်ရည်အမျိုးမျိုးကို လျှပ်စစ်ဓာတ်ဖြိုခွဲခြင်းမှရလာတဲ့ ဓာတ်ဖြစ်ပစ္စည်းများဟာ electrochemical series မှာရှိတဲ့ သတ္တုများနဲ့ အုပ်စုများရဲ့တည်နေရာ၊ လျှပ်လိုက်ပစ္စည်းများရဲ့ပါဝင်ကိန်း၊ လျှပ်ခေါင်းတိုင်များရဲ့ သဘာဝစတဲ့ အချက်များက လွှမ်းမိုးနေကြောင်း ရှင်းရှင်းလင်းလင်းသိထားဖို့ လိုပါတယ်။

ဒါမှ cathode နဲ့ anode reactions များရေးနိုင်ပြီး ဘယ်ဓာတ်ဖြစ်ပစ္စည်းက cathode မှာထွက်ပြီး ဘယ်ဓာတ်ဖြစ်ပစ္စည်းက anode မှာ ထွက်မယ်ဆိုတာ မှန်ကန်စွာ ဆုံးဖြတ်နိုင်ပါတယ်။ ဥပမာ-fused (သို့) molten NaCl ဆိုရင် ရေမပါဘူး။ Na^+ နဲ့ Cl^- ion တွေပဲရှိတယ်။ ဒါကြောင့် cathode မှာ Na^+ ကပ်တင်ပြီး anode မှာ Cl_2 gas ထွက်မယ်။ Dilute NaCl ဆားပျော်ရည်ဖြစ်ရင်တော့ Na^+,Cl^- အပြင် H^+,OH^- တို့ကိုပါစဉ်းစားရမယ်။ electrochemical series (E.C.S) ရဲ့ position အောက်ဘက်ရောက်လေ discharge ဖြစ်လွယ်လို့ H_2 နဲ့ O_2 gas တွေထွက်မယ်။ Moderately concentrated NaCl solution ဆိုရင်တော့ concentration effect ကြောင့် anode မှာ O_2 မထွက်ဘဲ Cl_2 ထွက်မယ်။ Brine (saturated NaCl solution) ကို pt or graphite electrodes သုံးပြီး electrolysis လုပ်မယ်ဆိုရင်လည်း NaCl ရဲ့ ပြင်းအားများတာကြောင့် concentration effect ရှိတယ်။ Anode မှာ Cl_2 ပဲထွက်မယ်။ ဒါပေမယ့် brine ကို graphite anode နဲ့ mercury cathode သုံးပြီး electrolysis လုပ်ရင်တော့ nature of electrode နဲ့ concentration effect တွေပေါ်မှာ မူတည်ပြီး product တွေထွက်မယ်။ Electrolysis products အပေါ်မှာ သက်ရောက်တဲ့ အချက်တွေကို Table (4) မှာ ဖော်ပြထားပါတယ်။

Table 4 Factors influencing electrolysis products

Electrolytes & theirs ions	Electrodes	Reactions at		Anode Product	Cathode Product	Deciding factor
		Anode	Cathode			
1)Fused NaCl (Na^+,Cl^-)	Pt (or) graphite	$2Cl^- \rightarrow Cl_2 + 2\bar{e}$	$Na^+ + \bar{e} \rightarrow Na$	$Cl_2\uparrow$	Na deposited	-
2)Dilute Aqueous NaCl solution Na^+,Cl^-,H^+,OH^-)	Pt (or) graphite	$4OH^- \rightarrow 2H_2O + O_2 + 4\bar{e}$	$2H^+ + 2\bar{e} \rightarrow H_2$	$O_2\uparrow$	$H_2\uparrow$	E.C.S effect
3)Saturated NaCl solution (brine) (Na^+,Cl,H^+,OH^-)	graphite	$2Cl^- \rightarrow Cl_2 + 2\bar{e}$	$2H^+ + 2\bar{e} \rightarrow Na$	$Cl_2\uparrow$	$H_2\uparrow$	Concent-ration effect
	graphite anode & mercury cathode	$2Cl^- \rightarrow Cl_2 + 2\bar{e}$	$Na^+ + \bar{e} \rightarrow Na$ $Na + Hg \rightarrow Na/Hg$	$Cl_2\uparrow$	Sodium amalgan	Nature of electrode & conce-ntration effects

Faraday's laws တွေကို အသုံးပြုပြီး သတ္တုဒြပ်စင်တွေရဲ့ relative molecular mass ၊ cathode ပေါ်မှာ ကပ်တင်တဲ့ သတ္တုပမာဏ၊ electrolysis လုပ်နေစဉ် ဖြတ်သန်းတဲ့လျှပ်စစ်ပမာဏနဲ့ anode မှာ ထွက်လာတဲ့ ဓာတ်ငွေ့ထုထည်တွေကို တွက်ယူနိုင်ပါတယ်။ Electroplating လုပ်ငန်းများဖြစ်တဲ့ ကြေးရည်စိမ်ခြင်း၊ ငွေရည်စိမ်ခြင်းနှင့် ခရိုမီယမ်စိမ်ခြင်းတွေမှာလည်း Faraday's first law သုံးပြီး သတ္တုရည်စိမ်မယ့်ပစ္စည်းပေါ်မှာ ကပ်တင်စေမယ့် သတ္တုပမာဏ၊ လျှပ်စစ်ဖြတ်သန်းစေရမယ့်အချိန်၊ ဖြတ်သန်းရမယ့် လျှပ်စစ်ပမာဏတို့ကို ကြိုတင်တွက်ယူနိုင်ပါတယ်။ ဒ့ါအပြင် electroplating (၃) မျိုးမှာ အသုံးပြုထားတဲ့ electrolytes တွေ၊ anode မှာ သုံးတဲ့ metal တွေ၊ electrode reactions တွေကို Table (5) မှာ လေ့လာနိုင်ပါတယ်။ object ကိုတော့ cathode မှာပဲ ထားရမယ်ဆိုတာ သေချာစွာ မှတ်သားထားစေလိုပါတယ်။

Table 5 Electroplating (for appearance and resistance to corrosion)

Name of Electroplating	Electrolytes used	Electrodes used as		Reactions	
		Cathode	Anode	Cathode	Anode
(i) Cu Plating	$CuSO_4$ soln.	Object (article)	Cu	$Cu^{2+} + 2\bar{e} \rightarrow Cu$	$Cu \rightarrow Cu^{2+} + 2\bar{e}$
(ii) Ag plating	$KAg(CN)_2$	Object	Ag	$Ag^+ + \bar{e} \rightarrow Ag$	$Ag \rightarrow Ag^+ + \bar{e}$
(iii)Cr plating	$Cr_2(SO_4)_3$ in H_2SO_4 and water	Steel object	Pb	$Cr^{3+} + 3\bar{e} \rightarrow Cr$	$4OH^- \rightarrow 2H_2O + O_2 + 4\bar{e}$

Chapter (5) Oxidation and Reduction အခန်းမှာတော့ oxidation နဲ့ reduction တွေရဲ့ အဓိပ္ပာယ်ကို ရှုထောင့်အမျိုးမျိုးမှ ဖွင့်ဆိုသတ်မှတ်နိုင်ပါတယ်။ ဒြပ်စင်တွေ၊ ဒြပ်ပေါင်းတွေနဲ့ ions တွေမှာရှိတဲ့ element တွေရဲ့ Oxidation number တွက်ပုံတွက်နည်းကို လေ့ကျင့်ထားရပါမယ်။ Oxidation no. ရေးရင် သင်္ချာဂဏန်းရဲ့ရှေ့မှာ (+) (-)လက္ခဏာထည့်ပြီး ဖော်ပြရပါမယ်။ Ion တွေရဲ့ charge ကိုရေးရင် သင်္ချာဂဏန်းရဲ့နောက်မှာ လက္ခဏာထည့်ရမယ်။

Oxidizing agent (ဓာတ်တိုးစေသောပစ္စည်း) နဲ့ reducing agent (ဓာတ်လျှော့စေသောပစ္စည်း) ခြားနားချက်တွေကတော့ $\bar{e}$ တွေကို လက်ခံတဲ့ပစ္စည်းဟာ Oxidizing agent ဖြစ်ပြီး $\bar{e}$ ထုတ်ပေးတဲ့ ပစ္စည်းက reducing agent ဖြစ်တယ်။ တခြားပစ္စည်းများကို ဓာတ်တိုးစေပြီး ကိုယ်တိုင်ဓာတ်လျှော့ရင် Oxidizing agent ဖြစ်တယ်။ တခြားပစ္စည်းများကို ဓာတ်လျှော့စေပြီး ကိုယ်တိုင်ဓာတ်တိုးရင် reducing agent ဆိုတာ သိထားသင့်တယ်။ Oxidizing agent နဲ့ reducing agent တွေ ပေးထားရင်လည်း ရွေးတတ်ရမယ်။

Redox reaction တွေမှာ reducing agent ရှိ $\bar{e}$ တွေက oxidizing agent ဆီ ကူးပြောင်းသွားတာကို သဘောပေါက်နားလည်ရမယ်။

Chapter (4) Electrolysis အခန်းမှာ တွေ့ခဲ့ရတဲ့ Electrolytic process တွေမှာ Redox reaction တွေ ပါဝင်နေတယ်။ ဓာတ်ဖို ion (cation) တွေက cathode (ဓာတ်မတိုင်)မှာ ဓာတ်လျှော့ခြင်း ဖြစ်ပေါ်ကြပြီးတော့ ဓာတ်မ ion (anion) တွေက anode (ဓာတ်ဖိုတိုင်)မှာ ဓာတ်တိုးခြင်းဖြစ်တယ်ဆိုတာ ရှင်းရှင်းလင်းလင်းသိထားမှ electrode တွေပေါ်မှာဖြစ်ပေါ်တဲ့ half-reaction တွေကို မှန်မှန်ကန်ကန်ရေးနိုင်ပါမယ်။

ဓာတ်တိုးဓာတ်လျှော့ညီမျှခြင်းညှိရာမှာ ညှိပုံ (၂)မျိုး oxidation number method နဲ့ half-reaction method ရှိပါတယ်။ မေးခွန်းမှာ ဘယ်နည်းနဲ့မေးမေး၊ အဆင့်ဆင့်ဖြေဆိုနိုင်အောင် လေ့ကျင့်ထားဖို့လိုပါတယ်။ oxidation number method နဲ့ဖြေမယ်ဆိုရင် ပေးထားတဲ့ ညီမျှခြင်းမှာပါတဲ့ ဓာတ်တိုး ဓာတ်လျှော့ဖြစ်တဲ့ element (သို့) ion များအပေါ်မှာ element/atom တစ်လုံးရဲ့ oxidation number ကို ဖော်ပြခြင်း၊ oxidize(-$\bar{e}$)/ reduce (+$\bar{e}$) ရေးပေးရခြင်း၊ $\bar{e}$ transfer အရေအတွက် (oxidation ဖြစ်တဲ့ atom အတွက် $\bar{e}$ ဆုံးရှုံးမှုနဲ့ reduction ဖြစ်တဲ့ atom က $\bar{e}$ ရရှိမှု) တွေကို မှန်မှန်ကန်ကန် ရေးပေးရပါမယ်။ ခဲတံနဲ့မရေးမိဖို့လည်း သတိပြုရပါမယ်။ Oxidation number ကို သက်ဆိုင်ရာအက်တမ်ရဲ့ အပေါ်မှာပဲ ရေးခွင့်ရှိပါတယ်။ သေသေချာချာမှတ်ထားပေးဖို့လိုပါတယ်။

Half-reaction method ဆိုရင်တော့ oxidation နဲ့ reduction ဖြစ်တဲ့ half-reaction နှစ်ကြောင်း ခွဲရေးပြီး အဆင့်ဆင့်မှန်ကန်စွာ ဖြေဆိုပေးရပါမယ်။

Chapter (6) Rates of Reactions and Equilibria အခန်းမှာတော့ ဓာတ်ပြုနှုန်းနဲ့ ဓာတ်ပြုမျှခြေဆိုင်ရာအကြောင်းအရာတွေ ပါပါတယ်။ ဓာတ်ပြုနှုန်းဆိုတာ အချိန်တစ်ယူနစ်အတွင်း ဓာတ်ပြုပစ္စည်း (သို့) ဓာတ်ဖြစ်ပစ္စည်းများရဲ့ ပြောင်းလဲခြင်း ဖြစ်တယ်။ ဓာတ်ပြုနှုန်းနှေးရင် အချိန်ကြာပြီး ဓာတ်ပြုနှုန်းမြန်ရင် အချိန်တိုပါတယ်။ ဒါကြောင့် ဓာတ်ပြုနှုန်းဟာ အချိန်နဲ့ပြောင်းပြန် အချိုးကျတယ်။ လုံလောက်တဲ့ စွမ်းအင်နဲ့ ဓာတ်ပြုခြင်းဖြစ်စေမယ့် သင့်လျော်တဲ့အနေအထားမှာ ဓာတ်ပြုပစ္စည်းများအချင်းချင်း ထိတိုက်မှု အကြိမ်များလေလေ ဓာတ်ပြုနှုန်း မြန်လေလေဖြစ်တယ်။

ဓာတ်ပြုခြင်းတစ်ခုရဲ့မြန်ခြင်း၊ နှေးခြင်းအပေါ် သက်ရောက်တဲ့အချက်(၆)ချက်ရှိတယ်။ ဓာတ်ပြုပစ္စည်းများရဲ့ ပါဝင်ကိန်း၊ ဖိအား၊ အပူချိန်၊ ဓာတ်ကူပစ္စည်းများ၊ ရောင်ခြည်နဲ့ ဓာတ်ပြုပစ္စည်းများရဲ့ မျက်နှာပြင်ဧရိယာတို့ဖြစ်တယ်။

Mg ribbon 1 g နဲ့ 0.5 M HCl တို့ရဲ့ ဓာတ်ပြုနှုန်းဟာ Mg ribbon 1 g နဲ့ 1 M HCl တို့ ဓာတ်ပြုနှုန်းထက် နှေးတာကို တွေ့ရတယ်။ အဲ့ဒါဟာ effect of concentration of reactants ဖြစ်တယ်။ HCl ရဲ့ ပါဝင်ကိန်းကို တူအောင်ထားပြီး Mg ribbon အစား powder သုံးရင် ဓာတ်ပြုနှုန်းမြန်တာတွေ့ရပါမယ်။ ဒါက effect of surface area of reactants ဖြစ်ပါတယ်။

Effect of presure ကတော့ ဓာတ်ပြုခြင်းတစ်ခုထဲမှာ ဓာတ်ငွေ့များနဲ့သာ သက်ဆိုင်တယ်။ Solids, liquids နဲ့ aqueous solutions များ ပါဝင်ခဲ့ရင်ဖိအားသက်ရောက်မှု မရှိနိုင်ပါ။ သံစလေးတွေဟာ oxygen 20% သာပါတဲ့လေထဲမှာ ဖြေးညင်းစွာလောင်ကျွမ်းပြီး pure oxygen မှာတော့ မီးပွားများထွက်ပြီး ပြင်းထန်စွာလောင်ကျွမ်းတာကို တွေ့ရပါတယ်။ oxygen ပါဝင်မှုများလေလေ ယင်းဓာတ်ငွေ့ရဲ့ ဖိအားလည်းများလေဖြစ်ပြီး ဓာတ်ပြုနှုန်းလည်း မြန်လာတယ်။

Effect of temperature မှာတော့ ဓာတ်ပြုခြင်းများဟာ နိမ့်တဲ့အပူချိန်ထက် မြင့်တဲ့အပူချိန်မှာလျင်မြန်စွာ ဓာတ်ပြုနိုင်ကြပါတယ်။ ဒါကြောင့် ရေခဲသေတ္တာထဲမှာ သိမ်းဆည်းထားတဲ့ အစားအစာတွေဟာ အခန်းအပူချိန်မှာထားတဲ့ အစားအစာတွေထက် ပုပ်သိုးပျက်စီးမှုနှေးတာကို တွေ့နိုင်ပါတယ်။ အပူချိန် ၁၀ ဒီဂရီမြင့်လာရင် ဓာတ်ပြုနှုန်းဟာ ၂ ဆ ပိုမြန်လာတယ်လို့ဆိုပါတယ်။

Effect catalysts မှာ positive catalyst နဲ့ negative catalyst နှစ်မျိုးရှိတယ်။ H_2O_2 ကို MnO_2 အပေါ် တစ်စက်ချင်းချလိုက်ရုံနဲ့ ရေနဲ့အောက်ဆီဂျင် အမြန်ဆုံးပြိုကွဲသွားနိုင်လို့ MnO_2 ဟာ positive catalyst ဖြစ်တယ်။ ဒါပေမယ့် glycerine ကတော့ H_2O_2 ပြိုကွဲနှုန်းကိုနှေးစေလို့ negative catalyst ဖြစ်တယ်။

Enzyme (biocatalyst) ကို သက်ရှိများရဲ့ တစ်ရှူးများမှာတွေ့ရတယ်။ အစာခြေအင်ဇိုင်းများဖြစ်တဲ့ တံတွေးထဲမှာ ptyalin နဲ့ အစာအိမ်အရည်ထဲမှ pepsin enzymes တွေဟာ starch နဲ့ proteins တို့လို မော်လီကျူးကြီးတွေကို ခန္ဓာကိုယ်ဆဲလ်များမှ အသုံးပြုနိုင်တဲ့ sugar လို သေးငယ်တဲ့ မော်လီကျူးများအဖြစ် ခြေဖျက်ရာမှာ လျင်မြန်စေတဲ့အတွက် ယင်းအင်ဇိုင်းများဟာ positive catalysts များ ဖြစ်ကြတယ်။

Effects of radiation ကို ဓာတ်ပြုခြင်းတချို့မှာ တွေ့နိုင်ပါတယ်။ H_2 နဲ့ Cl_2 gas တို့ဟာ တောက်ပတဲ့နေရောင်အောက်မှာ ပြင်းထန်စွာပေါက်ကွဲပြီးဓာတ်ပြုနိုင်တယ်။ အလင်းရောင် စုပ်ယူပြီးမှဖြစ်တဲ့ ဓာတ်ပြုခြင်းကို photochemical reaction လို့ ခေါ်ပါတယ်။

Chapter (6) ရဲ့ နောက်ပိုင်းက မျှခြေ (equilibrium)အပိုင်းဖြစ်တယ်။ ဓာတ်ပြုခြင်းတစ်ခုမျှခြေရောက်ဖို့ ဒီဓာတ်ပြုခြင်းဟာ အပြန်အလှန်ဓာတ်ပြုခြင်းအမျိုးအစားဖြစ်ရပါမယ်။ Reversible reaction မှာ ရှေ့သို့ဓာတ်ပြုခြင်း(forward reaction)ဆိုတာproductဖြစ်တဲ့ဘက်၊ ညာဘက်သို့ သွားခြင်းဖြစ်တယ်။ ရှေ့သို့ဓာတ်ပြုခြင်းနဲ့ ဆန့်ကျင်ဘက်သွားတဲ့ ဓာတ်ပြုခြင်းကို reverse reaction လို့ ခေါ်တယ်။ product တွေ ပြန်ပြိုကွဲပြီး reactant ပြန်ဖြစ်သွားတာပါ။ မျှခြေရောက်ပြီဆိုရင်တော့ ဓာတ်ပြုခြင်း (၂) ခုလုံးရဲ့ ဓာတ်ပြုနှုန်းက တူသွားပြီး ပါဝင်ပစ္စည်းများရဲ့ ပါဝင်ကိန်းတွေ မပြောင်းတော့ပါဘူး။ ဒါပေမယ့် reaction က ရပ်သွားတာ မဟုတ်ဘဲ ရှေ့သို့နဲ့နောက် ပြန်ဓာတ်ပြုခြင်းတွေဖြစ်နေဆဲပဲ။ ဒါကို dynamic equilibrium လို့ ခေါ်တယ်။ ဒီ dynamic equilibrium ပေါ်ကို သက်ရောက်မှုတွေပေးလိုက်ရင် မျှခြေလားရာ ပြောင်းလဲပုံကို LeChatelier's principle က ဖော်ပြထားတယ်။

ဒီမျှခြေကိုပျက်စီးစေတဲ့ သက်ရောက်မှု (၃)ခု ရှိပါတယ်။ temperature, pressure နဲ့ concentration တို့ပဲဖြစ်ပါတယ်။ မျှခြေကို ရောက်နေတဲ့ ဓာတ်ပြုခြင်းတစ်ခုမှာ အပူချိန်မြှင့်လိုက်ရင် အပူစုပ်တဲ့ ဓာတ်ပြုခြင်းကို ဦးစားပေးဖြစ်ပြီး မျှခြေယာယီပျက်သွားပါတယ်။

ထို့နည်းတူပဲ ဖိအားမြှင့်ပေးခဲ့ရင် ဓာတ်ငွေ့ပါတဲ့ဓာတ်ပြုခြင်းတွေမှာ Boyle's law အရ ထုထည် ကျုံ့တဲ့ဘက်ကို ဦးတည်ပြီး ဓာတ်ပြုခြင်းဖြစ်ကာ မျှခြေယာယီပျက်သွားပါတယ်။ ဓာတ်ငွေ့ reactant နဲ့ product တွေရဲ့ mole (သို့) volume တူရင် ဖိအားသက်ရောက်မှုမရှိပါဘူး။ LeChatelier's principle နဲ့ပတ်သက်တဲ့ပုစ္ဆာတွေကိုလည်း လေ့ကျင့်ထားဖို့လိုပါတယ်။

ပါဝင်ပစ္စည်းများဖြစ်တဲ့ reactant နဲ့ product တွေရဲ့ပါဝင်ကိန်းတွေကို ပြောင်းပေးရင် ပါဝင်ကိန်းများတဲ့ဘက်မှ နည်းတဲ့ဘက်ကို ဦးတည်ပြီးမျှခြေယာယီပျက်သွားပါတယ်။ ဒါပေမယ့်တစ်ချိန်ချိန်မှာ မျှခြေကို ပြန်ပြီးရောက်သွားပါတယ်။ ဒါကြောင့် reversible reaction တွေဟာ အချိန်ဘယ်လောက်ကြာကြာ ဓာတ်ပြုပစ္စည်းကုန်ဆုံးသွားတာမျိုး မရှိပါဘူး။

Chapter (7) မှာတော့ Energy changes in chemical reactions (ဓာတ်ပြုခြင်းများနဲ့ သက်ဆိုင်တဲ့ စွမ်းအင်ပြောင်းလဲခြင်း)တွေကို ဖော်ပြထားပါတယ်။ Energy အမျိုးအစားများနဲ့ ဓာတ်ပြုခြင်းတစ်ခုဖြစ်ပေါ်ရင် အပူထွက်ခြင်း (သို့) အပူစုပ်ခြင်းအကြောင်းတွေကို တွေ့ရပါမယ်။ ဓာတ်ပြုခြင်းတစ်ခုဖြစ်လို့ ပတ်ဝန်းကျင်ကို အပူတွေ ထွက်လာရင် exothermic reactions လို့ခေါ်ပြီး အပူပြောင်းလဲခြင်း ΔH^θ တန်ဖိုးကို အနုတ်လက္ခဏာနဲ့ ဖော်ပြရတယ်။ အကယ်၍ ဓာတ်ပြုခြင်းတစ်ခုဖြစ်ဖို့ ပတ်ဝန်းကျင်မှ အပူကို စုပ်ယူရရင် Endothermic reaction လို့ခေါ်ပြီး ΔH^θ တန်ဖိုးကို အပေါင်းလက္ခဏာနဲ့ပြရပါမယ်။

ဓာတ်ပြုခြင်းတစ်ခုဖြစ်ပေါ်တဲ့အခါ heat absorbed (သို့) heat released ဖြစ်ခြင်းကို constant pressure မှာလေ့လာခဲ့ရင် Enthalpy change (ΔH) လို့ သတ်မှတ်တယ်။ အကယ်၍ standard temperature (25' C/298K) နဲ့ standard pressure(1 atm/ 760 mmHg) မှာ လေ့လာမယ်ဆိုရင် Standard enthalpy change (ΔH^θ) ဖြစ်တယ်ဆိုတာ သတိပြုရပါမယ်။ Thermochemical equations တွေကို ရေးသားတဲ့အခါမှာ ဓာတ်ပစ္စည်းတွေရဲ့ အပူပြောင်းလဲခြင်း (အပေါင်း (သို့) အနုတ် လက္ခဏာ) များ၊ physical states ကို ထည့်ပေးရမယ်။

ဓာတ်ပြုခြင်းအမျိုးမျိုးမှရလာတဲ့ heat change တွေမှာ heat of combustion, heat of formation of a compound နဲ့ heat of neutralization ဆိုပြီး (၃) မျိုးရှိပါတယ်။ ယင်းတို့ရဲ့ symbol တွေ၊ ΔH^θ တန်ဖိုးကို (+) (သို့) (-) လက္ခဏာဖော်ပြခြင်းတွေ၊ unit တွေကို ခွဲခြားပြီးမှတ်သားထားရပါမယ်။

Hess's law ပုစ္ဆာတွေနဲ့ပတ်သက်ပြီး သတိထားရမယ့်အချက်တွေကတော့ ပေးထားချက်နဲ့နောက်ဆုံး အဖြေဟာ heat of formation (သို့) heat of combustion လားဆိုတာကို မေးခွန်းမှာ သေသေချာချာဖတ်ပြီးမှ ဓာတ်ပြုညီမျှခြင်းရေးခြင်း၊ ညှိခြင်း၊ (ΔH^θ) တန်ဖိုးများရေးခြင်းတို့ လုပ်ရပါမယ်။ physical state, heat change (ΔH^θ) ရဲ့ လက္ခဏာတွေနဲ့ unit များကို ပြည့်ပြည့်စုံစုံထည့်သွင်း ဖော်ပြရပါမယ်။ Heat of combustion ဖြစ်တဲ့ element (or) compound က 1 mole သာ ဖြစ်ရမယ်။ heat of formation ဖြစ်တဲ့ compound က 1 mole ဖြစ်တဲ့အပြင် ယင်း compound မှာပါတဲ့ elements တွေသာ ပေါင်းပြီး ဓာတ်ပြုရမယ်ဆိုတာတွေကို သတိပြုရပါမယ်။

Heat of combustion နဲ့ heat of formation တွေအတွက် unit က $kJmol^{-1}$ ဖြစ်ပြီး heat of formation ကို သင်္ကေတ ΔH^θ_f နဲ့ ဖော်ပြရမယ်။ ဓာတ်ပြုညီမျှခြင်းများကို

အချပ်ပို (ဂ)သို့

ကျောင်းသင်ခန်းစာ

အချပ်ပို (ခ)မှ

မြှောက်ဖော်ကိန်းတစ်ခုခုနဲ့ မြှောက်လိုက်ရင် unit ဟာ kJ ဖြစ်သွားပြီး မူလအပူတန်ဖိုး ပြောင်း လဲသွားပါမယ်။ ဓာတ်ပြုညီမျှခြင်းများကို ပြောင်းပြန်ရေးလိုက်ရင် heat change ရဲ့ unit မှာ kJ ဖြစ်ပြီး လက္ခဏာပါ ပြောင်းပေးရပါမယ်။ နောက်ဆုံးအဖြေမှာ heat of combustion ဆိုရင် သင်္ကေတက ΔH^{θ} နဲ့ heat of formation ဆိုရင် သင်္ကေတဟာ ΔH^{θ}_f ဖြစ်ပါတယ်။ unit တွေမှာ $kJmol^{-1}$ ဖြစ်ရမယ်ဆိုတာ သေသေချာချာ သိထားဖို့လိုပါတယ်။ heat change ပါတဲ့ thermochemical equation ပေးပြီး ၎င်း equation ရှိ substance တွေရဲ့ mass ကို မေးတဲ့ ပုစ္ဆာတွေကိုလည်း လေ့လာထားရပါမယ်။

Chapter (8) Some important metals and their compounds နဲ့ Chapter (9) Metal reactivity ကတော့ metallurgy (သတ္တုဗေဒ) နဲ့ ပတ်သက်တဲ့ အခန်းတွေဖြစ်တယ်။ Metal တွေကို သူတို့ရဲ့ သတ္တုရိုင်း (Ores) တွေမှ ထုတ်ပုံ၊ metal တွေရဲ့ reactivity ပေါ်မူတည်ပြီး ဘယ်သတ္တုတွေကို electrolysis နည်းနဲ့ထုတ်မယ်၊ ဘယ်သတ္တုတွေကို reduction နည်းနဲ့ထုတ်မယ်၊ ဘယ်သတ္တုတွေကို သဘာဝအတိုင်း တွေ့ရှိနိုင်တယ်ဆိုတာကို လေ့လာထားရပါမယ်။

သတ္တုတွေနဲ့ အက်စစ်၊ လေ(အောက်ဆီဂျင်)၊ ရေ၊ ရေငွေ့တို့နဲ့ ဓာတ်ပြုနိုင်စွမ်းသတ္တိတွေကို ဖော်ပြထားတဲ့ reactivity series ကိုလည်း သေသေချာချာ သိထားရပါမယ်။ ores တွေနဲ့ ores ထဲမှာ အများဆုံးပါတဲ့ ဒြပ်ပေါင်းတွေရဲ့ အမည်တွေ Chemical formula ၊ သတ္တုရိုင်းမှ သတ္တုထုတ်ဖော်ပုံတွေ၊ ယင်းသတ္တုများပါတဲ့ ဒြပ်ပေါင်း ထုတ်ဖော်ပုံတွေ၊ ယင်းတို့ရဲ့အသုံးပြုပုံတွေကိုလည်း လေ့လာထားရပါမယ်။

Steel အမျိုးအစား (၅) မျိုး၊ alloys (သတ္တုစပ်များ) နဲ့ ယင်းတို့ရဲ့ composition တွေ၊ properties တွေနဲ့ အသုံးဝင်ပုံတွေကိုလည်း သေသေချာချာသိဖို့လိုပါတယ်။ ပြီးတော့ သံချေးတက်ခြင်းအကြောင်းနဲ့ သံချေးတက်ခြင်းကို ကာကွယ်ခြင်း၊ recycling metals (AL & Fe) အကြောင်းတွေကို လေ့လာထားဖို့လိုပါတယ်။

Chapter (10)Nitrogen and its compounds, Chapter (11)Sulphur and its compounds နဲ့ Chapter (12) The halogens အခန်းများကတော့ nitrogen ဆိုင်ရာ ဓာတ်ခွဲခန်း ဓာတ်ငွေ့ (N_2, NH_3, N_O, N_2O, NO_2) ထုတ်ဖော်ပုံ၊ sulphur နဲ့ သက်ဆိုင်တဲ့ ဓာတ်ငွေ့ (H_2S, SO_2)ထုတ်ဖော်ပုံ၊ halogen များဖြစ်တဲ့ Cl_2, BR_2, I_2 ထုတ်ဖော်ပုံတွေအပြင်၊ ammonia, nitric acid, sulphuric acid, mining sulphur, chlorine အမြောက်အမြား ထုတ်ဖော်ပုံတွေကို သိရှိထားရမယ်။ ဓာတ်ခွဲခန်းမှာ ဓာတ်ငွေ့ထုတ်ဖော်ပုံတွေမှာ အညွှန်းမှန်ကန်ပြည့်စုံတဲ့ပုံ၊ မှန်ကန်တဲ့စာသားညီမျှခြင်းနဲ့ သင်္ကေတညီမျှခြင်း၊ မှန်ကန်တဲ့ ဓာတ်ပြုပစ္စည်းများနဲ့ ဓာတ်ပြုအခြေအနေ၊ ဓာတ်ငွေ့စုဆောင်းပုံ၊ ဓာတ်ငွေ့ပြည့်မပြည့်စမ်းသပ်နည်း၊ လိုအပ်လျှင်ဓာတ်ငွေ့ကို ခြောက်သွေ့အောင်ပြုလုပ်နည်းတို့နဲ့ တကွ လေ့လာကျက်မှတ်ထားရမှာ ဖြစ်ပါတယ်။

ဓာတ်ငွေ့စုဆောင်းတဲ့နည်းတွေကိုလည်း သက်ဆိုင်ရာဓာတ်ငွေ့တွေရဲ့ ရူပဂုဏ်သတ္တိတွေနဲ့ ယှဉ်တွဲပြီး မှတ်ထားရပါမယ်။ ထုတ်ယူမဲ့ဓာတ်ငွေ့ဟာ အက်စစ်ဂုဏ်သတ္တိရှိလား၊ ဗေ့စ်ဂုဏ်သတ္တိရှိလား၊ ဂုဏ်မဲ့လား၊ ပျော်ဝင်သတ္တိဘယ်လိုရှိသလဲ၊ လေထက်လေးသလား၊ ပေါ့သလားစတဲ့ ဂုဏ်သတ္တိတွေနဲ့ စဉ်းစားဆုံးဖြတ်ပြီးမှ ဓာတ်ငွေ့စုဆောင်းနည်းကို မှန်ကန်စွာရေးရပါမယ်။

ဓာတ်ခွဲခန်းထဲတွင် bromine ထုတ်ဖော်ခြင်းမှာ အရည်အဖြစ်စုဆောင်းလိုတာကြောင့် ရီတော့ ပေါင်းအိုးကို သုံးရခြင်းဖြစ်ပါတယ်။ nitrogen, sulphur, halogen တွေနဲ့ဆိုင်တဲ့ဒြပ်ပေါင်းတို့ရဲ့ ရူပဂုဏ်သတ္တိ၊ ဓာတ်ဂုဏ်သတ္တိနဲ့ အသုံးဝင်ပုံတွေကိုလည်း သိမှတ်ဖို့ လိုပါတယ်။

Chapter (13) Acids , Bases and Their Neutralization မှာတော့ အဓိပ္ပာယ်ဖွင့်ချက်အမျိုးမျိုး၊ proton လွယ်ကူစွာ ထုတ်နိုင်မှုအပေါ် အခြေခံတဲ့ strong acid နဲ့ weak acid ၊ pure acid ပါဝင်မှု (သို့) solvent ပါဝင်မှုပေါ် အခြေခံတဲ့ concentrated acid နဲ့ dilute acid တို့ရဲ့ခြားနားမှု၊ conjugate acids နဲ့ conjugate bases တို့ကို Bronsted & Lowry theory အရ ခွဲခြားသတ်မှတ်ခြင်းတို့ပါဝင်ပါတယ်။ Ionic product of water (K_w) ရဲ့ mathematical expression, numerical value တို့ကို သိထားရပါမယ်။ အပူချိန်တစ်ခုမှာ K_w တန်ဖိုးကိန်းသေဖြစ်တယ်။ အပူချိန်ပြောင်းရင် K_w တန်ဖိုးပြောင်းတယ်ဆိုတာလည်း သိရမယ်။

ပျော်ရည်တစ်ခုဟာ အက်စစ်လား၊ ဗေ့စ်လားခွဲဖို့ pH နဲ့ pOH ကို အသုံးပြုနိုင်ပါတယ်။ pH တန်ဖိုး 7 ထက်ငယ်ရင်တော့ acid ပျော်ရည်၊ pH တန်ဖိုး 7 ထက်ကြီးရင်တော့ alkali/base ပျော်ရည်များ ဖြစ်တယ်။ pH 7 မှာဆိုရင်တော့ ရေသန့် (သို့) ဓာတ်ပြယ်တဲ့ပျော်ရည်ဖြစ်ပါတယ်။ acid တွေရဲ့ ပြင်းအားကို K_a/pK_a နဲ့ ပြနိုင်သလို Base / alkali ပျော်ရည်တွေရဲ့ပြင်းအားကို K_b/pK_b နဲ့ ဖော်ပြနိုင်ပါတယ်။ ပျော်ရည်တစ်ခုထဲမှာ $[H^+]$ များမယ်၊ Ka တန်ဖိုးကြီးပြီး၊ pKa တန်ဖိုးငယ်ခဲ့ရင် acid strength ကောင်းပြီးတော့ $[H^+]$ နည်းမယ်၊ Ka တန်ဖိုးငယ်ပြီး၊ pKa တန်ဖိုးကြီးခဲ့ရင် acid strength နည်းမယ်ဆိုတာ နားလည်သဘောပေါက်ဖို့လိုပါတယ်။

ဆားအမျိုးအစား (၄) မျိုးဖြစ်တဲ့ အားပြင်းအက်စစ်နဲ့ အားပြင်းဗေ့စ်၊ အားပြင်းအက်စစ်နဲ့ အားပျော့ဗေ့စ်၊ အားပျော့အက်စစ် နဲ့ အားပြင်းဗေ့စ်၊ အားပျော့အက်စစ်နဲ့အားပျော့ဗေ့စ်တို့ရဲ့ဆားတွေ ရေသွင်းဖြိုခွဲခြင်းဖြစ်တဲ့အခါ pH တန်ဖိုး မတူညီရတဲ့အကြောင်းရင်းတွေကို ဆားနမူနာတွေ ရေးပေးပြီး အကျိုးအကြောင်းဆက်စပ်ဖြေရှင်းတတ်ဖို့လိုပါတယ်။

Buffer solution နဲ့ ပတ်သက်တဲ့ အဓိပ္ပာယ်သတ်မှတ်ချက်၊ examples နဲ့ ပုစ္ဆာတွေကို မှန်ကန်စွာ ရေးနိုင်၊ တွက်နိုင်ဖို့လိုပါတယ်။ Buffer ပျော်ရည်များက acid/base အနည်းငယ် ထည့်သော်လည်း ပျော်ရည်တစ်ခုရဲ့ pH ကို ဘာကြောင့်မပြောင်းအောင်ထိန်းနိုင်တာလဲဆိုတာ ရှင်းလင်းချက်ကို သိထားဖို့ လိုပါတယ်။ Buffer solution ပုစ္ဆာတွက်တဲ့အခါ အက်စစ်ပျော့တွေရဲ့ ပြိုကွဲမှုကို အပြန်အလှန်ညီမျှခြင်း၊ ဆားတွေရဲ့ပြိုကွဲမှုကို တစ်ဖက်သွားညီမျှခြင်း၊ concentration ကို square bracket,[ ] နဲ့ ဖော်ပြရပြီး unit ကို M (သို့) $mol\ dm^{-3}$ နဲ့ဖော်ပြခြင်း၊ pH, pOH, pKa နဲ့ pKb တို့မှာ unit ဖော်ပြရန် မလိုအပ်ခြင်းစတဲ့ သတိထားရမယ့် အချက်တွေကို နားလည်ဖို့ လိုအပ်ပါတယ်။ acid, base တွေရဲ့ pH, pOH, $[H^+]$, $[OH^-]$, pKa, pKb ရှာတဲ့ပုစ္ဆာတွက်တွေကိုလည်း mathematical formula တွေမှန်ကန်စွာရေးပြီး တွက်နိုင်ရမယ်။

Chapter (14) Organic Chemistry အခန်းမှာတော့ alkane, alkene, alkyne နဲ့alcohol တွေကို ပါဝင်တဲ့ carbon လုံးရေအလိုက် graphic structure, molecular structure နဲ့ molecular formula ရေးပုံတွေ၊ ယင်းတို့ကို trivial နဲ့ IUPAC system တွေနဲ့အမည်ပေးပုံ၊ ယင်း H/C ဒြပ်ပေါင်းတွေကို ဓာတ်ခွဲခန်းမှာ ထုတ်ယူနည်းများနဲ့ ယင်းတို့ရဲ့ ဂုဏ်သတ္တိတွေ လေ့လာထားရပါမယ်။ ယင်းဒြပ်ပေါင်းများ ထုတ်ယူနည်းနဲ့ ဂုဏ်သတ္တိတွေထဲပါတဲ့ အမည်ရှိဓာတ်ပြုခြင်းတွေ၊ ဒြပ်ပေါင်းတစ်ခုမှ တစ်ခုပြောင်းလဲခြင်းတွေ၊ ဉာဏ်စမ်းပုစ္ဆာတွေ၊ ခွဲခြားခြင်းတွေကို သေသေချာချာလေ့ကျင့်ထားရမယ်။ ခွဲခြားခြင်းတွေမှာတော့ alkane & alkene, alkane & alkyne, alkene & alkyne, alkynes အချင်းချင်း ခွဲခြားတတ်အောင်၊ ခွဲခြားရာမှာ မျက်စိဖြင့်မြင်ရပြီး သိသာထင်ရှားတဲ့ အရောင်ပြောင်းလဲမှု၊ အနည်ကျမှုတို့ပါတဲ့ ဓာတ်ပြုခြင်းတွေကိုသာ အသုံးပြုရပါမယ်။

နောက်ထပ်သတိပြုရမယ့် အချက်ကတော့ ဓာတ်ပြုညီမျှခြင်းများကိုရေးရင် အော်ဂဲနစ်ဒြပ်ပေါင်းများရဲ့ အမည်၊ ဓာတ်ပြုအခြေအနေ အပြည့်အစုံထည့်ရေးပေးဖို့လိုအပ်ပါတယ်။

Petroleum industry and petrochemicals အကြောင်းနဲ့ပတ်သက်ပြီး non-renewable energy များဖြစ်ပေါ်စေတဲ့ fossil fuels (crude oil, natural gas , Coal.) နဲ့ renewable energy များဖြစ်တဲ့ biodiesel & biogas) Crude oil ကို fractional distillation နည်းစဉ်ဖြင့် သန့်စင်ခြင်း၊ ယင်းနည်းစဉ်ဖြင့် ရလာတဲ့ H/Cs တွေထဲမှ erosene, diesel တို့ကို catalytic cracking နည်းစဉ်သုံးပြီး gasoline ပြောင်းလဲနိုင်ပုံ၊ gasoline (liquid fuel) ရဲ့ flash point နဲ့ ignition temperature ခြားနားချက်တွေကို သိထားဖို့ လိုပါတယ်။

အစားထိုးလောင်စာဆီများဖြစ်တဲ့ methanol မှ ထုတ်ယူရရှိတဲ့ gasoline, diesel, LPG, CNG, biodiesel, biogas တွေရဲ့ အကြောင်းအရာများကို လေ့လာမှတ်သားထားဖို့ လိုပါတယ်။ ဒ့ါအပြင် transesterification နည်းစဉ်ဖြင့် biodiesel ထုတ်ယူခြင်း၊ anaerobic fermentation နည်းဖြင့် biogas ထုတ်ယူခြင်း၊ ကျောက်မီးသွေးဖြစ်စဉ်အမျိုးမျိုးနဲ့ ကျောက်မီးသွေးမှ ရနိုင်တဲ့ chemicals တွေအကြောင်း crude oil, diesel, LPG, CNG, biodiesel, biogas, zeolite, coalနဲ့ coal gas တွေမှာ အဓိကပါတဲ့ elements တွေနဲ့ compounds တွေကို သိရှိထားရပါမယ်။

နောက်ဆုံး Chapter (၁၅) Chemistry in Society ဆိုတဲ့လူနေမှုဘဝနဲ့ ဓာတုဗေဒဘာသာရပ်တို့ ဆက်သွယ်နေပုံကို လေ့လာတဲ့အခန်းမှာတော့ အပင်တွေကြီးထွားဖို့လိုအပ်နေတဲ့ elements အကြောင်းတွေ၊ အပင်တွေအသက်ရှင်နေနိုင်ဖို့လိုအပ်တဲ့ သကြားဓာတ်ကို photosynthesis မှရရှိပုံ၊ သဘာဝမြေဩဇာနဲ့ ဓာတ်မြေဩဇာတို့ဟာ အပင်တွေရဲ့ အသီး၊ အပွင့်၊ အရွက်ကြီးထွားမှုကို အားပေးပုံ၊ insecticides အမျိုးအစားတွေ နဲ့ အပင်ကြီးထွားမှုကိုအားပေးတဲ့ growth substances တွေအပြင် cement ထုတ်ဖော်ပုံအဆင့်ဆင့်၊ cement ထုတ်ဖော်ရာမှာ သုံးတဲ့ကုန်ကြမ်းပစ္စည်းတွေ၊ Plaster of Paris မှာ ပါတဲ့ composition ၊ ထုတ်ဖော်ပုံနဲ့ ဂုဏ်သတ္တိတွေ၊ ပင်လယ်ရေထဲမှာပါဝင်တဲ့ ဆားများနဲ့ပင်လယ်ရေမှ ဆားထုတ်ဖော်နည်းများအကြောင်းတွေ ပါဝင်ပါတယ်။

ဒ့ါအပြင် plastics and polymers အပိုင်းမှာတော့ natural polymers နဲ့ synthetic polymers တွေ၊ မျိုးတူတဲ့ monomer အချင်းချင်းပေါင်းပြီး homopolymer (addition polymer) ဖြစ်ပေါ်လာပုံ၊ မျိုးမတူတဲ့ monomers အချင်းချင်းပေါင်းပြီး copolymer (condensation polymer) ဖြစ်ပေါ်လာပုံတွေ၊ မျိုးတူ monomer တွေကို addition polymerization reaction သုံးပြီး PE,PP,PVC,PTFE,PS အစရှိတဲ့ addition polymer ပြုလုပ်ပုံ၊ မျိုးမတူတဲ့ monomer နှစ်ခုပေါင်းပြီး ရေမော်လီကျူးဖယ်တဲ့ condensation polymerization နည်းဖြင့် Nylon, polyester စတဲ့ condensation polymer ပြုလုပ်ပုံနဲ့ပါဝင်တဲ့ ဓာတ်စည်းအမျိုးအစား၊ addition နဲ့ condensation polymer တွေရဲ့ ဂုဏ်သတ္တိနဲ့ အသုံးပြုပုံတွေကို လေ့လာကျက်မှတ်ထားရပါမယ်။ Thermoplastic နဲ့ Thermosetting polymer တွေကို ပြန်လည်အသုံးချတဲ့ နည်းတွေကိုလည်း လေ့လာမှတ်သားထားဖို့လိုပါတယ်။ နောက်ဆုံးအနေနဲ့ ဆပ်ပြာချက်ခြင်းအကြောင်း၊ soapless detergent အကြောင်းနဲ့ ယင်းတို့ရဲ့ ချေးချွတ်နိုင်စွမ်းသတ္တိအကြောင်းတွေကို တည်ဆောက်ပုံများနဲ့တကွရှင်းလင်းထားတာတွေကို သိရှိထားသင့်ပါတယ်။ Addition polymers၊ Condensation polymers တို့နဲ့ပတ်သက်ပြီး သိသင့်သိထိုက်တာတွေကို Table 6 မှာ ဖော်ပြပေးထားပါတယ်။

Table 6 Summary of Polymers

Type of Polymers (based on structures)	Name of polymers	Monomers present	Properties of polymers	Users
Addition polymers	Polythene/ Polyethylene(PE)	ethene $CH_2=CH_2$	tough,druable	plastic bags,bowls, bottles,packaging
	Polypropene/ Polypropylene(PP)	propene $CH_3CH=CH_2$	tough,durable	crates and boxes, plastic rope
	Polychloroethene/ Polyvinylchloride (PVC)	chloroethene $CH_2=CHCl$	strong,hard	insulation,pipes & guttering
	Polytetrafluoroethene/ Teflon (PTFE)	tetrafluoroethene $CF_2=CF_2$	non-stick surface, withstands high temperature	non-stick frying pans, non-stick taps & joints
	Polyphenylethene/ Polystyrene (PS)	Styrene $C_6H_5CH=CH_2$	light,poor conductor of heat	insulation,packaging (foam)
Condensation polymers	Nylon/Polyamide	a diamine & a dicarboxylic acid	-	making shirts, ties, sheets & racquet strings
	Terylene/Polyester	diol & dicarboxylic acid	-	fibre,clothing

အကြံပြုချက်

အခု Chapter တစ်ခုချင်းအလိုက် လေ့လာကျက်မှတ်ရမယ့်အကြောင်းအရာနဲ့ သတိပြုရမယ့်အချက်တွေကို အသေးစိတ်ဆွေးနွေးပေးပြီး ဖြစ်တဲ့အတွက် တပည့်တို့အနေနဲ့ ဘယ်လိုလေ့လာ ကျက်မှတ်သင့်တယ်ဆိုတာ သဘောပေါက်ပြီ ထင်ပါတယ်။ ဒါကြောင့် Chapter တစ်ခုချင်း အသေးစိတ် နှံ့နှံ့စပ်စပ်ကျက်မှတ်ဖို့ ကျိုးကြောင်းဆက်စပ်တွေးခေါ်တတ်ဖို့လိုအပ်တဲ့အပြင် ဖတ်စာအုပ်မှာပါတဲ့ ပုစ္ဆာတွေ၊ မေးခွန်းဟောင်းတွေကိုပါ လေ့ကျင့်ထားဖို့လိုပါတယ်။ ထပ်မံသတိပေးလိုတာကတော့ ပုစ္ဆာတွက်တဲ့အခါ လိုအပ်တဲ့နေရာတွေမှာ unit များထည့်ဖို့၊ ပုံသေနည်းများကို အတိုကောက်မရေးမိဖို့၊ အပုဒ်တိုင်းရဲ့ သက်ဆိုင်ရာ မေးခွန်းပုစ္ဆာနံပါတ်ကို ဖော်ပြရေးသားပေးဖို့ သတိပြုရပါမယ်။ အထူးသတိပြုရမယ့်အချက်ကတော့ မေးခွန်းနံပါတ် (၁)မှ (၆)အထိဟာ လုံးဝရွေးချယ်ခွင့်မရှိတဲ့အတွက် အမှတ်များများလိုချင်ရင် အခန်း(၁၅)ခန်းလုံးကို နှံ့နှံ့စပ်စပ်သိထားဖို့ လိုပါတယ်။

နောက်ဆုံးအနေနဲ့ ဆရာ ဆရာမများရဲ့သင်ကြားပြသမှုနဲ့ မိမိတို့ရဲ့ကြိုးစားအားထုတ်မှုတွေကို ပေါင်းစပ်ပြီး အခုဆွေးနွေးပေးလိုက်တဲ့ ဆွေးနွေးချက်အတိုင်း လေ့ကျင့်သွားကြပါလို့တိုက်တွန်းလိုပါတယ်။ ဒီ ၂၀၁၅ ခုနှစ် မတ်လမှာ ကျင်းပမဲ့ တက္ကသိုလ်ဝင်စာမေးပွဲမှာ ဓာတုဗေဒဘာသာရပ်ကို အခက်အခဲမရှိ ကောင်းမွန်မှန်ကန်စွာ ဖြေဆိုနိုင်ပြီးအမှတ်များများနဲ့ ဖြေဆိုအောင်မြင်မှုရရှိနိုင်ကြပါစေလို့ ဆုမွန်ကောင်းတောင်းရင်း ဒီမှာပဲ ရပ်နားလိုက်ပါမယ်။

PGDMA-16 ဝင်ခွင့်
(Feb-5 စတင်)
09 500 1509, 09 8632973, 09 4500 17415

Basic Conceptual Management & Administration Courses
&
Characteristics of New Manager & HRM Specialized courses

ကြော်ငြာ

အများသိစေရန် ကြေညာချက်

အောက်ဖော်ပြပါ ပုဂ္ဂိုလ်များမှ မိမိတို့၏အဆောက်အအုံကို ဆောက်လုပ်ရန်/ပြင်ဆင်ရန်ကိစ္စအတွက် လျှောက်ထားလာသည့်အတွက် ကန့်ကွက်ရန်အကြောင်းရှိပါက ပိုင်ဆိုင်မှုအထောက်အထားအစုံအလင်နှင့်တကွ ဤကြေညာချက်ပါရှိသည့် ရက်မှစ၍ ရက်ပေါင်း(၁၅)ရက်အတွင်း ဤဌာနသို့လျှောက်ထားကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာအပ်ပါသည် -

စဉ်	အမည်	မှတ်ပုံတင်အမှတ်	လိပ်စာ	မှတ်ချက်
၁	ဒေါ်ခင်မေ	၁/မကန(နိုင်)၀၃၅၆၈၀	(၂၀၁)၊ ဓမ္မဖြူဝင်လမ်း၊ ၃၀/သုဝဏ္ဏရပ်ကွက်၊ သင်္ဃန်းကျွန်း	၂½-ထပ်တိုက် ဆောက်လုပ်ရန်
၂	ဦးသိန်းဇော်	၇/ပတတ(နိုင်)၀၄၇၅၆၆	(၄၅)၊ ရွှေဘုန်းပွင့်ဘုရားလမ်း၊ ကျောက်ရေတွင်းရပ်ကွက်၊ မြောက်ဥက္ကလာပ	၃-ထပ်တိုက် ဆောက်လုပ်ရန်
၃	ဒေါ်ဝင်းသစ္စာချို	၁၂/ဗဟန(နိုင်)၀၄၀၆၅၂	(၈၂)၊ ရွှေဂုံ(၅)လမ်း၊ ကျောက်ကုန်းရပ်ကွက်၊ အင်းစိန်	၃-ထပ်တိုက် ဆောက်လုပ်ရန်
၄	ဦးမျိုးမြင့်(ခ) ဦးဇော်ဝင်း	၁၂/တမန(နိုင်)၀၈၅၅၈၁	(၂၅၇/၄၇)၊ ဦးဘဟန်လမ်း၊ ပေါ်ဆောင်ကန်ရပ်ကွက်၊ သင်္ဃန်းကျွန်း	၃-ထပ်တိုက် ဆောက်လုပ်ရန်
၅	ဒေါ်မြင့်မြင့်နိုင်	၅/ကလန(နိုင်)၀၇၈၁၃၆	(၈၃၁)၊ ရိုလ်မြို့လမ်း၊ ၄-ရပ်ကွက်၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)	၂-ထပ်တိုက် ဆောက်လုပ်ရန်
၆	ဒေါ်ခင်မလွင်	၁၂/သဃက(နိုင်)၀၂၈၈၀၁	(၂)၊ [illegible]လမ်း၊ [illegible]ရပ်ကွက်၊ သင်္ဃန်းကျွန်း	၃-ထပ်တိုက် ဆောက်လုပ်ရန်
၇	ဒေါ်သဇင်တင်မောင်	၁၂/မဂတ(နိုင်)၀၅၂၅၃၆	(၂၀၀)၊ [illegible]လမ်း၊ ၆၄-ရပ်ကွက်၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)	၂-ထပ်ခွဲ ဆောက်လုပ်ရန်
၈	ဒေါ်ခင်မင်ဦး	၁၂/သဃက(နိုင်)၁၀၅၅၇၀	(၅၅/ခ)၊ သချိုင်းလမ်း၊ ၈-ရပ်ကွက်၊ သင်္ဃန်းကျွန်း	၃-ထပ်တိုက် ဆောက်လုပ်ရန်
၉	ဦးစော်ဝင်း	၁၂/ဥကမ(နိုင်)၁၀၅၈၈၅	(၅၅)၊ [illegible]လမ်း၊ ၈-ရပ်ကွက်၊ မြောက်ဥက္ကလာပ	၃-ထပ်တိုက် ဆောက်လုပ်ရန်
၁၀	ဦးတင်မြင့်	၁၂/လမန(နိုင်)၀၅၁၃၅၀	(၁၁)၊ [illegible]လမ်း၊ ၇-ရပ်ကွက်၊ လှိုင်	၃-ထပ်တိုက် ဆောက်လုပ်ရန်
၁၁	ဒေါ်မြရွှေ	၁၂/ဥကမ(နိုင်)၀၅၅၈၄၇	(၇၈၉)၊ [illegible]လမ်း၊ ၂-ရပ်ကွက်၊ မြောက်ဥက္ကလာပ	၂½-ထပ်တိုက် ဆောက်လုပ်ရန်
၁၂	ဦးအောင်ကျော်	၁၂/ရကန(နိုင်)၀၄၈၃၀၀	(၆၅၉)၊ [illegible]လမ်း၊ ၈-ရပ်ကွက်၊ ရွှေပြည်သာ	၃-ထပ်တိုက် ဆောက်လုပ်ရန်
၁၃	ဦးမိုးဝင်းနိုင်	၁၂/လမန(နိုင်)၁၀၂၀၅၅	(၃၂)၊ ရွှေချမ်း(၁)လမ်း၊ ၁၀-ရပ်ကွက်၊ လှိုင်	၃-ထပ်တိုက် ဆောက်လုပ်ရန်
၁၄	ဦးအေးမြင့်	၁၂/အစန(နိုင်)၀၈၅၆၈၀	(၅၉၁)၊ သံဒင်းရာလမ်း၊ [illegible]ရပ်ကွက်၊ အင်းစိန်	၃-ထပ်တိုက် ဆောက်လုပ်ရန်
၁၅	ဦးကိုကိုထွန်း	၁၂/အစန(နိုင်)၀၅၅၅၆၉	(၆၈၀/ခ)၊ [illegible]လမ်း၊ [illegible]ရပ်ကွက်၊ အင်းစိန်	၂-ထပ်တိုက် ဆောက်လုပ်ရန်
၁၆	ဒေါ်ခင်မြင့်ရီ	၁၂/မရက(နိုင်)၀၂၁၂၅၅	(၇၈)၊ ဦးမြေမှုံလမ်း၊ ၂-ရပ်ကွက်၊ မရမ်းကုန်း	၃-ထပ်တိုက် ဆောက်လုပ်ရန်

ဦးစီးမှူး၊ အင်ဂျင်နီယာဌာန(အဆောက်အအုံ)၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

အများသိစေရန် ကြေညာချက်

အောက်ဖော်ပြပါ ပုဂ္ဂိုလ်များမှ မိမိတို့၏အဆောက်အအုံကို ဆောက်လုပ်ရန်/ပြင်ဆင်ရန်ကိစ္စအတွက် လျှောက်ထားလာသည့်အတွက် ကန့်ကွက်ရန်အကြောင်းရှိပါက ပိုင်ဆိုင်မှုအထောက်အထားအစုံအလင်နှင့်တကွ ဤကြေညာချက်ပါရှိသည့် ရက်မှစ၍ ရက်ပေါင်း(၁၅)ရက်အတွင်း ဤဌာနသို့လျှောက်ထားကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာအပ်ပါသည် -

စဉ်	အမည်	မှတ်ပုံတင်အမှတ်	လိပ်စာ	မှတ်ချက်
၁	ဦးထွန်းမြိုင်	၁၂/မရက(နိုင်)၀၂၅၂၅၆	(၅၆)၊ ဦးဘဟန်လမ်းသွယ်၊ ၂-ရပ်ကွက်၊ မရမ်းကုန်း	၃-ထပ်တိုက် ဆောက်လုပ်ရန်
၂	ဒေါ်ခင်ဝင်းမေ	၁၂/မရက(နိုင်)၀၀၈၅၉၀	(၄/၂၃)၊ အောင်ဆင်ဆင်လေး(၂)လမ်း၊ ၄-ရပ်ကွက်၊ မရမ်းကုန်း	၃-ထပ်တိုက် ဆောက်လုပ်ရန်
၃	ဦးအောင်ဒေး	၁၂/မရက(နိုင်)၀၂၉၄၄၅	(၅၀၀/က)၊ အောင်မင်္ဂလာလမ်း၊ ၂-ရပ်ကွက်၊ မရမ်းကုန်း	၃-ထပ်တိုက် ဆောက်လုပ်ရန်
၄	ဦးလှနိုင် + ၁	၁၂/မရက(နိုင်)၁၃၁၂၅၁	(၄၄/က)၊ ဗိုလ်ချုပ်လမ်း၊ ၃-ရပ်ကွက်၊ မရမ်းကုန်း	၃-ထပ်တိုက် ဆောက်လုပ်ရန်
၅	ဒေါ်မြတ်မြင့်	၁၂/မရက(နိုင်)၁၁၅၇၄၉	(၃၇၁/က)၊ ဗိုလ်ချုပ်လမ်း၊ ၃-ရပ်ကွက်၊ မရမ်းကုန်း	၃-ထပ်တိုက် ဆောက်လုပ်ရန်
၆	ဦးထွန်းရီ + ၁	၁၂/မရက(နိုင်)၀၆၁၉၃၇	(၄၄-ဃ/င)ဗိုလ်ချုပ်လမ်း၊ ၃-ရပ်ကွက်၊ မရမ်းကုန်း	၃-ထပ်တိုက် ဆောက်လုပ်ရန်
၇	ဦးရဲမြင့် + ၁	၁၂/လမန(နိုင်)၀၁၂၅၅၆	(၁၀၀)၊ စိမ်းလဲ့မြိုင်(၁)လမ်း၊ ၁၁-ရပ်ကွက်၊ လှိုင်	၃-ထပ်တိုက် ဆောက်လုပ်ရန်
၈	ဒေါ်မြမီ	၁၂/လမန(နိုင်)၀၆၁၁၇၂	(၂၈)၊ ရွှေချမ်း(၁)လမ်း၊ ၁၀-ရပ်ကွက်၊ လှိုင်	၃-ထပ်တိုက် ဆောက်လုပ်ရန်
၉	ဒေါ်သန်းအေး	၁၂/မရက(နိုင်)၀၈၅၅၈၇	(၂၃)၊ [illegible]လမ်း၊ ၂-ရပ်ကွက်၊ မရမ်းကုန်း	၃-ထပ်တိုက် ဆောက်လုပ်ရန်
၁၀	ဒေါ်သီနီးသီနီ + ၂	၁၂/မရက(နိုင်)၁၀၄၅၂၈	(၁၆/၁၃)၊ [illegible]လမ်း၊ ၂-ရပ်ကွက်၊ မရမ်းကုန်း	၃-ထပ်တိုက် ဆောက်လုပ်ရန်
၁၁	ဦးစိုးကြည်	၁၂/မရက(နိုင်)[illegible]	(၁၅)၊ အောင်သပြေ(၂)လမ်း၊ ၃-ရပ်ကွက်၊ မရမ်းကုန်း	၃-ထပ်တိုက် ဆောက်လုပ်ရန်
၁၂	ဦးတင်ရွှေ	၁၂/မရက(နိုင်)[illegible]	(၁၅)၊ မဲသလလမ်းသွယ်(၂)၊ ၂-ရပ်ကွက်၊ မရမ်းကုန်း	၃-ထပ်တိုက် ဆောက်လုပ်ရန်
၁၃	ဒေါ်ခင်ညို + ၁	၁၂/မရက(နိုင်)[illegible]	(၁၉/၅၉)၊ ရွှေအုတ်လမ်း၊ ၂-ရပ်ကွက်၊ မရမ်းကုန်း	၃-ထပ်တိုက် ဆောက်လုပ်ရန်
၁၄	ဦးလှရိုး	၁၂/မရက(နိုင်)[illegible]	(၂၂/ဂ)၊ [illegible]လမ်း၊ ၂-ရပ်ကွက်၊ မရမ်းကုန်း	၃-ထပ်တိုက် ဆောက်လုပ်ရန်
၁၅	ဒေါ်သီနီးသီနီမြင့်	၁၂/မရက(နိုင်)[illegible]	(၄၆)၊ [illegible]လမ်း၊ ၂-ရပ်ကွက်၊ မရမ်းကုန်း	၃-ထပ်တိုက် ဆောက်လုပ်ရန်
၁၆	[illegible]	၁၂/လမန(နိုင်)[illegible]	(၇၉/ဂ)၊ [illegible]လမ်း၊ [illegible]ရပ်ကွက်၊ [illegible]	၂½-ထပ်တိုက် ဆောက်လုပ်ရန်

ဦးစီးမှူး၊ အင်ဂျင်နီယာဌာန(အဆောက်အအုံ)၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ဖောင်းကြွန်ပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် ၁ခ/၁၃၆၈၏ ဖောင်းကြွန်ပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွန်ပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန၊ ခရိုင်ရုံး (ရန်ကုန်အရှေ့ပိုင်း)

မြေကွက်ကျယ် အမြန်ရောင်းမည်။

ကိုင်းသာယာ ... [illegible] ... ကားလမ်းမကြီးပေါ် ... မြေကွက်ကျယ်ရောင်းရန်ရှိသည်။

... [illegible] ... ဆက်သွယ်ပါ (ပွဲစားမလို)

Ph- 09 420715956, 09 974199208

ပိုင်ရှင်ကိုယ်တိုင်ရောင်းမည် (သိန်း ၁၄၅၀)

[illegible]

ကုန်အမှတ်တံဆိပ်အသိပေးကြေညာချက်

အောက်ဖော်ပြပါ ကုန်အမှတ်တံဆိပ်အမည်အမှတ်အသားသည် ကျွန်ုပ်မိတ်ဆွေ ဦးစော်ဝင်းထွေး (၁၂/လသန (နိုင်) ၀၃၂၅၅၄)ကိုင်ဆောင်သူ၏ ရန်ကုန်မြို့ ... ကုန်ပစ္စည်းများ မှတ်ပုံတင်စာချုပ် အမှတ် (၃၄၉/၂၀၁၅) (၃၅၀/၂၀၁၅)နှင့် (၃၅၁/၂၀၁၅) တို့ဖြင့် (၈-၁-၂၀၁၅) နေ့တွင် မှတ်ပုံတင်ပြီးဖြစ်ပါသည်။ အဆိုပါ ကုန်အမှတ်တံဆိပ်အမည်များကို အသုံးပြု၍ ... တိုက်ရိုက်ဖြစ်စေ သွယ်ဝိုက်၍ဖြစ်စေ အတုပြုလုပ်ခြင်း ... မပြုလုပ်ရန် အသိပေးအပ်ပါသည်။

(၃၄၉/၂၀၁၅) RACE HORSE (stainless steel) — RACE HORSE STAINLESS STEEL

(၃၅၀/၂၀၁၅) GOLDEN HORSE (stainless steel) — GOLDEN HORSE STAINLESS STEEL

(၃၅၁/၂၀၁၅) SUPER HORSE (stainless steel) — SUPER HORSE STAINLESS STEEL

အထက်ပါကုန်အမှတ်တံဆိပ်အမည်နှင့် ပတ်သက်၍ ... ကုန်အမှတ်တံဆိပ်တစ်ခုလုံးကို ဖြစ်စေ တစ်စိတ်တစ်ဒေသကို ဖြစ်စေ ... ဥပဒေအရ အရေးယူ ဆောင်ရွက်သွားမည် ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

ဖိုးအပ်ခွင့်ရကြော်ငြာသူ

ဦးခင်မောင်ဦး　　　　ဦးအိန်တယင်းသန်း

LL.B, D.B.L, D.I.L, Dip.CA, WIPO　　LL.B, D.B.L, D.I.L, D.M.L, WIPO

တရားလွှတ်တော်ရှေ့နေ (စဉ်-၈၈၅၂)　　တရားလွှတ်တော်ရှေ့နေ (စဉ်-၈၈၈၂)

Hein Htet San Law Firm

အမှတ် (၁၀၅၀၁၇)၊ အနော်ရထာလမ်း၊ ... (ဦးချစ်မောင်အိမ်ရှေ့)၊ ပေါင်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၀၉၅၅၈၀၆၁၄၆၊ ၀၉၅၀၅၀၀၃၅၀

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

[illegible]

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

[illegible]

အများသိစေရန် ကြေညာချက်

အောက်ဖော်ပြပါ ပုဂ္ဂိုလ်များမှ မိမိတို့၏အဆောက်အအုံကို ဆောက်လုပ်ရန်/ပြင်ဆင်ရန်ကိစ္စအတွက် လျှောက်ထားလာသည့်အတွက် ကန့်ကွက်ရန်အကြောင်းရှိပါက ပိုင်ဆိုင်မှုအထောက်အထားအစုံအလင်နှင့်တကွ ဤကြေညာချက်ပါရှိသည့် ရက်မှစ၍ ရက်ပေါင်း(၁၅)ရက်အတွင်း ဤဌာနသို့လျှောက်ထားကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာအပ်ပါသည် -

စဉ်	အမည်	မှတ်ပုံတင်အမှတ်	လိပ်စာ	မှတ်ချက်
၁	ဦးကျော်မွှားအောင်	၁၂/ကတတ(နိုင်)၀၇၉၉၂၆	(၅၆/ဝ)၊ နံ့သာမြိုင်လမ်း၊ နံ့သာကုန်းရပ်ကွက်၊ အင်းစိန်	၃-ထပ်တိုက် ဆောက်လုပ်ရန်
၂	ဒေါ်အေးသီတာလှိုင်	၁၂/အစန(နိုင်)၀၅၅၉၉၈	(၅၆/င)၊ နံ့သာမြိုင်လမ်း၊ နံ့သာကုန်းရပ်ကွက်၊ အင်းစိန်	၃-ထပ်တိုက် ဆောက်လုပ်ရန်
၃	ဒေါ်ဝင်းဝင်း	၁၂/ဥကမ(နိုင်)၀၅၆၈၀၂	(၇၉၉)၊ သုစိတာ(၁၀)လမ်း၊ ၂-ရပ်ကွက်၊ မြောက်ဥက္ကလာပ	၃-ထပ်တိုက် ဆောက်လုပ်ရန်
၄	ဒေါ်နှင်းဆီရိုထွန်း	၁၂/လမန(နိုင်)၀၃၇၃၉၅	(၁၂/ခ)၊ သရက်မြိုင်လမ်း၊ ၇-ရပ်ကွက်၊ လှိုင်	၃-ထပ်တိုက် ဆောက်လုပ်ရန်
၅	ဦးကျော်ထွန်းနိုင်	၅/မကန(နိုင်)၀၄၅၆၇၁	(၂၂၅/က)၊ မင်းရဲကျော်စွာလမ်း၊ ၂-ရပ်ကွက်၊ ရွှေပြည်သာ	၁-ထပ်တိုက် ဆောက်လုပ်ရန်
၆	ဦးလှမြင့်	၁၂/အစန(နိုင်)၀၁၆၂၇၇	(၈၈/က)၊ ကျောက်ခိုင်ရာ(၁)လမ်း၊ ဝါးတန်းကုန်းရပ်ကွက်၊ အင်းစိန်	၃-ထပ်တိုက် ဆောက်လုပ်ရန်
၇	ဒေါ်နန်းခမ်းမှုန်	၁၃/မဆတ(နိုင်)၀၀၀၀၈၇	(၆၃၄)၊ ပြည်လမ်း၊ ဆော်ကွာကြီးကုန်းရပ်ကွက်၊ အင်းစိန်	၃-ထပ်တိုက် ဆောက်လုပ်ရန်
၈	ဦးဟန်ရွှေ	၇/ပမန(နိုင်)၁၀၃၆၀၆	(၁၀၀/၁၁၂)၊ သရက်(၂)လမ်း၊ ၁၆-ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)	၁-ထပ်တိုက် ဆောက်လုပ်ရန်
၉	ဒေါ်သီတာစိုး	၁၂/တမန(နိုင်)၀၂၅၆၀၀	(၃၁)၊ ခံဝေကြီးလမ်း၊ ဆော်ကွာကုန်းရပ်ကွက်၊ အင်းစိန်	၂½-ထပ်တိုက် ဆောက်လုပ်ရန်
၁၀	ဒေါ်ကြွက်မေ၊ ကုလားမလေး	၁၂/တမန(နိုင်)၀၃၆၇၆၈	(၇၄၅)၊ စေတနာလမ်း၊ ဆော်ကွာကြီးကုန်းရပ်ကွက်၊ အင်းစိန်	၃-ထပ်တိုက် ဆောက်လုပ်ရန်
၁၁	ဒေါ်သန်းရွှေသန်းကျော်	၉/မနတ(နိုင်)၀၈၅၇၂၉	(၅၀၈)၊ ပြည်လမ်း၊ ဆော်ကွာကြီးကုန်းရပ်ကွက်၊ အင်းစိန်	၃-ထပ်တိုက် ဆောက်လုပ်ရန်
၁၂	ဒေါ်ခိမ်ခိမ်ခိုင်	TDKN-၀၅၅၅၅၅	(၁၅၅)၊ ဓမ္မရုံလမ်း၊ ၈-ရပ်ကွက်၊ သင်္ဃန်းကျွန်း	၃-ထပ်တိုက် ဆောက်လုပ်ရန်
၁၃	ဒေါ်တင်တင်ဝင်း	၁၂/သဃက(နိုင်)၁၀၀၂၅၅	(၆၅)၊ ကျွန်းလမ်း၊ ၈-ရပ်ကွက်၊ သင်္ဃန်းကျွန်း	၃-ထပ်တိုက် ဆောက်လုပ်ရန်
၁၄	ဦးမိုးမြတ်သန်း	၁၂/သဃက(နိုင်)၀၀၅၅၃၀	(၂၂)၊ ဓမ္မရုံလမ်း၊ ၈-ရပ်ကွက်၊ သင်္ဃန်းကျွန်း	၃-ထပ်တိုက် ဆောက်လုပ်ရန်
၁၅	ဒေါ်ခင်ညိုညို	၁၂/ဥကမ(နိုင်)၀၈၅၃၂၀	(၆၀၁)၊ ပြည်သိဒ္ဓိ(၁၀)လမ်း၊ ၃-ရပ်ကွက်၊ တောင်ဥက္ကလာပ	၂-ထပ်တိုက် ဆောက်လုပ်ရန်
၁၆	ဒေါ်ဝင်းကလျာ	၁၂/လမန(နိုင်)၀၁၅၅၃၈	(၁၂၀၈)၊ ဗိုလ်မင်းခေါင်လမ်း၊ ရာဇသင်္ကြံရပ်ကွက်၊ ၁၀၀	၂-ထပ်တိုက် ဆောက်လုပ်ရန်

ဦးစီးမှူး၊ အင်ဂျင်နီယာဌာန(အဆောက်အအုံ)၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ